www.burmeseclassic.com

ရွှေပဒေသာစာပေ

# မိုးစက်ပွင့်

နွေဆင့်ကဲ



( အချစ်လုံးချင်းဝတ္ထုသစ် )

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| ပုံနှိပ်ထုတ်ဝေခြင်း | – ပထမအကြိမ်၊ ၂၀၁၃၊ နိုဝင်ဘာလ။ |
| ထုတ်ဝေသူ | – ဦးအေးလွင် (၀၀၄၀၅) ရွှေပဒေသာစာပေတိုက် အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | – ဦးအေးလွင် (၀၀၂၄၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ် ၃၃၊ ကျိုက်တော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချေး | – ၁၆၀၀ ကျပ် |
| အုပ်ရေ | – ၅၀၀ အုပ် |

၈၉၅.၈၃

မိုးစက်ပွင့်

နွေဆင့်ကဲ / မိုးစက်ပွင့် – ရန်ကုန်၊

ရွှေပဒေသာစာပေ ၊ ၂၀၁၃ ။

၃၀၄ – စာ ၊ ၁၂.၃ × ၁၈ စင်တီ။

(၁) နွေဆင့်ကဲ


# မိုးစက်ပွင့်

# နွေဆင့်ကဲ

ရွှေရတုအထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

"ဘုရား . . . ဘုရား။ ဒီနေ့ မမွေးပါစေနဲ့"

မွေးလူနာခွဲစိတ်ခန်းထဲကိုရောက်နေတာတောင် ဒေါ်မြနှစ် ဘုရားတ၍ ဆုတောင်းနေတုန်းပါ။ ဖြစ်နိုင်ရင် ခွေးမဖြစ်သူကို ဒီနေ့ မမွေးစေချင်။ ဆရာဝန်တွေက ခွဲစိတ်တော့မှ ရမယ်ဆိုတော့ ဒုက္ခ။ ဒီနေ့ စနေနေ့။ သားဦး, သမီးဦးကို စနေနေ့မှာမွေးရင် မကောင်းဘူးလေ။ ပြီးတော့ မနက်ပိုင်းဆိုတော့ ခွဲစိတ်ပြီးပြီဆို နေတက်ချိန်ကို ရောက်မှာ။

ဆရာဝန်တွေကိုသွားပြီး ညနေမှခွဲပါလို့ ဇောဒကလည်း မတက်ရဲ။ လက်အုပ်ကလေးချီကာ,ချီကာ ဘုရားတ,နေတဲ့ ဒေါ်မြနှစ်ကို သားဖြစ်သူက ငုံ့ကြည့်လေလျှင် . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ မမွေးပါစေနဲ့၊ ဒီနေ့ မမွေးပါစေနဲ့ ... အရှင်ဘုရား ကယ်တော်မူပါ"

"မေမေ"

"ဟင်"

"ဒီနေ့မွေးတော့ ဘာဖြစ်လို့လဲ မေမေရဲ့"

"ဒီနေ့ စနေနေ့သားရဲ့၊ သားဦးစနေ မီးလိုမွှေတယ်တဲ့။ ပြီးတော့ ... ဒီအချိန်ဆိုရင် နေတက်ဆို ပိုဆိုးမှာ"

"ဗျာ"

"မင်းကလည်းကွာ ... အယူသည်းမနေစမ်းပါနဲ့။ စနေပေမယ့် နက္ခတ်တို့ ဘာတို့က ရှိသေးပါတယ်ကွ။ ဥပါန့်ဒဏ်ကြောင့် ဥပါဒ်ရောက် မဖြစ်စေနဲ့"

"ကျွန်မကတော့ မွန်းလွဲမှပဲ မွေးစေချင်တယ်"

ဒေါ်မြနှစ် ခင်ပွန်းသည်စကားကို လက်မခံနိုင်၊ သားဦးစနေဆိုတာ များသောအားဖြင့် မွှေကြတာပဲလေ။ ဒါကြောင့် စိတ်လှုပ်ရှားစွာ ပူပန်နေမိ၏။

"မွေးလူနာရှင် ကိုစစ်နိုင်"

"ခင်ဗျာ"

"ကိုစစ်နိုင်ဆိုတာ"

"ကျွန်တော်ပါ"





"ရှင့်ဇနီး သမီးလေး မွေးပါတယ်"

"ကေသီ ... ကေသီ ... ဘာမှမဖြစ်ပါဘူးနော် ဆရာမ"

"ကလေးရော, လူကြီးပါ ကျန်းကျန်းမာမာ ရှိပါတယ်ရှင်"

"တော်ပါသေးရဲ့"

စစ်နိုင်မျက်နှာ ပြုံးသွားပေမယ့် ဒေါ်မြနှစ်က မပြုံးနိုင်။ သူမ မမွေးစေချင်တဲ့အချိန်ကိုမှ တည့်တည့်လာမွေးတဲ့ကလေး။ ဒါမျိုးက သူများ ခိုက်ရင်ခိုက်၊ မခိုက်ရင် သူ့ကိုယ်သူ ပြန်ခိုက်တတ်တယ်တဲ့။ အယူသည်းသူပီပီ ဒေါ်မြနှစ် သက်ပြင်းရှည်ကြီး ချလိုက်မိသည်။

မဖြစ်သေးပါဘူး။

အိမ်ရောက်ရင် ဗေဒင်သွားမေးဦးမှ။ အချို့ ဘုန်းကြီးကို ရောင်းပြီး ယတြာချေရတာတို့, ဘာတို့။

"ဟဲ့ ... သား"

"ဗျာ ... မေမေ"

"အဲဒါမျိုး ဖအေက ဓားထမ်းပြီး ခုနစ်ခေါက် နင့်ကို ငါ နိုင် တယ်လို့ ပြောပြီး ကျော်ရတယ်တဲ့"

"ဟုတ်လား"

"ဟုတ်တယ်သား ... မြန်မြန်လုပ်"

"ဆေးရုံမှာဖြစ်ပါ့မလား မေမေရဲ့"

"သူများမမြင်အောင် လုပ်ရမှာပေါ့ သားရယ်၊ မေမေ လိုင်



www.burmeseclassic.com

www.burmeseclassic.com



မယ်မယ်ဆိုပြီး ယူလာတာ။ ကားပေါ်မှာ ဓားပါတယ်။ သွားယူချေ''

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့''

စစ်နိုင် သုတ်သီးသုတ်ပျာနှင့် ကားဆီသို့ ပြေးခဲ့ရသည်။ ဓားကို ယူပြီး ပြန်လာတော့ သူများ မြင်မှာစိုးတာနှင့် လာရတာ တွန့်ဆုတ်တွန့်ဆုတ်။ ဒါမျိုးက မယုံရခက်, ယုံရခက်လေ။ မေမေက လူကြီးဆိုတော့ ကိုယ့်ထက် နားလည်ပြီး အတွေ့အကြုံရှိလို့ ပြောတာ မနာခံလို့မရ။ ဘာတဲ့။

သားဦးစနေ မီးလို့မွေ့တယ် . . . ဆိုလားပဲ။

စစ်နိုင်ဆိုတာ ဇနီးသည်ကျော့ကေသီကို အသက်လောက် ချစ်သူ။ ဒါကြောင့် လူကြီးအသက်နဲ့ ကလေးအသက် လုယူရမယ်လို့ လာပြောတုန်းက သူ လူကြီးအသက်ကိုပဲ ရအောင်ယူပေးပါလို့ ပြောခဲ့တာ။

အခု . . .

သားအမိနှစ်ယောက်စလုံး ကျန်းကျန်းမာမာ ရှိနေတယ်ဆိုတော့ ဝမ်းသာသော်ငြား ရာနှုန်းက မပြည့်။

"ကေသီ''

"ဟင် . . . မောင်''

"ကေသီ နေကောင်းရဲ့လားဟင်''

"ကောင်းပါတယ် မောင်ရဲ့''





"မောင်က စိတ်ပူနေတာ ကေသီရဲ့''

"ဟင် . . . မောင့်လက်ထဲက ဓားကြီးက ဘာလုပ်မလို့လဲ''

စစ်နိုင်လက်ထဲက ဓားကြီးကိုမြင်တော့ ကေသီ ထိတ်ထိတ် ပျာပျာလေးဖြစ်သွားလေလျှင် စစ်နိုင်က ရယ်လိုက်ပြီး . . .

"သမီးလေးက စနေသမီးဆိုတော့ မောင်က ဓားထမ်းပြီး ခုနစ်ခေါက်ကျော်ရမယ်လို့ မေမေက ပြောတယ်။ အဲဒါကြောင့်ပါ''

"ဩော် . . . ဟုတ်လား''

"ကဲ . . . သားရေ . . . အချိန်ဆွဲမနေနဲ့ မြန်မြန်လုပ်''

"ဟုတ်ကဲ့ မေမေ''

သမီးလေးမျက်နှာကို စစ်နိုင်ငုံ့ကြည့်လိုက်ပြီး . . .

"ကေသီ . . . မောင် သမီးလေးကို ခေါ်မယ်နော်''

ပြောပြီး ကလေးပွေ့ချီကာ အောက်မှာချပြီး "နင့်ကို ငါနိုင်တယ်'' ဟုရွတ်ကာ ဓားထမ်းကျော်လေလျှင် ကေသီ စိတ်မကောင်း ဖြစ်ရ၏။ ဥပါဒါန်ကြောင့် ဥပါဒ်ရောက်ကြတာ။ ကေသီကတော့ ဒါမျိုး တွေ လက်မခံချင်။

သူတို့က အယူသည်းနေတော့လည်း သူမ မတားချင်။ သူတို့ စိတ်ချမ်းသာသလို လုပ်ကြပါစေဆိုပြီး ကြည့်နေလိုက်တာဖြစ်၏။

စစ်နိုင်။

သူလည်း သမီးလေးကို ကျော်သာကျော်ရတယ် စိတ်က



www.burmeseclassic.com

www.burmeseclassic.com



မကောင်း။ ထို့ကြောင့် . . . ပြီးတာနှင့် သမီးလေးကို အမြန်ပွေ့ချီလိုက်ပြီး . . .

"သမီးလေးက အရမ်းချစ်စရာကောင်းတာပဲ"

"အမေတူသမီးလေ မောင်ရဲ့"

"ဟုတ်ပါ့ဗျာ . . . မြေးလေးက သူ့အမေနဲ့တူတာ"

"သမီးလေးကို ဘယ်လိုနာမည်ပေးရင် ကောင်းမလဲ"

"သမီးလေးကိုမွေးတော့ သမီးလေးက လုံးဝမငိုဘူးတဲ့ မောင်ရဲ့။ ဆရာဝန်တွေက အသက်မပါဘူးလို့တောင် ထင်ကြတာတဲ့လေ"

"ဟင်"

မျက်နှာပျက်သွားသူက ဒေါ်မြနှစ်ပါ။ မွေးမွေးချင်းမငိုတဲ့ ကလေးက အဖြူးအာဃာတကြီးသည်တဲ့။ ပြီးတော့ ဒီကလေးက သားဦးစနေ။

"ဒါဆို သမီးလေးက အေးချမ်းခြင်းကို နိမိတ်ဆောင်တာပေါ့။ မျက်နှာလေးက ဝိုင်းတော့ 'နုနုဝိုင်း' လို့ နာမည်ပေးရမယ်၊ ကောသီ ကြိုက်ရဲ့လား"

"ကောင်းပါတယ်"

"မေမေ"

"ဟေ"





"သမီးလေးကိုကြည့်ပါဦး မေမေရဲ့ . . . ချစ်စရာမကောင်းဘူးလား"

"ကောင်း . . . ကောင်းပါတယ်ကွယ်"

မျက်နှာမကောင်းဖြစ်နေတဲ့ ဇနီးဖြစ်သူကို ဦးထွန်းရ တ်တောင်နှင့် တို့လိုက်၏။ သူ့ အစွဲအလမ်းကြီးတာကို ကလေးရေ သိရင် စိတ်မကောင်းဖြစ်ကြဦးမည်။ ထို့ကြောင့် တိုးတိုးကျိတ်ကျိ ပြောဖို့ အပြင်သို့ ဆွဲခေါ်လာခဲ့ပြီး . . .

"မင်း ဘယ်လိုဖြစ်နေတာလဲ"

"ကျွန်မရင်ထဲမှာ တစ်မျိုးကြီးပဲ ကိုထွန်း"

"ဟ . . . စနေနေ့မွေးတိုင်းပဲ ကလေးက ခိုက်ရမယ်လို့ မ ကို ဘယ်သူပြောလဲ။ အဓိပ္ပာယ် မရှိတာကွာ။ ဘာမှ အယူသည် မနေနဲ့။ ဘာမှမဖြစ်ဘူး"

"ကျွန်မ သိနေတယ် ကိုထွန်း"

"မင်းက ဘာကိုသိတာလဲ"

ဒီကလေး မမွေးခင်နှစ်ရက်လောက်ကတည်းက ဒေါ်မြ အိပ်မက်တွေ မကောင်းလို့ ရင်လေးနေခဲ့တာ။ အိပ်မက်ထဲမှာ သာ အိမ်ကို မီးလောင်ပြီး ကောသီက ဆံပင်တွေ မီးလောင်ခံရသည်ကိုတ

"ဒီကလေး ခိုက်ကိုခိုက်မှာ"

❒❒❒



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

သမီးလေးကို ရင်ခွင်ထဲမှာပိုက်ပြီး ပျော်ရွှင်စွာ ဆေးရုံကနေ အိမ်ကိုပြန်လာကြတဲ့ မိသားစု။ စိတ်လေးနေပေမယ့် ရင်ခွင်ထဲမှာ ပိုက်မိလိုက်တာနှင့် ကိုယ့်မြေးဆိုတဲ့အသိက အချစ်စိတ်ကို သွေးပူအောင် လှုံ့ဆော်ပေးသည်။

အိပ်ပျော်နေတဲ့မြေးလေးမျက်နှာကို ငုံကြည့်ရင်း စိတ်၏ရှုပ်ထွေးခြင်းတို့က တစ်စချင်း ဆွဲထုတ်ပြီး ရှင်းပေးနေသလိုပါပဲ။

"သား"

"ဗျာ"

"မြေးလေးနာမည်က နုနုဝိုင်းနော်"

"ဟုတ်တယ်လေ မေမေရဲ့၊ သမီးလေးကို သူ့အမေလို





နုနုနယ်နယ် ယဉ်ကျေးသိမ်မွေ့တဲ့ မိန်းကလေးဖြစ်အောင် ရှေ့က နုနုဆိုတာလေး ထည့်ပေးတာလေ။ မေမေ သဘောကျရဲ့လား"

"ကျပါတယ် သားရယ်၊ နာမည်လေးက လှသားပဲ"

"အင်း . . . မအေဘက်က အဘိုးအဘွားတွေသာ နိုင်ငံခြားက ပြန်လာရင် တို့တောင် ချီရပါဦးတော့မလား မသိဘူး"

"ဟယ် . . . မောင်"

"ဟင် . . . ဘာလဲ ကေသီ"

"ဟိုမှာ ဘာလို့ ပြေးလွှားနေကြတယ် မသိဘူး"

"ဟင်"

ကားထဲမှာမို့ အရာအားလုံးကို မမြင်မိတာရယ်၊ ကလေးကြောင့် အပျော်လွန်ပြီး ပတ်ဝန်းကျင်ကို ဂရုမစိုက်မိတာရယ်ကြောင့် ခုမှ ကေသီပြောလို့ ကားကို ရပ်ပြီး ထွက်ကြည့်လိုက်စဉ် . . .

"မီးလို့ . . . မီး . . . မီး"

"မီးတွေလောင်နေတယ် လုပ်ကြပါဦး"

"ဟင်"

"အမလေး မောင် မောင် ကေသီတို့အိမ်"

"ဟာ"

မှောင်မည်းနေတဲ့ မီးခိုးလုံးကြီးတွေ လိမ့်တက်လာသော နေရာသည် ကိုယ့်အိမ်မို့ စစ်နိုင် ဟာခနဲဖြစ်သွားလေသည်။ နောက်



www.burmeseclassic.com

www.burmeseclassic.com



ပြေးထွက်သွားလေလျှင် . . .

“မောင် . . . မောင် . . . မသွားနဲ့”

“သား”

“အမယ်လေး . . . မောင့်ကိုကယ်ကြပါဦး မောင်”

“ဟဲ့ . . . သမီး မသွားနဲ့လေ”

“မောင်ရေ”

“သမီး”

စစ်နိုင် ရှေ့ကပြေးတာကို ကေသီက နောက်မှပြေးလိုက်သည်။ ဦးထွန်းလူလည်း ပြေးလိုက်သွားပြီး ဒေါ်မြနှစ်မှာသာ ကလေးကိုဝိုက်ပြီး ဟိုပြေးရမလို ဒီပြေးရမလို။

စစ်နိုင်။

အရေးကြီးတဲ့ ကုမ္ပဏီနဲ့ဆိုင်ရာ စာရွက်စာတမ်းတွေရဖို့အတွက် အိမ်ကြီးထဲသို့ ပြေးဝင်ခဲ့၏။ မီးက အိမ်ကြီးကို တစ်ခြမ်းပဲလောင်နေသေးတော့ မျှော်လင့်ချက် ရှိနေသေးသည်လေ။ ပြီးတော့ ကေသီရဲ့လက်ဝတ်ရတနာတွေ။ ဒါတွေက အရေးကြီးတာမို့ မိုက်မိုက်မဲမဲ ဝင်ခဲ့တာပါ။

တော်ပါသေးရဲ့။

သူ မီးတောက်တွေကို တိမ်းရှောင်ရင်း အရေးကြီးတာတွေကို ရအောင်ယူနိုင်ခဲ့၏။ ပြန်ပြေးလာခဲ့တော့ ထွက်ပေါက်မှာ





မီးတွေက လောင်စပြုနေပြီ။

“ဟာ”

မီးညွန့်က လူဘက်သို့တိမ်းလာသဖြင့် နောက်သို့ အတင်းပြန်ဆုတ်ရသည်။ ဒုက္ခပါပဲ။ သူ ပြန်ထွက်နိုင်ပါတော့မလား။ သူ မီးထဲမှာ ဘဝဆုံးရတော့မှာလား။

“မောင် . . . မောင်ရေ”

“သမီး . . . မသွားနဲ့”

ဒါ ဖေဖေနဲ့ကေသီအသံ။

“ကေသီမလာနဲ့ . . . မလာနဲ့”

“မောင် . . . အမယ်လေး . . . မောင့်ကို ကယ်ကြပါဦး”

“သမီး”

“ဖေဖေ . . . ဒါကို ရအောင်ယူပါ”

ပြောပြီး စစ်နိုင်လက်ထဲကသေတ္တာကို အားကုန်လွှဲပြီး အပြင်ဘက်သို့ ပစ်လိုက်၏။ သူ မီးထဲမှာ ဘဝဆုံးသွားရင်တောင် ဒီသေတ္တာထဲကပစ္စည်းတွေက ကေသီ့ဘဝကို ကယ်တင်စောင့်ရှောက်နိုင်မှာပါ။

“သား . . . ရေဖြန်းနေတယ်၊ ထွက် . . . ထွက်”

“ဖေဖေ . . . ကေသီ့ကို ပြန်ခေါ်သွားပါ”

“သား . . . ထွက်လို့ရပြီ၊ ထွက်လာခဲ့”



www.burmeseclassic.com

www.burmeseclassic.com



"မောင်"

"ကေသီ ... မလာနဲ့"

"သား"

ကေသီ့ကို အခြားသူတွေ ဝိုင်းဆွဲကြချိန်မှာ သားသမီးအပေါ်ထားရှိသော မိဘတို့၏မေတ္တာတရားက သားသမီးအတွက်ဆို ဓားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်ဆိုတဲ့အတိုင်း။ သားကို ကယ်ဖို့ ဦးထွန်းလူ မီးထဲသို့ ဝင်ခဲ့လေသည်။

"အား"

"ဖေဖေ"

"သား"

ကိုယ့်ကို မီးပူဟပ်လိုက်လို့ တစ်ကိုယ်လုံး ကျက်လုမတတ် ပူပြင်းလောင်မြိုက်ခံရတာတောင် ဒယီးဒယိုင်နှင့် ရှေ့ဆက်တိုးပြီး သားလက်ကို မိအောင်ဆွဲခေါ်သည်။

"ဖေဖေ ... မလာနဲ့"

"သား ... မြန်မြန်"

မီးက ရှဲရှဲတောက်နေရာမှာ ဟုတ်ခနဲပြိုကျသွားလိုက် မီးကူးပြီး ပြန်တောက်လာလိုက်မှာ ဟုတ်ခနဲ ပြိုကျသွားတဲ့နေရာကနေ သားကို အပြင်ရောက်အောင် အားကုန်တွန်းထုတ်လိုက်၏။ သူက သေမယ်ဆိုသေပျော်ပြီပဲလေ။





စစ်နိုင်။

နောက်က တွန်းအားကြောင့် ပူလောင်မှုတွေကို ကျော်ဖြတ်ပြေးမိရင်းပဲ သူ့အပေါ်သို့ ရေတွေက သောခနဲကျလာလို့ သက်သာရာ ရသွားပေမယ့် ပြေးနှုန်းက အရှိန်လွန်၍ မှောက်လျက် လဲကျသွားလေတော့သည်။

"အင့်"

"ဟာ ... လဲကျသွားပြီ"

"သူ့ကိုရအောင် မြန်မြန်ဆွဲ"

လဲကျတဲ့စစ်နိုင်ကို လေးငါးယောက် အတင်းဝင်ဆွဲပြီး လွတ်ရာ ရောက်ပြီးသည့်နောက် ...

"ဝုန်း"

"အား"

"ဖေဖေ"

စစ်နိုင် အာခေါင်ခြစ်၍ အော်ပစ်လိုက်၏။ မီးထဲမှာ ကျန်ခဲ့တာ ဖေဖေ။ ပထမလှည့်ကြည့်မိခြင်းမှာ ခြေကားယား လက်ကားယား မြင်နေရသေးပြီး ခုတော့သွားပြီ။

"ဖေဖေ"

"အမယ်လေး ... ကိုထွန်း သေပါပြီ။ ကိုထွန်းရေ ... ကိုထွန်းကို ကယ်ကြပါဦး ... အီး ဟီး"



www.burmeseclassic.com

www.burmeseclassic.com



“ဖေဖေ”

“ဟော့ကောင် . . . မသွားနဲ့”

“ကယ်ကြပါဦးဗျာ . . . ဖေဖေ့ကို ကယ်ကြပါ”

“ကိုထွန်းရေ”

“ဖေဖေ”

ဆွဲသူလွဲသူတွေကြားမှာ စစ်နိုင် ရုန်းကန်နေတဲ့အဖြစ်ကို ကောသီ မမြင်၊ သူမ မြင်နေတာ သူမအာရုံထဲမှာ ပြုံကျသံတွေကြားပြီး သေသွားတာ မောင်ပါပဲ၊ မောင်သေပြီဆိုတဲ့အသိက နှလုံးခုန်သံတွေ တဒိုင်းဒိုင်းမြည်လာပြီး . . .

“မောင် . . . မောင်သေပြီ . . . မောင်ရေ”

“ကလေးမ မဟုတ်ဘူးလေ . . . သတိထား”

“အို . . . ဒုက္ခပါပဲ၊ သူက ခုမှ မီးဖွားပြီး ဆေးရုံက ဆင်းလာတာ။ သွေးနုနုလေးနဲ့”

“သူ့ကို ခေါ်သွားကြ”

“မလိုက်ဘူး . . . မောင်သေပြီ . . . မောင်ရေ”

“ကလေးမ . . . သတိထားလေ”

“မောင် . . . အီး ဟီး ဟီး”

“ကိုထွန်းရေ”

“ဖေဖေ”





ယူကျုံးမရနှင့် ဖေဖေလို့ ကျုံးအော်ပြီး စစ်နိုင်လဲကျသွားလေတော့၏။ ဖေဖေ သေပြီဆိုတဲ့အသိရယ်၊ မီးလောင်လို့ရလိုက်တဲ့ ဒဏ်ရာတွေရယ်ကြောင့် လူက ခြေကုန်လက်ပန်းကျသွားသည် ထင်ပါရဲ့။

မိဘဆိုတာ . . .

သားသမီးအတွက် အသက်တောင်ပေးဝံ့တဲ့ မေတ္တာတရားကို ဦးထွန်းလူက လူအများရှေ့မှာ လက်တွေ့ကျကျ အသက်ပေးပြီး စံပြသွားခဲ့သည်လေ။

❐❐❐



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ဖြေမဆည်နိုင်စွာ မျက်ရည်တွေဖြိုင်ဖြိုင်ကျနေတဲ့ ဒေါ်မြနှစ်၊ ရင်ထဲမှာ ငိုရလွန်းလို့ အောင့်တက်လာပြီး ရူးခနဲ ကျင်ခနဲ နာကျင်မှုတွေက ဘယ်နေရာကမှန်း နေရာအတိအကျမသိ။ လင်က မွေ့ကိုက်လို့သေတဲ့အပြင် သားကြီးက ရေနစ်၊ သားငယ်က စွန့်ချီခံရတဲ့ မပဥ္စာ မြေလှူးအဖြစ်လို သူမ ကြုံနေရတာပါ။

အခု ...

ခင်ပွန်းဖြစ်သူက မီးထဲမှာသေဆုံးသွားခဲ့သည့်အပြင် သားနဲ့ ချွေးမက ဆေးရုံမှာ။ ဒီထက် ကံဆိုးမိုးမှောင်ကျဖို့ ဘာရှိဦးမှာလဲ။ သူမတစ်ယောက်တည်း အရှူးမီးဝိုင်းသလို ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိ။ ဒီကြားထဲ သားများ တစ်ခုခုဖြစ်ရင် သူမ တကာယ်ရူးဖို့ပဲ ရှိတော့





သည်။ ဘယ်လိုကပ်ဆိုးတွေများ သူတို့မိသားစုအပေါ် ကျရောက် လာပါလိမ့်။

"မမကြီး"

"............."

"မမကြီး"

"ဟင်"

ကလေးကိုပိုက်ပြီးရောက်လာတာ ထမင်းချက်နီမား၊ အနှ ဖွေးဖွေးနှင့် ပတ်ထားတဲ့ကလေးကို မြင်လိုက်တာနှင့် ကြိုဟ်ဆိုးတာ ကောင်ကို မြင်လိုက်ရသလို နောက်ဆုတ်သွားကာ ဒေါ်သက ထော ခနဲ ထွက်သွားခြင်းနှင့်အတူ။

မျက်လုံးက ကလေးမျက်နှာပေါ်မှာ စူးစူးနစ်နစ်။

ဒီကလေး ...

ဒီကလေး ကြိုဟ်မွေလို့ တစ်မိသားစုလုံး ဒုက္ခရောက်ကုန်တာ သားဦးစနေမို့လို့ မီးလိုမွေတာ။ ဒီကလေးက ကံကြမ္မာ လက်မည ကြီးနဲ့ လက်ဆက်မွေးဖွားလာတဲ့ကလေး။ စနေဂြိုဟ်လေး ဟုတ်တယ ဒီကလေးက စနေဂြိုဟ်။

"မမကြီး ... ကလေးက"

"တိတ်စမ်း ... မပြောနဲ့"

"မမကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကလေးကို ငါ့ရှေ့ ခေါ်မလာနဲ့ သွားစမ်း။ ထွက်သွား . . . ဒီကလေးကို ငါ မမြင်ချင်ဘူး။ စနေနေ့မှာ ဘီလူးနက္ခတ်နဲ့ ယှဉ်မွေးလာတဲ့ကလေး။ သူ့ကြောင့် ငါ့ယောက်ျား သေရတာ။ သားဦးစနေဆိုတဲ့အတိုင်း သူ မီးလိုမွေးလို့ အားလုံး ဒုက္ခရောက်ကုန်တာ။ သူ့ကို သတ်ပစ်လိုက်ကြ . . . သွား"

ရှုးရှုးဝါးဝါးအော်ဟစ်နေတဲ့ ဒေါ်မြနှစ်အသံကြောင့် နီမာ တုန်လှုပ်စွာ ခင်ပွန်းသည်ကို ပြန်ကြည့်လိုက်၏။ ဖေဒါက . . .

"လွယ်လွယ်သတ်ပစ်ရအောင် . . . ဒါ ကြက်ကလေး ငှက်ကလေး မဟုတ်ဘူးလေ မမကြီးရဲ့။ ပြီးတော့ . . . ဘာမှမသိနားမလည်တဲ့ ကလေး"

"မသိဘူး . . . သူ့ကို ငါမမြင်ချင်တော့တာပဲ သိတယ်။ ဒီကလေးကိုမြင်နေရရင် ငါပါ ထပ်ပြီးသေသွားလိမ့်မယ်၊ အဲဒီတော့"

ကလေးကို ငေးခနဲကြည့်ပြီး အံကြိတ်ခြင်းသို့ရောက်၏။ သံယောဇဉ်တွေအစား အမုန်းကေပဲ တိုးပွားခက်ထန်ကာ ဒီကလေးကြောင့် တစ်မိသားစုလုံး ဒုက္ခရောက်ရတာဆိုတဲ့အသိက တဖျစ်ဖျစ် မြည်နေသည်။ လူ့လောကထဲကို စတင်ချည်းနင်းဝင်ရောက်လာကတည်းက ဒုက္ခတွေ သောကတွေကို သယ်ဆောင်လာခဲ့တဲ့ကလေး။

"ဖေဒါ"

"ဗျာ"





"ငါ နင်တို့လင်မယား တင့်တောင်းတင့်တယ်နေနိုင်အောင် ထိုက်ထိုက်တန်တန် ပေးမယ်။ ဒီကလေးကို နင် သတ်ပေး"

ဖေဒါ ခေါင်းခါလိုက်မိ၏။ ဆိုးသည်ဖြစ်စေ ကောင်းသည်ဖြစ်စေ ဘာမှမသိနားမလည် ကိုယ်ပြုသမျှနုရမယ့် ကလေးတစ်ယောက်ကို သူ ဘယ်လိုသတ်ရက်မှာလဲ။ လူတစ်ခါသတ်ဖူးတဲ့လူက နောက်ထပ် လူဘယ်နှစ်ယောက်ဖြစ်ဖြစ် သတ်ရဲတဲ့သတ္တိ ရှိကြပေမယ့် သူက ဘုရားတရားကို ရိုသေကိုင်းရှိုင်းသူ။ သတ္တဝါတွေ ကျန်းမာချမ်းသာစေကြောင်း အမြဲမေတ္တာပို့ ဆုတောင်းနေတဲ့လူက။

အပြစ်မဲ့တဲ့ ကလေးတစ်ယောက်ကို ဘယ်လိုနှလုံးသားနဲ့ သတ်ရက်မှာလဲ။ ကိုယ့်အလုပ်ရှင်ရဲ့ကလေးဆိုပြီး လက်ထဲကိုရောက်လာတာ မကြာသေးပေမယ့် ထွေးပိုက်မိတဲ့အချိန်တိုလေးအတွင်းမှာ နီနီထွေးထွေးလေးကို ခြင်မကိုက် ယင်မနားအောင် ကိုယ်ပဲယပ်ခတ်ပေးခဲ့ရတာ။

"ကျွန်တော် မလုပ်ပါရစေနဲ့ မမကြီး"

"ဘာ"

"ဘာမှမသိနားမလည်တဲ့ကလေးကို ကျွန်တော် သတ်မပေးနိုင်ဘူး"

"နင်က ငါ့စကားကို ဗီဆန်တယ်ပေါ့"

"ကဲ . . . လုပ်သာလုပ်ပေးလိုက်ပါတော့ ကိုဖေဒါရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ မလုပ်နိုင်ဘူး နီမာ"

ဒေါ်မြနှစ် အခက်တွေ့သွား၏။ မေဒါက အတွင်းလူမို့ ခိုင်းတာ။ သူက မသတ်နိုင်ဘူးဆိုရင် အခြားလူကို ခိုင်းဖို့က မဖြစ်နိုင်ဘူးလေ။ ကလေးဖြစ်ဖြစ်၊ ခွေးဖြစ်ဖြစ် သတ်တယ်ဆိုကတည်းက လူသတ်မှုမြောက်တာမို့ . . .

"ဒါဆိုရင် ဒီလိုလုပ်"

"ဟင်"

ဘယ်လိုလုပ်ရဦးမှာလဲလို့ စိုးရိမ်စွာနှင့် . . .

"ဘယ်လိုလုပ်ရမှာလဲ မမကြီး"

"နင်တို့လင်မယားကို လစာအပြင် ငါ ငွေဆယ်သိန်း ထပ်ပေးလိုက်မယ်။ ဒီကလေးကို နင်တို့ မွေးနိုင်ရင်မွေး။ မမွေးနိုင်ရင် ကြိုက်တဲ့နေရာမှာ စွန့်ပစ်လိုက်"

"ဗျာ"

"ငါဖြစ်ချင်တာက ဒီကြိုဟ်ဆိုးမလေး ဒီအိမ်နဲ့ မပတ်သက်ဖို့ပဲ။ သူ့ကို ငါ မမြင်ချင်ဘူး။ အဲဒီတော့ ငါပေးတဲ့ငွေကိုယူပြီး နင်တို့ သူ့ကိုခေါ်သွား"

လင်မယားနှစ်ယောက် အကြည့်ချင်းဆုံသွားကြပြီးနောက်

"ကောင်းပြီလေ . . . မမကြီး ဖြစ်စေချင်သလို ဖြစ်စေရပါ့မယ်"





"အေး . . . ထွက်သွားပြီးရင် နင်တို့ ဒီအိမ်ရိပ်တောင် လုံးဝ ပြန်မနင်းပါနဲ့။ ဒီကိစ္စ သားတို့လင်မယား လုံးဝသိလို့မဖြစ်ဘူး။ မှာ ထားတဲ့ကြားက ပေါက်ကြားခဲ့ရင် နင်တို့ကို ကလေးနိုးမှုနဲ့ ထောင်ကျ အောင် ငါ လုပ်မယ်၊ မယုံမရှိနဲ့"

"စိတ်ချပါ မမကြီး။ ဒီကိစ္စ လုံးဝမပေါက်ကြားစေရပါဘူး"

"မတော်တဆ သားတို့နဲ့ဆုံဖြစ်ခဲ့ရင်တောင် ဒီအကြောင်း လုံးဝမပြောမိစေနဲ့ ကြားလား"

"ဟုတ်ကဲ့"

"ဒါဆို ခဏစောင့်"

ဒေါ်မြနှစ် အပေါ်ထပ်သို့ တက်သွားတာနှင့် မေဒါ သက်ပြင်း ရှည်ကြီး ချလိုက်မိသည်။ ဒါ ဥပါဒါန်ကြောင့် ဥပါဒ်ရောက်ကြတာ မေဒါကတော့ ကလေးက သားဦးစနေမို့လို့ ခိုက်တာဆိုတာကို အယုံ အကြည်မရှိပေ။ တစ်နေ့ ဘယ်သူက ဘာဖြစ်ရမယ်ဆိုတာ ရှောင်လွှဲ မရအောင် ကံကြမ္မာက သတ်မှတ်ထားပြီးသားပဲဥစ္စာ။

ဒါကို . . .

မိုးကြိုးပစ်မှ ထန်းလက်နဲ့ကာလို့ရမလား။ ဒီကလေးအပေါ် ဒေါ်မြနှစ် ဘယ်လိုပဲမြင်မြင် မေဒါကတော့ သူ့မေတ္တာရိပ်အောက်မှ အရာရာကို အကောင်းအတိုင်းပဲ ဖြစ်စေချင်သည်။

"ကိုမေဒါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ရှင် ရမ်းသမ်းစွတ်လုပ်မနေနဲ့နော်။ ဒီကလေးက"

"သားဦးစနေ မီးလိုမွေးမှာလို့ မင်း ပြောမလို့လား"

"ဟုတ်တယ်လေ"

"တော်စမ်းပါကွာ"

"တော်လို့မရဘူးရှင့်၊ ဒီကလေးကို မွေးပြီးမှ ဒီမိသားစု ဘာတွေ ဘယ်လိုဖြစ်ကုန်တယ်ဆိုတာ ရှင်အမြင် ရှင်အသိ"

"ကုန်းဘောင်ခေတ်က အယူအဆတွေ ငါ့ကို လာပြောမနေနဲ့။ စနေဂြိုဟ်မကလို့ ဘာဂြိုဟ်တွေပဲ နောက်လိုက်ပါပါ ကိုယ်ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မှာပဲ။ အဲဒါ ငါ့အယူအဆပဲ"

"ခက်တော့တာပဲ"

"ဘာမှခက်မနေနဲ့၊ လူတစ်ယောက်ရဲ့အသက်ကို ကယ်တယ်ဆိုတာ ကောင်းမှုကုသိုလ်ပြုခြင်းပဲ။ ငါပြောပြီးပြီပဲ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်လို့။ တို့မှာလည်း သားသမီးရှိတာ မဟုတ်ဘူး။ သူတို့နဲ့ မထိုက်လို့ သူတို့ကံဆိုးတာ။ တို့နဲ့ထိုက်တော့ တို့ ကောင်းချင်ကောင်းမှာပဲ"

"ရှင်နဲ့တော့ . . . ဟင်း"

နီမာ ခေါင်းကိုလည်းကုတ် သက်ပြင်းလည်း ချသည်။ သူက မိန်းမပီပီ အယူသည်းချင်သည်။ ယောကျ်ားလုပ်သူက ဘာကိုမှ အယုံ





အကြည်မရှိ။ ဘုရားမှတစ်ပါး ကိုးကွယ်ရာမရှိလို့ပြောတဲ့သူ။

"အဲ . . . အက် အက်"

"ဟော . . . တွေ့လား။ ကလေးက လုံးဝမငိုဘဲ လက်ကလေး ပါးစပ်ထဲထည့် စုတ်နေတာ ဘယ်လောက်သနားစရာကောင်းသလဲ။ မင်း ကြည့်စမ်း"

"မွေးပြီးပြီးချင်းတုန်းကလည်း လုံးဝ မငိုဘူးတဲ့"

"အဲဒါပဲပေါ့ . . . အဲဒါ မိဘကို ဒုက္ခမပေးချင်လို့ သူ့ဘာသာ အေးရာအေးကြောင်းနေတဲ့ နိမိတ်လေ"

"ဘာ . . . အေးရာအေးကြောင်းလဲ၊ အဲဒါ အမြှုံးအာယာတ ကြီးမြခြင်းရဲ့လက္ခဏာ"

"ဘုတ်"

ပိုက်ဆံတွေကို စားပွဲပေါ် ပစ်မချခင် ပြောလိုက်တဲ့စကားဟာ ကလေးအပေါ် အညှာအတာကင်းမဲ့လွန်းလှ၏။ စနေပဲဖြစ်ဖြစ်၊ ရာဟုဂြိုဟ်ပဲဖြစ်ဖြစ် တကယ်တော့ ဒီကလေးဟာ သူတို့သွေးအရင်းအချာပဲလေ။ အရင်းကမှ မခိုင်မာရင် အဖျားပိုးထိုးနိုင်တယ်ဆိုတာ နည်းနည်းမှ မတွေးမိဘူးလား။

"ရော့ . . . ဒီမှာ ငွေဆယ်သိန်း။ နင်တို့ ဒီကလေးကို အမြန်ဆုံးခေါ်သွားတော့"

"ဟိုလေ . . . မမကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

"ကိုစစ်နဲ့ ကေသီမေးရင်"

"ကလေးသေသွားပြီလို့ ပြောလိုက်မှာပေါ့"

"ကြော်"

"နင်တို့ နှုတ်လုံပါစေနော်။ ငါ ပေးထားတဲ့ငွေပမာဏက နင်တို့ပါးစပ်ကိုပိတ်ဖို့"

"စိတ်ချပါ၊ အချိန်တန်မှသာ မမကြီး နောင်တမရမိစေနဲ့"

"ဟွန်း ... ငါ ဘယ်တော့မှ နောင်တမရဘူး စိတ်ချ"

"ဒါဆို ကျွန်တော်တို့ သွားတော့မယ်"

"သွားတော့"

နီမာ ပိုက်ဆံတွေကိုယူပြီး အပေါ်စားလက်ကိုင်အိတ်ထဲသို့ ထည့်ပြီး ထရပ်လိုက်သည်။ ဗေဒါကတော့ ငွေဆိုတာထက် ပိုက်ထားတဲ့ကလေးအပေါ်မှာသာ သနားကရုဏာတွေအပြည့်နှင့် စောင့်ရှောက်ဖို့ ဆုံးဖြတ်လိုက်ကာ ...

ရင်ထဲမှာမကောင်းစွာ ခြေလှမ်းတွေကို စတင်ရွှေ့လျားလိုက်တာနှင့် ...

"နေဦး"

နောက်ကိုပြန်လှည့်ကြည့်လိုက်စဉ် စူးရဲတဲ့မျက်လုံးတွေကို ရင်ဆိုင်လိုက်ရပြီး ...





"ဒီကလေးနာမည်ကို ပြောလိုက်မလို့"

"ဘယ်လိုလဲ"

"ဒီလောက် ပူပန်သောကတွေကို သယ်ဆောင်လာခဲ့တဲ့ ကလေး"

ပြောပြီး အံကြိတ်လိုက်တာ အသံပင်မြည်သွားသလားမသိ။ လူ့လောကထဲကို ရောက်လာကတည်းက ကောင်းကျိုးမပေးတဲ့ ကလေး။ နွေလိုပူတဲ့အပူတွေ ဒီလောက် ဆင့်ကဲ ဆင့်ကဲ သယ်ဆောင်လာတာ ...

"သူ့ကို နွေဆင့်ကဲလို့ နာမည်ပေးလိုက်"

"နွေဆင့်ကဲ"

"ဟုတ်တယ်"

နွေကို ဆင့်ကဲပြီး တကယ်ပူ မပူဆိုတာတော့ အနာဂတ်မှာ။

❒❒❒



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"သမီးလေးဆုံးသွားပြီ . . . ဟုတ်လား မေမေ"

"ဟုတ်တယ် သား"

"ဟာဗျာ"

လူကို ကိုင်ဆောင့်ခံလိုက်ရသလို စစ်နိုင်ရင်ထဲမှာ နင့်နင့်ကြီး ဖြစ်သွားတော့၏။ သမီးလေး ဆုံးသွားပြီဆိုတာနှင့် လူက အင်အားမှန်သမျှ ဆုတ်ယုတ်ကုန်ခမ်းသွားသလို။ သွေးနုနုနှင့် မီးလောင်တဲ့အဖြစ်ကို မြင်ပြီး ဒုက္ခသောကပေါင်းစုံ ခံစားလိုက်ရတဲ့ ကေသီ့မျာလည်း ခုတော့ စိတ္တဇဝေဒနာသည်လေးဘဝကို ရောက်ခဲ့ပြီ။

ပူလောင်မှုတွေနဲ့ လုံးထွေးပတ်ချာလိုက်နေတဲ့သူမှာ သမီးလေး ရှိသေးတယ်ဆိုတဲ့အသိနဲ့ စိတ်ကိုတင်းထားခဲ့တာ။ ခုတော့ . . .





သွားပြီပေါ့။

"ဒီကလေးဆုံးသွားတဲ့အတွက် သား သောကရောက်နေစရာ မလိုပါဘူး။ ဒီကလေးက သားဦးစနေ"

"ဘယ်လိုပြောလိုက်တာလဲ မေမေရယ်၊ စနေဖြစ်ဖြစ်၊ ရာဟု ဖြစ်ဖြစ် ကိုယ့်သားသမီးပဲလေ"

"မင်း၊ ဘယ်လောက်နားလည်လို့လဲ စစ်နိုင်။ ဒီကလေး စနေမို့လို့ သူများကို နိုက်ရှုတင်မကလို့ သူ့ကိုယ်သူပါ နိုက်သွားတာ"

"နိုက်နိုက်ပေါ့ မေမေရာ၊ မိဘဆိုတာ သားသမီးနဲ့ပတ်သက် ပြီး ကောင်းကောင်းဆိုးဆိုး အားလုံးကို ရင်စည်းခံရမှာပဲ။ ဘာလဲ . . . မေမေက သမီးလေးနိုက်တယ်ဆိုပြီး ဂရုမစိုက်တာလား"

"စစ်နိုင်"

"မေမေ"

"ငါ ဂရုမစိုက်လို့ နင့်သမီးသေရတာလို့ ငါ့ကို တရားခံလုပ် ချင်တာလား၊ စစ်နိုင်"

"အဲဒီလိုတော့ မဟုတ်ဘူးပေါ့ မေမေရာ"

"တော်တော့၊ အဲဒီကလေးအကြောင်း ထပ်မပြောနဲ့။ ငါ မကြားချင်ဘူး။ ဒီကလေး ဆုံးသွားတာ ငါကတော့ ကျေနပ်တယ် ဝမ်းသာတယ်"

"မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကလေးနိုက်လို့ တစ်မိသားစုလုံး ဒုက္ခရောက်ကုန်တာ"

"မေမေ အဲဒီလိုမပြောပါနဲ့၊ ဘာပဲဖြစ်ဖြစ် မေမေက မိဘနေရာကို့ သားအရင် ရောက်ခဲ့တဲ့သူပါ"

"ဟဲ့ ... ငါကလည်း ငါ့သွေးကို မချစ်ဘဲနေမလား။ အန္တရာယ်ကို ဖိတ်ခေါ်လာရင်တော့ ကိုယ့်သွေးလည်း ဖောက်ထုတ်ပစ်ရမှာပဲ။ အများဒုက္ခရောက်မှာနဲ့ တစ်ယောက်ကို ငါမငဲ့နိုင်ဘူး စစ်နိုင်ရဲ့"

ဒေါသတွေပါလာတဲ့မိခင်ကိုကြည့်ပြီး စစ်နိုင် ဘာပြောရမှန်းမသိတော့။ ရင်ထဲမှာတော့ သမီးအတွက်ရော မယားအတွက်ပါ မဖြေနိုင်။ ဖေဖေဆိုလည်း သူ့အသက်ကိုကယ်ရင်း သေသွားရှာ၏။ အရာအားလုံး အဆိုးတွေချည်းကရော ဘယ်သူက သယ်ဆောင်လာခဲ့တာလဲ။

ပထမကံဆိုးခြင်းတွေကို သမီးလေး သယ်ဆောင်လာတာတဲ့။ အခု သမီးလေးသေဆုံးခြင်းက ဘယ်သူသယ်ဆောင်လာတဲ့ ကံဆိုးခြင်းလဲ။ တွေးရင်း ယောကျာ်းအခန်မဲ့ မျက်ရည်တွေက ကျလာသည်။

"သမီးလေးရယ်"

"သား"

"............."

"မင်း ဘာမှ သောကရောက်မနေစမ်းပါနဲ့"





"ကိုယ့်ရင်သွေးလေးအတွက် ဒီလောက်တောင် သားမှာ သောကရောက်ခွင့်မရှိဘူးလား မေမေရယ်"

"မင်းအဖေအတွက်ရော"

"ဖေဖေ့အတွက်လည်း သား၊ မှုပန်သောကရောက်နေရတာပဲလေ"

"အဲဒီသောကတွေနဲ့ မှုလောင်နေရတာကိုက"

"တော်ပါတော့ မေမေရယ်။ သမီးလေးနဲ့ပတ်သက်ပြီး မေမေ့ရဲ့စွပ်စွဲချက်တွေကို ရပ်တန်းက ရပ်ပါတော့"

မေမေ့ရဲ့ သက္ကာယအစွဲအလမ်းကြီးမှုကြောင့် သမီးလေးအတွက် စိတ်မကောင်းစွာ ဆက်မကြားလိုတော့၍ ထရပ်လိုက်၏။ သေသွားတာတောင် လိုက်ပြီး အပြစ်တင်နေဖို့လိုသလား။ ကံဆိုးလိုက်တဲ့သမီးလေးရယ်။ ကလေးချစ်တတ်သူပီပီ။

ဖခင်ပီသစွာ သမီးလေးနဲ့ပတ်သက်သမျှ အရာအားလုံး ရင်စည်းခံဖို့ အဆင်သင့်ပေမယ့် အနစ်နာခံခွင့်တောင် မရှိတော့ပြီ။

"အမယ်လေး ကယ်ကြပါ။ မီး ... မီးတွေ၊ မီးတွေလောင်နေတယ် ပြေးကြ ... ပြေးကြ"

"ဟင်"

"သမီး"

သားအမိနှစ်ယောက်အကြည့်က အော်သံကြားရာဆီသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားတယ်။ ဒါ . . . ကေသီ့အသံ။ ကယောင်ချောက်ချားတွေ ဒီလိုပဲ အော်နေတတ်တာ မိုးလောင်ပြီးကတည်းက။ အခုလည်း အပေါ်ထပ်ကနေ ပြေးဆင်းရင်း အော်လာတာ။

"မီးတွေလောင်နေတယ် . . . မောင် မောင်ရေ"

"ကေသီ"

"သမီး"

"မောင်ရေ . . . မောင်သေပြီ၊ မောင့်ကို ကယ်ကြပါ"

"ကေသီ"

"သမီး . . . သမီး . . . ဘယ်မှာလဲ၊ သမီးရော"

တစ်ယောက်တည်း ဟိုပြေးသည်ပြေးလုပ်နေတဲ့ ကေသီကို စစ်နိုင် ဖမ်းချုပ်ထားလိုက်ပြီး . . .

"ကေသီ . . . သတိထားပါဦး ကေသီရယ်"

"မောင်သေပြီ၊ မောင့်ကို ကယ်ကြပါ . . . အီးဟီး ဟီး"

"မောင်မသေဘူးလေ ကေသီရဲ့။ မောင်က ဒီမှာ မောင့်ကို ကြည့်ပါဦး"

"ဟင်"

"မောင် မသေဘူးလေ၊ ဒီမှာ ကေသီရဲ့မောင်လေ"

မျက်နှာကို မော့ကြည့်ပြီး တွေတွေကလေးဖြစ်သွားပြီးမှ –

"မောင်"





"ဟုတ်တယ် . . . မောင်လေ"

"မောင်"

"ဟင်"

"ငါ ခေါ်လို့ထူး သောက်ရူး၊ ငါ့ပြန်ပြော သောက်ပေါ . . . ဟီး ဟီး"

"သတိထားပါဦး ကေသီရယ်။ ဒီမှာ မောင့်ကိုကြည့်စမ်း"

"အောင်မာ . . . ဘာလို့ကြည့်ရမှာလဲ။ ခွေးခေါ်ရာ လူမလာ သလို ခွေးနိုင်းတိုင်း မလုပ်တာ လူ။ ငါကလူ နင်ကခွေး"

"သမီး"

ပြေးလွှားနေတာတွေ ငြိမ်သက်သွားပြီး ပါးစပ်က အငြိမ် မနေ။ ငိုလိုက် ရယ်လိုက်ဖြစ်နေတဲ့ ကေသီမျှာမှာလည်း ဝဋ်ကြွေးက ကြီးလှပါပေ့။ ဟိုဘဝမှာတုန်းက မူးယစ်ဆေးဝါး အရက်သေစာ ရောင်းတဲ့သူဟာ ဒီဘဝမှာ သူရူးဖြစ်တတ်သည်တဲ့။

ကေသီရယ်။

ဟိုဘဝက မင်း အဲဒီအရာတွေ ရောင်းခဲ့ဖူးလို့များ ဒီဘဝမှာ ဝဋ်ခံနေရရှာသလား။ မင်းကို မောင် သနားလိုက်တာ။

"မောင်ရေ . . . မောင်ရေ . . . လာပါတော့လို့ . . . ခါ ခါ မော့လို့ မျှော်ရတယ် . . . ဟဲ့"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ကေသီ့ကို ရင်နာနာနှင့် ကြည့်မိနေစဉ်မှာပဲ ကေသီက သူ့ရင်ဘတ်ကို ရိုက်လိုက်လေလျှင် စစ်နိုင် လန့်ထူးထူးလိုက်မိ၏။

"နင်က ပြန်ဆိုလေ"

"မောင် ... မောင်က ဘာဆိုရမှာလဲ ကေသီရဲ့"

"ဩော် ... လာချင်ပါတယ် ချစ်သူလေးရဲ့။ မင်းနဲ့ဝေးရရင် မောင်လွမ်းရတယ်လို့ ပြန်ဆိုပေါ့ အရူးရဲ့"

"ဟုတ်သားပဲ ... မောင်မေ့သွားလို့ ဆိုမယ်နော်"

"ဆို"

"လာချင်ပါတယ် ချစ်သူလေးရဲ့။ မင်းနဲ့ဝေးရရင် မောင်ဆွေးရမယ်"

"ဟဲ့"

"ဟင်"

"နင့်ကို ငါက လွမ်းခိုင်းတာလေ၊ ဘာလို့ ဆွေးနေရတာလဲ။ အဆွေးအစုတ်ဆိုတာ မြောင်းထဲကိုရောက်မယ့် အသုံးမဝင်ပစ္စည်းတဲ့။ တော်ပြီ ... တော်ပြီ ... အသုံးမကျတဲ့လူနဲ့ တွဲမဆိုတော့ဘူး။ ငါ သိက္ခာကျတယ်"

"ကေသီ"

ဖိုးရိုးဖားရားဆံပင်တွေကို ခါထုတ်ပြီး ခါးထောက်ကာ ဆောင့်ကြွားကြွားပုံစံနှင့် ခေါင်းကိုမော့ကာ သွားပြလေတော့ သူများမြင်ရင်





ရယ်စရာပေမယ့် စစ်နိုင်ရင်ထဲမှာ ရယ်နိုင်ပါ့မလားလေ။ သူက သိပ်ချစ်ပြီး သူ့ကို သိပ်ချစ်ရှာပါသော ချစ်ဇနီး ဒီလိုဖြစ်သွားခြင်းအတွက် ကမ္ဘာကြီး ဟက်တက်ကွဲသွားပြီလား မပြောတတ်။

"သား"

"........."

"သား"

"ဗျာ"

"သမီးကို ဒီအတိုင်းပဲ ကြည့်နေတော့မှာလား သားရယ်"

"မေးရက်လိုက်တာ မေမေရယ်၊ ကေသီက သားသိပ်ချစ်ရတဲ့ သားရဲ့ဇနီးပါ"

ပါးပြင်ပေါ်သို့ မျက်ရည်ဥက လိမ့်ခနဲဆင်းလာ၏။

"ဝဋ်ကြွေးတွေ ... ဝဋ်ကြွေးတွေ။ တယ်လည်း ကြောက်စရာကောင်းပါလား"

"သား စိတ်ရောဂါအထူးကုဆရာဝန်တွေနဲ့ ကေသီ့ရောဂါကို ကုသပစ်မှာပါ မေမေ။ ငွေကုန်ချင်သလောက် ကုန်ပါစေ"

"ဖယ်ကြစမ်း ... ဖယ်ကြစမ်း"

"ဟဲ့ ... ဟဲ့ ... ဘာတုံး"

ဒေါ်မြနှစ်ကို တွန်းလှတ်ပြီး ကေသီက ဘာကိုရှာမှန်းမသိ လှည့်ပတ်ရှာနေသည်။ ဆိုဖာအောက်တွေကိုပါ ငုံ့ကြည့်လေတော့ ..



www.burmeseclassic.com

www.burmeseclassic.com



"သမီး"

"ဖယ်စမ်းပါ"

ပခုံးကိုကိုင်တဲ့လက်ကို ပုတ်ထုတ်လေ၏။

"သမီး ဘာရှာနေတာလဲ . . . မေမေ့ကို ပြောလေ။ မေမေ ကူရှာပေးမှာပေါ့"

"သမီးပျောက်လို့ ရှာနေတာလေ။ ငါ့သမီး ဘယ်မှာလဲ။ နင်တို့ ဖွက်ထားသလား ပြောစမ်း"

"သမီး"

"ငါ့သမီးကို ပြန်ပေးကြ"

"အေး အေး . . . ပေးမယ်နော် သမီး။ ခဏလေးစောင့် မေမေ ခေါ်ပေးမယ်"

ဒေါ်မြနှစ် သားကို မျက်ရိပ်ပြလိုက်တာနှင့် စစ်နိုင်အလိုက် သိစွာ ထွက်လာခဲ့တော့၏။ ကေသီ ကိုယ်ဝန်ဆောင်နေတဲ့ကာလမှာ သူ အရှူးထပြီး ဝယ်လာတဲ့ အရုပ်တွေထဲမှာ ကလေးအရွယ် အရုပ် တစ်ရုပ်ကို ရွေးယူလာခဲ့သည်။

"ကေသီ"

"ဘယ်မှာလဲ ငါ့သမီး"

"ဒီမှာလေ"

အရုပ်ကို မျက်နှာရှေ့ထိုးပေးလိုက်တော့ နှုတ်ခမ်းလေးတွေက





ပြုံးရယ်ကာ . . .

"သမီးလေး . . . အမယ်လေး မေမေ့သမီးလေး နို့ဆာနေ တာ မေမေ သိတာပေါ့။ တိုက်မယ်နော် . . . အို အေ အေ"

အရုပ်ကိုပိုက်ပြီး ပြေးထွက်သွားတဲ့ ကေသီ့ကို လိုက်ကြည့်မိ ပြီး စစ်နိုင် ကိုယ်ပါတောင် ရူးလိုက်ချင်ရဲ့။ ခုလည်း မရူးပေမယ့် မူးမူးမိုက်မိုက်ဖြစ်အောင် ဝေဒနာတွေက နှိပ်စက်လို့ပါ။

ကြော် . . .

မိခင်မေတ္တာ ကြီးမားလိုက်ပုံများ ဘဝအကျိုးပေးမကောင်း လို့ ရူးနေတာတောင် သားသမီးကို နို့တိုက်ဖို့တော့ မမေ့။ ဒါကြောင့် မေမေ့ကိုလည်း သူ အပြစ်မမြင်ရက်ပါဘူးလေ။

❒❒❒



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

နီမာက ငွေကိုသာ လိုချင်စိတ်ရှိပြီး ကလေးကိုကျ ဂရုမစိုက်ချင်။ ထစ်ခနဲ တစ်ခုခုမကောင်းတာဖြစ်ပြီဆိုတာနှင့် ဒီကလေး ကြိုဟ်မွေလို့ ဆိုတာတွေသာ ပါးစပ်က အပ်ကြောင်းထပ်အောင်ပြော၏။ အလုပ်အကိုင် အဆင်မပြေတာကအစ ခလုတ်တိုက်တာအဆုံး ဒီကလေးကြောင့်။ မိန်းမဆိုတဲ့ အမျိုးအစားတွေက ခက်သားလား။

အူတိုတဲ့မျိုးမို့။

စိတ်ရှည်သည်းခံတတ်သူတွေရှိသလို အူတိုစိတ်ပုပ်ကြတာလည်း မိန်းမတွေသာ အများဆုံးပေါ့။ မိခင်စိတ်ရှိတဲ့ မိန်းမတွေကျတော့ ကလေးချစ်တတ်ပြီး အချို့ကျတော့ ကိုယ့်ဖို့သာ ကိုယ်ကြည့်





တတ်တဲ့ အတ္တတွေနှင့် နီမာက ကိုယ့်ဖို့သာ ကိုယ်သိပြီး ကလေးအပေါ် မိခင်စိတ်မထားနိုင်သမျှ။

မေဒါကတော့ ...

ကလေးရဲ့အနာဂတ်အတွက် တွေးခေါ်မြော်မြင်ခြင်းများနှင့် ဖခင်တစ်ယောက်လို ကလေးအပေါ် မေတ္တာထားနိုင်သူ။ မရက်စက်နိုင်သော နှလုံးသားနှင့် ကလေးအပေါ် ဂရုစိုက်ယုယတာလည်းသူပါပဲ။ နေ့ဘက် မေဒါအလုပ်ဆင်းချိန်မှာတော့ စိတ်ပါပါ မပါပါ နီမာကလေးကို ထိန်းပေးဖော်ရလို့ တော်သေးတာပေါ့။

ညဘက်ဆိုရင်တော့ ...

မေဒါပဲ ကလေးကရိကထကို ခံရတာလေ။ ကလေးရဲ့ သေးဝတ် ချေးဝတ်ဆိုရင်လည်း နီမာစုပုံထားလို့ မေဒါပဲ လျှော်ရတာ။ အသွင်တူမှ အိမ်သူဖြစ်တာတဲ့။ မေဒါတို့လင်မယားကတော့ အသွင်မတူဘဲ ဘာကြောင့် အိမ်သူဖြစ်နေပါလိမ့်။ တူတဲ့နေရာတူလို့ ဖြစ်မှာပေါ့လေ။

"ကိုမေဒါ"

"..............."

"ကိုမေဒါ"

"ဘာလဲကွာ"

"ခြေပစ်လက်ပစ်နဲ့ အဲဒါက ဘယ်လိုဖြစ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ထဲ၊ လက်ထဲမှာ မအီမသာဖြစ်နေလို့ပါကွာ။ ငါ ကောင်းကောင်း နေမကောင်းဘူးကွ"

"အဲဒါ"

"ဟော့ . . . တော် , . . ဆက်မပြောနဲ့"

နီမာ ဘာဆက်ပြောမယ်ဆိုတာ သိနေသဖြင့် ဗေဒါ ဟောက်ပစ်လိုက်သည်။ နေမကောင်းဘူးဆိုတာနဲ့ သမီးလေး နွေဆင့်ကဲကို ပုတ်ခတ်လာဦးမှာ သူသိနေသည်။ ဒါကြောင့် . . .

"ဒီက ဘာမှ မပြောရသေးဘဲ ရှင်က ဘာထဖြစ်တာလဲ"

"ဘာဖြစ်ရမှာလဲ . . . မင်း ဘာပြောတော့မယ်ဆိုတာ ငါသိတယ်။ ထစ်ခနဲဆို မင်းက သမီးလေးကိုပဲ ပုတ်ခတ်ထိပါးလာတာ။ ဘာလဲကွာ . . . နေမကောင်းဖြစ်တာပဲ၊ သွေးနဲ့ကိုယ် သားနဲ့ကိုယ်ပဲဟာ။ လူတိုင်းဖြစ်မှာပဲ။ ဒါကို သမီးလေးက နိုက်တာဖြစ်ရောလား။ ဒါဆို တစ်လောကလုံးက ဆေးရုံတက်နေရတဲ့လူတွေမှန်သမျှ ငါ့သမီးက နိုက်တာပဲလား၊ ပြော"

"နိုက်လို့မှ သူတို့မိသားစုတွေ ဘယ်လိုဖြစ်ခဲ့ကြသလဲ၊ ရှင်အသိပဲလေ"

"အဲဒါ ဥပါဒန်ကြောင့် ဥပါဒ်ရောက်တာ"

"ရှင်ကလေ ဒီကလေးအတွက်ဆို ကော်လုံးကတ်လုံးတွေ တော်တော်တတ်တယ်သိလား"





"အက် အက်"

"ဟော"

ပုခက်ထဲက ကလေးက အသံပေးပြီး လှုပ်လှုပ်လာလေသဖြင့် စကားစက ပြတ်သွား၏။ ကလေးနိုးလာတာမြင်ပေမယ့် နီမာက ထိုင်ရာမထမို့ ဗေဒါပဲ ကလေးကို ထခေါ်လိုက်ရသည်။

"သမီးရေ . . . သမီးလေး နိုးလာပြီလား"

"အက် အက်"

မျက်လုံးအဝိုင်းသားနှင့် ကြည့်နေတဲ့ကလေးကို ဗေဒါ ငုံနမ်းလိုက်ပြီး ရင်ထဲမှာ ကြည်နူးသွားသည်လေ။ သမီးလေးက အိမ်မှာ ကလေးရှိမှန်းတောင် မသိလောက်အောင် ဘယ်တော့မှ ရူစူးဝါးဝါး အော်မငိုတတ်ပေ။ အက် အက်နှင့်ပဲ ငိုခြင်းကပြီးမြောက်သွားတတ်၏။

"တွေ့လား။ ငါ့သမီးက အိပ်ချင်တာပဲဖြစ်ဖြစ် အိပ်ရာကနိုးတာပဲဖြစ်ဖြစ် ဘယ်တော့မှမငိုဘူး"

"ငယ်ငယ်မှာ မငိုတတ်တဲ့ကလေးက ကြီးလာရင် ပူပြင်းတတ်တယ်တဲ့"

"နီမာ"

"ဘာလဲ"

လင်မယားနှစ်ယောက် တကျက်ကျက်ဖြစ်ကြတိုင်း ဒီကလေးကြောင့်။



www.burmeseclassic.com

www.burmeseclassic.com



"တစ်နေ့ . . . တစ်နေ့ . . . မင်း ဒီကလေးကို အပြစ်ပုံချဖို့ပဲ ထိုင်စဉ်းစားနေသလား နီမာ"

"စဉ်းစားစရာမလိုအောင် မွေးလာကတည်းက မိဘတွေ ဒုက္ခပေးဖို့ နက္ခတ်ဆိုးကို လက်ထဲဆုပ်လာတဲ့ကလေးလေ"

"မင်း . . . တော်တော့"

"တော်ပါပြီ . . . တော်ပါပြီ အရင်တုန်းက နီမာ့ကို ချစ်လှပါ ချေရဲ့လို့ စကားမာမာတောင် မပြောတဲ့ယောကျ်ား။ အခု တကျက် ကျက် ဖြစ်နေရတာ"

"ဒီကလေးကြောင့်လို့ မင်းမပြောနဲ့"

"ဟုတ်နေတာ . . . ပြောမှာပဲ"

"ကွာ . . . တောက်"

ဆောင့်ဆောင့်အောင့်အောင့်နှင့် ထထွက်သွားတဲ့ နီမာ။ မီးဖို ချောင်ထဲ အရောက်မှာတော့ ဆွေးနေတဲ့ပျဉ်ချပ်ကို နင်းမိသွားပြီး . .

"ဝုန်း"

"အမယ်လေးတော့"

ဆွေးနေတဲ့ပျဉ်နဲ့ ဆောင့်နင်းတဲ့ခြေထောက်တွေ့ဆုံပွဲမှာ ဒီလို မှောက်လျက် လဲတာရော ဒီကလေးကြောင့်ပဲလား။

❒ ❒ ❒



## အခန်း (၆)

"နွေဆင့်ကဲ"

". . . . . . . . . . . . . ."

"နွေဆင့်ကဲ . . . ဘယ်မှာလဲ။ ဟဲ့ . . . နွေဆင့်ကဲ ထွက်ခဲ့ စမ်း"

ကလေးတစ်ယောက်ကို လက်မှာဆွဲပြီး ထဘီစ မ,လာတဲ့ အမျိုးသမီး၏ အသံစူးစူးကြောင့် ဒေါ်နီမာ ပြေကျနေတဲ့ဆံပင်တွေ ဖိုးရိုးဖားလျားနှင့်၊ လက်က ထမင်းအိုးမွှေနေရင်း ပြေးထွက်လာတာနဲ့ ယောက်မကိုကိုင်လျက်သားပါ။

"နွေဆင့်ကဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဟဲ့ . . . ဘယ်မှာလဲ နွေဆင့်ကဲ"

"ဟို ဟို . . . မဖြူသန့်စင်၊ အဲလေ . . . မသန့်ဖြူစင် ဘာ . . . ဘာကိစ္စများ ရှိလို့ပါလဲရှင်"

"ဘာဖြစ်ရမှာလဲ . . . ဒီမှာ ငါ့သားကိုကြည့်စမ်း။ ခေါင်းကွဲသွားတာ နှစ်ချက်တောင် ချုပ်ရတယ်ဟဲ့ သိလား"

"ရှင်"

"ဘယ်မှာလဲ နွေဆင့်ကဲ"

"နေ . . . နေပါဦး မသန့်ဖြူစင်ရယ်၊ စူးရှလေး ခေါင်းကွဲတာနဲ့ နွေဆင့်ကဲ ဘယ်လိုများ ပတ်သက်နေလို့လဲရှင်"

မသန့်ဖြူစင်ရဲ့သား စူးရှထက်မြက်ကို ကြည့်လိုက်တော့ ဟုတ်ပါရဲ့။ ခေါင်းမှာ ပတ်တီးပတ်ထားခြင်းနှင့်အတူ တရှုံ့ရှုံ့ငိုနေခြင်းသည် အပိုလုပ်တာတော့ မဖြစ်နိုင်။

"ဒီမှာ"

"ရှင်"

"နင့်သမီး နွေဆင့်ကဲက ငါ့သားကို အုတ်ခဲပိုင်းနဲ့ ပစ်လို့ ခုလိုခေါင်းကွဲသွားတာ။ အခု နင်တို့ဘာလုပ်ပေးမလဲ ပြော"

"ကျွန်မ . . . ကျွန်မ . . . ဆေားဖိုးဝါးခ"

"ဘာ"





ဘာဆိုတဲ့အသံကျယ်ကြီးကြောင့် ဒေါ်နီမာ ဆတ်ခနဲ တုန်သွားသည်။ တဆက်တည်း နွေဆင့်ကဲ ဒုက္ခပေးပြန်ပြီလို့ ရင်ထဲကနေ ကျိန်ဆဲမိလိုက်၏။

"ငါက အလျော်လိုချင်လို့ လာပြောတာ မဟုတ်ဘူးဟဲ့ နီမာရဲ့။ သားသမီးကို လူလို,သူလို ဆုံးမတတ်ဖို့လာပြောတာ။ တို့က အလျော်တောင်းမယ့် အတန်းအစားထဲက မဟုတ်ဘူး။ နားလည်လား။ မိတကပစ်ထားလို့ ဒီရပ်ကွက်မှာ သောင်းတင်နေတာ၊ ငါ ဘယ်အဆင့်အတန်းကလာတဲ့ မိန်းမလဲဆိုတာ သိချင်ရင် စုံစမ်းကြည့်လိုက်"

အရေးထဲ မရှိခထာဘဝကို ထည့်ကြွားနေလိုက်သေးတယ်။ သူ ဘယ်အဆင့်အတန်းကပဲလာလာ ကိုယ်ဖွဲ့ယှဉ်လို့မရတဲ့ အရာတွေအတွက် နီမာ စိတ်မဝင်စားပေ။ လောလောဆယ် စိတ်ဝင်စားတာက ကြိုဟ်ဆိုးမလေးကိစ္စကို ဖြေရှင်းပေးဖို့ဆိုတော့ . . .

"စိတ်ချပါ မသန့်ဖြူစင်၊ ကျွန်မ နွေဆင့်ကဲကို ဆုံးမပါ့မယ်"

"ဆုံးမတယ်ဆိုပြီး ပါးစပ်က လေပြေသွေး ဆုံးမရုံနဲ့တော့ ငါ မကျေနပ်ဘူး နီမာ။ ငါ့သားခံရသလောက် ပြန်ခံရမှ"

"ဟုတ်ပါပြီ၊ ကျွန်မ မသန့်ဖြူစင်တို့ရှေ့မှာပဲ နွေဆင့်ကဲကို မသန့်ဖြူစင် ကျေနပ်တဲ့အထိ ဆုံးမပေးပါ့မယ် စိတ်ချ"

"ဒါဆို နွေဆင့်ကဲကို ခေါ်လေ"

ခေါင်းတညိတ်ညိတ်ဖြစ်ပြီး နီမာနောက်သို့ လှည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ကခံထားရတဲ့သူ ကျေနပ်တဲ့အထိ ဆုံးမပေးရမှာပေါ့။ ဒီဂြိုဟ် ဆိုးမလေးကြောင့် သူများ အပြောခံရတာ။ ကိုဗေဒါ မရှိတုန်း သင်းကို နှိပ်ကွပ်ထားမှ။

"နွေဆင့်ကဲ ... နွေဆင့်ကဲ"

"....................."

"ဟဲ့ ... နွေဆင့်ကဲ ... ခေါ်နေတာ မကြားဘူးလား"

နွေဆင့်ကဲ ပြေးထွက်လာပြီး နီမာ့ရှေ့မှာ ခေါင်းငုံ့ရပ်လိုက်သည်။ မလွဲသာလို့ ခေါင်းငုံ့ထားပေမယ့် ကြောင်လိုဂုဏ်ထားတဲ့ လက်သည်းနဲ့ ကုတ်ပြေးချင်တာမျိုး။ နှုတ်ခမ်းက တင်းတင်းစေ့လို့ပါ။ မျက်တောင့်နီနှင့် ကြည့်လိုက်ခြင်းမှာ ရှူးရှုကိုမြင်တာနှင့် အရောအားလုံးကို သဘောပေါက်လိုက်တာမျိုး။

နွေဆင့်ကဲပဲလေ။

ကိုယ့်ကိုစရင် မခံတတ်တဲ့လက်က ယဉ်ပြီးသားပါပဲ။ အဲဒီအတွက် ပေးသမျှအပြစ်ကို ခံယူဖို့လည်း အဆင်သင့်ရှိနေတတ်သူ။

"နွေဆင့်ကဲ"

"....................."

"နင့်အပြစ် နင်သိလား ပြောစမ်း"

"သိပါတယ်"

"အေး ... သိရင် တွေ့မယ်"





နီမာ ခြေဆောင့်ထွက်သွားပြီး ပြန်ရောက်လာတော့ လက်ထဲမှာ တုတ်တစ်ချောင်းပါလာကာ ...

"သား ရှူးရှု"

"ဗျာ"

"ရော့ ... တုတ်၊ မင်း သူ့ကို ကြိုက်သလောက် ပြန်ရိုက်စမ်း"

"ဟင့်အင်း"

"ရိုက်လေ"

"သား မရိုက်ရဲဘူး"

"ရှူးရှု ... မင်း ယောက်ျားမဟုတ်ဘူးလား"

"ယောက်ျားပေမယ့် နွေဆင့်ကဲက အငြိုးကြီးတယ်ဗျ။ သား သူ့ကိုရိုက်ရင် နောက်နေ့ သူက သားကို အုတ်ခဲနဲ့ထပ်ထုမှာ ကျိန်းသေတယ်"

"ဟင်"

ပြောရင်း ရှူးရှုက နောက်ဆုတ်သွား၏။ နွေဆင့်ကဲဆိုရင် ကလေးချင်းကအစ ကြောက်နေပါရော့လား။

"ငါ့သားကို တရားခံမလုပ်နဲ့ နီမာ။ နင့်သမီးကို နင်ပဲ ဆုံးမပေးပါ"

"ဒါ ... ကျွန်မသမီး မဟုတ်ဘူး။ မွေးပြီးကတည်းက



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကျိုးမပေးလို့ စွန့်ပစ်ခံခဲ့ရတဲ့ကောင်မ။ စနေမ ဂြိုဟ်မ"

"အမေ"

"ဘာအမေလဲ ... နင် ငါ့ကို အမေလို့မခေါ်နဲ့။ နင်က ငါ့သမီးမဟုတ်ဘူး ဂြိုဟ်မရဲ့ ... ကဲ"

"ရှမ်း"

ကျောကော့သွားပေမယ့် နွေဆင့်ကဲ အံကိုတင်းတင်းကြိတ်ထားလိုက်သည်။ ဒီစကားတွေက ကြားနေကျမို့ နားရည်ဝပြီး အရေထူနေသည့်တိုင် နွေဆင့်ကဲ့ ဒီတစ်ခါ ပိုနာသည်ထင်၏။ အမေခေါ်တာ မကြိုက်တဲ့သူဟာ ကိုယ့်အမေဖြစ်နိုင်ပါ့မလားလို့ ဉာဏ်မီသလောက် စဉ်းစားတတ်ပြီ။ မကြိုက်ရင် မခေါ်လိုက်ရုံပဲပေါ့။

သူမကလည်း ခေါ်ချင်လှလို့မှမဟုတ်တာ။

အဖေ ခေါ်ခိုင်းလို့ခေါ်နေရတာလဲလေ။ သူက နွေဆင့်ကဲ အမေ မဟုတ်ဘူးဆိုတော့ နွေဆင့်ကဲရဲ့အမေက ဘယ်သူလဲ။

"ကဲ"

"ရှမ်း"

"မှတ်ပြီလား"

"ရှမ်း"

"နောက် သူများကို ရန်စဦးမလား"

"နွေဆင့်ကဲက ရန်စတာမဟုတ်ဘူး။ သူတို့က အရင်စတာ"





"ဘာ"

"သူတို့က နွေဆင့်ကဲကို စနေမ ဂြိုဟ်မတဲ့"

"မဟုတ်လို့လား ဂြိုဟ်မရဲ့"

"ရှမ်း"

"ကြည့်စမ်း ... အကြောက မာလိုက်တာ။ ဒီလောက် ရိုက်နေတာကို မျက်ရည်တစ်စက်မှ မကျဘူး"

အံ့သြစွာပြောလိုက်တဲ့ ဒေါ်သန်းမြစင်ကိုကြည့်တဲ့အကြည့်တွေက နေနှင့်ဦးပေါ့။ အရွယ်မတူသေးလို့။ အရွယ်တူတဲ့နေ့တွေ့မယ်ဆိုတာမျိုးပါ။ ဒေါ်သန်းမြစင် ထိုမျက်လုံးတွေကို ကြောက်လာပြီး နောက်ဆုတ်မိသွားကာ ...

"တော် ... တော်တော့ နီမာ၊ သူ့ကို မရိုက်နဲ့တော့"

"ဘာဖြစ်လို့လဲ"

"သူ ... သူ့ကို ငါကြောက်လာပြီ"

"မဖြူစင် ... မဖြူစင်"

"ဟင်"

သူတို့ဆီသို့ မောကြီးပန်းကြီးနှင့် ပြေးလာသူမှာ ဒေါ်ဖြူစင်တို့ အိမ်ဘေးက ပေါက်ချစ်ဖြစ်၏။

"ဟဲ့ ... ပေါက်ချစ် ... ဘာဖြစ်လာတာလဲ"

"မဖြူစင် ... မဖြူစင် ယောက်ျား"



www.burmeseclassic.com

www.burmeseclassic.com



"ကိုမျိုး . . . ဘာဖြစ်လို့လဲ၊ ငါ ရင်ထိတ်လိုက်တာ။ မြန်မြန် ပြောစမ်းပါ ပေါက်ချစ်ရဲ့"

"ခင်ဗျားယောက်ျား တောင်ကြီးကအပြန် လမ်းမှာ ကား မှောက်လို့ ဆုံးပြီတဲ့"

"ဟင်"

"အဲဒါ . . . ခုပဲ ဖုန်းဆက်အကြောင်းကြားလို့ ကျွန်တော် ခင်ဗျားကို လိုက်ရှာနေတာ"

"ဟုတ်ရဲ့လား ပေါက်ချစ်ရယ်"

"ဟာ . . . ဒီကိစ္စမျိုးက ညာစရာလားဗျ"

"ကိုမျိုးရေ"

ဒေါ်သန့်ဖြူစင် ရင်ဘတ်ကို ဖိ၍ လဲကျလုမတတ် ဖြစ်သွား၏။ မျက်လုံး နွေဆင့်ကဲ သူမကိုကြည့်လိုက်တဲ့မျက်လုံးတွေက သူမကို ကျိန်စာတိုက်နေသလို ခံစားလိုက်ရတာ။ အခု တကယ် ဒုက္ခရောက်ပြီ။ အဲဒါ နွေဆင့်ကဲကြောင့် နွေဆင့်ကဲက ခိုက်တယ်တဲ့။

ဒါ . . . ခိုက်တာပဲ။

သူ့ကို ရိုက်လို့ပြန်ခိုက်တာ။ ဟုတ်တယ် . . . ကိုမျိုးသေရတာ နွေဆင့်ကဲကြောင့်။

"နွေဆင့်ကဲ . . . နှင်"

လက်ညှိုးထိုးလိုက်တာနှင့် ရူးရူးရဲရဲ ပြန်ကြည့်တဲ့မျက်လုံးနဲ့





မဲ့သွားတဲ့နှုတ်ခမ်းက 'ဘယ့်နှယ်ရှိသေးလဲ' လို့ မေးလိုက်တာမျိုး။

"နှင် . . . နှင့်ကြောင့် ငါ့ယောက်ျား သေရတာ။ နှင်နဲ့ပတ်သက်မိလို့ . . . နှင်က တကယ်ဂြိုဟ်မ၊ စနေဂြိုဟ်မ"

"ဟုတ်တယ် ဘာဖြစ်လဲ။ နောက်တစ်ခါ နွေဆင့်ကဲကို မတရားလုပ်ကြည့်။ တစ်ဆွေလုံးတစ်မျိုးလုံး အသေဆိုးနဲ့ သေရမယ် သာမှတ်"

"နွေဆင့်ကဲ"

"နီမာ . . . နှင် နှင့်သမီး . . . တကယ် တကယ်ခိုက်တာ"

"ကဲ . . . မဖြူစင် မြန်မြန်သွားရအောင် လာပါဗျာ"

ချာခနဲ လှည့်ထွက်သွားတဲ့ ဒေါ်ဖြူစင်ကျောပြင်ကို နွေဆင့်ကဲ စိမ်းစိမ်းကြီး လိုက်ကြည့်နေ၏။ ဒေါ်နီမာ အံ့သြစွာနှင့် ရပ်ကျန်ခဲ့ရင်း နွေဆင့်ကဲကို နောက်ထပ်လည်းမရိုက်ရဲခဲ့။ နွေဆင့်ကဲ တကယ်နွေကို နွေဆင့်ပြီး လွန်ကဲစွာ ပူပြင်းနေပါရော့လား။

ဒီကောင်မလေး ငယ်ငယ်က . . .

ဘုန်းကြီးဆီမှာ သွားရောင်းဆိုလို့ သွားရောင်းခဲ့တုန်းက ဆရာတော်က မိန့်ကြားခဲ့သည်ရှေ။ ဒီကလေးက စိတ်ဓာတ်ပြင်းထန်ပြီး ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက်ဆိုတာမျိုး ဇွတ်တရွတ် သန် လိမ့်မယ်တဲ့။ ပြီးတော့ တစ်နေ့နေ့မှာ လူသတ်နိုင်ဖွယ်ရာတောင်ရှိတယ် ဆိုတော့ ဒီလို သူ့ စိတ်ကွက် ကျိန်ဆဲတာနှင့် သေခဲ့ရတာပဲ။ သူ့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မွေးပြီးပြီးချင်းကတည်းက သူ့အဘိုး သေခဲ့ရသည့်အဖြစ်။ ဒါတွေဟာ သူသတ်တာပဲပေါ့။

“နွေဆင့်ကဲ”

“.....................”

“နင် နင် ...မဖြူစင်ကို စိတ်ထဲကနေ ကျိန်လိုက်တာလား ပြောစမ်း”

“ဟုတ်တယ်”

“ဘုရား ...ဘုရား”

တိုပြတ်ပြတ် ဖြေသံရဲ့နောက်မှာ နီမာရဲ့ဘုရားတသံက ကတုန်ကယင်၊ သူမတို့ရော ဘာဖြစ်ဦးမလဲလို့ တွေးကြောက်သွားတာမျိုး။ နွေဆင့်ကဲက တကယ့်ကြိုးပမ်းမှု မမွေးဆိုတာတော့။

□□□



## အခန်း (၇)

“ဝုန်း”

“အမယ်လေး”

“ဩောင်း”

ဝုန်းခနဲအသံကြားလို့ အဝတ်လျှော်ရင်း လန့်အော်လိုက်မိတဲ့ ဒေါ်နီမာ။ ကြောင်အော်သံကိုပါ ဆက်ကြားလိုက်ရ၏။

“ဝုန်း”

“ဩောင်း”

“ကဲ ...ဟယ်”

“ဒုတ်”

“ဩောင်း”



www.burmeseclassic.com

www.burmeseclassic.com



"ကဲ"

"ဘုတ်"

"ခွီး ခွီး ခွီး"

မိန်းကလေးတစ်ယောက်၏ ရိုက်ချက်တွေအောက်မှာ ကြောင်ခများ စားရတာနှင့်မကာမိအောင် တခွီးခွီးနှင့် အသက်ငင်နေရာမှ ခြေတွေလက်တွေက ယက်ကန်ယက်ကန်။ အသက်မထွက်မီ အချိန်အထိ မချိမဆန့်ခံစားနေရတဲ့ ကြောင်ကို သနားရကောင်းမှန်းမသိ၊ ခါးထောက်ရပ်ကြည့်ရင်း မဲ့ပြုံးပြုံးလိုက်သူက နွေဆင့်ကဲပါ။

အခြားမိန်းကလေးတွေဆိုရင် ...

ပုရွက်ဆိတ်သတ်ရုံမှအပ တီရှောက်တွေအသက်ကို သတ်ဖို့ ဝန်လေးကြပေမယ့် နွေဆင့်ကဲဆိုတဲ့ မိန်းကလေးကတော့ ဘယ်အသက်ကို သတ်ဖို့မှ ဝန်မလေးအောင် ရက်စက်ကြမ်းကြုတ်တတ်သူ။ လူက လှသလောက် စိတ်ကကြမ်းသည်။

"ကဲ ... ဘယ့်နှယ်ရှိသေးလဲ ကြောင်စုတ်။ အဲဒါ ခိုးစားချင်ဦး"

"ခွီး ခွီး ခွီး"

"နွေဆင့်ကဲ"

မီးဖိုချောင်ထဲကထွက်လာတဲ့အသံများစုံကြောင့် လက်ကဆပ်ပြာရေတွေကိုတောင် စင်အောင်မဆေးနိုင်ဘဲ ပြေးလာတဲ့ဒေါ်နီမာ။





"အသံများစုံထွက်လာအောင် နင် ဘာလုပ်နေတာလဲ နွေဆင့်ကဲ"

"ကြောင်သတ်နေတာ"

"ဘာ"

"ခွီး ခွီး ခွီး"

"ဟင်"

မရှုမလှ ခံစားနေရတဲ့ကြောင်လေးကို မြင်သွားတော့ ဒေါ်နီမာ ရင်ဘတ်ဖိလိုက်မိ၏။

"ဘုရား ... ဘုရား"

အံ့သြခြင်း မယုံနိုင်ခြင်းတွေနှင့်အတူ ကြောင်လေးကို စိုက်ကြည့်နေရင်းမှာပဲ ကြောင်လေးက အသက်ထွက်သွားရှာသည်။ ဒေါ်နီမာ ကြောင်လေးကို သနားစွာနဲ့ မျက်ရည်ပင်ဝဲတက်လာ၏။ သွေးရိုးသားရိုးသေတာ မဟုတ်လေတော့ သတ္တဝါတစ်ခု ကံတစ်ခုလို့ မသတ်မှတ်လိုက်နိုင်။

"နင် နင် ကြောင်ကို ရိုက်သတ်လိုက်တယ်ပေါ့လေ၊ ဟုတ်လား ... နွေဆင့်ကဲ"

"ကွယ်ရာပြောရင် အပိုလုပ်တယ်ဖြစ်မှာ။ အခုက ဒေါ်လေးလက်တွေ့ မြင်နေတာပဲ"

အမေခေါ်တာမကြိုက်ဘူးဆိုလို့ ဒေါ်လေးလို့ ပြောင်းခေါ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာ ကြာပြီပဲလေ။

"နင် နင် . . . ရက်စက်လှချေလား နွေဆင့်ကဲရယ်"

"မရက်စက်တတ်ရင် ကိုယ်ညှဉ့်လို့ ကိုယ်ခံ ဖြစ်သွားမှာပေါ့"

"ရက်စက်ရုံတင်မကဘူး နင်က မိုက်ရိုင်းတာ"

"လိမ္မာပြတော့ရော ဖေါ်လေးက အကောင်းပြောလို့လား"

"နွေဆင့်ကဲ"

"ဖေါ်လေးရှေ့မှာ ရပ်နေပါတယ်"

"နှပ်ဟာလေ . . . မိဘကိုရော ပတ်ဝန်းကျင်ကိုရော ကောင်းကျိုးမပေးတဲ့မိန်းမ"

"စနေမ ကြိုဟ်မလို့ ဖေါ်လေးပါးစပ်ကပဲ နမောတသသလို တစ်နေ့ သုံးကြိမ်မက ရွတ်ပြနေတာ။ အဲဒီတော့ မွေတာမဆန်းပါဘူး"

"ကြည့်စမ်း . . . တစ်ခွန်းမခံပါလား။ နင် ဘာလို့ ဒီကြောင်ကို သတ်ရတာလဲ။ ကြောင်ဆိုတာ ဘာမှမသိတဲ့ တိရစ္ဆာန်ဟဲ့။ ဒါကို နင် ရိုက်သတ်လိုက်တာ ဘယ်လောက်သနားစရာကောင်းလဲ။ နင် ဝဋ်လည်ဦးမယ် သိလား"

"လည်စမ်းပါစေ . . . ဒီကြောင်က အမေစားဖို့ ချန်ထားတဲ့ ငါးကြော်တွေကို ခိုးစားလို့ ရိုက်သတ်ပစ်တာ"

"ဟဲ့ . . . ခိုးမစားအောင် လုံခြုံစွာထားရမှာ နှင့်တာဝန်လေ။





ဒါနဲ့ပဲ သတ်ပစ်တဲ့အထိ ဖြစ်ရလား။ အသက်ဖြင့် ဖင်ဆောင့်နေပြီ။ ကြောင်နဲ့တူပြီး မိုက်ရိုင်းတဲ့မိန်းမ"

"တောက်"

"ဟဲ့"

တက်ခေါက်လိုက်တာက ကြောင်ကို၊ ကြောင်နဲ့တူပြီး မိုက်ရိုင်းတယ်တဲ့။ သူက လက်ပါလို့ အုပ်ထားသားပဲ။ ဒီကြောင်ကိုက ဖွင့်စားတာလို့ ဆင်ခြေလည်းမပေးချင်။

ဒါကြောင့် ပူညံ့ ပူညံနှင့် အဆူမခံရမည့်နေရာကို သွားဖို့ ထွက်လာခဲ့ပေမယ့် . . .

"နွေဆင့်ကဲ"

". . . . . . . . . . . . . ."

"ဟဲ့ . . . နွေဆင့်ကဲ"

ခြေသံကြားရတာ ပြေးလိုက်လာသလားမသိ။ ဒါကြောင့် လှည့်ကြည့်လိုက်စဉ် . . .

"လုပ်ပြီး ဒီအတိုင်းထားခဲ့လို့ မရဘူးနော်။ ကိုယ့်ကိစ္စ ကိုယ်ရှင်းသွား"

"ကျွတ်"

"ကိုယ့်ရုပ်ကိုယ့်ရှည့်မှ အားမနာ၊ ဒီလောက် ရက်စက်ကြမ်းကြုတ်တဲ့ မိန်းကလေး ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေး"

"ဘာလဲ"

"ရှင်းခဲ့ရင် ပြီးတာပဲမဟုတ်လား။ နောက်ထပ် ပူညံ ပူညံ ကျွန်မ ထပ်မကြားချင်ဘူးနော်"

"အံမယ်"

ခြေသံပြင်းပြင်းနဲ့ မီးဖိုချောင်ထဲကို ပြန်ဝင်သွားတဲ့ နွေဆင့်ကဲကို ကြည့်ပြီး ဒေါ်နီမာ သက်ပြင်းရှည်ကြီးချမိ၏။

ကိုဗေဒါ . . . ကိုဗေဒါ . . . မပူလိုလို့ ယောက်မရှာတဲ့ဘဝမျိုးကို ပိုင်ဆိုင်ချင်ပါတယ်ဆိုမှ သူက အပူထဲကို လက်စုံနှိုက်ခဲ့သူ။

"ကဲ . . . ဒီမှာ ယူသွားပြီး ချက်စားမယ့်လူကို ရှာပေးလိုက်မယ် ကျေနပ်ပြီလား"

"ပြီးတာပဲ"

"ဘာဖြစ်နေကြတာလဲ"

"ဟင် . . . အဖေ"

ဦးဗေဒါ ပြန်ရောက်လာသဖြင့် နွေဆင့်ကဲ ကွက်ခနဲ မျက်နှာပျက်သွားသည်။ ဒါပေမဲ့ . . . ခဏပါပဲ။

"ဒီမှာလေ ရှင့်သမီး ကြောင်ကို ရိုက်သတ်တာ"

အကြည့်က သမီးလက်ထဲက ကြောင်ဆီကို ရောက်သွားပြီး . . .





"ဘယ်လိုဖြစ်တာလဲ သမီးရယ်"

"ဘယ်လိုဖြစ်ရမှာလဲ အဖေရဲ့၊ ဒီကြောင် အဖေစားဖို့ထားတဲ့ ငါးကြော်တွေကို ခိုးစားလို့ သမီး ရိုက်သတ်ပစ်လိုက်တာ"

"ဘုရား . . . ဘုရား"

"ကဲ . . . ရှင့်သမီးကို ရှင်ပဲ ဆုံးမပေတော့။ ကျုပ်ကတော့ ကျားမြီးပဲ ပြေးဆွဲတော့မယ်"

ဒေါ်နီမာ ဆလံသသည့်ပုံစံနှင့် ထွက်သွားလေတော့၏။ ဒီကောင်မလေးကို သူမ ဆုံးမလို့ကတော့ ပြောလေကဲလေ မန်းလေပြီလေပဲဖြစ်မှာလေ။

"သမီးရယ် . . . သမီးအသက်က ငယ်မှမငယ်တော့ဘဲ။ ဆင်ခြင်တုံတရားရှိမှပေါ့။ တိရစ္ဆာန်ဆိုတာ လူလိုအသိမရှိဘူးလေ။ စားစရာတွေ့ရင် စားမှာပဲပေါ့။ သမီးသတ်ပစ်ဖို့အထိတော့ မဖြစ်သင့်ပါဘူးကွယ်။ တိရစ္ဆာန်အသက်ကလည်း အသက်တစ်ချောင်းပဲလေ။ သမီး ဝဋ်လိုက်မှာမကြောက်ဘူးလား"

"ဝဋ် . . . ဟုတ်လား"

"ဟုတ်တယ်လေ . . . ငရဲမှာအပ ဝဋ်ဘက်က အမြဲတဲ့ သမီးရဲ့"

တွေခနဲဖြစ်သွားတဲ့ နွေဆင့်ကဲရဲ့ရင်ထဲမှာ ကိုယ့်ရှေ့မှာ ရပ်နေသူသည် အဖေဖြစ်နေလို့ပေါ့။ မဟုတ်ရင် ပက်ခနဲ ပြန်ပြောဖို့



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ စကားလုံးက အဆင်သင့်၊ ဝင့်လည်မယ်ဆိုလည်း နွေဆင့်ကဲ ဆိုတာ လုပ်ရဲရင် ပြန်ခံရဲတဲ့ သတ္တိရှိသူ။

ဒါပေမဲ့ . . .

"ဟုတ်ကဲ့ . . . နောက်ကို သမီးဆင်ခြင်ပါ့မယ် အဖေ"

❐❐❐



## အခန်း (၈)

"ဆရာ"

စူးရှအကြည့်က လက်ပ်တော့ဆီမှခွာလို့ မဖြစ်သေးတာ ကြောင့် လှည့်မကြည့်ပါပဲနှင့်။

"ဘာလဲ ရဲမိုး . . . ပြော"

"ဧည့်သည်ရောက်နေတယ် ဆရာ"

"အေး . . . ဒါပြီးရင် ငါလာခဲ့မယ်၊ မင်းသွားနှင့်"

"ဟုတ်ကဲ့"

ရဲမိုး ပြန်ထွက်သွားပြီးနောက် စူးရှ ရိုက်လက်စစာကို ပြီး အောင်ဆက်ရိုက်ပြီးမှ နှစ်ခေါက်သုံးခေါက် ပြန်ဖတ်လိုက်သေးသည်။ ပြီးမှ လက်ပ်တော့ကို ပိတ်၊ စာရွက်စာတမ်းတွေကိုသိမ်းပြီး ထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တော့၏။ သူက ရှေ့နေတစ်ယောက်ဆိုတော့ သူ့ဆီကိုလာတဲ့ ညှော်သည်တွေက အမှုသည်တွေပဲများသည်လေ။

ဖေဖေဆုံးပြီးကတည်းက . . .

မေမေ့ဘက်က အဘိုးအဘွားတွေက စူးရှတို့သားအမိတွေကို ပြန်ခေါ်ခဲ့ကြသည်။ ဒါ့ကြောင့် သူ မတောင့်မတ မကြောင့်မကျဘဝနဲ့ ဥပဒေတွဲ့ကို အေးအေးဆေးဆေး ယူနိုင်ခဲ့တာ။

"ဟော . . . ဗိုလ်မှာ ဆရာလာပြီ"

"ဆရာ"

"ထိုင်ပါဗျာ . . . ထိုင်ပါ"

တစ်ဖက်လူက သူ့ကိုမြင်တာနှင့် ထရပ်လေသဖြင့် ပြန်ထိုင်ခိုင်းလိုက်ရသည်။

"ဦးစူးရှထက်မြက်ဆိုတာ"

"ကျွန်တော်ပါ"

"ဩော် . . . ကျွန်တော်က ဦးစူးရှဆိုလို့ အသက်ကြီးကြီးသဘာရင့် ဝါရင့် ရှေ့နေတစ်ယောက်လို့ထင်နေတာ"

"ကျွန်တော့်ဆရာက အသက်သာငယ်တာ မငယ်တဲ့ဟာက မငယ်ပါဘူးဗျ"

"ဟုတ်ကောင်"

"ဘာက မငယ်တာလဲ ပြောပါဦး"





စူးရှက တားလိုက်ပေမယ့် မေးတဲ့သူက ဆက်မေးတော့ ဖြေတဲ့သူက ဆက်ဖြေသည်။

"အသက်က ငယ်ပေမယ့် ပညာက မငယ်ဘူးလို့ ပြောတာပါဗျာ"

"တော်သေးတာပေါ့ ပညာကယ်လို့"

ရယ်လိုက်ကြပြီးနောက် . . .

"ကဲ . . . ပြောပါဦး လာရင်းကိစ္စ"

"အနန်ကယ်လိန်နာမည်က ဦးခေန်းထူးပါ မောင်စူးရှ။ အခု အနန်ကယ်လိန်အမှုတစ်ခုနဲ့ ရင်ဆိုင်နေရလို့ မောင်စူးရှဆီကို အားကိုးတကြီးနဲ့ လာခဲ့တာပါ"

"ဘယ်လိုအမှုမျိုးလဲ"

"အမွေကိစ္စပါ"

"ပြောပြပါဦး"

"ဒီမှာပါ မောင်စူးရှ။ အနန်ကယ်လိန်တို့မှာ ညီအစ်ကို နှစ်ယောက်ရှိပါတယ်။ အစ်ကိုကြီးက မွေးစားသား။ အနန်ကယ်က သားအရင်းပေါ့။ ဖေဖေက သူ မသေခင်ကတည်းက အနန်ကယ်တို့ ညီအစ်ကိုကို အိမ်ထောင်ကျတာနဲ့ လုပ်ငန်းကိုယ်စီ ထူထောင်ပေးထားပါတယ်။ မိဘအိမ်မှာတော့ ဘယ်သူမှ မနေကြဘူးပေါ့။ ဖေဖေ ကျန်းမာရေး မကောင်းတော့လည်း တစ်လှည့်စီပဲ ကြည့်ကြတာပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်တို့မေမေကရော အန်ကယ်"

"မေမေက ဆုံးသွားတာ ဆယ်နှစ်ရှိပါပြီ"

"ဟုတ်ပြီ . . . ဆက်ပြောပါဦး"

"ဖေဖေဆုံးတော့ အန်ကယ်တို့အိမ်မှာပါ။ အခု ဖေဖေနေခဲ့တဲ့ တိုက်နဲ့ခြံကို အစ်ကိုကြီးက သူ အမွေတစ်ဝက်ရသင့်ကြောင်း တရားစွဲဆိုထားတာပါ"

ဦးဆန်းထူး ရှင်းသမျှကို စူးရှ သေသေချာချာ စိုက်နားထောင်ပြီး ခေါင်းက တညိတ်ညိတ်။ ဆက်ပြောပြတဲ့ အိမ်တွင်းရေးအရှုပ်အထွေးကိုလည်း နားထောင်နေလိုက်၏။ ရှေ့နေနဲ့အမှုသည်ဆိုတာ ရေအိုးနဲ့ရေမှုတ်ပဲလေ။

"အဲဒီအမှုအတွက် ကူညီပါ ဆရာရယ်။ ကျွန်တော် ဆရာ ပြောသလောက် ငွေပမာဏကို ပေးပါ့မယ်။ ကျွန်တော်က ဒီအမှု မရှုံးရေးအတွက်ပဲ။ ငွေဘယ်လောက်ပဲ"

"တော် . . . ဆက်မပြောနဲ့ အန်ကယ်"

"ဆရာ"

"ကျွန်တော့်ကို လာဘ်ပေးလာဘ်ယူနဲ့ ငွေရေးကြေးရေး စကားမပြောပါနဲ့"

ငွေစကားပြောလာသဖြင့် စူးရှ အလိုမကျမှုတွေ ရင်ထဲမှာ ဖြစ်တည်သွား၏။ ဒါပေမဲ့ ကိုယ် ဘယ်လိုလူမျိုးလဲဆိုတာ မသိတဲ့





အရိုင်းထိုးပြောလိုက်တာမို့ ဦးဆန်းထူး သိသင့်သိထိုက်တာတွေကို ရှင်းပြလိုက်၏။

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့၊ ကျွန်တော် သဘောပေါက်ပါပြီ ဆရာ။ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး"

နှုတ်ဆက်ပြီး ပြန်ထွက်သွားတဲ့ ဦးဆန်းထူးကိုလိုက်ကြည့်ရင်း စူးရှထက်မြက် သက်ပြင်းချလိုက်သည်။ စူးရှအကြောင်းကို သူနဲ့ လုပ်ဖော်ကိုင်ဖက် ရှေ့နေတွေ အသိဆုံးပါပဲ။ အချို့ကဆို စူးရှက နာမည်နဲ့လိုက်အောင် ရှေ့နေလိုက်တဲ့နေရာမှာ အကြောင်းအရာတွေကို စူးစူးရှရှ လေ့လာပြီး ထက်ထက်မြက်မြက် ရှိတယ်တဲ့။

"ဆရာ"

"ပြော"

"ဆရာ့ကြည့်ရတာ ကျွန်တော် စိတ်မောလိုက်တာ ဆရာရယ်"

"ဘာဖြစ်လို့လဲ"

"ဆရာ အမှုတွေကြားမှာပဲ လုံးလည်ချာလိုက်နေတာ၊ ဆရာ့ အသက် မငယ်တော့ဘူးဆရာရဲ့။ တော်ကြာ မှည့်နေဦးမယ်နော်"

"မင်း ဘာကိုပြောတာလဲ"

"ဆရာကလည်း ဝေးလိုက်တာ"

"အံမယ် . . . မင်းကများ ငါ့ကို"



www.burmeseclassic.com

www.burmeseclassic.com



"မကိုနဲ့ဆရာ . . . ရွှေနေကြာဘေးမှာ နောက်နေမလေးတော့ ရှိဖို့လိုပြီ ဆရာရဲ့"

"နောက်နေရော ဘေးနေရော ရှာဖို့ကို စိတ်မဝင်စားသေးတာ"

"ဝင်စားလိုက်ပါ ဆရာရဲ့"

"ဟော့ကောင်"

ဟောက်လိုက်တော့ ရဲမိုးက ခေါင်းကုတ်ရှုံ့မဲ့လေသည်။

"ရဲမိုးပြောတာ မှန်တယ် သား"

ရုတ်တရက် နောက်ကထွက်လာတဲ့အသံဟာ စူးရှရဲ့မေမေ ဒေါ်သန္တာဖြူစင်ရဲ့အသံမို့။

"မေမေ"

ဒေါ်သန္တာဖြူစင် ဆိုဖာပေါ်မှာ ဝင်ထိုင်လိုက်ရင်း . . .

"မေမေက သားကို စိတ်တိုင်းကျရှာပါစေတော့လို့ ခွင့်ပြုထားတာ။ သားအရွယ် မငယ်တော့ဘူး သား။ မေမေ မြေးမနဲ့မြေးနဲ့ မိသားစုတွေ သိုက်သိုက်ဝန်းဝန်းနေချင်တယ်ကွယ်"

"တစ်နေ့နေ့တော့ ဖြစ်လာမှာပေါ့ မေမေရဲ့"

"အဲဒီတစ်နေ့ဆိုတာ ဘယ်လောက်စောင့်ရဦးမှာလဲ သား။ မေမေ မစောင့်ချင်တော့ဘူး။ အဲဒီတော့ မေမေ ရှာပေးရမလား ပြော"





"မိဘရှာပေးတာကို ထိုင်စောင့်ယူရလောက်အောင် သား မညံ့ချင်ဘူး မေမေ"

"ဒါဆို ကိုယ့်အစွမ်းအစနဲ့ကိုယ် ရှာလေ"

"လာမှာပေါ့"

"ပြောပြန်ပြီ ဒီစကား"

မိခင်မျက်စောင်းထိုးတော့ စူးရှက ရယ်လေသည်။ သူ့ဘဝမှာ အရာအားလုံး ပြည့်စုံနေပြီး (၁၅၀၀) အချစ်တစ်ခုပဲ လိုနေတာ။ ဒါ ရှာလို့မတွေ့နိုင်တာမဟုတ်ဘဲ သူကိုက စိတ်မဝင်စားအားတာ ဖြစ်၏။ ကျောင်းသားဘဝကတော့ စူးရှ ရည်းစားထားခဲ့ဖူးပါတယ်။ မေမေ သိတော့ ဆူလိုက်တာမှ မိုးမီးလောင်မတတ်ပါပဲ။

တစ်ယောက်နဲ့လမ်းခွဲပြီး နောက်တစ်ယောက်ထပ်တွဲတော့လည်း မေမေသိပြန်တာပဲလေ။

အဲဒီအချိန်တုန်းကတော့ စူးရှကို မေမေ ဘယ်လိုမိန်းကလေး မျိုးနဲ့မှ သဘောမတူနိုင်တာဖြစ်၏။ ဒီလိုတားတာ ပညာရေးမှာ အနှောင့်အယှက်ဖြစ်မှာစိုးလို့တဲ့။ စူးရှက အမေကိုချစ်တဲ့သားလိမ္မာလေးမို့ ဖြတ်ဆိုတာနဲ့ ထိုရည်းစားကိုလည်းဖြတ်ပြီး နောက်ထပ် လုံးဝ ရည်းစားထပ်မထားတော့ပေ။

ဘွဲ့ရပြီးလို့ မေမေက သားအိမ်ထောင်ပြုချင်ပြုတော့လို့ ခွင့်ပြုလိုက်ချိန်မှာတော့။ စူးရှက အလုပ်ထဲမှာသာ စိတ်နှစ်နေပြီး



www.burmeseclassic.com

www.burmeseclassic.com



အချစ်ရေးကိစ္စတွေကို စိတ်မဝင်စားတော့ဘူးလေ။

"သား"

"ဗျာ"

"မင်း ငယ်ချစ်ဦးကို မမေ့နိုင်လို့ စောင့်နေတာများလား။ မေမေ့ကြောင့်ဆိုရင်တော့ မေမေ ခွင့်ပြုတယ်နော်။ ပထမကောင်မလေးပဲဖြစ်ဖြစ် ဒုတိယကောင်မလေးပဲဖြစ်ဖြစ် မေမေ လက်ခံမှာပါ သားရယ်"

ဒီလိုပြောမှပဲ ရှူးရှုက ပိုရယ်ကာ . . .

"မဟုတ်တာ မေမေရာ၊ နှစ်ယောက်စလုံးက အိမ်ထောင်ကျလို့ ကလေးတွေတောင် ရနေကြပြီ မေမေရဲ့"

"ဟုတ်လား"

ရှူးရှု ခေါင်းညိတ်ပြတော့ ဒေါ်သန္တာဖြူစင်မျက်နှာက နောင်တရသွားတာမျိုးပါ။ ဟိုတုန်းကတည်းက သဘောတူခဲ့ရအကောင်းသားပေါ့။ ခုကျတော့ သူမတို့မှာ အလုပ်သမားတွေနဲ့ သားအမိနှစ်ယောက်တည်းပဲရှိတာ ဘယ်လောက်အထီးကျန်ဆန်လိုက်ပါသလဲ။

"မေမေ မှားတာပါ၊ အဲဒီတုန်းကတည်းက စိုးရိမ်လွန်ပြီး မတားဆီး မပိတ်ပင်ခဲ့ရင် အကောင်းသား"

"မှားတာပေါ့၊ ကြီးမေမှားတာမှ အကြီးကြီးကိုမှားတာ"

"ဘာ . . . ဟဲ့"



"ဟိုလိုပေါ့ ကြီးမေရာ၊ ကြီးမေက နုသေးတယ် နုသေးတယ် ဆိုပြီး ခူးမရောင်းသေးဘဲထားတာ။ အထားလွန်ပြီး ရင့်သွားတော့ ဝါးမရတော့တဲ့ ဟင်းရွက်ကန်စွန်းလိုပေါ့"

"ကန်စွန်းရွက်က အရင်းရင့်ပေမယ့် အဖျားချိုးစားလို့ရတယ် လေကွာ"

"ဪ . . . ဟုတ်တယ် ဟုတ်တယ်၊ ဆရာကချောတော့ အဖျားချိုးစားလို့ရသေးတယ်။ ဆရာက စားဖို့ပြောတာ၊ ဆရာအစားခံရဖို့ မဟုတ်ဘူး . . . ဟဲ ဟဲ"

"ခွေးကောင်"

ရဲမိုးစကားကို မေမေက လူကြီးမို့ နားမလည်လိုက်ပေမယ့် နားလည်တဲ့ရှူးရှု ကျိတ်ဆဲပစ်လိုက်၏။

"ကဲ . . . သား"

"ဗျာ"

"မေမေ ရှာလိုက်ရမလား ပြော"

"သားဘာသာ ရှာပါ့မယ်ဆို မေမေရာ"

"အေး . . . မြန်မြန်ရှာနော်၊ မကြာစေနဲ့"

ခေါင်းညိတ်ရင်း သက်ပြင်းချလိုက်မိ၏။ ဒီအရေးကိစ္စ ဒီလောက်အရေးကြီးနေရင် ပန်းကုံးစွပ်ပွဲလုပ်ရမလား။ ပဝါပစ်ပွဲလုပ်ရမလား။ ကိုယ်ကလည်း စဉ်းစားတတ်နေတဲ့အရွယ်ဆိုတော့



www.burmeseclassic.com

မိန်းကလေးတိုင်းကို သဘောမကျ။

အချစ်ဆိုတာ ရင်ဘတ်ချင်းငြိပြီး ခံစားရတာလေ။ အချစ်မပါဘဲ အိမ်ထောင်ပြုဖို့ကိုလည်း စိတ်မပါ။ အေးစက်စက်ဖြစ်နေတဲ့ ကိုယ့်နှလုံးသားကို မီးကင်ပြီးအပူပေးရမလား။

"သားအတွက် ဖူးစာရှင်ကို မြားနတ်မောင်က အချိန်မကျသေးလို့ ဝှက်ထားတာပါ မေမေရာ။ မကြာခင် ထုတ်ပေးတော့မှာပါ"

"ဟိုလိုပေါ့ ဆရာရဲ့"

"ပါလာပြန်ပြီ မင်း"

"လက်သည်ကိုရှည်းပဲ အားကိုးမနေနဲ့။ ကိုယ်တိုင်က ညွှစ်အားပေးဦးဆိုတာမျိုး"

"ဟာ ... ဒီကောင်"

ရုရှ လက်သီးနှင့်ရွယ်လိုက်တော့ ရဲမိုး ဖက်ပြီး တဟားဟားနှင့် ရယ်လေတော့သည်။ ဖူးစာဆိုတာ ဦးရာလူရတဲ့သဘော ပြောတာလား။

□□□



## အခန်း (၉)

စစ်နိုင်က စီးပွားရေးသမားမို့ အပေါင်းအသင်းနဲ့တွေ့တဲ့အခါ အသောက်အစားကတော့ ဘယ်ကင်းမှာလဲ။ မိန်းမကိစ္စတော့ မရှုပ်ပေ။ ချစ်ဇနီး စိတ္တဇဝေဒနာသည်ဖြစ်နေတုန်းကတောင် သူ့ဇနီးအပေါ် လုံးဝသစ္စာမဖောက်ခဲ့။ အဲဒီတုန်းက သူ့အပေါင်းအသင်းတွေကတောင် လှောင်ခဲ့သေးသည်။

"စစ်နိုင်တို့ကတော့ကွာ ... သူ့မိန်းမအပေါ် သစ္စာရှိလိုက်ပုံများ သူ့ခမျာ စိတ်မနှံ့ရှာတာတောင် အကောင်းမနေရဘူး"

"ဘာဖြစ်လို့လဲကွ"

"ဟ ... ဘာဖြစ်ရမှာလဲ၊ ခု သူ့မိန်းမမှာ မာတာဆိပ်ကုတ်ကြီးနဲ့လေကွာ"





www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... မာတာပီတုကုတ်ဆိုတာ"

"မာတာပီတုကုတ်ဆိုတာ မိုက်ပုံးအကျီဝတ်ရတာကို ပြောတာကွ"

"ဟေ ... ကေသီက ကိုယ်ဝန်ကြီးနဲ့ ဟုတ်လား"

"ဟုတ်ပါ့ဗျာ ... မွေးပဲမွေးတော့မှာကို"

"ဟာ ... ဒီကောင် မလွယ်ပါလားဟေ့။ ဒီပုံစံအတိုင်းဆိုရင် ဒီကောင် သူ့မိန်းမအပေါ် ဖွဲတစ်ဆုပ်မနိုင်မှ မာန်ချလိမ့်မယ် ထင်တယ်ကွ"

"ဟုတ်တယ် ... ဟား ဟား ဟား ဟား"

"မင်းတို့ကလည်းကွာ"

အဲဒီလို သူငယ်ချင်းတွေ ပိုင်းဟားတာခံရအောင် စစ်နိုင်က မိန်းမအပေါ် သစ္စာကြီးသူ။ ဟိုတုန်းက သူတို့ပြောသလို ရုက်ရုက်နှင့် ခေါင်းငုံ့ခံခဲ့ရတာလေ။

ခုတော့ သမီးကြီးနုနုဝိုင်းဆုံးပြီး ကေသီ ဆက်လွယ်ခဲ့ရတဲ့ ကိုယ်ဝန်က မွေးဖွားလာတာ သမီးငယ်ကျောက်စက်ရွှေ၊ ဒီနာမည်က မေမေ ပေးခဲ့တာ။ သမီးကျောက်စက်ရွှေက ခုဆိုရင် ရှေ့နေမကြီးဖြစ်လို့ မိဘတွေကို ဂုဏ်တက်စေခဲ့တဲ့သမီးပါ။

"ကိုစစ်နိုင်"

"ဗျာ"





"သောက်လေဗျာ"

"သိပ်မူးလို့မဖြစ်ဘူးဗျ"

"ဟ ... ဘာဖြစ်လို့လဲ"

"ကျွန်တော့်သမီး နယ်ကိုခရီးထွက်တာလေ။ အခု ရန်ကုန်ကို ဒီနေ့ပြန်ရောက်မှာဗျ။ တော်ကြာ မြင်မြင်ချင်း သောက်နဲ့တွင်းသလို ဖြစ်မှာစိုးလို့ပါ"

"ဩော်"

"ခင်များလိုလူမျိုးက ရှားပါတယ်ဗျာ။ သမီးနဲ့မယားကို ချစ်လိုက်တာများ တုန်နေတာပဲ"

ဒီလိုစကားမျိုးတွေ ကြားနေရတာကိုပဲ ဦးစစ်နိုင်က ဂုဏ်ယူနေသူ။

"အေးလေ ... သမီးက ရှေ့နေမကြီးဆိုတော့ ဖအေလုပ်သူက တို့လို ရှုပ်ပွေနေလို့ ဘယ်ဖြစ်မှာလဲ"

"အဲဒါတော့ ... ခင်များ မှားသွားပြီး ကိုသန်းထွန်း"

"ဟင် ... ဘာမှားတာလဲ"

"ကျွန်တော် သမီးရဲ့ဂုဏ်ပုဒ်ကိုမှီပြီး ထိန်းထိန်းသိမ်းသိမ်းနေတာ မဟုတ်ပါဘူး။ ကျွန်တော့်ရဲ့ပင်ကိုစိတ်ကိုက ကိုယ့်ဘဝနဲ့သမာဓိကို အစွန်းအထင်းမခံနိုင်တာ"

"ဟုတ်ပါပြီ ... ဟုတ်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



ရယ်မောနေကြစဉ် စင်ပေါ်က အဆိုတော်ပြောင်းတဲ့ကြေညာသံကြောင့် အားလုံး တိတ်ဆိတ်သွားကြပြီး စင်ပေါ်သို့ နောက်ထပ်တက်လာမယ့်အဆိုတော်တစ်ယောက်ကို စိတ်ဝင်စားစွာ ကြည့်နေကြသည်။

“ယခုတစ်ခါ သီဆိုဖျော်ဖြေဖို့အလှည့်ကျလာသူကတော့ နွေဆင့်ကဲပဲ ဖြစ်ပါတယ်ရှင်၊ နွေဆင့်ကဲရဲ့သီဆိုဖျော်ဖြေမှုကို နားသောတဆင်ကြည့်ကြပါဦးရှင်”

“ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း”

လက်ခုပ်သံတွေက တဖြောင်းဖြောင်း ထွက်လာ၏။

“နွေဆင့်ကဲတဲ့”

“နာမည်က တစ်မျိုးပဲနော်”

“လူကလည်း တော်တော်လှတာကွ”

ကိုယ့်အပေါင်းအသင်းတွေ ပါးစပ်က ချီးကျူးနေတာမို့ ဦးစစ်နိုင် သီချင်းဆိုနေတဲ့ နွေဆင့်ကဲဆိုတဲ့မိန်းကလေးကို စူးစူးစိုက်စိုက် ကြည့်နေမိ၏။ အသံကလည်း ကောင်း။ သီချင်းဆိုကလည်း တော်၊ ရုပ်ကလည်း ချောတော့ သဘောကျကြမှာပေါ့။

ပြီးတော့ ...

ဝတ်စားဆင်ယင်မှုက ပုရိသယောကျ်ားတွေကို ရင်ရော နှလုံးရော မခုန် ခုန်အောင် ပုတ်လှုပ်နေတာမျိုး။ ဦးစစ်နိုင် သက်ပြင်း





ချလိုက်မိ၏။ ကိုယ့်သမီးနဲ့ယှဉ်မယ်ဆိုရင် ဆီနဲ့ရေလို ကွာခြားတာကိုး။

ဪ ... ဘဝတွေကလည်း တူမှမတူကြပဲလေ။

သမီးလေး ကျောက်စက်ရေက အလှပေါ်အယဉ်ဆင့် ပပ်ဖြိုင့်စံတဲ့ ရွှေသဇင်လေးမို့ သူ့ ဘာလို့များ ဒီလိုမိန်းကလေးမျိုးနဲ့ နှိုင်းယှဉ်ကြည့်မိပါလိမ့်။ ကိုယ့်သမီးအရွယ်မို့ သမီးချင်း စာနာကြည့်မိတာထင်ပါရဲ့။

“ကိုစစ်နိုင်”

“ဗျာ”

“ကြည့်လှချေလားဗျ”

“ဘာလဲ ... စိတ်ပြောင်းချင်ပြီလား”

“ကြီးကြီးဖန်ဖန်ဗျာ ... ကျွန်တော်က ကိုယ့်သမီးအရွယ်လေးမို့လို့ ဘဝမလှကြတဲ့အဖြစ်ကို တွေးကြည့်ပြီးမှ နှမြောနေမိတာပါ”

ဒါ အမှန်ကန်ဆုံးစကားမို့ သစ္စာဆိုပါက ဤမှန်ကန်သောစကားကြောင့် သတ္တဝါတွေ ကျန်းမာချမ်းသာကြပါစေ။

❐ ❐ ❐



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"နွေဆင့်ကဲ"

"..................."

"နွေဆင့်ကဲ"

နောက်ကနေ ခေါ်ပြီးလိုက်လာကြတဲ့ သူတွေကို နွေဆင့်ကဲ လုံးဝ လှည့်မကြည့်။ သူမက တော်ရုံတန်ရုံလူတွေကို အရောဝင်ချင်တာ မဟုတ်ဘူးလေ။ ရေလှုံ့တဲ့သူတွေမှ။ နွေဆင့်ကဲဆိုတာ ရေမြေနှမ်းမှလန်းတဲ့ပန်းပဲဥစ္စာ။ ရေခြောက်လို့ ခြေထောက်နဲ့လိုက်နေတဲ့သူတွေကို ဂရုစိုက်စရာလား။

"နွေဆင့်ကဲ"

နှစ်ယောက်က ရှေ့ရောက်လာပြီး လက်ချင်းဆက်၍





တားထားလေလျှင် နွေဆင့်ကဲ မျက်လုံးရွဲကြီးများနှင့် ခပ်ရှုရှုကြည့်လိုက်၏။

"အထာကလည်း ကြီးလိုက်တာကွာ။ ဘာလဲ ... တို့ကို ရေလောင်းမပေးနိုင်ဘူး ထင်လို့လား"

"မာစီဒီးမစီးနိုင်လို့ အထာကြီးမသွားပါနဲ့ နွေဆင့်ကဲရယ်။ ခြေလျှင်လျှောက်ပေမယ့် မင်းလိုပန်းလေးကို ရေတောက်ပေးဖို့လောက်တော့ တတ်နိုင်ပါတယ်ကွ"

"ဒီမှာ"

"မင်း လက်ခံမယ်လား"

"နင်တို့အိပ်ကပ်ထဲက တံတွေးပေါက်လောက်ရေက ငါ့ ခြေထောက်ရေဆေးဖို့တောင် မလုံလောက်ဘူး။ အဲဒီတော့ ချေးစားစရာသွားကျုန်ချင်သေးရင် ရှေ့ကဖယ်"

"ဘာ"

"ဟ ... ရင့်လှချေလား"

အပင်မြင့်က အဆင်တင့်တဲ့ သဖင်မဟုတ်ပေမယ့် နွေဆင့်ကဲဆိုတာ ခပ်ရင့်ရင့်ထဲကပါပဲ။ လက်ဖျားရေစွတ်ပြီး ကမ်းပေးရုံနဲ့ နွေဆင့်ကဲဆိုတဲ့မိန်းမက ရမ်းသမ်းပြီး ကိုယ့်လက်ကို ထည့်ပေးလိုက်မယ် ထင်လို့လား။ နွေလို့ပူပြင်းတဲ့ဘဝကို ရေချိုးပြီး မိုးလိုငြိမ်းနိုင်မှ ကိုယ့်ရဲ့ တန်ဖိုးပြန်သက်ရောက်မှုက ချိုမယ်ဆိုတာ။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... မင်းပြောတော့ ရပါတယ်ဆိုကွ"

"မရတော့လည်း ရတဲ့နည်းသုံးပေါ့ကွာ"

"နင်တို့ ရှေ့မတိုးနဲ့နော်"

"အေးအေးဆေးဆေး ပြောနေတာကို မင်းကမှ လက်မခံတဲ့"

"လက်ခံရအောင် ငါက ကြိုးရာမစင်ပုံယက်ပြီး အစာရှာတဲ့ ကြက်မဟုတ်ဘူးဟဲ့။ ရေလျှံမှ ဝေဖန်ပြီး ရေဆင်းသောက်တတ်တဲ့ ငှက်"

"ဘာ"

"ညောင်သီးစားချင်ရင် လေသံကို နားထောင်တတ်ရတယ်။ နားမထောင်တတ်ရင် ဘယ်အရပ်ကလာမှန်းမသိတဲ့ လေးသီးက ဟောဒီလို"

"ဖြန်း"

"ဟာ"

"အ"

ပထမတစ်ယောက်၏မျက်နှာ လည်ထွက်သွားပြီး နောက်တစ်ယောက်မှာလည်း ...

"ကဲ"

"ဖြန်း"

"အာ"





သုံးယောက်အနက် ကိုယ့်လက်ကိုလာဆွဲတဲ့နှစ်ယောက်ကို နှင်းဆင့်ကဲ ရိုက်ချပစ်လိုက်၏။

"ဟာ ... ကောင်မ"

"ဖြန်း"

ဒီတစ်ခါ နှင်းဆင့်ကဲ အရိုက်ခံရခြင်းမှာ ဘာသံမှထွက်မလာ။ အဲဒီလိုအကြောမာတဲ့ မိန်းကလေးမို့ ကိုယ်ကို ဆတ်ခနဲပြန်မတ်လိုက်စဉ်မှာပဲ ကားမီးရောင်က စူးခနဲဝင်လာသည်။

စူးရှ ...

မိန်းကလေးတစ်ယောက်နှင့် ယောက်ျားသုံးယောက် သူတစ်ပြန် ကိုယ်တစ်ပြန် ရိုက်နေကြတာကိုမြင်လေလျှင် ကားကိုရပ်ပြီး အတင်းဆင်းလိုက်ကာ ...

"ဟော့ကောင်တွေ ... ရပ်ကြစမ်း"

"ဟာ"

သူ့ကိုမြင်တာနှင့် မိန်းကလေးသာ ရပ်ကျန်ခဲ့ပြီး ယောက်ျားသုံးယောက်က ထွက်ပြေးကြလေသည်။ မိန်းကလေးတစ်ယောက်တည်း လမ်းပေါ်မှာ ဘာလုပ်နေတာလဲ။ စူးရှ အမြင်မတော်တာနှင့် အနားကပ်သွားတော့ ...

အားပါးပါး ... လူမှဟုတ်ရဲ့လားလို့ထင်ရအောင် လှတော့ဖြစ်၏။ ဝတ်ထားတာ အနက်ရောင်စွေးစွေးမို့ ကားမီးရောင်အောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



သူ့မအလှက ထင်းနေသည်။ ဒါကြောင့် အန္တရာယ်နဲ့ ကြုံရတာပေါ့။

"ဒီမှာ"

"............"

"ဘာဖြစ်သွားသေးလဲ"

"မဖြစ်ပါဘူး"

"မင်းကွာ ... ဒီအချိန် မိန်းကလေးတစ်ယောက်တည်း လမ်းပေါ်မှာ ခြေလျင်လျှောက်လာရင် အန္တရာယ်ရှိတယ်ဆိုတာမသိဘူး လား"

"ကျွန်မ မကြောက်တတ်ဘူး"

"ဘာ"

"ရှင် ကျွန်မကို ကူညီမှာလား၊ စပ်စုမှာလား"

"အစကတော့ ကူညီမလို့ပဲ"

"ခုရော"

"စဉ်းစားရဦးမယ်"

မှဲ့ပြုံး ပြုံးလိုက်တာ ဘာသဘောတော့မသိ။ ရှုးရှု သူ့မကို မျက်မှောင်ကြုတ်ပြီး အကဲခတ်သလို ကြည့်လိုက်၏။ အကဲမခတ်လို့ မရဘူးလေ။ ယောကျ်ားတွေကြောင့် မိန်းမတွေဘဝပျက်သလို မိန်းမ တွေ မာယာများရင် ယောကျ်ားတွေလည်း ဘဝပျက်ကြတာမဟုတ် လား။





"မင်း လမ်းပေါ်မှာ တစ်ယောက်တည်း လျှောက်နေရတဲ့ အကြောင်းရင်းကိုပြော"

"ကျွန်မ အလုပ်ကပြန်လာတာ။ တက္ကစီငှားမလို့ ကားစောင့် ရင်း ဒီလိုဖြစ်တာ"

"နေစမ်းပါဦး ... ဒီအချိန်မှပြန်ရအောင် မင်းအလုပ်က ဘာအလုပ်မို့လို့လဲ"

"စားသောက်ဆိုင်မှာ သီချင်းဆိုတယ်"

"ဒါ့ကြောင့်ကိုး"

"ဘာလဲ ... အထင်သေးသွားတာလား"

"စားသောက်ဆိုင်မှာ သီချင်းဆိုတိုင်း အထင်မသေးပါဘူး။ ဘဝအတွက် ဒီအလုပ်ကလည်း ရုန်းကန်ခြင်းတစ်မျိုးပဲလေ"

ဒီလိုမြင်ပေးတတ်တဲ့သူလည်း ရှိပါသေးလားလို့ နွေဆင့်ကဲ လွှန့်ခနဲ ပြုံးလိုက်မိ၏။ စားသောက်ဆိုင်မှာ သီချင်းဆိုတယ်ဆိုတာနဲ့ အချို့လူတစ်စုက အထင်သေးတတ်ကြတာပဲ မဟုတ်လား။ တကယ် တော့ နွေဆင့်ကဲကလည်း အထင်ကြီးစရာကောင်းတဲ့မိန်းမမှ မဟုတ် တာ။ သူ့ပုံစံကို အကဲခတ်သလို ကြည့်လိုက်တော့ ...

လည်ကတုံးနှင့် ရှပ်အင်္ကျီအဖြူလက်ရှည်ကို ဝတ်ထားပြီး ဘယ်ဘက်လက်ကောက်ဝတ်ပေါ်မှာ တင်ထားတာ တိုက်ပုံအင်္ကျီ အနက်။ အပြာရောင်ပုဆိုး ပုဆိုးကွက်စိတ်နှင့် သူ့ပုံစံက ကားဦးရောင်



www.burmeseclassic.com

www.burmeseclassic.com



အောက်မှာ ရှင်းသန့်ချောမွေ့နေသည်။

"ဒီလိုမြင်ပေးတဲ့အတွက် ရှင့်ကို ကျေးဇူးတင်ပါတယ်"

ရှုးရှု ခေါင်းညိတ်လိုက်ပြီး ...

"ယောက်ျားတွေကို ခုံတယ်ဆိုကတည်းက အထင်မသေးရဲပါဘူး"

သိပ်မရှိုးကျူးပါနဲ့။ ရေမပေါလို့ မျှောမလိုက်နိုင်တဲ့အဖြစ်ကို ရှင်မှမသိပဲ။ နွေဆင့်ကဲဆိုတာ ကြွက်ဥတောင် အကာဖယ်ပြီး အနှစ်ပဲစားတဲ့မိန်းမ။

"ရှင်ရော"

"ဟင် ... ဘာလဲ"

"ကျွန်မကိုမြင်တော့ စိတ်မှုနိုင်ရဲ့လားလို့"

"အဲဒီလိုထင်ရင် မင်း ကိုယ့်ကိုယ်ကိုယ် အထင်ကြီးသွားပြီ"

"ဘယ်လို"

"ဒါမျိုးတွေ ကိုယ်စိတ်မဝင်စားဘူး"

"ဩော် ... ဩော်"

"ကဲ ... ပြော လိုက်ပို့ရမလား ထားခဲ့ရမလား"

"လိုက်ပို့မယ်ဆိုရင် ကျေးဇူးကျွှာပါ"

"အမြင်က မတော်ဘူးဆိုတော့"

"ရှင့်နာမည်ပြောဦးလေ"





"လိုက်ပို့ပြီးရင် ပြီးသွားမယ့်ကိစ္စ ... နာမည်သိဖို့မလိုဘူးထင်တယ်"

အတင်းဖောရော မိတ်ဆက်ချင်သူတွေထဲမှာ သူ မပါတာတော့ အသေအချာ။

"မပြောချင်လည်း နေပါ။ တို့ကတော့ တို့နာမည်ကို ပြောပြပါ့မယ်"

"ဒါကတော့ မင်းဆန္ဒပါ"

"တို့နာမည်က နွေဆင့်ကဲတဲ့"

"ဟင်"

နွေဆင့်ကဲဆိုတာနဲ့ ရှုးရှု ပါးစပ်အဟောင်းသားဖြစ်သွားခဲ့။ ဆင်တူယိုးမှား ရှားပါးနာမည်နဲ့ နွေဆင့်ကဲဆိုတာကို သူ ကောင်းကောင်းမှတ်မိနေသည်။ သူ့ကို အုတ်ခဲပိုင်းနဲ့ပစ်လို့ ခေါင်းကွဲခဲ့တာ မမှတ်မိဘဲ နေပါ့မလား။

ပြီးတော့ ...

အဲဒီနေ့မှာပဲ ဖေဖေ ဆုံးသွားခဲ့တာ။ ရှုးရှု ကိုယ့်ခေါင်းက ဒဏ်ရာဟောင်းကို လက်နှင့်စမ်းမိသွားပြီး ...

"နွေဆင့်ကဲ"

"ဟုတ်တယ်လေ"

"ဒါကြောင့်ကိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုမှ နှင် မကြောက်တတ်တာ ငယ်ငယ်ကအတိုင်းပဲ နော်။ ဘာမှမပြောင်းလဲဘူး"

"ဘာတွေရွတ်နေတာလဲ"

ဝေးကွာခဲ့ကြတဲ့နှစ်တွေက မနည်းတော့ ဘယ်မှတ်မိပါ့မလဲ။

"နှင် မှတ်မိမလားမသိဘူး။ ငါက စူးရှထက်မြက်"

နွေဆင့်ကဲ တွေခနဲဖြစ်သွား၏။ ဒီနာမည်ကို သူမ သိသလို လို မသိသလိုလို။ နောက်မှ ဖျတ်ခနဲ သတိရသွားပြီး . . .

"ဒေါ်သန္တာဖြူစင်ရဲ့သား"

"ဟုတ်တယ် . . . နှင် အုတ်ခဲပိုင်းနဲ့ပစ်လို့ ခေါင်းကွဲခဲ့တဲ့ စူးရှ"

"မှတ်မိပြီ . . . မှတ်မိပြီ။ စူးရှရယ် . . . နှင်က တသွေးတမွေး နဲ့ ပြောင်းလဲနေလိုက်တာ"

"ဘယ်လိုလဲ ခန့်ချောကြီးမဟုတ်လား"

"အင်း . . . ချောပါတယ်"

"ကဲ . . . မမ အချိန်မရှိတော့ဘူး ကားပေါ်တက်"

စူးရှကိုယ်တိုင် ကားတံခါးကို ဖွင့်ပေးလေသဖြင့် နွေဆင့်ကဲ ကားပေါ်သို့တက်လိုက်သည်။ ဟိုတုန်းက သူမတို့နှင့် တစ်ရပ်ကွက် တည်း နေခဲ့တဲ့ စူးရှ။ ရေစက်မကုန်လို့ ပြန်ဆုံတွေ့ကြတော့ ဘဝချင်း က အရမ်းကွာခြားလွန်းလှသည်။





နွေဆင့်ကဲဘဝကတော့ မပြောင်းမလဲ ဒီအတိုင်းရှိနေဆဲပဲ လေ။

"စူးရှ"

"ဟင်"

"အခု နှင်ရော ဘာတွေလုပ်နေလဲ"

"ငါလား"

"အင်း"

"အမှုအခင်းဖြစ်နေတဲ့သူတွေရဲ့ အားထားရာရှေ့နေပေါ့"

"ဒါကြောင့် . . . ပုံတုံးကြီးဖြစ်နေတာကိုး"

"ဘာ"

"နှင်က ရှေ့နေဆိုတော့ နောက်နေတွေ ဘေးနေတွေ ရနေပြီလား"

"အထင်မကြီးနဲ့ . . . အခုထိကို မစွံသေးတာ"

"တကယ်"

"နှင်ကလည်း ငါက လူအိုပုံပေါက်နေလို့လား"

"မသိနိုင်ဘူးလေဟယ်"

ပြန်ဆုံကြပြီဆိုတော့ ငယ်ငယ်ကအကြောင်းတွေ စမြုံ့ပြန်ကြ ရယ်ဖြစ်ကြသည်။ စူးရှက နွေဆင့်ကဲကို စနေမကြိုဟ်မလို့တော ခင်လို့ဖြစ်ပြီး နွေဆင့်ကဲက တုံ့ပြန်လိုက်ရင် သက်သာမယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



မရှိ။ ဒေါ်သန္နိမ္မြစင်ကတော့ နွေဆိုရင် ရိုးတံကျဲသစ်ပင်တောင် မကြည့်ချင်လောက်အောင် မုန်းနေသူ။

နွေဆင့်ကဲကိုနှိုလို့ သူ့ယောက်ျား ကျိန်စာထိပြီးသေတာဆိုတဲ့ အစွဲက ဘယ်လိုမှ ချွတ်လို့မရ။ စူးရှုကတော့ ခေတ်ပညာတတ်ပီပီ ရှေးရိုးစွဲတွေကို အယုံအကြည်မရှိ။

"နင့်မေမေကတော့ ငါ့ကို တော်တော်မုန်းနေမှာပဲ"

"ငါက မမုန်းဘူးလေ"

"အဲဒီအတွက် နင့်ကို ကျေးဇူးတင်ပါတယ်"

"ဒေါ်နီမာက နင့်အပေါ် အရင်လိုဆိုးတုန်းပဲလား"

"ငါက ငွေရှာပေးနိုင်နေပြီလေ"

ဆိုးဆဲပေမယ့် အရင်လို ရိုက်နှက်မဆုံးမတာကပဲ ကျေးဇူးတင်ရဦးမယ့်အဖြစ်မို့ မယုတ်မလွန် ဖြေလိုက်တာပါ။

"ဘာပဲဖြစ်ဖြစ် မိဘပဲဟာ၊ သားသမီးအပေါ်မှာ မိဘက ဆိုးတယ်လို့မှ မရှိတာ"

"သူက ငါ့အမေရင်းမှ မဟုတ်တာဟဲ့"

"ဟင် . . . မိထွေးလား"

"မွေးစားမိဘတွေပါ"

ဖြေရင်းနဲ့ နွေဆင့်ကဲ နှုတ်ခမ်းကို ဖိကိုက်ပစ်လိုက်၏။ ဖေဖေက ဘာတစ်ခွန်းမှမပြောပြပေမယ့် ဒေါ်လေးကတော့ အဖြစ်အပျက်





တွေအားလုံးကို ဒေါ်သဖြစ်တိုင်း ထည့်ပြောလေ့ရှိသည်လေ။ ဒါကြောင့် နွေဆင့်ကဲရင်ထဲမှာ နိုဝင်ကိန်းအောင်းနေတာသည် အဘွားဆိုတဲ့ မိန်းမကြီးနဲ့မိဘရင်းတွေကို မုန်းတီးနာကြည်းတဲ့စိတ်။

စနေနေ့မှာမွေးတာနဲ့ နွေဆင့်ကဲက ဂြိုဟ်ဆိုးမဖြစ်ရရောတဲ့လား။

အဲဒီတော့ တကယ်ဖြစ်အောင် ဆိုးပြဖို့ပဲရှိတော့သည်လေ။ ပြောလိုက်တိုင်း ညည်းအဘွား။ ညည်းမိဘတွေဆိုတာနဲ့ပဲ နာမည်တွေမသိရသည့်တိုင် မေးဖို့လည်း မကြိုးစားခဲ့။

"ငါ့မိဘရင်းတွေက ငါ့ကို သားဦးစနေ မီးလို့မွေတယ်ဆိုပြီး ဒေါ်နီမာတို့လက်ထဲကို ငွေဆယ်သိန်းနဲ့အတူ ထိုးပေးစွန့်ပစ်လိုက်ကြတာ"

"ငွေဆယ်သိန်းလေးနဲ့များ"

"ဟိုတုန်းက ငွေဆယ်သိန်းလေဟာယ်၊ မက်လောက်စရာပဲပေါ့"

ဟုတ်တာပေါ့။ ဟိုတုန်းက ငွေဆယ်သိန်းက အခု သိန်းတစ်ရာလောက် တန်ဖိုးကြီးတာပဲဥစ္စာ။ ဒါတောင် ဒေါ်နီမာတို့ မွဲရာပြောင်မလာတာ အံ့သြစရာပဲ၊ ဒေါ်နီမာက အသုံးအဖြုန်းကြီးတာတော့ သူသိခဲ့ဖူးသည်။

"နင် . . . နင့်မိဘရင်းတွေကို မရှာဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မလိုချင်လို့ စွန့်ပစ်ခဲ့တာကို ဘာရှာနေစရာလိုလို့လဲ"

နွေဆင့်ကဲဆိုတာ အဲဒီလို သံယောဇဉ်မေတ္တာ မထားတတ်သူ။ ဒါကြောင့် . . . ရက်စက်တတ်သည်ထင်ပါ့။

❒❒❒



## အခန်း (၁၁)

မိသားစုထမင်းဝိုင်းလေးမှာ လူစုံတက်စုံနှင့်မို့ တစ်ဦးပန်းကန်ထဲကို တစ်ဦး ဟင်းတွေခပ်ထည့်ပေးနေကြတာ ကြည်နူးစရာ။ ဒေါ်ကေသီက ထိတ်စရာ လန့်စရာရှိရင် ရောဂါဟောင်း ပြန်ထတတ်သည်မို့ သူ့ကိုပဲ ပို၍ ဂရုစိုက်နေကြရသည်။

"သမီး"

"ရှင် မေမေ"

"အလုပ်လုပ်ရတာ အဆင်ပြေရဲ့လား"

"ပြေပါတယ် မေမေရဲ့။ သမီးက အခုမှ လုပ်ရတာ မကြာသေးဘူးဆိုတော့ ဝါရင့်သဘာရင့်တွေက ကူညီကြပါတယ်။ သမီးက လုပ်သက်နုသေးတော့ မသိတာရှိရင် ကိုယ့်ထက်ကြီးတဲ့ ဆရာတွေကို



www.burmeseclassic.com

www.burmeseclassic.com



မေးရတာပေါ့"

"မြေးလေး ခုလို ရှေ့နေတစ်ယောက်ဖြစ်တော့ ဘွားတို့လည်း ဂုဏ်ရှိတာပေါ့ကွယ်"

"မြေးက ဒီအလုပ်ကို လုပ်တာ ဂုဏ်လိုချင်လို့မဟုတ်ဘူး ဘွား။ မတရားတာတွေ ပပျောက်ပြီး တရားမျှတမှု ရှိစေချင်လို့ပါ"

"ဘွား ဝမ်းသာပါတယ်ကွယ်"

"သမီးရဲ့စိတ်ဓာတ်ကို ဖေဖေ လေးစားပါတယ်"

"ဖေဖေ့သမီးပဲလေ"

ဖေဖေ့သမီးဆိုတာကြောင့် ကေသီများ ဘာပြောမလဲလို့ ငဲ့ကြည့်လိုက်ပေမယ့် သူဖြစ်စေချင်သလိုမဖြစ်ဘဲ ကေသီက ထမင်းကိုပဲ အေးအေးဆေးဆေးစားနေသည်။

"ကေသီ"

"ဟင်"

"ဒီနေ့ နေရတာ ကိုယ်ထဲ,လက်ထဲမှာ လန်းရဲ့လား"

"အင်း . . . လန်းပါတယ် မောင်ရဲ့"

"မသိပါဘူး။ မောင်က စိုးရိမ်သွားတာ။ ကေသီက တိတ်တိတ်ဆိတ်ဆိတ် ဖြစ်နေတော့လေ"

"ကေသီ ဘာမှမဖြစ်ပါဘူး မောင်။ တစ်ခုပဲ စဉ်းစားနေတာပါ"





"ဟင် . . . ကေသီက ဘာစဉ်းစားနေတာလဲ ပြောပါဦး"

"သမီးအကြောင်းပါ"

ဘာများလဲဟု အားလုံး စိတ်ဝင်စားသွားကြသည်။ ကောင်းနေသည်ဆိုပေမယ့် တစ်ခါတစ်ခါ စိတ်ဖောက်ပြီး ထင်ရာမြင်ရာတွေ ပြောနေတတ်တဲ့အခါရှိတော့ သူပြောတဲ့စကားပေါ်မူတည်ပြီး ဝေခွဲရမှာလေ။

"ရှေ့နေဆိုတာ တစ်ခါတလေ အန္တရာယ်များတတ်လို့ပါ။ ကေသီ သမီးကို စိတ်မချဘူး မောင်"

"ဪ . . . ကေသီရယ် . . . ဒါ မင်းမဲ့တိုင်းပြည်မှ မဟုတ်တာကွာ။ ပြီးတော့ သမီးက ပညာရှိပဲဥစ္စာ။ အဆိုးအကောင်း အကျိုးအကြောင်းကို ဝေဖန်ပိုင်းခြားပြီး သွားလာလှုပ်ရှားနိုင်မှာပါ"

"ဘာပဲဖြစ်ဖြစ် ကေသီကတော့ စိတ်မချဘူး"

မိခင်တစ်ယောက် သားသမီးအပေါ် စိုးရိမ်တာ သဘာဝမှာပဲလေ။ ဒါပေမဲ့ ကေသီပြောတာလည်း မှန်သည်။ အရှုံးက တရားကို သာတယ်ဆိုတာမျိုးပေါ့။ ရှေ့နေအလုပ်ဆိုတာ တရားခွင်မှာ ရင်ဆိုင်ကြပြီဆိုကတည်းက . . .

တရားနိုင်တဲ့ဘက်ကလူက ချစ်မှာပေမယ့် ရှုံးတဲ့ဘက်က မုန်းတာမလွဲမသွေ။

ချစ်သူနဲ့မုန်းသူကြားမှာ ရပ်တည်ရမယ့်ရှေ့နေတစ်ယောက်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



လိုမြို့ရေးအတွက် ဘယ်လိုတပ်မချုပြီး ဝန်းရံကာဆီးကြမလဲ။

"ကေသီ ပြောတာလည်း ဟုတ်တာပါပဲ"

"သိပ်ပြီး စိတ်ပူမနေပါနဲ့ ဖေဖေနဲ့မေမေ။ ဒီလိုသာ တွေးကြောက်နေမယ်ဆိုရင် အမှန်နဲ့အမှားကြားမှာ ဖြေရှင်းရပ်တည်ပေးမယ့် ရှေ့နေတွေ တရားသူကြီးတွေ ရှိပါဦးမလား"

"မြေးပြောတာ မှန်တယ်။ ဘာဖြစ်လဲကွယ် စိတ်မချဘူးဆိုလည်း စောင့်ရှောက်အာကွယ်ပေးမယ့်သူ ရှာလိုက်ရုံပဲပေါ့"

"ဟင် . . . မေမေ ဘာကိုပြောတာလဲ"

"မြေးလေးက အရွယ်ရောက်နေပြီလေ"

ဦးစစ်နိုင် သဘောပေါက်စွာ ပြုံးလိုက်ပြီး . . .

"မေမေ ပြောချင်တာက"

"သား မအေ့,ပါဘူး။ မြေးလေးက စိတ်မဝင်စားပေမယ့် မေမေတို့က အဲဒီကိစ္စ စဉ်းစားဖို့လိုပြီလေ"

"ဘွား"

"ပြောလေ မြေး"

"ဘွားက မြေးကို"

"ဟုတ်တယ်လေ၊ မြေးက ဆယ်ကျော်သက်အရွယ်ဖြစ်နေလေးမှ မဟုတ်တော့ပဲကွယ်"

သေချာပြီဆိုတော့ ကျောက်စက်မျက်နှာလေး ရှုံ့မဲ့သွားသည်။





ချစ်ရမယ့်သူမှ မတွေ့သေးတော့ အိမ်ထောင်ရေးကိုလည်း စိတ်ဝင်စားသူ မဟုတ်ပေ။ ကိုယ်စိတ်ဝင်စားတာ အမှုအသွားအလာနဲ့ ဥပဒေအကြောင်း။ အလုပ်လုပ်တဲ့အချိန်မှာ သူ့အတွက် အချိန်မပေးနိုင်လို့ဆိုတာမျိုးလည်း မဖြစ်ချင်။

"ကျောက်စက်မှ အိမ်ထောင်မပြုချင်သေးပဲ ဘွားရဲ့"

"ဘယ်တော့စဉ်းစားမှာလဲ"

"အဟဲ . . . . တစ်ချိန်ချိန်ပေါ့"

"ချိန်ရင်းနဲ့ ချော်သွားမှာမျိုး ဘွား အဖြစ်မခံနိုင်ဘူး မြေး။ ဘွားတို့မှာ မျိုးဆက်က မြေးတစ်ယောက်တည်း ရှိတာနော်။ မြေးအပျိုကြီးလုပ်မှာမျိုး ဘွား လက်မခံနိုင်ဘူး"

"အင်း . . . ဒီအချိန်ထိ သမီးကြီးသာရှိနေရင် ဘယ်လောက်ကောင်းမလဲ"

"ဟင်"

ဖေါ်မြန်စ် ကွက်ခနဲ မျက်နှာပျက်သွား၏။ သမီးကြီးဆိုတာကိုထည့်ပြောတိုင်း သူမ မျက်နှာပျက်ရသည်လေ။ ဒီကလေးနဲ့ပတ်သက်ပြီး ဒီအိမ်မှာ သူမ တစ်ယောက်ပဲသိတာ။ ဒါပေမဲ့ မဟုတ်တာ လုပ်ထားတဲ့သူက စိတ်မလုံဘူး။

ဒီကလေး ရှိနေရင် ဘယ်အထိ ဒုက္ခပေးမယ် မသိဘူး။ ခုရော ဘယ်လိုနေပြီး ဘယ်ဘဝရောက်နေပါလိမ့်။ ဒေါ်နှဲနီမာက



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်းမွန်မွန်မှတ်ထားရဲ့လား။ ဘယ်သူ့ကိုဒုက္ခပေးပြီး ဘယ်လိုတွေ မွေနေဦးမည်မသိ။ အနှစ်နှစ်ဆယ်ကျော် ဝေးကွာသွားပေမယ့် အဖြစ်အပျက်တွေက မနေ့တစ်နေ့ကလိုပါပဲ။

"ဘွား"

"……….."

"ဘွား"

"ဟင်"

"ဘာဖြစ်သွားတာလဲ တားရေလ"

"ဪ … အေး အေး"

ကျောက်စက်ပြောမှပဲ အယောင်ယောင်အမှားမှားနှင့် ထမင်းဆက်စားဖြစ်တော့၏။

"သမီးကြီးသာရှိရင် သမီးငယ် အဖော်ရတာပေါ့နော် မောင်"

"ဒါပေါ့ … သူ့ညီမကို ဘယ်လောက်ချစ်ရှာလိုက်မလဲ"

"ဒီမှာသား"

"ဗျာ"

"သေသွားတဲ့သူကို ဘာလို့ ခဏခဏ ထည့်ပြောနေရတာလဲကွယ်။ ဒီစိတ်မကောင်းစရာတွေကိုပဲ ပြန်ပြန်ဆွနေတယ်၊ တကယ်ပဲ"

"မေမေ မကြိုက်ရင်လည်း မပြောတော့ပါဘူး"





ထိုမှစ၍ ဖွန်းသံ၊ ပန်းကန်သံမှအပ အားလုံး တိတ်ဆိတ်သွားကြ၏။ သမီးကြီးအကြောင်းထည့်ပြောရင် မေမေ လုံးဝမကြိုက်မှန်း ဦးစစ်နိုင်သိသည်။

"အဲဒီကလေးက သားဦးစနေ၊ သူ မွေးလို့ မီးလောင်ပြီး ငါ့ယောက်ျား သေရတာ။ သူခိုက်လို့ မီးလောင်ပြာကျဖြစ်တာ"

ဆိုပြီး သက္ကာယအစွဲနှင့် မကောင်းမြင်နေသူ။ သေသွားတာ သူ့ကိုယ်သူခိုက်သွားတာလို့ ခေါ်တယ်၊ အေးတာပဲတဲ့။ သူတို့က မိဘဆိုတော့ ကလေးက ခိုက်တာမှန်ရင်တောင် အသက်ရှင်မယ်ဆို ဒုက္ခမှန်သမျှ ရင်စည်းခံဖို့အဆင်သင့်။ သားဦးစနေဆိုပြီး စွန့်ပစ်တဲ့ မိဘရှိတယ်ဆိုရင် လက်ချိုးရေတွက်လို့ရသည်။

စနေဆိုတာနဲ့ သတ်ပစ်လို့ရသလား။ လောကမှာ ဒီလို ကလေးမျိုးတွေ ဒုနဲ့ဒေးရှိနေမှာပဲလေ။

❐ ❐ ❐



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

မှန်ရှေ့မှာရပ်နေတဲ့ နွေဆင့်ကဲ။

မျက်လုံးတွေက ဆေးသားတွေအကူအညီဖြင့် နက်နေပြီး မျက်တောင်တုကလည်း ကော့ပျံနေသည်။ နှုတ်ခမ်းခပ်ပါးပါးကို နည်းနည်းထူလာအောင် ခဲသားနှင့် အနားကွပ်ပြီး နီရဲရဲလွဲနေတဲ့ နှုတ်ခမ်းနီကို ဆိုးလိုက်၏။

ဆံပင်က အညိုရောင်ဖြစ်ပြီး ပခုံးထက်မှာ အခွေလိုက် အလိပ်လိုက် ဖြန့်ချထားပြီး အင်္ကျီကအနီရဲရဲကို အနက်ရောင်နှင့် အနားကွပ်ထားတာ လည်ပင်းဟိုက်၊ လက်မောင်းနဲ့ ခါးအောက်ကျ သည့်နေရာတွေမှာ။ စကတ်ကလည်း အင်္ကျီနှင့်အရောင်တူ။ နားကွင်း လက်ကောက်နဲ့ လည်ဆွဲတွေမှာတော့ အနီနဲ့အနက်စပ်ထားပြီး





တစ်ကိုယ်လုံး အနီရောင်ဖုံးလွှမ်းနေသည့် အနက်စပ်ကျားပေါ့။

သူမ ဝတ်လိုက်သမျှ . . .

အနက်ရောင်၊ အနီရောင်နှင့်အဝါရောင်။ အရောင်ရင့်ရင့်ကိုမှ ကြိုက်တဲ့ နွေဆင့်ကဲ။ အဝါရောင်ဝတ်ခြင်းသည် အဝါရောင်ဆိုတာ စိတ်ကို ရှုပ်ထွေးစေသည်ဆိုလို့လေ။ သူမဘဝက ဘယ်တုန်းက စိတ်ကြည်လင်လန်းဆန်းမှုကိုရခဲ့လို့လဲ။ အရောင်ရင့်ကြိုက်သလို စိတ်ဓာတ်ကလည်း ရင့်မှရင့်လေ။

နွေဆင့်ကဲတဲ့။

အပူပေါ် အပူဆင့်နေတဲ့ ဒီနာမည်ကို ဘယ်သူပေးခဲ့တာလဲ။ ပညတ်သွားရော ဓာတ်သက်ပါတဲ့။ ဒီနာမည်ကြောင့် စိတ်ဓာတ်ကလည်း မီးလိုပူပြင်းပြီး လောဝ်မြိုက်မှုတွေကို ဆုပ်ကိုင်ထားချင်တာ။ ကိုယ့်ကိုယ် ကိုယ် မှန်ထဲမှာကြည့်လို့ဝပြီဆိုတော့ လှည့်ထွက်လာခဲ့စဉ် အပြင်ကို ရောက်တာနှင့် . . .

"သမီး"

"..............."

"သမီး"

လှည့်ကြည့်လိုက်တော့ ကုလားထိုင်ပေါ်မှာထိုင်နေတာ အဖေ။ ဒီလောကမှာ ကိုယ့်အပေါ် အကောင်းနိုင်ဆုံးလူက အဖေပဲမို့ အဖေ့ ရှေ့မှာတော့ မယဉ်ကျေးသည့်တိုင် မရိုင်းစိုင်းချင်။



www.burmeseclassic.com

www.burmeseclassic.com



"အဖေ ပြောစရာရှိလို့လား"

"ဟုတ်တယ် . . . ခဏထိုင်ပါဦး"

"သမီး အချိန်သိပ်မရဘူး အဖေ"

"ခဏလေးပါ"

ခဏလေးပါဆိုလို့ ရွှေရောက်အောင် လျှောက်သွားမိသည့်တိုင် ထိုင်တာမဟုတ်ပေ။ မတ်တပ်သာရပ်နေမိပြီး ဘာပြောမလဲဆိုတာကိုသာ နားစွင့်နေလျက်။

"သမီး"

". . . . . . . . . . . . ."

"ဒီအလုပ်ကို ဖေ့သမီး မလုပ်နဲ့တော့လားကွယ်"

"ရှင်"

"စားသောက်ဆိုင်မှာ သမီး သီချင်းဆိုတာကို အဖေ သဘောမကျဘူး။ ရှင်းရှင်းပြောရရင် လူအထင်သေးခံရတယ်။ ပြီးတော့ သမီးလုပ်တာကိုက အန္တရာယ်ကို ဖိတ်ခေါ်နေသလိုပဲလေ"

"အဲဒီအန္တရာယ်တွေကို မကြောက်လို့ သမီး ဒီအလုပ်ကို လုပ်တာအဖေ"

"ဘယ်လို"

ထပ်မေးတော့ မပြောဘဲနေလိုက်သည်။ နွေဆင့်ကဲ ဒီလောက်ကလေး ထိန်းထိန်းသိမ်းသိမ်းနေပေးတာကလည်း အဖေ့ကြောင့်။





ငွေက အရာရာကို လွှမ်းမိုးနိုင်သည့်လေ။ ဒါ သူမရဲ့အယူအဆပါပဲ။ စနေမ, ဂြိုဟ်မလို့ အပြောခံနေရတာတွေဟာ သူမက ဆင်းရဲပြီး ငွေမရှိလို့ပဲပေါ့။ ငွေသာရှိရင် အဲဒီပါးစပ်ပေါက်တွေကို ပိတ်လို့ရသည်။

ဒါကြောင့် . . .

နွေဆင့်ကဲ ချမ်းသာချင်သည်။ ပြီးတော့ အဆိုးဆုံးက ဒေါ်နီမာ။ သူ့ပါးစပ်ပေါက်ကစလို့ ပါးစပ်ပေါက်တစ်ရာဆီ ကူးစက်သွားတာ။ နွေဆင့်ကဲ ပိုက်ဆံမပေးနိုင်တဲ့နေ့ဆို စနေမ ဂြိုဟ်မဆိုတာချည်းက ထပ်နေတာလေ။ ပိုက်ဆံပေးနိုင်တဲ့နေ့ဆိုရင် ပြုံးလို့ရွှင်လို့။ အပြောခံရတိုင်း ကိုယ့်အပေါ် ရက်စက်ခဲ့သည့် မိဘရင်းတွေကိုလည်းမုန်းသည်။

"အဖေ့လုပ်စာကိုပဲ အေးအေးဆေးဆေး ထိုင်စားစမ်းပါ သမီးရယ်။ သမီး ခါးမလှတာကလွဲရင် ဝမ်းတော့ဝ,ပါတယ်"

"ဝမ်းဝရုံနဲ့ သမီး ကျေနပ်မနေနိုင်ဘူး အဖေ။ သူများတွေ သောင်းကျော်တန်ဝတ်နေတဲ့အချိန်မှာ ဘေထုပ်ဝတ်နေရတဲ့ သမီးဘဝ။ ပြီးတော့ ဂြိုဟ်ချင်းထပ်အောင်ပြောနေတဲ့ အဖေ့မိန်းမရဲ့ပါးစပ်"

"အဖေ့မိန်းမက သမီးရဲ့အမေပဲလေ"

"အတုဆိုတာ ဘယ်လောက်ပဲ ရွှေရောင်တင်တင် အချိန်တန်ရင် အရောင်ပြယ်သွားတာပဲ အဖေရဲ့"

"သမီး"

ဦးဖေဒါ ကုလားထိုင်ပေါ်မှာ မှိုနေရာမှ ခါးမတ်သွားတော့။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအလုပ်က အမြင်မကောင်းပေမယ့် ရေမြောင်းတော့ ဖောက်လို့ရတယ် အဖေ"

"အခြားအလုပ်ကို ရှာလုပ်ပါလား သမီးရယ်"

"ဘယ်အလုပ်လဲ၊ ကော်ဘူး ကော်ခွက် လည်ကောက်ရမှာ လား အဖေ။ ပညာတတ်တွေအတွက် နေရာရှိပေမယ့် ဆယ်တန်း တောင် မအောင်တဲ့သမီးက ဘာလုပ်ရမှာလဲ။ ဈေးထဲမှာ ဟင်းသီး ဟင်းရွက် ရောင်းရမလား"

"မဟုတ်ဘူး ... အဖေပြောတာက"

"တော်ပါတော့ အဖေရယ်။ တစ်နေ့ကုန် ခြေကုန်လက်ပမ်း ကျအောင်လုပ်မှ တစ်ထောင် နှစ်ထောင်ရမယ့်အလုပ်မျိုး သမီးမလုပ် နိုင်ဘူး"

"သမီး"

"အခုအလုပ်က အဖေ့မိန်းမ ကြည်ဖြူသဒ္ဒါရှိအောင် ပေးနိုင် သလို သမီးလည်း ငွေပေါ်ပေါ်ကိုင်ပြီး သုံးလို့ရတယ်"

"အဲဒါကိုက"

"တော်တော့ အဖေရာ ... နားငြီးတယ်။ အချိန်မရပါဘူး ဆိုမှ သွားမယ်"

"သမီး ... သမီး"

ဦးဗေဒါ ခေါင်းခါပြီး သက်ပြင်းချလိုက်မိ၏။ အလိုလိုက်လို့





အမိုက်ဓော်ကားတော မဟုတ်သည့်တိုင် သမီးအဖြစ်က ရေလိုက်မှားတဲ့ ငါးဖြစ်နေတာလေ။ အရပ်ကောင်းမှ အလောင်းလှဆိုသလို ပတ်ဝန်း ကျင်မကောင်းလို့ ဒီလိုစိတ်ဓာတ်တွေ ရှိနေရှာသလား။ နိမ့်ပါးစပ် ပေါက်ကစတဲ့ ဒီကလေးရဲ့ရာဇဝင်ဟာ ပတ်ဝန်းကျင်ပါးစပ်ဆီကို ကူး စက်ပြီး ဒီကလေးကို စရိုက်ဆိုးစေခဲ့သလား။

နွေဆင့်ကဲ။

ဒေါက်ဖိနပ်သံပေးလို့ တလွှားလွှားသွားနေတဲ့ ခြေလှမ်းတွေ က မြေသားပျော့ရင် ကျွံဝင်သွားနိုင်ဖွယ်ရာရှိ၏။

"ဒုတ်"

"ဟင်"

ခေါင်းကိုမော့ပြီး ဆံပင်ကို ခါထုတ်လိုက်စဉ်မှာ တိုက်ဆိုင်စွာပဲ ကတ္တရာလမ်းပေါ်တက်တဲ့ အထစ်ကို ခလုတ်တိုက်မိလေလျှင် နှုတ်ခမ်း က တင်းတင်းစေ့ခြင်းသို့ ရောက်သွားပြီး ...

"ဒီလောက်တိုက်ချင်တဲ့ခြေထောက် ... ကဲဟာ"

"ဒုတ်"

"ကဲဟာ"

"ဒုတ်"

"ကဲ"

ထိုအထစ်ကိုပဲ ဒေါသနှင့် ထပ်ကန်နေမိ၏။ ပထမနှစ်ချက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဖိနပ်ဦးနှင့်သာ ထိနေပြီး နောက်တစ်ချက်မှာတော့ ခြေမကိုထိပြီး နာကျင်သွားပေမယ့် ...

"တောက်"

ငုံ့ကြည့်လိုက်တော့ ခြေမထိပ်မှ သွေးထွက်လာလေလျှင် ဒေါ်သက ပိုကြီးထွားသွား၏။ နောက်ထပ် ထပ်တိုက်ပစ်မယ်လို့ စိတ်ကူးလိုက်စဉ်မှာပဲ ...

"နွေဆင့်ကဲ"

"ဟင်"

ဒေါ်သနဲ့ မှုန်နေတဲ့ နွေဆင့်ကဲ ကိုယ့်အနားမှာ ကား ဘယ်အချိန်ရပ်သွားမှန်းမသိ။ အသံရှင်ကို မြင်လိုက်တော့မှ ...

"စူးရှ"

စူးရှက သူမခြေထောက်ကိုငုံ့ကြည့်ပြီး ...

"နင့်စိတ်ကို သိနေလို့ ဘာဖြစ်တာလဲ မမေးတော့ပါဘူး။ ငါ လိုက်ပို့ပေးမယ်၊ လာ... ကားပေါ်တက်"

"ကျေးဇူးပဲ"

□□□



## အခန်း (၁၃)

ဒေါ်သနှုံဖြူစင် လက်ပ်တော့တစ်လုံးနှင့် အလုပ်ရှုပ်နေတဲ့ သားဆီသို့ လျှောက်သွားပြီး ထိုင်ခုံဆွဲကာ ဘေးမှာဝင်ထိုင်လိုက်သည်။ ဒီအိမ်မှာ သွေးအရင်းအချာဆိုလို့ ဒီသားအမိနှစ်ယောက်ပဲရှိတာ။ ပြောစရာရှိတာကို ပြောရမှာပဲပေါ့။

"သား"

"ဗျာ"

မျက်လုံးက မကြည့်ဘဲ ထူးလေသဖြင့် ...

"မင်းအလုပ်ကို ခဏထား မေမေ့ကြည့်စမ်း"

"ထားလို့မရဘူး မေမေရဲ့။ ခဏလေးစောင့်"

"မစောင့်နိုင်လို့ ချက်ချင်းကြည့်ခိုင်းနေတာလေ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ အရေးကြီးနေလို့ ခဏစောင့်ပါဆို မေမေရာ"

"ဟဲ့ ... ဒီက ပိုအရေးကြီးလို့ပြောနေတာ"

"ဟာ ... မှားကုန်ပြီ"

"အဲဒီအမှားက ပြန်ပြင်လို့ရတယ်။ မင်း ပြင်လို့မရတဲ့အမှားကို မှားမှာစိုးလို့ မေမေက ပြောနေတာ"

"ကဲ ... ပြော မေမေရာ ... ပြော"

လက်ပ်တော့ကို ရှေ့နည်းနည်းထပ်တွန်းပို့ပြီး ရူးရှ မိခင်ဘက်သို့ လှည့်ထိုင်လိုက်သည်။ ဒေါ်သန္တာဖြူစင်က ပြောစရာရှိပြီဆိုအိပ်နေရင်းတောင် မပျော်ဘဲရှိကာ အကြွေးမထားတတ်သူ။

"ဒီမှာ သား"

"နားထောင်နေတယ်လေ မေမေရာ"

"နားထောင်နေရုံနဲ့ မပြီးဘူး။ မျက်လုံးက ငါ့ကိုကြည့်"

"ကြည့်စရာမလိုအောင် မေမေက လှပြီးသား"

"ဟဲ့"

ရူးက လှည့်ထိုင်ထားပေမယ့် မျက်လုံးက လက်ပ်တော့ဆီမှာ သံယောဇဉ်မပြတ်တာမို့ ပြောနေရတာကို။ သူ့ ပြန်ပြောလိုက်တော့ မတည့်တာမို့ ဟဲ့လိုက်ခြင်းမှာ ...

"ကဲ ... ကြည့်ပြီးပြော"

"ငါ့ကို ရွှတ်နောက်နောက်မလုပ်နဲ့"





"အတည်ကြည့်နေတာလေ"

"ဒါဆို ပြောမယ် သေသေချာချာနားထောင်"

"ဟုတ်ကဲ့"

မျက်စောင်းထိုးလိုက်ပြီးနောက် ...

"မင်း ကောင်မလေးတစ်ယောက်နဲ့ တွဲနေတယ်ဆို"

"တွဲတာတော့ တစ်ယောက် ဘယ်ကမှာလဲ။ အလုပ်ကိစ္စနဲ့ တွဲသွားတာတွေ ရှိမှာပေါ့"

"မေမေပြောတာ အဲဒါမျိုးမဟုတ်ဘူး"

"ဒါဆို"

"အဲဒီကောင်မလေးက စားသောက်ဆိုင်မှာ သီချင်းဆိုတယ်တဲ့"

"သတင်းက အတိအကျပါလား"

"ကောင်မလေးက တော်တော်လှတယ်၊ မင်းက အဲဒီကောင်မလေးကို ကားနဲ့လိုက်ပို့ပေးတာလို့ မေမေ သိထားတယ်"

"တစ်ခါတည်းပါ မေမေရဲ့"

"ဘာ"

မေမေဖြစ်သွားပုံကိုကြည့်ပြီး ရူးရှ စ,ချင်တာနှင့် ...

"မေမေပဲ ချွေးမ လိုချင်တယ်ဆို"

"ဒီမှာသား"



www.burmeseclassic.com

www.burmeseclassic.com



ရှုးရှု ပြုံးနေပေမယ့် ဒေါ်သန္တာဖြူစင်၏မျက်နှာက ခပ်တည်တည်။ သူ့မှာ ဒီသားလေးတစ်ယောက်ပဲရှိတာ။ တွေးခေါ်မြော်မြင်တတ်သူမို့ စိတ်ချပြီး လွှတ်ထားခဲ့တာ။ တွေ့ရာမိန်းမနဲ့ သဘောတူဖို့မဟုတ်။ ချမ်းသာဖို့ မချမ်းသာဖို့ထက် သိက္ခာ သမာဓိနဲ့ သူ့မက အဆင့်အတန်းကို တိုင်းတာချင်သူ။

"မေမေ ခွေးမလိုချင်တာ အတိုင်းအတာနဲ့ သတ်မှတ်ချက်တစ်ခုရှိတယ် သား"

"ပြောပါဦး"

"စားသောက်ဆိုင်က အဆိုတော်ဆိုကတည်းက အဲဒီ မိန်းကလေး ဘယ်လောက်ပဲ အကျင့်စာရိတ္တကောင်းကောင်း သိက္ခာတစ်ဝက်ကတော့ ကျပြီးသားပဲလေ။ သူ့ထက်စာရင် ကောင်းရောင်းကောင်းဝယ်လုပ်စားတဲ့ ငါးစိမ်းသည်က လူအများအမြင်မှာ အများကြီး သိက္ခာရှိတယ်"

"နေပါဦး မေမေရဲ့ အဲဒီမိန်းကလေးကို သားက လက်ထပ်မယ်လို့ ပြောမိလို့လား"

"မေမေက မီးကို မလောင်ခင်က တားတာပါ။ လောင်ပြီးမှ ပြာပုံကြည့်ငိုရတာမျိုး မေမေ အဖြစ်မခံနိုင်ဘူး"

အဲဒီမိန်းကလေးက မေမေ သိပ်မုန်းတဲ့ နွေဆင့်ကဲပါလို့ ပြောလိုက်ရင်ဖြင့် မေမေ ချက်ချင်းများ သွားသတ်မလား မပြောတတ်။





"အဲဒီအတွက် မေမေ စိတ်ချပါ"

"ဘာကိုလဲ"

"သူနဲ့သား ဘာမှမပတ်သက်ဘူး"

"တော်တော်လှတယ်ဆိုတော့"

"ယောကျ်ားတိုင်းက အလှတရားထဲမှာပဲ ပျော်ဝင်တတ်သလား မေမေ"

"အများစုက အချစ်မျက်ကန်းတွေမို့လို့ မေမေ ပြောနေတာ"

"သား မေမေ့ကို ဘယ်တော့မှ မဆန့်ကျင်ပါဘူး"

"ယုံရမှာလား"

"ယုံလိုက်ပါ မေမေ၊ သားက ပန်းလှလှမြင်တိုင်း ကောက်ဝယ်မယ့်ကောင်မျိုး မဟုတ်ဘူး။ လှတာထက် ကြာရှည်ခံမယ့်ပန်းကိုပဲ ဝယ်မှာ"

"တကယ်နော်"

"လှလည်းလှမယ် ကြာရှည်လည်း ခံမယ်ဆိုရင် အတိုင်းထက် အလွန်ပဲပေါ့"

ဒီတော့မှ ဒေါ်သန္တာဖြူစင်၏မျက်နှာမှာ အပြုံးရိပ်ထင်၏။ ကိုယ်လည်း ကိုယ်ချစ်တဲ့လူကို ယူခဲ့တာမှ ဘယ်လိုမှ အလွှာမတူသူ။ ဒါပေမဲ့ သူ့မှာ ရိုးသားဖြူစင်ခြင်းနဲ့ မြင့်မြတ်တဲ့ချစ်ခြင်းတရားတွေ ချမ်းသာခဲ့သည်လေ။ ဒါကြောင့် ချစ်လို့ချစ်တာကို အပြစ်မဆိုချင်ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်အမြင်စောင်းတဲ့အလုပ်ကိုတော့ လက်မခံနိုင်။

ပရိယာယ်ဝမ်းစာ မချမ်းသာလို့ လုပ်တယ်ဆိုပေမယ့် လာသမျှယောကျ်ားတွေရဲ့မျက်လုံးအောက်မှာ အနည်းလေး စိတ်နဲ့ပြစ်မှားခြင်းတော့ ခံရမှာပါပဲ။

"ဆရာ"

"ဟင်"

"ဒီမှာညွှန့်သည် . . . ဆရာနဲ့တွေ့ချင်လို့တဲ့"

"ဟာ . . . ဦးအောင်စောပါလား"

"ဟုတ်ပါ့ဗျာ"

"လာ . . . ထိုင်ဗျာ"

"ကျုပ်နာမည်က ရှေ့မှာ ဦးတပ်ခေါ်လိုက်တာနဲ့ နားထဲမှာကြားရတာ တစ်မျိုးပဲ။ ဦးအောင်စောဆိုပေမယ့် ဘယ်တုန်းကမှကို ရှေ့ဆုံးမရောက်တာ"

ဦးအောင်စော နောက်မှာပါလာတဲ့ မိန်းကလေးဆီကို အကြည့်ရောက်သွားကြပြီး . . .

"အခြားညွှန့်သည်လည်း ပါလာတာကိုး။ ထိုင်ကြဗျာ"

သူမကပါ ခေါင်းညိတ်ပြုံးပြပြီး ဝင်ထိုင်လေသည်။

ညွှန့်သည်တွေအတွက် တစ်ခုခုစီစဉ်ပေးဖို့ မျက်ရိပ်ပြလိုက်တာနှင့်၊ ရှိုး အလိုက်သိစွာ ထွက်သွားခြင်းရဲ့နောက်မှာ မိန်းကလေးကို





လှည့်ကြည့်လှည့်ကြည့်။

"ဆိုပါဦး လာရင်းကိစ္စ"

"အခြား ထွေထွေထူးထူးတော့ မဟုတ်ပါဘူး။ ဒီမှာလေ ကျောက်စက်က မောင်စူးရှလိုလူမျိုးပဲ။ အရင်ကတော့ ကျုပ်တပည့်ပဲ ဆိုပါတော့။ အခု . . . ကျုပ်က နိုင်ငံခြားကို သွားရတော့မယ်ဆိုတော့ ကျောက်စက်ကို မောင်စူးရှလက်ထဲ အပ်ခဲ့ချင်လို့ပါ"

"ဗျာ"

"ဪ . . . ဒီလိုပါ . . . ကျောက်စက်က လုပ်သက်နုသေးတော့ မသိတာရှိရင် မောင်စူးရှဆီမှာ မေးနိုင်အောင်လို့ပါ။ မောင်စူးရှက အမှုသည်တော်တော်များများ အားကိုးထိုက်အောင် တော်တဲ့ရှေ့နေကောင်းတစ်ယောက်ဆိုတော့"

"ကဲ . . . တော်ပါတော့ဗျာ။ ခင်ဗျားထုတ်ပြတဲ့ ဂုဏ်ပုဒ်တွေကြောင့် ဦးမာယကို ခေါင်းနဲ့ပြေးဆောင့်မိတော့မယ်"

"သမီး"

"ရှင်"

"မှတ်ထားနော် . . . သူ့နာမည်က စူးရှထက်မြက်တဲ့"

"ဟုတ်ကဲ့ . . . ကျောက်စက် မသိတာ, မတတ်တာရှိရင် လမ်းပြဆုံးမပေးပါ ဆရာ"

"မောင်စူးရှလည်း မှတ်ထားပေါ့ . . . သမီးနာမည်က



www.burmeseclassic.com

www.burmeseclassic.com



ကျောက်စက်ရေတဲ့"

"တွေ့ရတာ ဝမ်းသာပါတယ်"

"သမီးလေးနာမည်က ကျောက်စက်ရေတဲ့လား"

မေးလိုက်သူက ဒေါ်သန့်ဖြူစင်ပါ။ တင်ပါးလောက်ရှိမည့် ဆံပင်တွေကို ဖြန့်ချထားပြီး မျက်နှာလေးက ရှင်းသန့်ပြီး မြင်ရသူရင်ကို အေးချမ်းစေသည်။

"ဟုတ်ကဲ့ပါ အန်တီ"

"နာမည်လေးက အေးချမ်းလိုက်တာကွယ်"

"ဒီနာမည်ကို ဘွားက မှည့်ပေးခဲ့တာလေ"

"ဪ"

စူးရှ မေမေ့မျက်နှာကိုကြည့်လိုက်တော့ ပြုံးချိုနေ၏။ သဘောကျနေပြီလားတော့မသိ။ တစ်ဖက်ကလည်း သဘောကျလောက်စရာ အရည်အချင်းတွေနဲ့ကို။

"သား"

"ဗျာ"

"သမီးလေးက အားကိုးတကြီးနဲ့ တပည့်လာခံတာကို လက်ခံလိုက်ပါကွယ်နော်"

"မေမေကလည်း"

မေမေကတော့ လုပ်ပြီ။ ဘဝင်မကျရင်လည်း သိသိသာသာ။





သဘောကျတော့လည်း ဟန်ဆောင်လို့ပင်မနေ။ မေမေက သူ့မျက်ဝန်းတွေကို ဘာသာပြန်တတ်သလို သူလည်း မေမေ့မျက်ဝန်းထဲက အမူအရာတွေကို ဖတ်တတ်သည်လေ။ စောစောကတော့ ဆင်ဖမ်းတော့မလို ကျားဖမ်းတော့မလိုနဲ့ မောင်းတင်နေခဲ့ပြီ။

ခုကျတော့ . . .

နူးညံ့သွားလိုက်တဲ့မျက်ဝန်းတွေ။

"သမီး"

"ရှင်"

"အန်တီတို့အိမ်ကို အချိန်မရွေး ဝင်ပါ၊ ထွက်ပါကွယ်။ ဆွေမျိုးရင်းချာတွေလို သဘောထားပေါ့"

"ဟုတ်ကဲ့ပါ အန်တီ"

"ကဲ သမီးရေ . . . ရှေ့နေကြီးရဲ့ရှေ့က ပိုရှေ့နေက လက်ခံပြီဆိုမှတော့ အဆင်ပြေပြီပေါ့ကွာ။ ဆရာ တာဝန်ကျေပြီနော်"

"ဟဲ့ . . . သား"

"ဗျာ"

"သမီးလေးကို အစစအရာရာ ကူညီပံ့ပိုးမယ်လို့ ပြောလိုက်လေ"

မေမေနဲ့တော့ ခက်တော့တာပဲ။ စူးရှ မျက်နှာမထားတတ်အောင် ဖြစ်သွားပြီးမှ ကိုယ့်ဘာသာပဲ မလုံမလဲ စိတ်ကိုထိန်းသိမ်းရင်း



www.burmeseclassic.com

www.burmeseclassic.com



"မကျောက်စက်ရေ မသိတာရှိရင်မေးပါ။ ကျွန်တော် တတ်နိုင်သလောက် ကူညီပါ့မယ်"

"ကျေးဇူးတင်လိုက်တာ ဆရာရယ်"

"ကျေးဇူးတင်စရာ မလိုပါဘူး။ ရဲဘော်ရဲဘက်ချင်း ကူညီရမှာပေါ့"

ရဲမိုးပြန်ရောက်လာပြီး ကော်ဖီချပေးရင်း အကြည့်က ကျောက်စက်ဆီသို့ပဲ ရောက်နေကာ မျက်နှာက ပြုံးစိစိ။ သူကရော ဘာဖြစ်တာလဲ။

"ဆရာ"

"ဟင်"

"မြားနတ်မောင် အိပ်ရာက နိုးလာပြီထင်တယ်"

"ဘာကွ"

"ဟိုလေ ဆရာ့ကြောင်လေး မြားနတ်မောင် အိပ်ရာကနိုးလာပြီ ထင်တယ်လို့ပြောတာ . . . ဟဲ ဟဲ"

"ရဲမိုး"

"ဗျာ"

"ကိုယ့်အလုပ် ကိုယ်သွားလုပ်"

"ဟုတ်"

မျက်စောင်းမထိုးရုံတမယ် ကြည့်လိုက်တော့ ရဲမိုး ခပ်သုတ်





သုတ် ပြန်ထွက်သွားသည်။ ဟူး . . . မလွယ်ပါလား။ မေမေရော ရဲမိုးပါ သူ့ကို မိန်းမယူစေချင်နေကြတာ။ ကိုယ့်ဘာသာ အေးအေးဆေးဆေး နေတော့ရော ဘာဖြစ်သွားမှာမို့တဲ့လို့။

ခုတော့ . . .

ပြောလိုက်ကျတော့ မိန်းမ မယူရင်ပဲ လူမဖြစ်သလိုလို။ တစ်ယောက်မကောင်း တစ်ယောက်ကျောင်းလုပ်လို့ရရင် ဒီလောက်တောင်ရှိလှတယ်ဆိုပြီး ဆယ်ယောက်ယူပြလိုက်ပါတယ်။ အဲဒါမှ မြေးလိုချင်တဲ့မေမေ ဘယ်မြေးတစ်ယောက်၊ ညာမြေးတစ်ယောက် မြေးတွေအယောက်ပေါင်းများစွာနဲ့ ထဘီမနိုင် ပုဝါမနိုင်ဖြစ်မှာ။

"ကိုအောင်စောတို့ အေးအေးဆေးဆေး ထမင်းစားပြီးမှ ပြန်ကြပါလား"

"ဟာ . . . အဲဒါတော့မဖြစ်ဘူး မဖြူစင်ရေ၊ ကျွန်တော်က နိုင်ငံခြားသွားဖို့ကိစ္စတွေ စီစဉ်ရဦးမှာဗျ"

"ဩော်"

"ကဲ . . . ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါဦး မဖြူစင်"

"ဟုတ်ကဲ့၊ ဩော် . . . ဒါနဲ့ ကိုအောင်စောကို ကျွန်မ အကူအညီတောင်းရဦးမယ်"

"ဘာများလဲဗျ"

"ရှင့်လူကိုလည်း အကျိုးဆောင်ပေးပါဦး ရှေ့နေကြီးရယ်။



www.burmeseclassic.com

www.burmeseclassic.com



တရားရုံးရောက်တာနဲ့ ကျက်သရေခေါင်းပေါင်းစွပ်နေလို့ ယတြာကျေ နေသလား မသိပါဘူး။ အခုထိကို မစွံသေးဘူး"

ဒေါ်သန္တာမြူစင်၏စကားကြောင့် ဦးအောင်စော ရယ်လေတော့သည်။ ရှေ့နေတစ်ယောက်ပဲလေ၊ အသားလိုလို့ အရိုးတောင်းတာ မသိဘဲနေပါ့မလား။

"ကျွန်တော်က နိုင်ငံခြားသွားရတော့မှာဗျ။ အဲဒီအတွက် မပူပါနဲ့ဗျာ။ အချိန်တန်ရင် နွားပိန်ကန်သွားလိမ့်မယ်ပေါ့"

"ဟောတော့"

"ကဲ . . . သွားလိုက်ဦးမယ်ဗျာ"

"အန်တီ ကျောက်စက်ကို ခွင့်ပြုပါဦးနော်"

"ကောင်းပါပြီကွယ်"

နှုတ်ဆက်ထွက်ခွာသွားတဲ့ ကျောက်စက်ကျောပြင်လေးကို ကြည့်ပြီး ဒေါ်သန္တာမြူစင် ကျေနပ်ပီတိ ဖြစ်နေမိ၏။ ဘာပဲဖြစ်ဖြစ် သားနဲ့ နီးစပ်အောင် သူမ တိုက်တွန်းပေးရမည်။

ဒါ . . . မှုစာမှန်လို့ အိမ်ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတာလား။

□□□



## အခန်း (၁၄)

ဦးစစ်နိုင် မိတ်ဆွေဖြစ်သူ ဦးမင်းခန့်နှင့် ချိန်းထားလေသဖြင့် သီးသန့်ခန်းတံခါးကို တွန်းဖွင့်ဝင်လိုက်လေရာ . . .

"ဟင်"

မျက်နှာတစ်ပြင်လုံး ရေနွေးနဲ့ ဆီးအပက်ခံရသလို ထူပူသွားပြီး ရှေ့တိုးရမလား၊ နောက်ဆုတ်ရမလားမသိအောင် ကြက်သေသေကာ ရပ်နေမိ၏။ မျက်နှာက လွှဲလိုက်ပြီးဖြစ်၍ နောက်လည်း မဆုတ်ဖြစ်။ ကိုမင်းခန့်က မိန်းကလေးတစ်ယောက်နှင့် မဖွယ်မရာမဟုတ်သည့်တိုင် အမြင်ရှက်စရာ အလုပ်တစ်ခုကို လုပ်နေတာပါ။

ဒါကို မမြင်လို၍ သွားတော့မယ်ဟု နောက်ဆုတ်လိုက်စဉ် . .

"ဟာ . . . ကိုစစ်နိုင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"လာလေဗျာ"

သက်ပြင်းချပြီး ရှေ့မျက်နှာ နောက်ထား၍သာ . . .

"ကျွန်တော် အသိမပေးမိတဲ့အတွက် ဆောရီးပါဗျာ"

"ရပါတယ် . . . လာဗျာ"

မျက်နှာပူပူနဲ့ပဲ ရှေ့ဆက်လျှောက်ခဲ့ရ၏။ ကိုမင်းခန့် ဒီလိုလူမျိုးမှန်း သိပေမယ့် ဒီလို အတင့်ရဲလိမ့်မယ်တော့ မထင်ခဲ့ပေ။ အလုပ်ကိစ္စ စကားပြောမယ့်နေရာမှာ ဒီလိုမိန်းကလေးကို ခေါ်လာသင့်သလား။

"ဆောရီး ကိုစစ်နိုင်၊ နွေနဲ့ လမ်းမှာတွေ့တာနဲ့ ခေါ်လာမိတဲ့အတွက် တောင်းပန်ပါတယ်။ သူက အနှောင့်အယှက်ပေးမယ့်သူ မဟုတ်တော့လေ"

"ဖြစ်ပြီးမှတော့ ဘာတတ်နိုင်မှာလဲဗျာ"

"ကဲ . . . ဟုတ်ပါပြီ ခဏနော် ကျွန်တော် တွိုင်းလက်ဝင်ချင်လို့"

"ဟာဗျာ . . . ခင်ဗျား တော်တော်ရှုပ်တဲ့လူပဲ"

"ခဏလေးပါဗျာ"

"ကဲ . . . သွား။ မြန်မြန်သွားပြီး မြန်မြန်ပြန်"

"ခင်ဗျားကလည်း စိတ်ချည်းပဲ"

ပြောပြီး ဦးမင်းခန့် ထွက်သွားလေ၏။



ကျန်ခဲ့တာ ကောင်မလေးနဲ့ နှစ်ယောက်တည်းမို့ သူ မကြည့်မိအောင် မျက်နှာလွှဲနေပေမယ့် . . .

"ဦး"

". . . . . . . . . . . . ."

"ခေါ်နေတယ်လေ ဦးရဲ့"

"ဘာလဲ"

ခေါ်နေတော့လည်း မကြည့်မဖြစ်။

"ဦးက စိတ်တိုတတ်တယ်ထင်တယ်"

"ငါ စိတ်တိုတာ အတိုင်းအတာ ရှိတယ်ကွ"

"ဟုတ်လား"

"မင်း ဘာပြောချင်တာလဲ"

"နွေ့နာမည်က နွေဆင့်ကဲပါ"

"မင်းကို ဘယ်သူက မေးနေလို့လဲ"

"သိများ သိချင်မလားလို့ပါ"

"မသိချင်ပါဘူး . . . ဒီမှာ"

"ဟင်"

"ငါ့ကို မင်းခန့်လိုကောင်မျိုးထင်ပြီး စကားလုံးတွေ လာပစ်နဲ့။ လုံးဝစိတ်မဝင်စားဘူး"

"ဦး အဲဒီလိုပြောလိုက်ပြီဆိုတော့ နွေ့ကို ဘယ်အဆင့်ထိ



www.burmeseclassic.com

www.burmeseclassic.com



ထင်လိုက်တာလဲ"

"မင်းကိုယ်မင်း အသိဆုံးဖြစ်မှာပေါ့"

နွေဆင့်ကဲ ဟွန့်ခနဲ ရယ်လိုက်ပြီး . . .

"အဆုံးစွန်ထိတော့ မတွေးလိုက်ပါနဲ့။ နွေက ကိုယ်ချစ်တဲ့ သူကိုတွေ့ရင် လက်ထပ်ချင်သေးတယ်လေ။ အဲဒီတော့ ကိုယ်ချစ်လို့ လက်ထပ်မယ့်ယောကျ်ားအတွက် အသန့်ရှင်းဆုံးဖြစ်အောင်တော့ ထိန်းသိမ်းထားပါတယ်။ စောစောက ဦးမြင်လိုက်မှာပေါ့။ အဲဒါ . . . နွေ အလွန်ဆုံးပေးတာပဲ"

ဦးစစ်နိုင် ကောင်မလေးကို ခပ်စူးစူးကြည့်မိသွား၏။ ဒီ လောက်လှတဲ့မိန်းကလေးကို ကိုယ့်ကိုယ်ကိုယ်တန်ဖိုးချနေတာ နှမြော စရာ။ မိန်းမတွေရဲ့တန်ဖိုးက အလှတရားတဲ့။ အလှတရားကို တန်ဖိုးရှိရှိ အသုံးမချဘဲ ဘာလို့ လမ်းမှားလျှောက်နေပါလိမ့်။ ကိုယ့်သမီးအရွယ် လေးမို့ လမ်းမှန်ရောက်အောင် ဆုံးမပေးချင်သည်။

ဒါပေမဲ့ . . .

ဗီဇဆိုတာ ဖျောက်ဖျက်ရခက်တော့ ရပါ့မလား။ ဘာပဲဖြစ်ဖြစ် သူ ဆုံးမတဲ့စကား ဆယ်လုံးတစ်လုံးလောက် ကောင်မလေးနားထဲ ဝင်ရင် မဆိုးပါဘူး။

"နွေဆင့်ကဲ"

"ဟင်"





"မင်း ဘာလို့ ခုလိုလုပ်နေတာလဲ"

"ချမ်းသာချင်လို့ပေါ့"

"ဘာ"

"ဒါ . . . အံ့ဩစရာ မဟုတ်ပါဘူး"

"ချမ်းသာချင်တာ အခြားနည်းလမ်းနဲ့ တက်လမ်းရှာပါလား နွေဆင့်ကဲ။ ငါက မင်းကို ငါ့သမီးအရွယ်မို့လို့ သမီးချင်းစာနာစိတ်နဲ့ အကြံပေးတာပါ"

"အခြားနည်းလမ်းနဲ့ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ။ နွေ့မိဘ အရင်းတွေက နွေ့ကို ရက်ရက်စက်စက် စွန့်ပစ်ကြတယ်။ မွေးစားမိဘ တွေက ဆင်းရဲတော့ ဆယ်တန်းတောင် မအောင်ခဲ့တဲ့ နွေ။ ဘယ် အလုပ်နဲ့ ချမ်းသာအောင် လုပ်ရမလဲ။ ဒီကြားထဲ အဖေက ကောင်းပေ မယ့် သူ့မိန်းမက နွေ့အပေါ်ဆို ဆီလိုအပေါက်ရှာပြီး ဆူနေတာ။ တားရဲတော့ ကျိန်စာ,ဆဲစာ။ အဲဒါကြောင့် နွေ ခုလိုလုပ်တာ မဆန်းပါ ဘူး"

ကြားရတာ စိတ်မကောင်းစရာပါလား။ ကိုယ့်သမီးလေးနဲ့ ယှဉ်ပြီး မတူညီတဲ့ဘဝနှစ်ခုကို တွေးမိတော့ ကရုဏာသက်မိသလိုလို။

"မင်းမိဘတွေက မင်းကို ဘာလို့ စွန့်ပစ်ခဲ့ကြတာလဲ"

"နွေက စနေသမီးလေ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"သားဦးစနေ မီးလိုမွှေလို့တဲ့"

ဦးစစ်နိုင်ရင်ထဲမှာ အောင့်သက်သက်ဖြစ်သွား၏။ ကိုယ့်သမီးကြီးနဲ့ ဘဝတူပဲကိုး။ မေမေ့ပါးစပ်က သမီးကြီးအကြောင်းပြောမိတိုင်း သားဦးစနေ မီးလိုမွှေတယ်ဆိုတဲ့ စကားထွက်ထွက်လာတာ။ သေသွားတာတောင် သူ့ကိုယ်သူ ခိုက်တာတဲ့။ ဒီအယူအဆတွေကြောင့် ဒုက္ခရောက်ရတဲ့ သားဦးစနေတွေ လောကမှာ ဘယ်နှစ်ယောက်တောင် ရှိပါသလဲ။

"ဒါဆို မင်းက မင်းမိဘအရင်းတွေကို လိုက်မရှာဘူးလား"

"မလိုပါဘူး"

"ဘာဖြစ်လို့လဲ"

"သားသမီးအပေါ် ဒီလောက်ရက်စက်တဲ့မိဘတွေ့ရင် သတ်ပစ်မိမှာစိုးလို့"

"ဗုဒ္ဓေါ"

"ဟော ... ဟိုမှာ ဦးခန့်ပြန်လာပြီ"

ဦးမင်းခန့်ပြန်လာတော့ အသံတွေက တိတ်ဆိတ်သွားသည်။ ဦးစစ်နိုင် ဒီကလေးမလေး လမ်းမှန်ရောက်အောင် ကူညီချင်စိတ် ဖြစ်သွား၏။ ဘယ်လိုကူညီရပါ့မလဲ။ စဉ်းစားပြီး နောက်တစ်ခါတွေ့ရင် စည်းရုံးကြည့်ရမှာပေါ့။

"နွေ"





ဦးမင်းခန့်က သူမလက်ထဲသို့ ပိုက်ဆံတစ်ထပ် ထည့်ပေးပြီး

"ဒါ ... နွေသုံးချင်တာသုံးဖို့"

"နွေ ပြန်ရမှာလား"

"ကိုစစ်နိုင်နဲ့ အလုပ်ကိစ္စဆွေးနွေးရဦးမှာလေ၊ ကြာချင်ကြာဦးမှာ"

"ဒါဆို နွေပြန်မယ်"

"ကိုကြီး လိုက်မပို့တော့ဘူးနော်"

"ရပါတယ်"

နွေဆင့်ကဲ အိတ်ကိုကောက်လွယ်ပြီး ထထွက်သွားလေတော့၏။ ကိုယ့်သမီးက နုနုဝိုင်း။ သူက နွေဆင့်ကဲတဲ့။ အမှုတွေ ဘယ်လောက်တောင်ဆင့်ပြီး လွန်ကဲနေပါလိမ့်။

"ကိုစစ်နိုင်"

"ဗျာ"

"ကြည့်လှချေလားဗျ"

"အလုပ်ကိစ္စပဲ ပြောကြရအောင်ဗျာ"

စကားစကိုဖြတ်ပစ်လိုက်၏။ ကြည့်မိတဲ့ကိုယ့်အမှားကွက်ကို နင်းပြီး မတော်တရော်တွေ တွေးနေမှာစိုးလို့ပါ။ ကိုယ်က သမီးချင်း စာနာမိတာမှလွဲ၍ အခြားစိတ် လုံးဝမရှိတာ ကိုယ်ပဲအသိ။

❒❒❒



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"စုးရှ"

"ဟင်"

စုးရှ ပါးစပ်ထဲမှ ပိုက်တံကို စုပ်နေခဲတန်းလန်းမှ မျက်လွှာပင့်ကြည့်လေလျှင် . . .

"နင်နဲ့ငါ ရေစက်မကုန်လို့ ပြန်ဆုံကြတာနော်"

"အေးလေ . . . အဲဒါ ဘာဖြစ်လို့လဲ"

"အမှတ်တမဲ့ပေမယ့် ခဏခဏ ဆုံဖြစ်တာကို အံ့ဩလို့ပါ"

"ဘာလဲ . . . ငါက နင့်နောက်ကို တမင်လိုက်နေတယ်ထင်လို့လား"

"စဉ်းတော့ စဉ်းစားရလောလေ"





"စိတ်ကူးယဉ်မနေနဲ့။ တကယ်အမှတ်မထင်ဆုံတာချည်းပဲ။ နင်က မှတ်တိုင်မှာ ကားစောင့်တယ်။ ငါကလည်း ရုံးတက်ရုံးဆင်း ဒီလမ်းကပဲ ဖြတ်သွားရတယ်၊ ဘာဆန်းလို့လဲ"

"အေးပါ . . . ဒါနဲ့ နင့်ကို ငါ မေးရဦးမယ်"

"ဘာလဲ"

"နင် ဘာလို့ ခုထိ အိမ်ထောင်မပြုသေးတာလဲ"

လာပြန်ပြီတစ်ယောက်။ ဒီလိုမေးတာ ခံရပေါင်းများလာတော့ လူပျိုဘဝကိုပဲ စိတ်ကုန်ရမလိုပါလား။ သူငယ်ချင်းတွေက တွေ့တော့မေးလိုက်၊ လုပ်ဖော်ကိုင်ဖက်တွေက မေးလိုက်နဲ့ လူတစ်ယောက်ရဲ့ဘဝမှာ အိမ်ထောင်ပြုခြင်းအလုပ်ကပဲ နံပါတ်တစ် ပထမ အရေးကြီးနေသလိုလို။ သူ့မှာ ကိုယ့်အလုပ်နဲ့ကိုယ် ယားလို့တောင် မကုတ်အားရတဲ့ကြားထဲ။

အင်း . . . ခုတော့ ယားလို့မကုတ်ရရင် နေပါစေ။ ချစ်ရသူ အနားရှိရင်တော့ လက်ကလေးဆုပ်ကိုင်ပြီး ချစ်စကားတွေ ဖွဲ့နွဲ့သီကုံးမိချင်၏။

"ဟဲ့"

"ဘာလဲဟ"

"ငါမေးတာ ဖြေလေ"

"အခု . . . ပြုတော့မလားလို့ စဉ်းစားနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"မိဘသဘောတူတဲ့လူလား"

"ကိုယ်ချစ်တဲ့လူပေါ့"

"အံမယ် . . . တွေ့နေပြီလား"

"ဒါပေါ့"

"ပြောပါဦး"

"ဟာ . . . ဘာလို့ပြောပြရမှာလဲ"

"သိချင်လို့ပေါ့"

"နောက်တော့ သိရမှာပေါ့"

"လျှိုလိုက်တာ"

ရှက်ပြုံးပြုံးပြီး ဖျော်ရည်ကိုသာ ပြန်ငုံ့သောက်လေတော့ နွေဆင့်ကဲ ရင်ထဲမှာ တစ်မျိုးဖြစ်သွား၏။ စူးရှမျက်နှာကို စေ့စေ့ကြည့်မိတော့ ချောလိုက်တာ။ နားသယ်စပ်က မွေးညှင်းနုစိမ်းစိမ်းလေးတွေကို ကြည့်ပြီး ရင်တောင်ခုန်မိသလိုလိုပါပဲ။ ဘာဖြစ်တာလဲ နွေဆင့်ကဲ။ နင့်ရင်ထဲမှာ အချစ်ရှိလို့လား။

ရက်စက်တတ်တဲ့ရင်ထဲမှာ ချစ်တာ မေတ္တာတွေထက် အရေးကြီးတာက ချမ်းသာဖို့။ ရှင်ဘုရင်နဲ့ညားရင် မိဖုရားဖြစ်မှာပဲလေ။ စူးရှဆိုတာ အရင်တုန်းက နွေဆင့်ကဲတို့နဲ့ တစ်ရပ်ကွက်တည်း အတူနေခဲ့ရသူတွေ။ အခု ရွှေနေကြီးဖြစ်ပြီး ဘယ်လောက်တောင် ချမ်းသာနေပြီလဲ။





အင်း . . .

တစ်နေ့တော့ သူ့အိမ်ကို လိုက်သွားကြည့်ဦးမှပဲ။ သူ့အမေနဲ့ တွေ့ရင် မလွယ်မှန်းသိပေမယ့် နွေဆင့်ကဲပဲလေ။ ခက်တာကို လွယ်အောင် လုပ်ရမှာပေါ့။

"နွေဆင့်ကဲ"

"ဟင် . . . ဘာလဲ"

"နင် စားသောက်ဆိုင်မှာ သီချင်းမဆိုပါနဲ့လား"

"ဟာ . . . လာပြန်ပြီတစ်ယောက်"

"ငါက နင့်အတွက် အန္တရာယ်များလို့ ပြောတာပါ"

"အန္တရာယ် . . . ဟုတ်လား"

"ဟုတ်တယ်လေ . . . နင်နဲ့ငါ ပြန်ဆုံစတုန်းကပဲကြည့်"

နွေဆင့်ကဲ ရယ်ပစ်လိုက်၏။ ဒါက အသေးအမွှားလေးပဲ ရှိသေးတာပါလို့ပြောရင် စူးရှ ဘယ်လိုဖြစ်သွားနိုင်သလဲ သိချင်လိုက်တာ။ ငွေဘယ်လောက်ပေးပေး နွေဆင့်ကဲက အပေါ်ယံကိုပဲ အထိပါးခံတာလေ။ ဒီထက်ပိုပြီး စော်ကားဖို့ကြိုးစားရင်တော့ ဟိုတစ်လောကပဲ ခေါင်းရိုက်ခွဲပစ်ခဲ့တာ တစ်ယောက်။

"ငါက အဲဒီအန္တရာယ်တွေကို မကြောက်ဘူး စူးရှရဲ့။ အန္တရယ်တွေက ငါ့ကို ကြောက်နေရတာ သိလား"

"ဘယ်လို"



www.burmeseclassic.com

www.burmeseclassic.com



နွေဆင့်ကဲ လက်မထောင်လိုက်ပြီး . . .

"ငါ့နာမည် နွေဆင့်ကဲလေ"

"နင် သိပ်လေလုံးမထွားနဲ့ နွေဆင့်ကဲ။ တောမကျွမ်းတဲ့ မဆိုးတွေကိုပဲ နင် လှည့်စားလို့ရမှာပေါ့။ မိန်းမနဲ့ယောက်ျားကို သဘာဝက အင်အားချင်း မမျှအောင် ဖန်တီးထားတာလေ"

"ငါ ရှောင်တတ်တယ် ရူးရူ"

"ဘယ်လောက်ရှောင်နိုင်မှာလဲ"

"နင် ငါ့ကို အထင်သေးတာလား"

"အထင်လည်း မကြီးတာ အမှန်ပဲ"

မှန်တာပြောရင် ရွာအပြင်ထွက်နေရမယ်ဆိုတဲ့ ဆိုရိုးစကားရှိသည်လေ။ ရူးရူစကားကြောင့် နွေဆင့်ကဲစိတ်ထဲမှာ ဖျင်းခနဲဖြစ်သွားသေး။

"ဒီမှာရူးရူ"

"မှန်တာပြောလို့ စိတ်ဆိုးတာလား"

"နင့်စကားကို နင်ပြန်စဉ်းစားကြည့်လေ"

"အဲဒါပဲပေါ့။ လူတွေက မှန်တာပြောရင် မကြိုက်ကြဘူး။ မှန်လွန်းတော့ သေတတ်တယ်တဲ့"

"ငါ့ကို အထင်မကြီးတဲ့ နင့်ကံကြမ္မာကို ငါဆေးခြယ်လိုက်ရမလား"

နွေဆင့်ကဲက ဒေါသသံနှင့်ပြောနေပေမယ့် ရူးရူက အပြုံး





မပျက်။ ခြောက်တိုင်းသာ ကြောက်နေတတ်ရင် သူ ရှေ့နေကောင်းတစ်ယောက် ဘယ်ဖြစ်လာမှာလဲ။ သူက တောလိုက်ကျွမ်းသလို မာယာလည်း များတတ်သည်လေ။ မိန်းမကိစ္စနဲ့တော့ မပတ်သက်ချင်ဘူးပေါ့။ သူက ကိုယ့်ကံကြမ္မာကို ဘယ်လိုဆေးခြယ်နိုင်မှာလဲ။

ကိုယ်က . . . သူငယ်ချင်းကောင်းတစ်ယောက်အနေနဲ့ လမ်းမှန်ပေါ် တွန်းပို့ပြီး အလင်းရောင်ကို လက်ညှိုးထိုးပြနေတာ။ ဒါကိုနားမလည် မျက်စိကန်းနေတာမဟုတ်ဘဲ မမြင်ချင်လို့ မျက်လုံးမှိတ်ချတာကိုတော့ မတတ်နိုင်ဘူးလေ။

"ဘာလဲ . . . နင် ဝတ်ထားတဲ့အဝါရောင်မျိုးလား"

"ဒါက လျှို့ဝှက်ချက်လေ"

"စေတနာကို စေတနာမှန်း မသိရင်တော့ နေပေါ့ဟာ။ နင့်ကို ငါအထင်မကြီးပေမယ့် အထင်လည်း မသေးဘူး . . . နွေဆင့်ကဲ"

"ဟင်"

ဟုတ်သားပဲ။ သူက အထင်မကြီးဘူးပဲ ပြောတာ။ အထင်သေးတယ်လို့ ပြောတာမှမဟုတ်တာ။ ဒါပေမဲ့ နွေဆင့်ကဲစိတ်က မျက်ခနဲဆို ထုံဆေးပေးစရာမလို။ နာတာကို နာတာအတိုင်းထားပြီး ဘယ်ဖြေဆေးနဲ့မှ ကုရိုးထုံးစံမရှိခဲ့ဘူးလေ။

"ငယ်ငယ်တုန်းက ခင်လို့စခဲ့တာလည်း အပြောမတတ်တော့ ဆဲတာနဲ့တူပြီး အုတ်ခဲပိုင်းနဲ့ အပစ်ခံရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ . . . ခင်လို့စတာ ဟုတ်လား"

"လူကြီးတွေတောင် ကလေးကိုချစ်ရင် ငါ့ ကြောက်လားလို့ မေးပြီး ခြောက်ပြြစတဲ့ လူတွေရှိတယ် နွေဆင့်ကဲ"

"အခု နင်က ခြောက်နေတာမှ မဟုတ်ဘဲ"

"မခြောက်တာတောင် စေတနာတွေက အရာမထင်ဘူးလေ။ ခြောက်များခြောက်ရင် အရင်ကလို အုတ်ခဲပိုင်းနဲ့ အပစ်ခံရမလားပဲ"

ငယ်ငယ်ကအကြောင်း ထည့်ထည့်ပြောတော့ ခေါင်းပေါက်ခဲ့ရတာအတွက် သူ နွေဆင့်ကဲကို စိတ်မနာဘူးလား။

"စူးရှ"

ဒီတစ်ခါ မျက်ခုံးပင့်၍ ထူးလေလျှင် . . .

"ငယ်ငယ်ကအကြောင်း မမေ့သေးတာ ငါ့ကို မုန်းလို့လား"

"ငါက အငြိုးမကြီးတတ်ပါဘူး"

"ဒါဆို ဘာလို့ ခဏခဏထည့်ပြောနေတာလဲ"

"ဒေါသကြီးခြင်းရဲ့ အကျိုးရလဒ်က ဘာဆိုတာ နင်သိစေချင်လို့"

နွေဆင့်ကဲ တွေခနဲဖြစ်သွား၏။ အဲဒီတုန်းက သူမ ခိုက်လို့ သူမနဲ့ပတ်သက်မိလို့ စူးရှဖေဖေ သေရတာဆိုပြီး စနေမကြိုက်မကနေ စုန်းမလို့ နာမည်တစ်မျိုးတိုးခဲ့တာ၊ ဒေါသကြီးခြင်းရဲ့ရလဒ်ပဲပေါ့။

❒❒❒



## အခန်း (၁၆)

ခြံထဲမှာ ပန်းပင်တွေရေလောင်းနေတဲ့ ရဲမိုး။ ခြံရှေ့မှာ ကားတစ်စီးရပ်လာတာကြောင့် ပြေးလာခဲ့ကာ ကားထဲက ဘယ်သူလဲ ချောင်းကြည့်လိုက်တော့ တစ်ခါမြင်ရုံနဲ့ မှတ်မိနေတဲ့ ကျောက်စက်ရေ ဆရာနဲ့ပတ်သက်ပြီး သူ အလိုလားဆုံး မိန်းကလေးမို့ ကြီးမေကိုတောင် သွားမမေးတော့ဘဲ ခြံတံခါးဖွင့်ပေးလိုက်၏။

ကျောက်စက်ရေ။

အိမ်ထဲကိုဝင်လာခဲ့တော့ ဧည့်ခန်းထဲမှာ သတင်းစာထိုင်ဖတ်နေတဲ့ ဒေါ်သန္တာဖြူစင်ကိုမြင်ပြီး မျက်နှာလေးက ပြုံးသွားကာ . . .

"အန်တီ"

အသံကြားတာနှင့် ဒေါ်ဖြူစင်က မော့ကြည့်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... သမီး"

ကျောက်စက် ရှေ့ဆက်လျှောက်သွားလေလျှင် ...

"ဟာ ... သမီးလာ၊ တစ်ယောက်တည်းလား"

"ဟုတ်ကဲ့ ... တစ်ယောက်တည်းပါပဲ"

"သားဆီကိုလာတာလား သမီး"

"ဟုတ်တယ် အန်တီ၊ ကျောက်စက် မသိတာလေးရှိတာ မေးချင်လို့ လာခဲ့တာပါ"

"သမီး ခုလိုလာတာ အန်တီ အရမ်းဝမ်းသာတာပဲသိလား"

တွေ့လိုက်တာနဲ့ ဒေါ်သန့်ဖြူစင် ခရီးရေလွှတ်ပါပဲ။

"ရဲမိုးရေ"

".........."

"ရဲမိုး"

"ဗျာ"

"ခဏလာပါဦး"

"ဟုတ်ကဲ့"

လာချင်နေတာနဲ့ အတော်ပဲမို့ ရဲမိုး ခပ်သုတ်သုတ်တက်လာခဲ့သည်။ ကျောက်စက်ရေရောက်လာတော့ ဘယ်လိုစကားတွေ ပြောကြမလဲဆိုတာကို စိတ်ဝင်စားတာလေ။

"ကြီးမေ"





"ဟော"

"ကျွန်တော် ဘာလုပ်ပေးရမလဲ"

"ဒီမှာ သမီးကျောက်စက် ရောက်နေတယ်လေ"

"ကျွန်တော် သိပါတယ်"

"သိရင် မင်းဆရာကို သွားခေါ်လေ"

"ဟုတ်ကဲ့"

အစကတည်းက ခေါ်ချင်နေပြီးသားမို့ ရဲမိုး အပေါ်ထပ်သို့ တက်လာတဲ့ခြေလှမ်းတွေက လေကားထစ်စုံအောင် နင်းမိရဲ့လားမသိ။ ဆရာ့ကို လူပျို့ဘဝမှာ သိုးသွားမှာစိုးလို့ သင့်တော်တာတွေ့တုန်း မြားနတ်မောင်လုပ်ပေးချင်လွန်းလို့။ အိမ်နီးနားချင်းကောင်းမှ လင်ကောင်းရဆိုတဲ့စကားလို ...

သူတို့ကောင်းမှ ဆရာ မိန်းမရတော့မယ် ထင်ပါရဲ့။ အေးစက်စက်နိုင်လွန်းလှတဲ့ ရင်ဘတ်ကို အပူပေးပြီး ထုသင့်ထုရမှာပဲ။ တကယ်ပါ၊ မချစ်တတ်တာလား မချစ်ရဲတာလားတော့မသိ။

"ဆရာ"

"ဟင်"

"ဆရာ"

"ဘာလဲကွာ"

"ဖြည်းဖြည်းထူးပါ ဆရာရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဖြည်းဖြည်းထူးတော့ မင်း ကြားလို့လား"

ဘယ်အချိန်ထူးပါလိမ့်။ သူပဲ စိတ်လောနေလို့လားလို့ ခေါင်းကို ကုတ်ရင်း ရယ်လိုက်မိသည်။

"ဆရာ"

"သေတော့မယ် မင်း"

"ညည်းသည်ရောက်နေလို့ ဆရာရဲ့။ ဆရာ့ရဲ့နောက်နေ သေး နေညည်းသည်"

"ဘာ"

"ကျောက်စက်ရေဆရာရဲ့ ကျောက်စက်ရေ။ ရင်ထဲမှာ အေးမြသွားမယ် ကျောက်စက်ရေ။ ရင်ထဲကို အေးမြသွားမယ် ကျောက်စက်ရေ"

ရဲမိုး စားပွဲကို လက်နှင့်တီးရင်း ကိုယ်ကို လှုပ်ရမ်းကာကာပြလေသဖြင့် စူးရှ ရယ်ချင်ပက်ကျိ ဖြစ်သွား၏။

"ရင်ထဲမှာ အေးမြသွားမယ် ကျောက်စက်ရေ။ သောက်မလား အစ်ကို၊ သောက်မလား အစ်ကို"

ရဲမိုး ကကောင်းဆဲမို့ ထားခဲ့ပြီး စူးရှထွက်လာခဲ့သည်။ မေမေကလည်း ကျောက်စက်ရေကို စတွေ့ပြီးကတည်းက တစ်စက်တည်း စက်နေတာလေ။ သား ကျောက်စက်ရေနဲ့ နီးစပ်အောင် ကြိုးစားပါတဲ့။ သူလည်း သဘောကျပါသည်။





ဒါပေမဲ့ . . .

တွေ့တာမှ မကြာသေးဘူး ခုရေတွင်းတူး ခုရေကြည်သောက်ချင်လို့ ရမတဲ့လား။

"ဟော . . . သား လာပြီ"

"ဆရာ"

"ထိုင်ပါ . . . မကျောက်စက်ရေ ထိုင်ပါ"

ကျောက်စက် ထရပ်မယ်လုပ်တော့ သူက လက်ကာပြီး ပြောလိုက်တာဖြစ်၏။

"ဆရာကလည်း ကျောက်စက်နာမည်ခေါ်ရတာ မထောက်ဘူးလား။ ကျောက်စက်လို့ပဲ ခေါ်ပါ ဆရာရဲ့"

"ကျောက်စက် . . . အင်း . . . အဲဒါပဲ ကောင်းပါတယ်"

"သား"

"ဗျာ"

"သမီးလေးက သူ နားမလည်တာ သားကိုမေးစရာရှိလို့တဲ့"

"ဟုတ်လား"

"ဟုတ်တယ် ဆရာ"

"မေးလေ . . . ဘာမသိလို့လဲ"

"ကဲ . . . စကားပြောကြဦးနော်၊ မေမေ သမီးလေးအတွက် တစ်ခုခု စီစဉ်လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေ ... ရပါတယ် အန်တီရဲ့"

"မဟုတ်တာ သမီးရယ် ... အန်တီက အိမ်ရှင်လေ။ ညည့်ဝတ်ကျေပါရစေကွယ် ... နော်"

ဒေါ်သန္တာဖြူစင်တစ်ယောက် ကျောက်စက်လက်ကလေးကို ကိုင်လိုက်၊ ပခုံးလေးကိုကိုင်လိုက်နှင့် ပြောပြီးထွက်သွားလေတော့၏။ ညည့်ခန်းထဲမှာ ကျန်ခဲ့တဲ့ နှစ်ယောက်ကတော့ မသိတာကိုမေးတဲ့သူက မေး။

ဖြေတဲ့သူက ဖြေ။ ဒါကို နံရံကွယ်ကနေ ချောင်းကြည့်နေတဲ့ ရဲမိုးမျက်စိထဲမှာ ...

ဆရာနဲ့ကျောက်စက်ရေက ...

နေနဲ့လ ရွှေနဲ့မြလို လိုက်ဖက်ညီနေသည်။ ကာယကံရှင်တွေက ဘယ်လိုနေသည်တော့မသိ။ ချောင်းကြည့်နေတဲ့သူမှာတော့ ရင်တွေခုန်ကာ အားမလိုအားမရ ဖြစ်နေမိ၏။ ကျောက်စက်က စာရွက်တစ်ရွက်ကိုထုတ်လိုက်တော့ ဆရာကထသွားပြီး ကျောက်စက်ဘေးမှာ ထိုင်သည်။

အဲ ... ဟုတ်ပြီ။

စာရွက်ကို စားပွဲပေါ်ချပြီး ငုံ့ကြည့်လိုက်ကြချိန်မှာတော့ ..

"ဒုတ်"

"အား"





ရဲမိုး အားခနဲအော်ကာ နဖူးကိုပွတ်လိုက်မိ၏။ ဟိုမှာ စာရွက်ကို ငုံ့အကြည့် ပြိုင်တူဖြစ်ပြီး စူးရှနဲ့ကျောက်စက် နဖူးချင်းတိုက်မိသွားတာလေ။ ဒါကို သူလည်း အားပါပြီး နံရံနဲ့ခေါင်းဆောင့်မိသွားတာ။

"ကျောက်စက်"

"ရှင်"

"နာသွားလား"

"ရပါတယ်"

"ရပါတယ်သာ ဆိုတယ် ... မျက်နှာက ရှုံ့မဲ့သွားတာပဲ။ မှန်း စမ်း လက်ဖယ်"

"ရပါတယ်ဆို"

"ဖယ်စမ်းပါ"

"ဆရာလည်း နာသွားတာပဲ မဟုတ်ဘူးလား"

"ကိုယ်က ယောကျ်ားပဲ"

"ရှင်"

"ဪ ... ယောကျ်ားရင့်မာကြီးလို့ ပြောတာ"

မော့ကြည့်နေတဲ့မျက်နှာလေးက ရှက်ကိုးရှက်ကန်းနှင့် အတင်းငုံ့သွား၏။ စူးရှ သူ့အကျီအိတ်ထဲက မျက်နှာသုတ်လက်ကိုင်ပဝါလေးကိုထုတ်ပြီး အာငွေ့ပေးလိုက် ကျောက်စက်နဖူးလေးကို ဖိပေးလိုက်လုပ်လေလျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"ရ . . . ရပြီ ဆရာ"

"ဘယ်ကရရမှာလဲ။ ခုမှ နစ်ချက်သုံးချက်ပဲ ရှိသေးတာကို"

"ရပါပြီဆို"

"ငြိမ်ငြိမ်နေလေ"

"ရပြီ . . . ရပြီ"

ကျောက်စက် ရှက်မျက်နှာလေးနှင့် သူ့လက်ကို အတင်းတွန်းဖယ်ပစ်လိုက်သည်။ သူစိမ်းယောကျ်ားလေးတစ်ယောက်နှင့် ကျောက်စက် ခုလို တစ်ခါမှ ပူးပူးကပ်ကပ် မနေဖူးပေ။ သူ ခုလိုလုပ်ပေးတော့ ရင်ထဲမှာ ဘယ်လိုကြီးမှန်းမသိပါဘူး။

ထို့ကြောင့် . . .

"ကျောက်စက် ပြန်တော့မယ်"

"ဟာ . . . ဟော့"

ကျောက်စက် ထရပ်လိုက်တော့ . . .

"စာရွက် . . . စာရွက်မေ့ကျန်ခဲ့ဦးမယ်"

"ကျေးဇူးပဲ"

စာရွက်ကိုကောက်ယူပြီး ထွက်သွားပုံက နောက်မှာ ကျားလိုက်တော့မယ့်အတိုင်းပါပဲ။ အရှက်ကြီးတဲ့ ကောင်မလေးကြောင့် စူးရှ သဘောကျစွာ ရယ်လိုက်မိစဉ် . . .

"ဖြောင်း ဖြောင်း ဖြောင်း"



"ဟင်"

"တော်တယ် . . . တို့ဆရာတော်တယ်"

"ရဲမိုး"

"သေချာတယ်ဆရာ . . . တကယ့်ကိုသေချာတာ"

"အဆုံးမရှိ၊ အစမရှိ ဘာသေချာတာလဲ"

"အဟဲ . . . ဆရာ့အာငွေ့က ကောင်မလေးရဲ့နှဖူးကနေ နှလုံးထဲကို တစိမ့်စိမ့်စီးဝင်သွားမှာ ဆရာရဲ့"

"ခွေးကောင် ရဲမိုး . . . မင်းကို ခိုးကြည့်နေတယ်ပေါ့လေ ဟုတ်လား"

"ခိုးကြည့်တာမဟုတ်ပါဘူး ဆရာရဲ့၊ ချောင်းကြည့်တာ၊ ချောင်းကြည့်တာ"

စူးရှ ရှက်ရယ်ရယ်ပြီး လည်ပင်းကို ပွတ်လိုက်မိစဉ် . . .

"သား"

"ဗျာ"

"သမီးလေးရော"

"ကြီးမေသား လက်သွက်၊ ပါးစပ်သွက် သွက်လိုက်တော့ ကောင်မလေးက ရှက်ပြီးပြန်သွားပြီလေ"

"ဟော့ကောင်"

"ဟဲ့ . . . နင့်စကားက ဘာတုံးဟဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ . . . ဘာမှမဟုတ်ဘူး မေမေရာ၊ ဒီကောင် မင်းကွာ . . . မင်း"

လက်ညှိုးသာထိုးပြီး ဘာမှဆက်မပြောတော့၊ ချာခနဲလှည့်ထွက်ခဲ့ခြင်းနဲ့အတူ ခုမှပဲ ရင်ခုန်သံတွေက တဒိတ်ဒိတ်။

"ကြီးမေသား ရှက်သွားပြီ . . . ဟေ ဟေ့"

❐❐❐



## အခန်း (၁၇)

ဦးစစ်နိုင် လုပ်စရာရှိတဲ့စာရင်းဇယားတွေ ပြတ်သွားတာနှင့် ဖီဒီယိုကြည့်နေကြသည့် အခန်းထဲသို့ လျှောက်လာခဲ့၏။ ကေသီက မြန်မာကားတွေပဲကြည့်တာလေ၊ ဗီဒီယိုကြည့်နေကြတာ ဝင်းဝင်းနဲ့ ကေသီ နှစ်ယောက်တည်း။

ပြောသံ ကြားလိုက်ပါတယ်။ မြန်မာကားထဲက ကေသီကြိုက်တဲ့မင်းသားရဲ့ကား . . . အသစ်ထွက်လာလို့ ဝင်းဝင်း ငှားလာသည်တဲ့။

ကားက ကောင်းနေသည် ထင်ပါရဲ့။

ဦးစစ်နိုင် ဝင်လာတာကိုပင် ဂရုမစိုက်နိုင်ဘဲ ဒေါ်ကေသီ စက်တားမှာ အာရုံနှစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကေသီ"

"......................."

"ကေသီ"

"ဟင် ... ဩော် ... မောင်"

"ဇာတ်ကားက ပြီးတော့မှာလား"

"မပြီးသေးဘူး မောင်ရဲ့၊ စောစောက ဝင်းဝင်း ကုလားကား ကြည့်ချင်တယ်ဆိုလို့ ထည့်ကြည့်နေတာ"

"ဒါဆို မောင် အိပ်တော့မယ်"

"အင်း"

"ဒီကားပြီးရင်တော့ ကေသီလည်း အိပ်နော်၊ သိပ်ညဉ့်နက်မခံနဲ့ ကြားလား"

"အင်းပါ ... မောင်ရဲ့"

"ဝင်းဝင်း"

"ရှင်"

"နင်လည်း ဒီကားပြီးရင် အိပ်နော်၊ မိုးလင်းမှ အိပ်ရေးမဝလို့ တို့ ဘာတို့ မကြားရစေနဲ့"

"ဟုတ်ကဲ့"

"ပြောလိုက်ရင် ဟုတ်ကဲ့၊ ပြီးတော့မှ ထမင်းချက်ရင်း ဟို နေရာထိုင်ငိုက်၊ ဒီနေရာထိုင်ငိုက်"





ဝင်းဝင်းက ရယ်ကျဲကျဲလုပ်နေတော့ ဘာမှဆက်မပြောတော့ဘဲ ထွက်လာခဲ့တော့သည်။

ကေသီ ...

ကြည့်နေရင်း မင်းသားအသံက မပွင့်တစ်ချက် ပွင့်တစ်ချက်မို့ အားမလိုအားမရဖြစ်နေသည်။

"ဩော် ... ကြိုက်ပါတယ်ဆိုမှ ပဲက များနေပြန်ပါပြီ"

"မမကြီး ဘာပြောတာလဲ"

ဝင်းဝင်းက လှည့်ကြည့်ပြီးမေးလေလျှင် ...

"နင့်ကို မပြောဘူး၊ ဟိုကို ပြောတာ"

"ဘာဖြစ်လို့လဲဟင်"

"အသံက မပွင့်တစ်ချက် ပွင့်တစ်ချက်နဲ့ ဘာပြောမှန်းမသိဘူးလေဟယ်"

"အသံချဲ့လိုက်ရမလား"

"အေး ... နည်းနည်းချဲ့လိုက်"

သူမက ချဲ့လိုက်ဆိုတာနှင့် ဝင်းဝင်းက ရီမုတ်ကို ကောက်ယူလေသည်။ ပထမအခန်းပြီးလို့ နောက်တစ်ခန်းကို ကွက်ခနဲအပြောင်းမှာ ဝင်းဝင်းက အသံချဲ့လုံးလေးကို နှိပ်လိုက်လေလျှင် ...

"မီးဖျို့ ... မီး မီး"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မီးတွေလောင်နေတယ် … မီးတွေလောင်နေတယ်"

ဗီဒီယိုထဲက ထွက်လာတဲ့အသံကြောင့် ကေသီ မျက်လုံးပြူး ကာ ဆံတ်ခနဲ ထရပ်လိုက်မိ၏။ ရင်ထဲမှာ ဒိုင်းခနဲဆောင့်ခုန်ပြီး မီးတွေ တဟုန်းဟုန်းလောင်ပြီး မီးခိုးလုံးတွေ လိပ်တက်လာတာ ဖန်သားပြင် ပေါ်မှာပေမယ့် …

သူမအမြင်မှာ …

ဖန်သားပြင်ပေါ်က အဖြစ်အပျက်မဟုတ်တော့ဘဲ သူမ ကြုံခဲ့ ဖူးတဲ့ မီးလောင်ပြင်ဖြစ်လာ၏။

"မီး … မီး"

"ကယ်ကြပါ"

"မီးလောင်နေတယ် … မီးဗျို့"

"မောင်"

နှုတ်မှဖွဖွခေါ်မိစဉ် …

"ဝုန်း"

"အမယ်လေး … မောင် သေပါပြီ"

"မမကြီး"

"မောင်သေပြီ … မောင့်ကိုကယ်ကြပါ၊ မောင်ရေ"

"မမကြီး"

"သမီး … သမီး … ဘယ်မှာလဲ သမီး"





"ဟာ … ဒုက္ခပါပဲ"

ခြေကားယား လက်ကားယားနှင့် မျက်လုံးပြူးပြီး အော်နေ တဲ့ ကေသီအသံစူးစူးကြောင့် ဝင်းဝင်း အတင်းထလာပြီး ဘာလုပ်ရ မှန်းမသိ။

"ကယ်ကြပါ … မောင့်ကို ကယ်ကြပါ"

"မမကြီး မဟုတ်ဘူးလေ၊ သတိထားပါ"

"သမီး … ငါ့သမီး ဘယ်မှာလဲ"

"ကေသီ"

"မေမေ"

ဦးစစ်နိုင်နဲ့ကျော့ကျော်စက် အပြေးရောက်လာပြီး ထွက်ပြေးဖို့ ကြိုးစားနေတဲ့ ဒေါ်ကေသီကို အတင်းဖက်ထားကြ၏။

"မောင်ရေ … သမီး"

"ကေသီ မောင် ဒီမှာလေ။ မောင်က ဒီမှာကေသီရဲ့။ ဝင်းဝင်း အဲဒါကြီးကို ပိတ်လိုက်စမ်း"

"ဟုတ် … ဟုတ်"

ဝင်းဝင်း တီဗီကိုပိတ်လိုက်သည့်တိုင် ဒေါ်ကေသီရဲ့အသံက တိတ်မသွားပေ။

"ဖယ်ကြ … မောင်ရေ့ လွှတ်စမ်းပါ မောင်သေပြီ ဟီး ဟီး … မောင်ရေ"



www.burmeseclassic.com

www.burmeseclassic.com



"မောင်က ဒီမှာလေ ကေသီရဲ့။ မောင် မသေဘူး။ မောင်က ဘာမှမဖြစ်ဘူးလေကွာ"

"ငါ့သမီးရော . . . သမီး"

"သမီးရှိတယ် မေမေ။ သမီးက ဒီမှာလေ"

ဒေါ်ကေသီ ရှုန်းနေရာကနေ ငြိမ်သက်သွားပြီး ဦးစစ်နိုင်ကို တစ်လှည့် ကျောက်စက်ကိုတစ်လှည့် စူးစူးစိုက်စိုက် ကြည့်နေစဉ်။

"သမီး ကေသီ"

ဒေါ်မြနှစ်ပါ ရောက်လာပြီး အခြေအနေကို နားလည်သွားဟန် ရှိ၏။ ဒေါ်ကေသီရဲ့မျက်လုံးတွေက ပြုံးကျယ်ပိုင်းစက်လာကာ . .

"ဟား ဟား ဟား ဟား"

"ကေသီ"

"မေမေ"

"ဘာ မေမေလဲ၊ ဘာမေမေလဲ သွား။ ငါ့ကို လာညာချင်သေးတယ်။ နင် ငါ့သမီးမဟုတ်ဘူး။ ငါ့သမီးက ဟောဒီလို ရင်ခွင်ထဲမှာ ပိုက်ထားလို့ရတဲ့ ကလေးသေးသေး ပိစိညှောင့်တောင့်လေး . . . ဟဲ့ သိလား . . . ဟား ဟား ဟား"

"မေမေ"

"ကေသီရယ်"

အခြေအနေကို နားလည်လိုက်ပြီမို့ ဦးစစ်နိုင်၏မျက်ဝန်းမှာ





မျက်ရည်တွေ ဝေ့တက်လာ၏။ အံကိုတင်းတင်းကြိတ်ပြီး လက်သီးကို ဆုပ်ကာ . . .

"တောက် . . . အဲဒီလိုမှန်းသိရင် ဒါတွေကို မကြည့်နိုင်ပါဘူး။ ဒါတွေကြောင့်"

"ဝှန်း"

"အမယ်လေး"

"သား"

"ဖေဖေ"

"ဒါတွေကြောင့်"

"ဝှန်း"

"မလုပ်ပါနဲ့ . . . ကြောက်တယ် မောင်ရေ"

ဝင်းဝင်းတစ်ယောက် ဘယ်ပျောက်သွားမှန်းမသိ။ ကျောက်စက် ဝှန်းဒိုင်းကျဲနေတဲ့ ဖခင်၏ခါးကို အတင်းဝင်ဖက်ပြီး . . .

"ဖေဖေ အဲဒီလိုမလုပ်ပါနဲ့ ဖေဖေရဲ့။ ဖေဖေ ဒီလိုလုပ်ရင် မေမေက ကြောက်ပြီး ပိုဆိုးသွားမှာပေါ့ . . . အီး ဟီး"

"တောက် . . . ကွာ"

ဒီလိုတွေဖြစ်မှာစိုးလို့ အရိပ်တကြည့်ကြည့် ဂရုစိုက်နေကာမှ ကံကြမ္မာက ရက်စက်ပြန်ပြီတစ်ခါ။

"ကေသီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်တာလဲ ဖယ်စမ်းပါ"

"မောင်လေ ... ကေသီရဲ့ မောင်လေ"

"မောင်"

"ဟုတ်တယ်လေ"

"အဟိ ... မောင် အများပြောတော့ ဖဲဝိုင်းသွားတယ်ဆို ××× မောင် တဖြည်းဖြည်းနဲ့ ခွက်ပျောက်သွားမယ်နော် ... ဟီဟိ"

"ဖြစ်ရလေ သမီးရယ်"

ဒေါ်မြနှစ်မှာလည်း မျက်ရည်တစ်ဖက် နှပ်တစ်ဖက်။ ဒါ ဟို စနေမ စုပြီးမွေးခဲ့တဲ့မီးက ခုထိ မသေနိုင်သေးဘဲ ဖွဲမီးလို တငွေ့ငွေ့ လောင်နေရှာသလား။

❐ ❐ ❐



## အခန်း (၁၈)

"ကျောက်စက်တို့မိသားစုအကြောင်းကြားရတာ ကိုယ် တကယ်စိတ်မကောင်းဘူးကွာ"

"ဘာတတ်နိုင်မှာလဲ သရာရယ်။ ဒီလောက် ဂရုစိုက်နေတဲ့ ကြားက ဒီလိုဖြစ်သွားတာ ပြေးမလွတ်တဲ့ ဝဋ်ဘက်တွေပဲပေါ့"

ပန်းလေးတစ်ပွင့် ညှိုးနေသလို နွမ်းဖတ်ညှိုးရော်နေတဲ့ ကျောက်စက်မျက်နှာလေးကိုကြည့်ပြီး စူးရှ တကယ်ရင်ထဲမကောင်း ပေ။ အေးအတူ ပူအမျှ မင်္ဂလာ ၁၀ နေပြပါမယ်ဆိုတာမျိုး။ ခွဲယူလို့ ရရင် ကျောက်စက်ဆီက အပူတွေကို တစ်ဝက်ခွဲယူလိုက်ချင်တော့

"ကျောက်စက်"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"အားငယ်နေလားဟင်"

"ဒါ အားငယ်စရာမှ မဟုတ်ဘဲဆရာ။ မေမေ ဘာပဲဖြစ်နေဖြစ်နေ ကျောက်စက်ရဲ့မေမေက မေမေပဲလေ။ စိတ်မကောင်းတော့ ဖြစ်ရတာပေါ့။ မေမေနဲ့ဖေဖေကို ကျောက်စက် အရမ်းသနားတာပဲ"

"ကျောက်စက်ဖေဖေ တော်တော်ခံစားနေရမှာပဲနော်"

"ဖေဖေက မေမေ့ကို အရမ်းချစ်တာဆိုတော့ ခံစားရတာပေါ့"

"ဟင်း"

"ကျောက်စက်တို့အိမ်အကြောင်း ပြောပြလို့ ဆရာ စိတ်ညစ်သွားပြီထင်တယ်"

"မညစ်ပါဘူး . . . စိတ်မကောင်းဖြစ်ရတာ"

အမှုကိစ္စပြောနေရင်းက မိသားစုအကြောင်း ရောက်သွားတော့ . . .

"ကျောက်စက်မိဘတွေ နေကောင်းရဲ့လား"

လို့မေးမိတဲ့ ကိုယ့်ပါးစပ်ကိုယ် အပြစ်တင်မိသွား၏။ အလွှာပသလွှာပ မေးမိတဲ့အကြောင်းရင်းကနေ ခုတော့ ကြားရတာ စိတ်မကောင်းစရာ။

"ဒါပေမဲ့ . . . ကျောက်စက်က ကိုယ့်ထက် ကံကောင်းပါတယ်"





"ရှင်"

"ဘာပဲဖြစ်ဖြစ် မိဘနှစ်ပါးရဲ့မေတ္တာရိပ်အောက်မှာ ကြီးပြင်းလာရတာလေ။ ပြီးတော့ အဘွားလည်း ရှိတယ်။ ကိုယ်တို့မှာကျ သားအမိနှစ်ယောက်တည်း ရပ်တည်ခဲ့ရတာကြာပြီ"

ပြောရင်းပဲ စူးရှ နွေဆောင့်ကဲကို ဖျတ်ခနဲ သတိရသွားသည်။ ဒီလိုပဲ နှိုင်းယှဉ်နေကြမယ်ဆိုရင် နွေဆောင့်ကဲက ကိုယ့်ထက်ကံဆိုးသူ။ မိဘနှစ်ပါး စုံညီစွာနဲ့ နေကြရတဲ့လူတွေထဲမှာ အမေက စိတ္တဇဝေဒနာသည်မို့ ကျောက်စက်ကံဆိုးပေမယ့် အတောင်မစုံဘဲ ဘက်ပဲ့နေတဲ့ စူးရှက ကျောက်စက်ထက်ပိုပြီး ကံဆိုးသူပေါ့။

နွေဆောင့်ကဲကျတော့ . . .

မိဘအရင်းတွေရှိပါလျက်နဲ့ စနေသမီးမို့ ခိုက်တယ်ဆိုပြီး စွန့်ပစ်ခံရသူ။ ဆင်းရဲလို့ ပညာရေးလည်း ဆုံးခန်းမတိုင်။ ဒီကြားထဲ မွေးစားအမေက အကြင်နာတရားမရှိတော့ ပိုဆိုးတာပေါ့။

"အဲဒါတွေ တွေးပြီး စိတ်မကောင်းမဖြစ်ပါနဲ့ ဆရာ။ လူ့လောကကိုရောက်လာကတည်းက လူတစ်ယောက် ဘယ်နေ့ ဘယ်အချိန်, ဘာဖြစ်ရမယ်ဆိုတာ ကံကြမ္မာက သတ်မှတ်ပေးပြီးသားပါ"

"အင်း . . . ဟုတ်တယ်နော်၊ ဖြစ်ချင်တာ မဖြစ်ရ မဖြစ်ချင်တာတွေ ဖြစ်ရတဲ့ လူ့လောကသံသရာက လည်နေတာပဲ"

"ကဲ . . . ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"စကားကောင်းနေတာနဲ့ မှာထားတာတွေ ဘာတစ်ခုမှ မစားရသေးဘူး။ စားလိုက်ပါဦး"

စူးရှ ခေါင်းညိတ်လိုက်ပြီး . . .

"ဒါနဲ့ ကျောက်စက်ကို ကိုယ်တစ်ခုပြောရဦးမယ်"

"ပြောလေ"

"ကိုယ့်ကို ဆရာ,ဆရာနဲ့ မခေါ်ပါနဲ့"

"ရှင်"

"အဲဒီဆရာဆိုတဲ့အခေါ်က ကျောက်စက်နဲ့ကိုယ့်ကြားမှာ စည်းတစ်ခု ခြားနေသလိုပဲ"

"ကျောက်စက်က ရိုရိုသေသေ ခေါ်တာလေ ဆရာရဲ့"

"ဟော . . . ပြောနေရင်းက ခေါ်ပြန်ပြီ၊ ရင်းရင်းနှီးနှီး အခြားနာမ်စားတစ်ခုပြောင်းခေါ်လေ"

"ဘယ်လိုခေါ်ရမှာလဲ"

"အဆင်ပြေမယ့်တစ်ခုခုပေါ့"

ကျောက်စက် တွေခနဲဖြစ်သွား၏။ သူ့နာမည်က ရင်းရင်းနှီးနှီး တစ်လုံးတည်း ခွဲခေါ်လို့ နားထောင်ကောင်းတဲ့နာမည်မဟုတ်။

ဒီတော့ . . .

"ဒါဆို ကိုစူးရှလို့ပဲ ခေါ်မယ်လေ"





"ကျောက်စက်သဘောပဲ"

"ဆရာ"

"ဟော"

"အဲ . . . မှားလို့ ကိုစူးရှ"

ခေါ်ကြည့်ပြီး ကျောက်စက်က ရယ်လေ၏။

"နောက်တစ်ခါ ဆရာလို့ မှားခေါ်ရင် ဒဏ်ပေးမယ်"

"ဟင် . . . ဘယ်လိုဒဏ်ပေးမှာလဲ"

"အဲဒါ စဉ်းစားရဦးမယ်"

ရယ်ရင်းပဲ ကျောက်စက်က ရေသန့်ဘူးကိုဖွင့်၍ ဖန်ခွက်ထဲကို ရေထည့်နေစဉ် ရှင်းသန့်ကြည်လင်နေတဲ့မျက်နှာလေးကို စူးရှ ငေးမိသွား၏။ ကိုယ်ကပဲ အချစ်ကို ဂရုမစိုက်လို့လား။ အချစ်ကပဲ သူ့ကို ရှောင်ကွင်း၍ ပတ်ပြေးနေသလား။ အချစ်မရှိတဲ့ စူးရှဘဝထဲကို အခု အချစ်က အချိန်တန်လို့ ဖိမ်ခံပြီး စတင်ဝင်ရောက်လာပြီ ထင်ပါရဲ့။

"ကျောက်စက်"

ခေါ်လိုက်တော့ မော့ကြည့်သည်။

"ကျောက်စက်မှာ ချစ်သူရှိလား"

"ကျောက်စက်ကို စိတ်ဝင်စားတဲ့သူတွေတော့ ရှိတာပေါ့"

"ကိုယ်မေးတာက ကျောက်စက်က ပြန်ချစ်ရမယ့်သူလေ"



www.burmeseclassic.com

www.burmeseclassic.com



"မစဉ်းစားအားပါဘူး ကိုစူးရှရယ်။ ဖေဖေ မေမေတို့ရဲ့ မေတ္တာရိပ်အောက်မှာ နေရတာကိုပဲ ကျောက်စက်က ပျော်နေတာပါ"

"ခုရော"

"ဟင် . . . ဘာလဲ"

"ချစ်သူရှာဖို့ စိတ်ကူးမရှိဘူးလားလို့ မေးတာ"

"ကျောက်စက်က မိန်းကလေးလေ၊ ကိုယ်က ရှာစရာမှ မလိုတာ"

"ကိုယ်ပြောတာ အဲဒီလိုမဟုတ်ဘူးလေ"

"ဒါဆို ဘယ်လိုလဲ"

"ပေးသူရှိရင် ယူမှာလားလို့မေးတာ"

"အဲဒါ ကျောက်စက် ဆုံးဖြတ်လို့မရဘူး ကိုစူးရှရဲ့"

"ဟင်"

မိဘတွေဆုံးဖြတ်ပေးတာကိုပဲ ကျောက်စက် လက်ခံမှာလား။ ဒါဆို အချစ်မပါလည်း မိဘက ဒါဆို ခေါင်းညိတ်မယ့်သဘောပေါ့။ စူးရှကတော့ နှလုံးသားရဲ့အမိန့်ကိုပဲ နာခံချင်သည်။

"ကျောက်စက်က မိဘသဘောတူတဲ့လူကိုပဲ ချစ်ချစ်၊မချစ်ချစ် လက်ခံမယ်ပေါ့"

"အဲဒီလို ပြောမိလို့လား"

"ကျောက်စက်ပဲ ကျောက်စက် ဆုံးဖြတ်လို့မရဘူးဆို"





"ဟုတ်တယ်လေ"

"ဒါဆို"

"ကျောက်စက်ပြောတာက ကျောက်စက်ရေဆိုတာ အပေါ်ယံလူလေ။ အချစ်နဲ့ပတ်သက်ပြီး ဆုံးဖြတ်တာက နှလုံးသားပဲဥစ္စာ"

"ဟဲ့ . . . စူးရှ"

ပခုံးကိုပုတ်ပြီးခေါ်လိုက်တဲ့ အသံစူးစူးကြောင့် စူးရှ တောင့်ခနဲ ဖြစ်သွားခဲ့၏။ လှည့်ကြည့်လိုက်တော့ . . .

"နွေဆင့်ကဲ"

"နင်နဲ့ တွေ့တာနဲ့ အတော်ပဲ"

"ဘာဖြစ်လို့လဲ"

"ငါ အရေးကြီးကိစ္စ သွားစရာရှိလို့၊ အဲဒါ နင်လိုက်ပို့ပေးစမ်းပါ"

"ဟာ . . . ငါ မအားဘူးဟ"

"နင် အခု အားလို့ထိုင်နေတာ မဟုတ်ဘူးလား"

"ထိုင်နေတာက အလုပ်ကိစ္စပြောနေတာလေ"

"အလုပ်ကိစ္စပြောနေတာ ဟုတ်လား"

"ဟုတ်တယ်"

နွေဆင့်ကဲက မဲ့ပစ်လိုက်ပြီး . . .

"အချစ်တွေ၊ နှလုံးသားတွေပါတဲ့ အလုပ်ကိစ္စရှိတယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"နွေဆင့်ကဲ"

"ကိုရှုရှ"

"ဟင်"

"ကျောက်စက်လည်း ပြန်တော့မှာဆိုတော့ လိုက်ရင် လိုက်သွားလေ"

"ကိုယ် တကယ်သွားစရာရှိသေးတာ ကျောက်စက်ရဲ့"

"ကြီးကျယ်လိုက်တာဟယ် . . . သွားစရာရှိရင် ပြီးမှသွား။ ငါက ပိုအရေးကြီးတယ် လိုက်ပို့ လာ . . . ထ"

လက်မောင်းကိုဆုပ်ကိုင်ပြီး အတင်းဆွဲထူလေတော့ ရှုရှ မျက်နှာပျက်သွားသည်။ ကျောက်စက်ကိုကြည့်လိုက်တော့ တည်တည်ငြိမ်ငြိမ်ပါပဲ။ နွေဆင့်ကဲကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်သည့်ပုံ။

"လာပါ ရှုရှရဲ့"

"ကျွတ်"

မဖြစ်သာတော့ ရှုရှ ထရပ်လိုက်ကာ . . .

"ကျောက်စက်"

"ရှင်"

"ကိုယ်သွားဦးမယ်နော်"

"ဟုတ်ကဲ့"

နွေဆင့်ကဲ ဆွဲခေါ်နေပုံက ကလေးချင်း အတူကစားတာကို





ရန်ဖြစ်မှာစိုးလို့ အတင်းဆွဲခေါ်နေတဲ့ မိခင်လိုပါပဲ။ ဒါပေမဲ့ အခုအခြေအနေက မတူညီ။

"နွေဆင့်ကဲ"

"ဟင်"

"ကဲ . . . ပြော"

"ဘာလဲ"

"ဘယ်ကိုလိုက်ပို့ရမှာလဲ"

"ဘယ်မှပို့စရာမလိုဘူး"

"ဘာ"

နွေဆင့်ကဲ ရယ်နေပုံကိုကြည့်ပြီး ဒေါသထွက်သွားသည်။ ဒါ ဘာအချိုးချိုးတာလဲ။ ကျောက်စက်နဲ့သူ အတူရှိနေတာကို ဖျက်လိုဖျက်ဆီးလုပ်တာ။

"တောက်"

"ဟင် . . . ဒေါသဖြစ်သွားတာလား"

"နွေဆင့်ကဲ . . . နင် တော်တော်စိတ်ပုပ်ပါလား"

"လူတိုင်းက အပုပ်ကောင် ရုပ်ဆောင်နေကြတာပဲဟာ"

"နင်ဟာ"

"ဒီလောက် ဒေါသဖြစ်ရအောင် သူနဲ့နင်က ဘယ်လိုပတ်သက်နေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



“အဲဒါ . . . နင်သိဖို့ မလိုဘူး”

“စူးရှ”

စူးရှ ဒေါသကို ထိန်းချုပ်လိုက်ရတာကြောင့် နှာခေါင်းဖျားလေးတွေ နီချင်ချင်။ ကျောက်စက်ကို ဘယ်လောက်အားနာဖို့ကောင်းလဲ။ ရှေ့နေဆိုတဲ့ဂုဏ်ပုဒ်ကြောင့် စိတ်ရှိသလောက် ဒေါသကထွက်လို့မရ။

“ငါ ပြောဖူးတာ နင်မေ့နေပြီလား”

“ဘာလဲ”

“နင့်ကံကြမ္မာကို ငါ ဆေးခြယ်မယ်လို့”

ဘာသာမတူတဲ့မျက်ဝန်းဆုံမှတ်မှာ ဘာတွေ တည်ခင်းသွားနိုင်သလဲ။ လူတစ်ယောက်ရဲ့ကံကြမ္မာကို ဆေးခြယ်နိုင်ရအောင် သူက ဘယ်လိုအစွမ်းထက်လို့လဲ။

❐❐❐



## အခန်း (၁၉)

ဦးဇေဒါ ကိုယ်တွေလက်တွေ ကိုက်ခဲနေသဖြင့် အိပ်ရာထဲမှာ ခွေခွေလေး လှဲနေသည်။ ငယ်ငယ်က ပင်ပင်ပန်းပန်းလုပ်ခဲ့သမျှ အသက်ကြီးမှ အထိခံရတော့ ကျန်းမာရေးက ရှုံ့ခနဲ ပို့ခနဲ။

“အရင်းမဆပ်နိုင်တောင် အတိုးရှင်းပေးနေရင် တော်သေးတာပေါ့။ အခု နင့်ဟာက အတိုးလည်းမပေး အရင်းဆိုတာ ဝေလာဝေးစွ။ ငါကလည်း ကျောက်ခဲသလဲ ကောက်ပေးထားတာ မဟုတ်ဘူးဟဲ့”

“ကျွန်မကလည်း တကယ်ကို မပြေလည်သေးလို့ တောင်းပန်နေတာပါ မစိုးရယ်။ ပိုက်ဆံသာရကြည့် မစိုးဆီကို ပြေးလာပြီး အရင်ဆုံးဆပ်မှာ စိတ်ချ”



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ပြေလည်တာ မပြေလည်တာ ငါနားမလည်ဘူး နီမာ၊ ငါချေးထားတာ ကြာလှပြီ။ မရှိလည်း ရှိအောင်ရှာပြီး ငါ့ပိုက်ဆံကို ဆပ် ... ဒါပဲ"

"မိုးရယ် ... ကျွန်မလေ"

"တော်ပြီ ... ငါ့ကို ဘာမှလေချိုမသွေးနဲ့။ နင် ရွှေတိုင်း ငါ မစောင့်နိုင်ဘူး"

"ကဲ ... မစောင့်နိုင်လည်း မပေးဘူးရှင်။ ရှင် ဘာလုပ်မလဲ ပြော"

"ဟဲ့ ... သူများပိုက်ဆံယူပြီး ပြန်မပေးချင်လို့ရမလား"

"မပေးဘူး"

"မပေးရင် ရပ်ကွက်လူကြီးနဲ့တိုင်မယ်"

"သွားတိုင် ... သွား"

အပြင်မှ ဆူဆူညံညံအသံတွေကြောင့် ဦးဇေဒါ အိပ်ရာထဲမှ ထ၍ အပြင်သို့ထွက်လာခဲ့၏။ နီမာက ငွေသုံးကြမ်းသည်။ သူလည်း အလုပ်လုပ်ရတဲ့ပိုက်ဆံမှန်သမျှ နီမာ့ကို အကုန်အပ်ခဲ့တာပဲ။

ဒီကြားထဲ သမီးနွေဆင့်ကဲကလည်း သူ သီချင်းဆိုလို့ရတဲ့ ပိုက်ဆံထဲကနေ အိမ်စရိတ်ဆိုပြီး ပေးနေသားပဲ။ ဒါကို မလောက်ငလို့ ကြွေးတင်နေတာ။ အခုတော့ အိမ်အထိလာပြီး ရန်တွေ့ခံနေရပြီ။

"သူများဆီက ချေးတုန်းကချေးပြီး ပြန်မပေးချင်ဘူး။





ကောင်မ လူပါးဝတာ"

"လူပါးဝတော့ ဘာဖြစ်ချင်လဲ။ ဘာလုပ်ချင်လဲ လုပ်စမ်းပါ"

"ဟော့ကောင်မ"

"တောက် ... ကဲ"

"ဟေ့ ဟေ့ ... မလုပ်ကြနဲ့လေ"

"မနီမာနဲ့မိုး နပန်းလုံးကုန်ပြီ လုပ်ကြပါဦး"

နီမာနဲ့မိုး နပန်းလုံးကြတော့ မြင်တဲ့လူတွေမှာ အော်သူက အော်၊ ဝင်ဆွဲသူကဆွဲပါ။

"တော်ကြပါတော့ ... မလုပ်ကြနဲ့တော့"

"ဆွဲကြပါဦး"

"နီမာ ... မလုပ်နဲ့ တော်တော့"

"မိုး"

"ကောင်မ လူပါးဝလို့"

"ဖြန်း"

"အား"

ဆွဲသူ အော်သူ ဆူဆူညံညံကြားမှာ ဦးဇေဒါလည်း ဝင်ဆွဲသော်။ နီမာက မိုးကို ပါးရိုက်လေသဖြင့် မိုးက နီမာ့ဆံပင်ကို ဆွဲထားတော့ ဘေးလူတွေ မနည်းလက်ကို ဖြုန့်နေရသည်။

"ကမြင်းမ ... ကဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို မဆဲနဲ့ မသာမ"

ဆဲသံကလည်း ဘာမညာမနှင့် မကြားဝံ့မနာသာတွေလည်း ပါသည်။ ရန်ဖြစ်ပြီဆို ဒီလိုပဲ။ ဟုတ်တာတွေရော မဟုတ်တာတွေရော ပါကာ ကိုယ်အနိုင်ရဖို့ ပြောဆိုဆဲရေး တိုင်းထွာကြတာပဲလေ။ မစိုး ရန်ဖြစ်နေတယ် အသံကြားတော့ သူ့ယောက်ျားကလည်း ပြေးလာ သည်။

တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။

နွေဆင့်ကဲလည်း အပြင်ကပြန်လာတာနှင့် တိုးလေလျှင်။။

"ဟာ ... ကိုဗေဒါ ... ခင်ဗျား ကျွန်တော့်မိန်းမကို ဘာလုပ် တာလဲဗျ"

"ဆွဲတာလေကွာ"

"ဘာဆွဲတာလဲ ... တောက်"

"ခွပ်"

"အ"

"အဖေ"

မစိုးယောက်ျား ကိုဝကြီးက အဖေ့ကို လက်သီးထိုးလေတော့ အဖေ ဖင်ထိုင်ကျသွားတာကိုမြင်ပြီး နွေဆင့်ကဲ မျက်လုံးထဲမှာ မီးပွင့် သွား၏။ သူ့ဘဝမှာ အားအကိုးရဆုံးနဲ့ အချစ်ခင်ရဆုံးတစ်ဦးတည်း သူဟာ အဖေ။ အဖေ့ကိုထိတော့ သွေးက ဆူလာပြီး ...





အိမ်အဝင်ခါးဘောင်ဖြုတ်နေတာကို စိတ်နှင့်ဆွဲဖြုတ်လိုက် တာ ဝုန်းခနဲပါပဲ။

"ဟော့ကောင် ဝကြီး ... မင်းလွန်မယ်နော်"

"ခင်ဗျား ကျွန်တော့်မိန်းမကို ချုပ်ပေးတာ"

"မဟုတ်ဘူး"

"ဦးဝကြီး"

"ဟ်ာင်"

"ဖြောင်း"

"အား"

"သမီး"

ဦးဝကြီးလို့ခေါ်သံ ရူးခနဲ ထွက်လာလို့ လှည့်ကြည့်လိုက်တာ နှင့် ရိုက်ချလိုက်တာကြောင့် ဖြောင်းခနဲပါပဲ။ ဘယ်သတ္တဝါကိုမဆို ရိုက်ပြီဆို သေရင်သေ၊ မသေရင် လက်ထဲ နင့်နင့်ရှိမှကျေနပ်တဲ့ သမီးအကြောင်းကိုသိတဲ့ ဦးဗေဒါ။

"သမီး ... မလုပ်နဲ့ မလုပ်ပါနဲ့"

"အဖေ ဖယ်စမ်းပါ"

"လွန်မယ် သမီး"

ဦးဗေဒါဆွဲထားသည့်ကြားကနေ နွေဆင့်ကဲ ရုန်းနေ၏။

"ဒီလူကို အသေသတ်ပစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"သမီး . . . အဖေ့စကားကို နားထောင်စမ်း"

"အမယ်လေး ကိုဝကြီး၊ ကိုဝကြီး သေပါပြီ။ လာကြပါဦးရှင် ကယ်ကြပါဦး"

"တောက်"

"နွေဆင့်ကဲ . . . ကိုဝကြီးကို ရိုက်လို့ ကယ်ကြပါဦး"

"ရိုက်တယ် ဘာဖြစ်လဲ၊ အသေရိုက်သတ်ပစ်မယ်"

"သမီး"

"လာ . . . သတ္တိရှိတဲ့လူ လာခဲ့စမ်း"

"ဟဲ့ မစိုး . . . ကိုဝကြီးကို ခေါ်သွားလေ"

"အမယ်လေး ကိုဝကြီးရဲ့"

ခေါင်းမှာ သွေးသံရဲရဲနှင့် ကိုဝကြီးကို မစိုးက ကြောက်ကြောက်လန့်လန့်နှင့် အတင်းဆွဲခေါ်လေ၏။ ဆွဲမခေါ်လို့ နွေဆင့်ကဲ မျက်စိရှေ့မှာရှိနေရင် အသေရိုက်သတ်ပစ်မှာ ကျိန်းသေပဲလေ။

"နီမာ လူပါးဝတဲ့ ကောင်မ"

"ဝတော့ ဘာဖြစ်သေး.. ဘာဖြစ်လဲ"

"နင်နဲ့ငါ တွေ့ဦးမယ်"

"အံမယ် . . . ခုပြန်တွေ့စမ်း လာစမ်းပါ"

"နီမာ"

ခါးထောက်ပြီး ဆွေ့ဆွေ့ခုန်နေတဲ့ ဒေါ်နီမာကို ဦးဗေဒါ





အော်ပစ်လိုက်သည်။

"နင် တော်တော်မိုးမွှေးတဲ့မိန်းမ"

"ဘာရှင့်"

"နင်ကမှ ဖြိုဟ်မ,အစစ်"

"အမယ်လေးတော်"

"ကဲ . . . တော်ကြပါတော့၊ ကိုဗေဒါ နွေဆင့်ကဲကိုခေါ်သွား"

နွေဆင့်ကဲစိတ်ကိုသိနေတဲ့ ပတ်ဝန်းကျင်ကလူတွေမှာလည်း နွေဆင့်ကဲကို လက်ပွန်းမှာစုံ၍ အတင်းခေါ်သွားခိုင်းနေကြပြီ။ နွေဆင့်ကဲဆိုတာ ဘာကိုမှ ကြောက်တတ်သူမဟုတ်ဘူးလေ။ ဒေါသထွက်ပြီဆို လူမသတ်ဘူးလို့ ပြောလို့ရမလား။

"လာပါသမီးရယ် . . . စိတ်လျှော့နော်။ အဖေ့စကားကို နားထောင်မှပေါ့"

"အဖေ့ကို ဒီလူ နာကျင်အောင်လုပ်တာ . . . တောက်"

ဖအေကို ချစ်တတ်တဲ့ စိတ်ကလေးရှိနေလို့ တော်သေးတာပေါ့။ မဟုတ်ရင် အကြင်နာတရားမဲ့ပြီး ရက်စက်တတ်တဲ့ သူမကို ဘယ်လိုသတ္တဝါထဲ စာရင်းသွင်းသတ်မှတ်ကြမလဲ။

❒❒❒



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

ဒေါ်သက ရှေ့တန်းတင်တဲ့ နွေဆင့်ကဲ၊ ခုတော့လည်း အချုပ်ထဲမှာ ဘယ်နှစ်ရက်ကြာအောင်နေရမလဲ။ ထောင်ကျချင်လည်းကျ နွေဆင့်ကဲက ဘာကိုမှ ဂရုစိုက်တဲ့သူမဟုတ်ဘူးလေ။ လုပ်ရဲရင် ခံရဲတဲ့သတ္တိ ရှိရမှာပေါ့။ ဘယ်သူတွေ ဘာပြောပြီး ဘယ်လိုပုတ်ခတ်စော်ကားကြဦးမလဲ။

နွေဆင့်ကဲကြောင့်ဆိုတာတွေ . . .

ဘယ်တော့မှ ပပျောက်သွားမှာ မဟုတ်တဲ့အတူ အပြောနဲ့ညီအောင် ထပ်မိုက်ရိုင်းဖို့ ဝန်မလေးပေ။

"နွေဆင့်ကဲ"

ကိုယ့်နာမည်ကိုခေါ်လိုက်တာကြောင့် နွေဆင့်ကဲ ထရပ်လိုက်





သည်။ သူမကို ဘယ်သူက အာမခံနဲ့ လာထုတ်သလဲ။ အဖေက လွဲရင် သူမအပေါ် စေတနာထားမယ့်သူမှ မရှိတာ။ အဖေပဲ အာမခံနဲ့ လာထုတ်ပေးတာ နေမှာပေါ့။

"လာ လာ . . . ထွက်"

နွေဆင့်ကဲထွက်လာခဲ့တော့ အာမခံနဲ့ လာထုတ်သူဟာ အဖေ မဟုတ်ပေ။

အဖေ . . .

အဖေက ဘယ်မှာလဲ။

အဖေ ဘာလို့မလာတာလဲ။

အဖေ ဘာဖြစ်နေလို့လဲ။

အဖေသာ သူမအတွက် တစ်ဦးတည်းသောခင်တွယ်ရာမို့ အဖေ့ကို မျှော်လင့်ရင်းပဲ စိတ်တွေက ပူပန်လာသည်။

"နွေဆင့်ကဲ"

"ဪ . . . စူးရှ"

"နင်ကလည်းဟာ"

"အဖေ"

"ဖျားနေတယ်၊ အိပ်ရာထဲက လုံးဝမထနိုင်လို့ ငါလာခဲ့တာ"

"ဖျားနေတယ်"

အသက်ကကြီးပြီလေ။ နဂိုကတည်းက ကျန်းမာရေးအခြေ



www.burmeseclassic.com

www.burmeseclassic.com



အနေက ယိုင်နဲ့နဲ့ကို လက်သီးနဲ့အထိုးခံလိုက်ရတာပါ ပေါင်းတော့ ဖြစ်မှာပေါ့။ ဒေါ်နီမာဆိုရင် သေတောင် မျက်ရည်ကျပေးဖို့ စိတ်ကူး မရှိပေမယ့် ...

အဖေဆိုတော့ ...

ရင်ထဲမှာ ပူပန်စိတ်တို့ ဖြစ်တည်၏။

"ရူးရှ"

"နှင် ဘာပြောမလို့လဲ"

"နှင် ဒီကိစ္စကို ဘယ်လိုလုပ်သိတာလဲ"

"အမှန်ပြောရရင် ငါ နှင် သီချင်းဆိုတဲ့ဆိုင်ကို ရောက်ခဲ့ တယ်။ နှင် မလာဘူးဆိုပြီး အကြောင်းစုံပြောပြကြတာလေ။ အဲဒါနဲ့ ငါ နှင်တို့အိမ်ကိုသွားခဲ့တာ"

"ခုလို ဂရုစိုက်ဖော်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"အချင်းချင်းတွေပဲဟာ မလိုပါဘူး"

ပြောပြီး ရူးရှ တာဝန်ရှိသူတွေကိုနှုတ်ဆက်ပြီး နွေဆင့်ကဲကို ခေါ်ကာ ထွက်လာခဲ့တော့၏။

"အဖေ တော်တော်နေမကောင်းဖြစ်နေတာလား ရူးရှ"

ရူးရှ ခေါင်းညိတ်လိုက်ပြီး ...

"ဦးဖေဒါက နှင့်အပေါ် တော်တော် သံယောဇဉ်ကြီးတာပဲ"

"အဖေက ငါ့ရဲ့တစ်ဦးတည်းသော ခင်တွယ်ရာပါ"





"ဒါနဲ့များဟာ"

"ဘာဖြစ်လို့လဲ"

"သူ့ခမျာ ကယောင်ကတမ်းတွေ ပြောနေတာတောင် နှင့် အကြောင်းပဲ"

နွေဆင့်ကဲနှုတ်ခမ်းကို ဖိကိုက်မိလိုက်၏။ လောကကြီးက မတရားလိုက်တာ။ အဖေ့လိုလူမျိုးတွေ လေးငါးယောက်ရှိနေရင် နွေဆင့်ကဲ ဒီလောက် ရက်စက်ကြမ်းကြုတ်တတ်မှာ မဟုတ်ခဲ့။ မေတ္တာ တရားဆိုတာ ဘာလို့ သူ့မအတွက် ရှေထက်ရှားနေရတာလဲ။

"နှင် ... နှင့်စိတ်ကို ပြုပြင်သင့်ပြီ နွေဆင့်ကဲ"

"ဘာ"

"နှင် ဦးဖေဒါကို ငဲ့သင့်တယ်"

"ဒီမှာ ရူးရှ"

"ဟင်"

"ငါ့နာမည်ကိုက နွေဆင့်ကဲ"

"ပညတ်သွားရာ ဓာတ်သက်ပါဆိုတာမျိုး"

"ဟုတ်တယ်"

"ကျွတ်"

စိတ်ပျက်သလို ခေါင်းခါလိုက်မိ၏။ ဒီအယူအစွဲတွေ ပျောက် သွယ်အောင်လုပ်ဖို့ မကြိုးစားဘဲ ပိုဆိုးအောင်လုပ်နေတာ ဖက်တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



လူတွေရဲ့ကောင်းခြင်း၊ မကောင်းခြင်းက ကိုယ်ကိုယ်တိုင်ရေးတဲ့သမိုင်းကြောင်းပဲလေ။

"နင် ငါ့ကို တရားမချနဲ့ မှုရေ၊ ငါက ငါ့နာမည်နဲ့ကိုက်ညီတဲ့ သမိုင်းကြောင်းကို ဆက်ရေးသွားမှာ"

"အဲဒီသမိုင်းကြောင်းထဲမှာ ဒေါ်သက ကိုယ့်အနာဂတ်ကို မီးရှို့ဖျက်ဆီးမယ့် မီးစတစ်စပဲ နွေဆင့်ကဲ"

"ဒီထက်မလှတဲ့ဘဝ ထပ်ရှိလာရင် ငါ့ကိုယ်ငါ သတ်သေလိုက်မယ်"

တကယ်ကို နွေကို နွေဆင့်ပြီး ပူပြင်းတဲ့စိတ်ဓာတ်ပိုင်ရှင်ပါလား။ သူများ ခုံးမတာထက် ကိုယ့်ကိုယ်ကိုယ် ခုံးမမှုရမှာဆိုတော့ သူ့ဘဝ သူ့အကြောင်းနဲ့သူပဲပေါ့လေ။

□□□



## အခန်း (၂၁)

"သား ... အမယ်လေး လုပ်ပါဦး သားရယ်"

"ဟင်"

သူ အလုပ်ထဲကပြန်လာတာနှင့် မေမေ ဆီးကြိုပုံက ခါတိုင်းနှင့်မတူ။ အပြုံးချိုချိုနှင့် အမြဲတမ်း ဆီးကြိုတတ်သည့် မေမေက အခု မျက်ရည်တွေနှင့်။

"မေမေ"

"ဒုက္ခတော့ရောက်ကုန်ပြီ သားရယ်"

"ဘာ ... ဘာဖြစ်လို့လဲ မေမေ"

"ကေသီပျောက်သွားလို့ သားရဲ့"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်အိမ်လုံးရှာတာလည်း နှံနေပြီ။ ဘယ်မှာမှ ရှာလို့မတွေ့လို့ မေမေ သေသာ သေလိုက်ချင်တော့တာပဲ"

"သေသေချာချာရှာရဲ့လား မေမေရယ်"

"သေချာသမှ ချောင်ကြိုချောင်ကြားပါမကျန် ရှာတာသားရဲ့။ ဘယ်များ ထွက်သွားပါလိမ့်နော် . . . ဒုက္ခပါပဲ"

ဦးစစ်နိုင် အတက်ချိုချိုကော့စ်ကို ပစ်ချခဲ့ပြီး ပြန်ပြေးထွက်လာခဲ့သည်။ အခုက လမ်းတိုင်းမှာ ကားတွေက ရှုပ်ပါသဘိနဲ့။ ကေသီသာ တစ်ခုခုဖြစ်ရင် ဒုက္ခ။ သူများတွေ အသက်ကြီးရင် အချစ်ပေါ့တယ်တဲ့။ ဦးစစ်နိုင်ကတော့ အသက်ကြီးလေ ချစ်ဇနီးအပေါ်ထားတဲ့ သံယောဇဉ်က ပိုပြီးခိုင်မာလေလေပါ။

အခုပျောက်သွားတယ်ဆိုတော့ . . .

ရင်တစ်ခုလုံး ဖားနဲ့ခွဲပြီး ဆားသိပ်မီးကင်ခံရသလိုပါ။ စိတ္တဇဝေဒနာသည်ဆိုပြီး ဥပေက္ခာပြုမထားလိုက်နိုင်။

"ဟာ"

စိတ်တွေက များနေသဖြင့် လမ်းဖြတ်ကူးတဲ့လူကို သတိမထားမိလိုက်။ ဘေးကပိုင်းအော်သံကြားမှ ဘရိတ်ကိုဆောင့်နင်းမိပြီး ကြည့်လိုက်တော့ ကံသီပေလို့ပါလား။ ကားနဲ့ ပွတ်ကာသီကာ လွတ်သွားပေမယ့် တစ်ဖက်လူ လဲကျသွားတာမြင်လိုက်ရတော့ တာဝန်မဲ့လို့ မဖြစ်။ ကားပေါ်က ကပျာကယာဆင်းကြည့်လိုက်တော့ . . .





"ကားကို ဘယ်လိုမောင်းလာတာလဲ"

"ဆောရီး . . . တောင်းပန်ပါတယ်"

"ကလေးမ ဘာဖြစ်သွားသေးလဲ"

"ခြေခေါက်သွားတာ"

ဖြေသံက တိုပြတ်ပြတ်။ သူ့ကို ရန်လုပ်မလို့ မော့လိုက်တဲ့ မျက်နှာသည် . . .

"နွေဆင့်ကဲ"

"ဟော့လူ . . . ခင်များကားကို ဘယ်လိုမောင်းလာတာလဲဗျ"

"ဒီမှာ ခြေခေါက်လဲသွားတာနဲ့ တာဝန်မရှိဘူး မထင်နဲ့နော်။ ခင်များမှာ တာဝန်ရှိတယ်"

"ဟုတ်တယ် . . . သူ့ကို ဘာလုပ်ပေးမှာလဲ ပြော"

ဘေးကလူတွေက တစ်ယောက်တစ်ပေါက် ပြောနေကြပြီ။ ဒါတွေကို ဂရုမစိုက်နိုင်ဘဲ ဦးစစ်နိုင် ထူပူစွာနှင့် နွေဆင့်ကဲအနားသို့ ရောက်သွား၏။

"နွေဆင့်ကဲ"

နွေဆင့်ကဲကလည်း သူ့ကို မှတ်မိသွားဟန်ရှိကာ . . .

"ရှင် . . . ရှင်"

"ဦး ဘာလုပ်ပေးရမလဲ သမီး။ အားမနာနဲ့နော် . . . ပြော"

"ကျွန်မ အားမနာတတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ... သမီးဖြစ်ချင်တာကိုပြောပါ၊ ဦးလုပ်ပေးပါ့မယ်"

"ကောင်းပြီ ... ကျွန်မကို ဆေးခန်းလိုက်ပို့ပေးပါ"

"ပို့မယ် ... ပို့ပေးမယ်နော်။ ကဲ ... ထ သမီး"

ဦးစစ်နိုင် နွေဆင့်ကဲကိုတွဲပြီး ကားပေါ်သို့တင်ကာ မောင်းထွက်ခဲ့တော့သည်။ ကာယကံရှင်က ကျေနပ်ရင် ဘေးလူဘာပြောလို့ရမှာလဲ။ ဆေးခန်းလိုက်ပို့နိုင်းရုံတင်မို့လို့ တော်သေးတာပေါ့။ ကိုယ့်ကားနဲ့ တိုက်မိတာမဟုတ်ပေမယ့် ကိုယ့်တာဝန် မကင်းဘူးလေ။

"ဦးကို ပြဿနာမရှာတဲ့အတွက် ကျေးဇူးပါပဲ သမီးရယ်။ ဦးလည်း ဦးမိန်းမပျောက်သွားလို့ စိတ်ပူနေတာနဲ့"

"ဒီမှာ ... ဦး ဘယ်သူ"

"ဦးစစ်နိုင်ပါ"

"အင်း ... ဟုတ်ပြီ၊ ဒီမှာ ဦးစစ်နိုင်"

"ဟင်"

"ရှင် ကျွန်မကို ... သမီး သမီးနဲ့ မခေါ်ပါနဲ့"

"ဘာဖြစ်လို့လဲ သမီးရယ်"

ခပ်တွေတွေဖြစ်ပြီးမှ ဦးစစ်နိုင် မေးလိုက်မိ၏။ ကိုယ့်သမီးအရွယ်မို့ သမီးခေါ်တာ ယဉ်ကျေးမှုတစ်ခုပဲလေ။ တစ်ယောက်စကား တစ်ယောက်နားမှာ မခါးရအောင် သတိဆောင်၍ မောင်တို့ဆိုလေ ပျားသကာသို့ ချိုလှစေတဲ့။





"ကျွန်မနာမည် နွေဆင့်ကဲ"

"ဦး သိပါတယ်"

"သိရင် နာမည်ပဲခေါ်ပါ"

"ဦးက သမီးကို ဦးသမီးအရွယ်မို့လို့ ခေါ်တာပါ"

"ရှင့်သမီးမှ မဟုတ်ဘဲ၊ ကျွန်မ အပေါ်ယံသဘာလှူးတဲ့လူတွေကို အရမ်းမုန်းတယ်။ ကျွန်မကို သမီးခေါ်ခွင့်ရှိတာ ကျွန်မရဲ့ မွေးစားအဖေတစ်ယောက်ပဲ"

ဘာတွေကိုများ ဒေါသကြီးပြီး မျက်နှာက ဒီလောက် ခက်ထန်နေပါလိမ့်။

"မင်း တစ်ခုခုကို ဒေါသဖြစ်နေတာလား"

"ဟုတ်တယ်"

"ဘာကိုလဲ"

"ကျွန်မဘဝအတွက် ဘာမှကောင်းကျိုးမပေးတဲ့ ကံကြမ္မာကို"

စကားလုံးတွေက အံကြိတ်ပြီးပြောလိုက်တဲ့အသံ။ ဘာကိုအလိုမကျလို့ ကံကြမ္မာကို ပုံချနေရတာလဲ။ ကိုယ်က ပူပန်သောကတွေနဲ့ ကြုံနေရတဲ့အထဲ သူကလည်း ကံကြမ္မာကို အံကြိတ်အပြစ်တင်နေတာ အကြောင်းတစ်ခုရှိလို့ပေါ့။

ဒါပေမဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



သူ့ပုံစံက အပူရုပ်မကြွဲဘဲ မာန်ရုပ်ထနေသည်။

"မင်းမှာ အခက်အခဲရှိနေရင် ပြောပြလေ"

လှည့်ကြည့်လာတာက ဆတ်ခနဲ။

"ကျွန်မအဖေ ဆေးရုံတင်ထားရတယ်။ အဲဒီအတွက် ကျွန်မ ငွေလိုနေတယ်၊ ငွေလိုချင်တယ်"

"ဘယ်လောက်လိုတာလဲ"

"ကျွန်မ မသိဘူးလေ"

"အဲဒီအတွက် မင်းမပူပါနဲ့"

"ဘာ"

"နွေဆင့်ကဲလိုတဲ့ငွေကို ဦး ကူညီပါ့မယ်"

"နေဦး ဆေးခန်းကိုမမောင်းနဲ့ ဆေးရုံကိုပဲမောင်း"

"မင်းခြေထောက်က"

"ရတယ် ... အဖေ့လောက်အရေးမကြီးဘူး"

ဘယ်ဆေးရုံကို မောင်းရမလဲသာမေးပြီး သူမောင်းခိုင်းတဲ့နေရာကိုပဲ မောင်းလိုက်ရတော့သည်။ ဒီမိန်းကလေးက ဒါဆိုရင် ချောက်ကမ်းပါးရောက်နေတောင် မိုက်မိုက်မဲမဲ ခုန်ချမယ့်စိတ်ဓာတ်မျိုး မို့ သူပြောသလိုနာခံရင်း ကိုယ့်အပူတွေတောင် ဘယ်ရောက်ကုန်မှန်း မသိ။

"ဦးစစ်နိုင် ကျွန်မကို ကူညီမယ်ဆိုတာ ဘယ်လိုပုံစံမျိုးလဲ"





"ဟင် ... ဘာကိုမေးတာလဲ"

"ဦးမင်းခန့်လိုမျိုးလားလို့ မေးတာပါ"

"ဘာ"

"ကူညီတယ်ဆိုတာလည်း အပေးရှိရင် အယူရှိတယ်။ လူတစ်ယောက်ကို တစ်ယောက်က ဘာမျှော်လင့်ချက်မှမရှိဘဲ မကူညီတတ်ကြဘူးဆိုတာ လူတိုင်းသိတယ်"

"နွေဆင့်ကဲ"

"ဘာလဲ ... ဦးမင်းခန့်လိုပဲမို့လား"

"မဟုတ်ဘူး။ မင်း ငါ့စေတနာကို မစော်ကားနဲ့"

"ဘယ်လို"

"ငါ မင်းကိုကျမှ ငါ့သမီးလိုသဘောထားပြီး ရင်းနှီးနေတာ စိတ်ရင်းခံနဲ့ပဲ။ မင်းကို ဘဝပျက်မှာစိုးတာ လမ်းမှာရောက်မှာစိုးတာ"

"ဟား ဟား ဟား ဟား"

မာက်ဟက်ပက်ပက် နွေဆင့်ကဲရဲ့ရယ်သံကြောင့် လန့်တာ တော့တဲ့ ကားကိုရပ်မိသွားသည်။

"နွေဆင့်ကဲ"

"တော် ... တော် ... ဟာသတွေ သိပ်မပြောနဲ့ ဦးစစ်နိုင်။ ကျွန်မ ပြောတိုင်း မယုံတတ်ဘူး။ ဘာပဲဖြစ်ဖြစ်ပါ ကူညီမယ်ဆိုတော့ ကျေးဇူးတင်ရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ်"

"ကဲ ... သိပ်မဝေးတော့ဘူးဆိုတော့ ကျွန်မ လမ်းလျှောက်ပြီးတော့ပဲ သွားလိုက်တော့မယ်။ ကူညီမယ်ဆိုရင် ပိုက်ဆံဘယ်တော့ရမှာလဲ"

ဦးစစ်နိုင် စိတ်ပျက်စွာနှင့်ပဲ ...

"ဒီမှာ ငါ့အိမ်လိပ်စာကတ်။ မုန်းပဲဆက်ဆက် ရုံးပိတ်ရက်ဆိုရင် အိမ်ကိုပဲ လာလာရတယ်"

"ကျေးဇူးပဲ"

ဆေးရုံထိအောင် ဘာလို့ လိုက်မပို့နိုင်းတာလဲဆိုတာ ဦးစစ်နိုင်က မမေးသလို၊ နွေဆင့်ကဲကလည်း မဖြေခဲ့။ သူမ ဘယ်နေရာမှာ ဘယ်လိုပဲ ရှုပ်ရှုပ်၊ သမီးဘဝကို အကောင်းမြင်တတ်တဲ့ အဖေ့ရှေ့မှာ အကောင်းအတိုင်းပဲ ဖြစ်စေချင်သည်။

"သမီး"

".........."

"သမီး သမီး အမေခေါ်နေတယ်လေ"

"............."

"သမီး နေဦးလေ ... အမယ်လေး မေမေ့သမီးရယ်"

"ဟင်"

ကိုယ့်လက်ကို အတင်းဆွဲထားတာမို့ နွေဆင့်ကဲ လှည့်ကြည့်





လိုက်စဉ် ဆံပင်တွေ ဖိုးရိုးဖားရားနှင့်မိန်းမက ...

"ရှာလိုက်ရတာ သမီးရယ်၊ သမီးက ဘယ်တွေကိုလျှောက်သွားနေတာလဲ။ မေမေ့မှာတော့ ပြေးလိုက်လာရတာ မောလိုက်တာ"

"ဟာ ... ဘာတွေ လာပြောနေတာလဲ။ ဘယ်သူက ရှင့်သမီးလဲ"

"ဒီသမီးလေ ... ဒီသမီးက မေမေ့သမီးပေါ့"

"ကျွတ် ... ပြဿနာပဲ"

"မိုးတွေ ငြိမ်းသွားပြီ။ မောင်လည်း သေပြီ။ အခု မေမေ တစ်ယောက်တည်းရယ် သမီးရဲ့။ အိး ဟီး ... မေမေ့နဲ့ပြန်လိုက်ခဲ့ပါ သမီးရယ်"

"ဟဲ့ ... အရူးမ၊ သူများတွေကို လိုက်ရှုပ်နေတယ် လာစမ်း"

"ဘာလို့လာရမှာလဲ ဖယ်စမ်း"

လာခေါ်တဲ့သူ လက်ထဲကနေ ရုန်းပြီး နွေဆင့်ကဲ လက်မောင်းကိုသာ ဖက်ထားလျက် ...

"အရူးမ"

"ဘာအရူးလဲ၊ နင်သာ အရူး။ နင်သာ အရူးဟဲ့။ ဟော့ ... ရူးလည်း ရူးတယ်၊ မူးလည်း မူးတယ် ... တို့ဖေဖေကျော်၊ မူးလည်း ရူးတယ်၊ ထူးလည်း ထူးတယ် တို့ကိုကိုကျော်။ အရက်သမားမုန်ရင်ဆေ ... ဟယ် သမီး"



www.burmeseclassic.com

www.burmeseclassic.com



သီချင်းဆိုပြီး ကနေတုန်းမှာ လစ်ပြီဆိုထွက်လာခဲ့ကာမှ ပြေးလိုက်လာပြီး လက်ကိုဆွဲထားလေလျှင် . . .

"ကျွတ် . . . ဒီမှာ စိတ်ညစ်ရတဲ့အထဲ ဒီအရှုပ်မကာတစ်မျိုး"

"အမေ့ကိုမထားခဲ့ပါနဲ့ သမီးရယ်။ မေမေ့ကို မထားခဲ့ပါနဲ့နော်"

"ဖယ်စမ်းပါ"

"အမယ်လေး"

တအားဆောင့်တွန်းပစ်လိုက်လို့ အရူးမ လဲကျသွားစဉ်မှာပဲ နွေဆင့်ကဲ ခပ်သုတ်သုတ် ထွက်လာခဲ့တော့သည်။ အဖေခေါ်တာကလွဲရင် သမီးဆိုတဲ့ခေါ်သံက နွေဆင့်ကဲ နားထဲမှာ အခါးသက်ဆုံးပါပဲ။

❐ ❐ ❐



## အခန်း (၂၂)

ဘွားပြောလို့ မေမေပျောက်နေတယ်ဆိုတာနှင့်ပဲ ကျောက်စက်ရှာတာ နှံနေပြီ။ အခုထိလည်း မတွေ့ရသေး။ သွားရင်း လာရင်း ရေကဆာလာသဖြင့် ရေသန့်ဘူးဝယ်ဖို့ တလှူးလှူး သွားနေစဉ်မှာပဲ။

"ကျောက်စက် . . . ကျောက်စက်"

"ဟင်"

"ကျောက်စက်"

"ကိုစူးရှ"

"ခေါ်လိုက်ရတာ ကျောက်စက်ရယ်။ မောတောင် မောတယ်"

"အာရုံက ရှေ့ရောက်နေလို့ပါ။ ဆောရီး . . . ကိုစူးရှ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်မလို့လဲ"

"ရေဆာတာနဲ့ ရေသန့်ဘူးဝယ်မလို့ပါ"

"ကိုယ်ဝယ်ပေးမယ် . . . ကျောက်စက် ဒီမှာပဲစောင့်နေ"

တားချိန်တောင်မရလိုက်ဘဲ သူက ထွက်သွားလေသည်။ ကျန်ခဲ့တဲ့ကျောက်စက်မှာ ခြေထောက်က ရပ်နေပေမယ့် မျက်လုံးက အငြိမ်မနေ။ မိခင်ဖြစ်သူကို တွေ့လိုတွေ့ငြား လျှောက်ကြည့်နေတာလေ။ မိသားစုတွေ ပျော်ပျော်ရွှင်ရွှင် နေလာခဲ့ကြတာကို၊ အခုကျမှ ကံကြမ္မာက မျက်စိလည်ပြီး ဘဝဆိုးအောင် ရိုက်ချိုးလိုက်သည် ထင်ပါ့။

မေမေရယ် . . .

ဝဋ်ကြွေးဆိုတာကို ဖွဲ့ရှဲ့ယူလို့သာရရင် တစိုးတစိဖြစ်ဖြစ် ရသမျှဖွဲ့ယူပြီး မျှဝေခံစားလိုက်ချင်ပါတယ်။ ဖေဖေ့ခမျာလည်း သနားပါတယ်။ မေမေ့ကိုရှာရတာ ခြေသပ္ပတ်တိုင်လည်လုမတတ် စိတ်ပင်ပန်း၊ လူပင်ပန်း။

"ကျောက်စက်"

"ဟင်"

"ရော့"

"ကျေးဇူးပါပဲ ကိုစူးရှရယ်"

ရေသန့်ဘူးကိုဖွင့်ပြီး ကျောက်စက် တကျိုက်ကျိုက်နှင့် မော့သောက်နေသည်။ စူးရှ ခဲလေသမျှ သဲရေကျဖြစ်တော့မည်လားမသိ။





ရင်ထဲမှာ သိမ်းဆည်းထားတဲ့ ကျောက်စက်ကိုချစ်တဲ့အကြောင်းတွေ ဒီနေ့ ဖွင့်ပြောမည်ဟု စဉ်းစားလာခဲ့တာ။ ကျောက်စက်က မျက်နှာမကောင်းပေ၊ ဘာများဖြစ်လို့ပါလိမ့်။

သူ စိုးရိမ်ကြီးပြီး စိတ်ထဲမှာ ထင်မိထင်ရာထင်နေတာလား။ မဟုတ်သေးပါဘူး။ ကျောက်စက် ဘာမှမဖြစ်လောက်ပါဘူး။ စကားစတော့ စကြည့်ရမှာပဲ။

"ကျောက်စက်"

"ရှင်"

"ကိုယ် ကျောက်စက်နဲ့ အေးအေးဆေးဆေး စကားပြောချင်တယ်"

"အေးအေးဆေးဆေးပြောချင်တဲ့စကားဆိုရင် နောက်မှပြောပါ ကိုစူးရှ။ ကျောက်စက်ရင်ထဲမှာ ပူလောင်နေလို့ပါ"

"ဟင် . . . ကျောက်စက် ဘာဖြစ်လို့လဲ"

ကျောက်စက်က သက်ပြင်းချလေ၏။

"မေမေ စိတ်ဖောက်ပြန်သွားတဲ့အကြောင်း ကိုစူးရှ သိပါတယ်"

"အင်း . . . ကျောက်စက်ပြောပြလို့ ကိုယ်သိတယ်လေ"

"အခု မေမေပျောက်နေလို့ ကျောက်စက်တို့ လိုက်ရှာနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ကိုယ်က မြေပုံရာကင်းနောက်သလိုဖြစ်နေပြီ။ အဲဒီအတွက် စိတ်မကောင်းခြင်းများနှင့် . . .

"ဒါ . . . ဒါဆို . . . ကိုယ်လည်း ကူရှာပေးမယ်"

"နေပါစေ ကိုစူးရှရယ်"

"ရပါတယ် . . . အချင်းချင်းတွေ ကူညီရမှာပေါ့"

"ကိုစူးရှက အားလို့လား"

"မအားလည်း ကျောက်စက်နဲ့ပတ်သက်လာရင် အားပေးမယ်"

"ဒါဆို သွားရအောင်"

အရေးထဲ ကားတစ်ကိုယ်တစ်စီးဖြစ်နေရတာကို စူးရှ မချင့်မရဲ ဖြစ်ရ၏။ တစ်စီးတည်းနှစ်ယောက်အတူဆိုရင် စကားပြောလို့ရတာပေါ့။

"ကျောက်စက်ကားက ရှေ့ကမောင်းလေ"

"ဟုတ်ကဲ့"

ကားနှစ်စီးက ရှေ့ဆင့်နောက်ဆင့်။ လူပျောက်ရှာနေတာမို့ ဖြည်းဖြည်းမောင်းခဲ့ရတော့ ကားမှန်သမျှ သူတို့ကို ကျော်တက်သွားကြသည်လေ။

"ဟဲ့ . . . ဟဲ့"





"အရူးမ ပန်းသီးတွေ ယူနေပြီ၊ လုပ်ဦးလေ"

"ဟဲ့ . . . အရူးမ ပြန်ပေးစမ်း"

"မပေးဘူး"

"ပေးလို့ ပြောနေတယ်နော်"

"မပေးဘူး"

"မပေးရင် ရိုက်မှာနော်၊ ပြန်ပေး"

"ငါ ဗိုက်ဆာလို့ပါဟယ်။ ငါ့ကို ကျွေးပါ။ တစ်လုံးတည်းပါဟယ်"

"တစ်လုံးလည်း မပေးဘူး။ တစ်ခြမ်းလည်း မကျွေးဘူး . . . ပေး"

"အီး ဟီး ဟီး"

ပန်းသီးကို ပြန်လုယူကြလေတော့ ဒေါ်ကေသီ ထိုင်ငိုလေတော့သည်။ လူတွေက အဲဒီလို။ သဒ္ဓါတရားထက်သန်သူတွေရှိသလို တွန့်တိုနှမြောတတ်သူတွေလည်း ရှိသည်လေ။ သဒ္ဓါတရားထက်သန်သူတွေတောင်မှ အချို့က ရွှေရှိတဲ့ဘုရားကိုသာ ရွှေထပ်ချပြီး ရွှေမရှိတဲ့ ဘုရားကျတော့ အက်ကြောင်းရာထင်နေတာတောင် ပြုပြင်ပြီး ထုံးသုတ်မယ့်သူမရှိ။

"ဗိုက်ဆာလို့ပါ။ ငါ့ကို ပန်းသီးကျွေးကြပါ။ အီး ဟီး"

"ဟာ . . . ဒီအရူးမ နားငြီးလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"သွား သွား ... ထွက်သွားစမ်း"

"ဆွဲခေါ်သွားစမ်းဟာ"

"လာစမ်း အရူးမ"

"ဖယ်စမ်း မလိုက်ဘူး။ ငါ့ကို ပန်းသီးကျွေးကြပါ"

"ဟာကွာ ... တောက်"

"အမယ်လေး"

လက်မြှောက်ရုံပဲရှိသေး အော်လိုက်တာ ငယ်သံပါရောပါပဲ။ လူတွေ ရုတ်စီရုတ်စီကို မြင်လေလျှင် ကျောက်စက်တို့ ကားကို လမ်းဘေးချရပ်ပြီး သွားကြည့်လိုက်ကြစဉ် ...

"ဗိုက်ဆာတယ် ... ဟီး ဟီး"

"ဗိုက်ဆာရင် တခြားမှာသွားရှာစား ... သွား"

"မသွားဘူး"

"ဟင် ... မေမေ"

"ငါ့ကို ပန်းသီးပေးကြပါ"

"မေမေ"

ကျောက်စက် မီခင်ကို ပြေးဖက်မိလိုက်၏။ ဆံပင်တွေ ဖိုရိုဖားရားနှင့် စိတ္တဇဝေဒနာသည်ကို ပြေးဖက်တဲ့မိန်းကလေးဟာ အရူးမနဲ့ ဘယ်လိုပတ်သက်သလဲဆိုတာကို အံ့ဩမှင်တက်စွာ ငေးမောစပ်စုနေကြ၏။



ဒီလိုမှန်းသိ ကျွေးလိုက်ရ အကောင်းသားလို့ တွေးနေကြပြီလား။

"မေမေ"

"ဟင်"

"မေမေ ပန်းသီးစားချင်လို့လား"

"စားချင်တာပေါ့၊ ငါ ဗိုက်ဆာလို့ သေတော့မယ်ဟဲ့"

မျက်ရည်က ဝေ့ခနဲတက်လာပြီး ...

"ဒါဆို မေမေ ကြိုက်သလောက်ယူစားနော်၊ သမီး ပိုက်ဆံရှင်းပေးမှာပေါ့။ ပြီးတော့ မေမေစားချင်တာမှန်သမျှ သမီးလိုက်ဝယ်ကျွေးမယ် ဟုတ်ပြီလား"

"နင် တကယ်ပြောတာလား"

"တကယ်ပေါ့"

"ဟေ ဟေ့ ... ဒါဆိုပွတာပဲ စားပြီ"

စူးရှက ဆိုင်ရှင်ကို ကျသင့်သလောက် ရှင်းပေးမယ်လို့ ပြောလိုက်တော့ ဆိုင်ရှင် ဒေါ်ကေသီကို အံ့ဩစွာပဲ ကြည့်နေလိုက်တော့၏။

ဒေါ်ကေသီက ပန်းသီးတွေကိုယူပြီး တစ်လုံးမှ ကုန်အောင်စားတာမဟုတ်ဘဲ တစ်လုံးကို တစ်ကိုက်စီကိုက်ကာ ...

"အရူးတွေ ငါ့ကိုမကြည့်နဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ဟိုလူ့ကိုပန်းသီးနဲ့ပေါက် ဒီလူ့ကို ပန်းသီးနဲ့ ပေါက်လုပ်လေလျှင် . . .

"မေမေ အဲဒီလို မလုပ်ရဘူးလေ"

လက်ကိုဆွဲထားလိုက်တော့ ကျောက်စက်ကို ပြန်ငုံကြည့်ကာ

"မေမေ ဟုတ်လား"

"ဟုတ်တယ်လေ . . . မေမေရဲ့"

"မေမေဆိုတာ နင်က ငါ့မေမေလား ငါက နင့်မေမေလား"

"ဟာ . . . မေမေကလည်း မေမေက သမီးရဲ့မေမေပေါ့။ ကဲပါ . . . မေမေရယ် အိမ်ပြန်ကြရအောင်နော်"

"အိမ်"

ဒေါ်ကေသီ ခပ်တွေတွေဖြစ်သွားပြီးမှ . . .

"အင်း . . . အိမ်ဆိုတာ ဘုန်းကြီးကျောင်းကသိမ်လို မိန်းမတွေ တက်ကောင်းလို့လား"

"တက်ကောင်းတယ်၊ လာပါ အန်တီရယ် အိမ်ပြန်ရအောင်နော်"

စုံးရှုပဲ ဒေါ်ကေသီ့ကို လက်ဆွဲခေါ်လာခဲ့တော့၏။ ချစ်သူ စိတ်ချမ်းသာမယ်ဆိုရင် သူသာ သူ့ရဲကောင်းဖြစ်ချင်သည်။ အခု မရဲသေးပေမယ့် နောက်ရဲရမယ့်အကြောင်း ရှိလာခဲ့ရင်ဖြင့်။

❐ ❐ ❐



## အခန်း (၂၃)

ကြီးကျယ်ခမ်းနားလှတဲ့ တိုက်ကြီးကိုမော့ကြည့်ပြီး နွေဆင့်ကဲ လွန့်ခနဲ ပြုံးလိုက်မိ၏။ ဒီလိုအိမ်ကြီးမှာနေတဲ့လူတွေက ဇာတ်လမ်းတွေထဲမှာဆို မောက်မာကြသည်လေ။ ဦးစစ်နိုင်ကတော့ သဘောကောင်းပြီး သူမကို လိပ်စာကတ်ပေးခဲ့တာ။ ကျန်တဲ့သူတွေက ဘယ်လိုရှိနေမလဲ။ ဘယ်လိုပဲရှိရှိ ဂရုစိုက်စရာလား။

ဒီအိမ်ရဲ့ အိမ်ထောင်ဦးစီးကိုယ်တိုင် ကူညီမယ်ဆိုလို့ လာခဲ့တာပဲဟာ။ ဘာကိုမှ မကြောက်တတ်တဲ့ ခြေလှမ်းတွေက လုံးဝ နောက်မဆုတ်။ လူခေါ်ခေါင်းလောင်းကို လှုပ်လိုက်တော့ ကောင်မလေးတစ်ယောက် ပြေးထွက်လာသည်။

"ဘယ်သူနဲ့တွေ့ချင်လို့လဲရှင့်"



www.burmeseclassic.com

www.burmeseclassic.com



"ဦးစစ်နိုင်"

"ဩော် ... ဝင်ပါရှင့် ဝင်ပါ"

"ဦးစစ်နိုင်ရှိလား"

"ရှိပါတယ်"

ကောင်မလေး ဦးဆောင်ခေါ်ရာနောက်သို့ နွေဆင့်ကဲ လိုက်လာခဲ့သည်။ နွေဆင့်ကဲအသိထဲမှာ လူတစ်ယောက်က တစ်ယောက်ကို မျှော်လင့်ချက် တစ်စုံတစ်ရာမရှိဘဲ မျှားပြားတဲ့ငွေကြေးပမာဏကို ကူညီမှာမဟုတ်။ သနားလို့ အလွန်ဆုံးကူညီရင် တစ်သောင်း နှစ်သောင်းပါ။ တစ်သိန်းနှစ်သိန်းကျတော့ သူ့နောက်မှာ အပေးအယူရှိလာမှာ ကျိန်းသေ။

ဦးစစ်နိုင်ကို နွေဆင့်ကဲ ပြောခဲ့ဖူးပါတယ်။

ရေလှို့လို့ ပေတံနဲ့တိုင်းပေးရရင် အပေါ်ယံပဲ ပေးတတ်တယ်လို့။ ဒီထက်ပိုတဲ့အဆင့်က သူမချစ်တဲ့သူအတွက် အသန့်ရှင်းဆုံးရှိနေရမယ်ဆိုတာလေ။ ဒီလူကြီးကရော ဘာသားနဲ့ထုထားတာမှတ်လို့။ မသိစိတ်က သူမအလှမှာ ယစ်မူးနေတာကို ဣန္ဒြေနဲ့ဖုံးဖိထားတာ။

"ဘွား"

"ဟေ"

"ဒီမှာ ညီ့သည် ဘွား။ ဦးစစ်နဲ့ တွေ့ချင်လို့တဲ့"

"ဩော် ... ထိုင်လေကွယ်၊ ထိုင်ပါ၊ ဝင်းဝင်း"





"ရှင် ဘွား"

"သားကို သွားခေါ်ပေးလိုက်ပါ"

"ဟုတ်ကဲ့"

ဝင်းဝင်းထွက်သွားပြီးနောက် တစ်ကိုယ်လုံး အနက်ရောင်ဝတ်ထားသည့် မိန်းကလေးကို ဒေါ်မြနှစ် အကဲခတ်သလိုကြည့်လိုက်၏။ ဆံပင်ကျတော့ အနက်ပဲ။ ဝတ်စားဆင်ယင်မှုက အားလုံးအနက်ရောင်တွေ။ နှုတ်ခမ်းနီကလည်း အနက်ရောင်မဟုတ်ပေမယ့် ခရမ်းရင့်ရောင်။ မျက်လုံးတွေက မျက်အိမ်ကျယ်ပြီး ဘာကိုမှ ကြောက်တတ်ပုံမပေါ်။

"ကလေးမ"

"ရှင်"

"သားနဲ့တွေ့ချင်တာ ကိစ္စရှိလို့လား"

"ကိစ္စမရှိဘဲ ကားခအကုန်ခံလာရအောင် ဘွားသားက လူပျိုလေးမှ မဟုတ်ဘဲ"

"ဘာ"

ကိုယ့်ကို အကဲခတ်သလိုကြည့်နေတာ သိသားပဲ။ နွေဆင့်ကဲက အဲဒီလိုစကားကို ပြေပြစ်အောင် ပြောတတ်သူမဟုတ်တော့ ချေမင် ဆက်ဆံတယ်ထင်လည်း မတတ်နိုင်။

"ငါ့သားက စီးပွားရေးကိစ္စနဲ့ မပတ်သက်ရင် မိန်းကလေးတွေနဲ့ ရှုပ်ရှုပ်ယှက်ယှက် မလုပ်တတ်လို့မေးတာ။ မင်းပုံစံက အဲ



www.burmeseclassic.com

www.burmeseclassic.com



. . . မင်းစကားပြောပုံက စီးပွားရေးသမားနဲ့ လုံးဝမတူဘူး"

"ဘာမတူတာလဲ"

"စီးပွားရေးသမားက ဆက်ဆံရေးညက်တယ်။ စကားပြောပြေပြစ်တယ်"

"ဟုတ်တယ် . . . ကျွန်မက စီးပွားရေးလောကသား မဟုတ်ဘူး"

"ဒါဆို"

"စားသောက်ဆိုင်မှာ သီချင်းဆိုတယ်"

"ဟင်"

ကိုယ့်အလုပ်ကို ပြောပြလိုက်တာနဲ့ အထင်သေးတဲ့မျက်လုံးတွေနဲ့ အကြည့်ခံရမယ်ဆိုတာ သိပြီးသားလေ။ သိသိနဲ့ ပြောပြလိုက်တာ ဂရုမစိုက်လို့ပဲပေါ့။

ဒေါ်မြနှစ် . . .

ဒီလောက်လှပြီး စားသောက်ဆိုင်မှာ သီချင်းဆိုနေတဲ့ မိန်းကလေးနဲ့ ပတ်သက်နေတဲ့ ဘာကို နားမလည်နိုင်ဖြစ်သွား၏။ သားဘာတွေလုပ်နေပါလိမ့်။ ကေသီကို စိတ်ပျက်ပြီး အပျော်ရှာနေတာလား။

"နွေဆင့်ကဲ"

"ဟင်"





နွေဆင့်ကဲလို့ခေါ်သံကြားလိုက်သဖြင့် ဒေါ်မြနှစ်ကိုယ့်ကြီးဆတ်ခနဲ တုန်သွား၏။

"ကဲ . . . ဘယ်လောက်လိုလဲပြော နွေဆင့်ကဲ"

"ဘယ်လို . . . ဘယ်လို"

"ဟင် . . . ဘာလဲ မေမေ"

"သူ့နာမည်"

"နွေဆင့်ကဲလေ"

ဒေါ်မြနှစ် မျက်လုံးအဝိုင်းသားဖြစ်သွား၏။ ဒီနာမည်ကို သူမ ဘယ်တုန်းကမှ မမေ့ခဲ့တာ။

"ဒီကလေးနာမည်ကို ပြောလိုက်မလို့"

"ဘယ်လိုလဲ"

"ဒီလောက် ပူပန်သောကတွေကို သယ်ဆောင်လာတဲ့ တလေ။ သူ့ကို နွေဆင့်ကဲလို့ နာမည်ပေးလိုက်"

ဘုရား ဘုရား . . . သူ သူများဖြစ်နေမလား။

"နှစ်သိန်းလောက်ဆို ရပါတယ်"

"ကောင်းပြီလေ . . . ငါ ပေးလိုက်ပါ့မယ်"

"နေဦး သား . . . နေဦး"

"ဟင်"

ပျာပျာသလဲ တားဆီးလိုက်သံကြောင့် ဦးစစ်နိုင် နားမလည်စွာ



www.burmeseclassic.com

www.burmeseclassic.com



လှည့်ကြည့်လိုက်သည်။ မေမေ မျက်နှာပျက်နေပုံထောက်တော့ နွေဆင့်ကဲနဲ့ ဘာတွေပြောထားပြီး ဘာတွေသိနေသလဲ။

“မင်းနာမည် နွေဆင့်ကဲဟုတ်လား”

“ဟုတ်ပါတယ်”

“မင်းအဖေက”

“ဦးဗေဒါ”

“ဟင်”

“အမေက ဒေါ်”

“ရပြီ ... မပြောနဲ့တော့”

ရင်ဘတ်ကိုဖိရင်း ဒေါ်မြနှစ်ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားသည်။

“ရော့ ... ဒီမှာ မင်းလိုတဲ့ငွေ။ မင်းကို ငါပြောစရာရှိသေးတယ်။ ဒါပေမဲ့ ... အခုမဟုတ်ဘူး။ အေးအေးဆေးဆေး တွေ့ကြသေးတာပေါ့။ မင်းမိဘတွေကို ငါလာတွေ့ပါဦးမယ်”

“အို ... ဘုရား ဘုရား”

“ဟင် ... မေမေ”

တွေ့လို့မဖြစ်ဘူး။ တွေ့လို့မဖြစ်ပါဘူး။ ဒီမိန်းကလေးက နွေဆင့်ကဲ။ နွေလိုပူပြင်းမှုတွေ ဆင့်ကဲပြီး ဒုက္ခပေးမယ့်မိန်းကလေး။ ပြီးတော့ သူမရဲ့လုပ်ရပ်တွေ သားသိသွားရင် သူမကို ရက်စက်တဲ့မိန်းမကြီးအဖြစ် မြင်သွားမှာ။





မြတ်စွာဘုရား ... ကယ်တော်မူပါ။

နွေဆင့်ကဲရဲ့ အဖေက ဗေဒါဆိုရင် သေချာပါတယ်။ သားသာ ဗေဒါကိုသွားတွေ့ရင် အကုန်ပေါ်ကုန်မှာပေါ့။ တစ်သက်လုံးဖုံးလာတဲ့ (......) တစ်စအပြင်ကျမှ ပေါ်တယ်ဆိုတာမျိုး။ မဖြစ်သေးပါဘူး။

သား သွားမတွေ့အောင် ဘယ်လိုလုပ်ရပါ့မလဲ။ အတွေးတွေက ခြောက်လှန့်ပြီး ခေါင်းထဲမှာ ချာချာလည်လာသည်။

“မေမေ ... မေမေ ဘာဖြစ်တာလဲ”

“သား ... မင်း မင်း”

“မေမေ”

“မတွေ့နဲ့ ... မင်း ... အား”

“မေမေ ... ဟာ ... မေမေ”

“ဘွား ... ဘွား”

ဝင်းဝင်းပါ အပြေးရောက်လာပြီး ဒေါ်မြနှစ်ကိုခေါ်ပေမယ့် ခေါ်လို့မရတော့။ ဦးစစ်နိုင် မိခင်၏အသက်ရှူသံကို ကပ်ပြီး နားထောင်လိုက်တော့ ...

“ဟင်”

“မေမေ အသက်မရှိတော့ဘူး။ မေမေ ... မေမေ”

အသက်မရှိတော့ဘူးဆိုတဲ့အသံကြောင့် နွေဆင့်ကဲ ဆတ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



ထရပ်ပြီး တွေတွေကြီးကြည့်နေမိ၏။ သူမဝင်လာတုန်းက အကောင်း ပကတိရှိနေသူက ...

အခု ...

အသက်မရှိတော့ဘူးတဲ့။ ဒါ ... ဦးစစ်နိုင် သူမနဲ့ပတ်သက်မိလို့ ဖြစ်တာလား။ နွေဆင့်ကဲက တကယ်ပဲနိုက်တဲ့ ကြိုးဆိုးတစ်ကောင်လား။

❒ ❒ ❒





## အခန်း (၂၄)

"သမီး"

ဦးဗေဒါ ဆေးရုံကဆင်းလာကတည်းက သမီးငိုင်တိငိုင်တိုင် ဖြစ်နေတာကို သတိထားမိသည်။ အမြဲတမ်း မာနနဲ့တင်းနေတတ်သည့် မျက်နှာက ညှိုးတိညှိုးရော်။

အင်း ...

စဉ်းတော့စဉ်းစားစရာပဲ။ လုပ်တဲ့အလုပ်က စားသောက်ဆိုင်ဟာ အဆိုတော်။ သူ ဆေးရုံတက်လိုက်ရတာကို ဘယ်ကရတဲ့ ငွေနဲ့ ဖြေရှင်းသလဲ။ နီမာပြောတာတော့ အားလုံး နွေဆင့်ကဲပဲ ဖြေရှင်းသွားတာ။ ကျွန်မက လူနာလိုက်စောင့်ရုံပဲတဲ့။

ဒါဆို ...



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံတက်ရတဲ့ ကုန်ကျစရိတ်အားလုံး သမီးပဲ ရှာခဲ့တာပေါ့။ ဒီငွေတွေကို ဘယ်လိုရှာခဲ့တာလဲ။ ငိုင်တိငိုင်တိုင် ဖြစ်နေတာရယ်၊ သူလုပ်တဲ့အလုပ်နဲ့ ဆေးရုံတက်ရတဲ့ ကုန်ကျစရိတ်အားလုံးကို ဆက်စပ်တွေးတောကြည့်လိုက်တော့ . . .

ဘုရား . . . ဘုရား။

မဖြစ်ပါစေနဲ့ . . . သူတွေးမိသလို မဖြစ်ပါစေနဲ့။

ဦးဖေဒါ။

စိုးရိမ်စိတ်တို့နှင့် သမီးအနားသို့ ရောက်သွားကာ . . .

“သမီး”

“အင် . . . ရှင်”

“သမီး . . . ဘာဖြစ်နေတာလဲ၊ အဖေ့ကိုပြောစမ်း”

“ဘာမှမဖြစ်ပါဘူး အဖေရဲ့၊ သမီးက ဘာဖြစ်နေလို့လဲ”

“အဖေ သိတယ်၊ သမီး ခါတိုင်းလို သွက်သွက်လက်လက်မရှိဘဲ ငိုင်တိငိုင်တိုင် ဖြစ်နေတာ”

“ဟင်”

“အဖေ့ကို မှန်မှန်ပြောစမ်း။ သမီး ဘာဖြစ်နေတာလဲ၊ သမီးမှာ တိုင်ပင်စရာဆိုလို့ အဖေပဲရှိတာလေ။ အဖေ ဆေးရုံတက်တုန်းက ငွေရေးကြေးရေးကိစ္စအတွက် သမီး . . . ဟို”

“အဖေ”





“ဟင်”

“အဖေ . . . ဘယ်အထိတွေးလိုက်တာလဲ”

“အဖေ . . . အဖေ စိုးရိမ်လွန်းလို့ပါ သမီးရယ်”

ခေါင်းခါပြီးမှ နွေဆင့်က သက်ပြင်းချလိုက်သည်။ မိဘနေရာကနေ အဖေစိုးရိမ်တာပေမယ့် နွေဆင့်ကဲက အဲဒီလိုမဟုတ်ဘဲ သစ်ကိုထိုးတဲ့ သစ်ထိုးပိုးလေ။ သစ်သားသား ပိုးထိုးခံရပြီး ကျိုးသွားမယ်၊ ပိုးကတော့ ညှိုးလည်းမညှိုး သေလည်းမသေ။

ရေလောင်းလို့ မြေကောင်းပြရုံကလွဲပြီး . . .

အရိုးလည်း အချိုးမခံ အပွင့်လည်း အရူးမခံ။ ဆူးသန့်သန့်နဲ့ ကိုယ့်ဘဝကို ခြံရံကာကွယ်ထားတဲ့ နွေဆင့်ကဲလေ။

“အဲဖေထင်သလောက် သမီး မမိုက်ဘူး အဖေ”

“ဒါဆို သမီးက”

“သမီး စိတ်မကောင်းဖြစ်နေတာပါ”

“ဘာအတွက်လဲ သမီး”

“အဖေ”

“ဟင်”

နွေဆင့်က အဖေ့မျက်နှာကို ကြည့်လိုက်ပြီး . . .

“သမီးကြောင့် လူတစ်ယောက် သေသွားပြန်ပြီအဖေ

“ဘယ်လို”



www.burmeseclassic.com

www.burmeseclassic.com



"သားဦးစနေ မီးလိုမွေးပြီး သမီးက တကယ်ပဲ ခိုက်နေတာလား။ သမီးက တကယ်ပဲ ဂြိုဟ်ဆိုးတစ်ကောင်လား"

"မဟုတ်တာ သမီးရယ်၊ မဟုတ်တာ"

"အခု သမီးနဲ့ပတ်သက်မိကာမှ အကောင်းသား လူကောင်းပကတိက သမီးရှေ့မှာတင် သေသွားတာ အဖေရဲ့"

"ဟင်"

"အဲဒါ ... သမီးက ခိုက်တာလား။ ပြောစမ်းပါ အဖေရဲ့"

"သမီး"

ဘယ်တုန်းကမှ ရင်ခွင်ထဲတိုးဝင်ပြီး ချွဲနွဲ့လေ့မရှိတဲ့သမီးက အခု ရင်ခွင်ထဲကို တိုးဝင်လာတော့ ဦးဗေဒါ အလိုက်သင့်ပဲ ပြန်ဖက်ထားလိုက်သည်။

"အဲဒီအယူအစွဲကြီးကို စိတ်ထဲမှာ မထားစမ်းပါနဲ့ သမီးရယ်။ လူတိုင်း လူတိုင်း ဖြစ်ချိန်တန်ဖြစ် ပျက်ချိန်တန်ပျက်ရမှာပဲလေ"

"ဖြစ်ချိန် ပျက်ချိန်တွေက ဒီလောက်တောင် တိုက်ဆိုင်တာကို အံ့ဩရတယ်"

"သမီး"

ကိုယ်ချင်းစာပြီး ခေါ်လိုက်တော့ မော့ကြည့်လာတဲ့မျက်လုံးတွေက ခါတိုင်းလို စူးရဲတောက်ပမနေ။

"ဘယ်သူသေသွားတာလဲ"





"ဦးစစ်နိုင်ရဲ့အမေပါ"

"ဟင်"

စစ်နိုင်ဆိုတဲ့နာမည်ကြောင့် ဦးဗေဒါ တုန်လှုပ်သွားတော့၏။ လူတူမရှား နာမည်တူမရှားဆိုတော့ နာမည်တူတာပဲဖြစ်ပါစေ။

"သမီးပြောလိုက်တာ ဘယ်သူ"

"ဦးစစ်နိုင်ပါ"

"စစ်နိုင်"

"သမီး ... သမီးက သူနဲ့ ဘယ်လိုပတ်သက်နေတာလဲ"

"ဒီလိုပါ အဖေ"

နွေဆင့်ကဲ ဦးစစ်နိုင်နှင့်သူမ မထင်မှတ်ဘဲ ပတ်သက်သွားရတဲ့အကြောင်းနဲ့ ဦးစစ်နိုင်က ဆုံးမစကားတွေ ပြောခဲ့ဖူးတဲ့အကြောင်း။ ပြီးတော့ ငွေရေးကြေးရေးကိစ္စ ကူညီမယ်ဆိုရာမှ သူ့အိမ်သွားဖြစ်လို့ ဖြစ်ပျက်သွားတဲ့အကြောင်းတွေကို လုံးစေ့ပတ်စေ့ ပြောပြလိုက်တော့ ...

"သမီး"

"အဖေ"

"သေတဲ့အဘွားကြီးနာမည်ကို သမီးသိလား"

"ဟင့်အင်း ... မသိဘူး"

ဦးဗေဒါ သက်ပြင်းမောကြီးချလိုက်မိ၏။ သူတို့များဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



မလား။ သားအဖချင်းတွေလို့ သွေးက စကားပြောတာလည်း ဖြစ်နိုင်သည်။ ဟုတ်ခဲ့ရင် ဦးဗေဒါ ဘာလုပ်ရမလဲ။ ဒေါ်မြနှစ်က ကလေးပေးလိုက်တဲ့ကိစ္စကို ကိုစစ်နဲ့ကေသီ လုံးဝသိတာမဟုတ်။ ငွေဆယ်သိန်းပေးလိုက်တာတောင် ကလေးကို ပညာရေးဆုံးခန်းတိုင်အောင် ကျောင်းထားမပေးနိုင်တဲ့အဖြစ်။

ကလေးကို ခေါ်လာခဲ့မိတဲ့အပြစ်ဟာလည်း မိဘရင်ကို ဓားနဲ့အစိမ်းလိုက်ခွဲသလိုပဲမို့ ဒီကိစ္စအမှန်သိရင် သူတို့ကို လုံးဝခွင့်လွှတ်မှာမဟုတ်ပေ။

ဒါကြောင့် . . .

မဟုတ်ပါစေနဲ့ပဲ ကြိတ်ဆုတောင်းမိ၏။

"နွေဆင့်ကဲ"

"ဟင်"

"နွေဆင့်ကဲ"

ဒေါ်နီမာကိုမြင်တာနှင့် မျက်နှာက တင်းသွားပြီး . . .

"ဘာကိစ္စလဲ"

"အိမ်ရှေ့မှာ ဧည့်သည်စောင့်နေတယ်။ အိမ်ပေါ်တက်ပါဆိုတော့ မတက်ဘူး။ နွေဆင့်ကဲကိုပဲ ခေါ်ပေးပါတဲ့"

"ဘယ်သူလဲ"

"ဦးမင်းခန့်တဲ့"





"ဟင်"

ဒီလူ ဘာလို့ အိမ်အထိလိုက်လာပါလိမ့်။ အမေ့ရှေ့မှာ ဒီလူတောင်ပြောမြောက်ပြော ပြောရင်ဒုက္ခ။ ဒါကြောင့် နွေဆင့်ကဲ ကသုတ်ကပျာနှင့် ဆင်းလာခဲ့ပြီး . . .

"ဦးခန့်"

"နွေ"

"အိမ်အထိ ဘာလာလုပ်တာလဲ"

"စိမ်းလိုက်တာ နွေရယ်၊ မတွေ့တာကြာတော့ လွမ်းလို့လိုက်လာရတာပေါ့"

"ကျွတ်"

"ကိုယ့်လက်ကိုဖြတ်ချပြီး အသစ်တော့ မရှာနဲ့နော်။ အင်း . . . ပြောသာပြောရတယ် ကိုယ့်အဖြစ်က မစားရအညှော်ခံပဲ"

"အပိုတွေ မပြောနဲ့။ လာ . . . အခြားသွားရအောင်"

နွေဆင့်ကဲက အရင်ရှေ့မှထွက်သွားလေတော့ ဦးမင်းခန့်နောက်မှလိုက်လာခဲ့သည်။ သူက အညှော်ခံရုံသက်သက်နဲ့လည်း ရေလောင်း၍ မြောင်းဖောက်ပေးနိုင်သူ။

❐ ❐ ❐



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

♬ သူနဲ့သာဆိုရင် ××× ဘယ်လိုပင်ဝေးဝေး လိုက်မှာပဲ အမြဲမခွဲယုံဉ် ××× သူနဲ့သာဆိုရင် ××× ပန်းရနံ့လေး မမွှေးတဲ့လမ်းအဝင် ကြယ်တွေမစုံ လမိုက်သောညတွင် ××× စမ်းရေပင် မှုလောင်မီးလျှံ အသွင်

အလှဆိုတာ အရှင်းမတွေ့သော် ××× ခက်ခဲလှစေလျှောက်ချင် ××× တစ်ယောက်ကိုတစ်ယောက်တွဲလို့ တစ်သက်မခွာမခွဲ အစဉ် ××× လက်ကို နိုင်နိုင်ယှက်မယ် ××× သူနဲ့သာဆိုရင် ♬

"အို အေ အေ . . . မငိုပါနဲ့ သမီးလေးရယ်။ သမီးလေးက ဒီသီချင်းကို မကြိုက်လို့လား။ မငိုပါနဲ့ သမီးလေးရယ်၊ မေမေ သီချင်းပြောင်းဆိုပြီး သိပ်မှာပေါ့ . . . တိတ် တိတ်"





ဒေါ်ကေသီတစ်ယောက် အရုပ်ကလေးကို ရင်ခွင်ထဲမှာပိုက်ပြီး သီချင်းဆို၍ ပွတ်သပ်ချော့သိပ်နေတာပါ။ အရုပ်မရဲ့မျက်လုံးပြူးပြူးကိုကြည့်ပြီး သူမစိတ်ထဲမှာ ကလေးငိုနေတာလို့ပဲ ထင်တာဖြစ်၏။ သူမအာရုံထဲမှာ အခါခါ ထင်ဟပ်နေသည်က မီးလောင်တုန်းက အဖြစ်အပျက်။ ဒီအဖြစ်အပျက်တွေကို အိပ်မက်မက်တဲ့အခါ ထအော်ပြေးလွှားနေတတ်ပေမယ့် . . .

အခုလို အေးအေးဆေးဆေးအချိန်မျိုးကျတော့ သူမ သိနေတာ မောင်ရယ်၊ သမီးလေးရယ်။

"သမီးလေးရဲ့အိပ်ချိန်တန် ဖျိုင်းတွေကပျံ၊ သမီးလေးက မျက်လုံးပြူး ဖျိုင်းတွေကမြူး။ သမီးလေးက အိပ်ပြီဆို ဖျိုင်းတွေကငို၊ သမီးလေးက အငိုတိတ် ဖျိုင်းတွေက အိပ်။ အိပ်ပါ သမီးရယ် . . . အို အေး အေ"

"ကေသီ"

"အို အေး အေး အေး"

"ကေသီ"

"ဟင်"

"ထမင်းစားချိန်ရောက်ပြီ ကေသီရဲ့။ ထမင်းစားရအောင်နော်"

"ထမင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ … ထမင်းစားရအောင်၊ ကေသီ ဗိုက်မဆာဘူးလား"

ဒေါ်ကေသီ သူမဗိုက်ကိုငုံ့ကြည့်ပြီး လက်ဝါးနှင့်ပွတ်ကာ …

"အင်း … ဆာတော့ဆာသလိုပဲ"

"ဆာရင်စားရမယ်လေ၊ လာ … ထ"

"နေဦး … နေဦး"

"ဟင် … ဘာဖြစ်လို့လဲ"

"သမီးလေးက ရှူးရှူးတွေပေါက်ထားတယ် မောင်ရဲ့။ အနှီးလဲပေးဦးမှဖြစ်မှာပေါ့"

"မောင့်ကိုပေးလေ၊ မောင်လဲပေးမှာပေါ့"

"ဟင့်အင်း … မောင်က ကလေးမှမချီတတ်တာ။ မဖြစ်ပါဘူး၊ ကိုယ့်ဘာသာပဲ လဲပေးတော့မယ်"

"ကေသီ"

"ဖယ် … ဖယ်"

ဦးစစ်နိုင်၏လက်တွေကို တွန်းဖယ်ပစ်ပြီး အရုပ်ကလေးကို အထိမခံ။ သူမ အသိထဲမှာ ရှူးနေပေမယ့် မိခင်မေတ္တာကအပြည့်ရှိပြီးသားပါ။ ကလေးကို သူများချီလို့ နာကျင်သွားမှာစိုးတဲ့စိတ်၊ အသားလေးတွေကိုပင် ထိရင်ပွန်းပဲ့သွားမှာစိုးတဲ့စိတ်၊ ဒီစိတ်တွေကြောင့်ပဲ အရုပ်ကလေးကို ဘယ်သူ့ပဲတောင်းတောင်း မပေးတာဖြစ်၏။





ဦးစစ်နိုင် …

ချစ်ဇနီးကိုကြည့်ပြီး တစ်နေ့မှစိတ်မချမ်းသာ။ ကေသီ့မိဘတွေက နိုင်ငံခြားမှာပဲ ခေါင်းချသွားလို့ သူတို့ပိုင်ဆိုင်မှုတွေကို အမွေရခဲ့တာ မနည်းမနောပါ။ နှစ်ဖက်မိဘပေးတဲ့အမွေတွေနဲ့ ချမ်းသာကြွယ်ဝမှုတွေ သုံးမကုန် ဖြုန်းမကုန်ရှိနေပမယ့် …

အခု …

လူချမ်းသာပြီး စိတ်ကမချမ်းသာရဘူးလေ။ အပေါ်ယံလုံးတိုင်ကြောင့် အလုံးချောပြီး အတွင်းဘက်အနှစ်ပွနေတဲ့ သဘော်ပင်လိုပဲပေါ့။ အပြင်ချမ်းသာရာရပြီး အတွင်းရေးက စိတ်ညစ်စရာအတိနှင့်။

"ဖေဖေ"

"ဟင်"

"မေမေ့ရော"

"ကလေးရှူးပေါက်လို့ဆိုပြီး အနှီးသွားလဲလေရဲ့။ ဪ … ညွှန့်သည်လည်း ပါလာတာကိုး"

"ဟုတ်တယ် ဖေဖေ၊ ကိုရှုရှ … ထိုင်လေ"

ညွှန့်သည်ရောက်လာတော့ ထမင်းစားဖို့ကိုမေ့ပြီး ဦးစစ်နိုင်ပါ ထိုင်လိုက်သည်။

"ဖေဖေ"

"ပြော သမီး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ . . . သမီး ပြောပြောနေတဲ့ ရွှေနေ ဦးစူးရှထက်မြက် ဆိုတာ။ ကိုစူးရှ . . . ဒါ ကျောက်စက်ရဲ့ဖေဖေ ဦးစစ်နိုင်လေ"

"ဟုတ်ကဲ့ . . . တွေ့ရတာဝမ်းသာပါတယ် ဦး"

"ဦးကလည်း ဝမ်းသာပါတယ်ကွာ။ သမီးက မောင်ရင် တော်တဲ့အကြောင်းကို ခဏခဏပြောပါတယ်။ နာမည်ကတော့ ရင်းနှီး နေတာကြာပါပြီ။ လူကို ခုမှပဲမြင်ဖူးတော့တယ်"

"ကျောက်စက်က ကျွန်တော့်အကြောင်း ကြွားထားတာထင် တယ်"

"မကြွားပါဘူး . . . အမှန်တွေပြောပြတာပဲလေ"

"ဟဲ့ . . . နတ်ပြည်မှာ သိကြား။ လူ့ပြည်မှာကြွား။ နတ် ပြည်မှာ သိကြား။ လူ့ပြည်မှာ ကြွား"

"ဟင်"

"မေမေ"

"ဟား ဟား ဟား ဟား"

အရပ်ကိုဝိုက်ပြီး ပြန်ရောက်လာတဲ့ ဒေါ်ကေသီ့အော်သံက အကျယ်ကြီးပါ။ ကျောက်စက်မိခင်ဆီသို့ ထသွားလိုက်၏။

"မေမေ"

"ဒါက လူ့ပြည်၊ နင်က ကြွား"

"ဗုဒ္ဓေါ"





ကိုယ့်ကို လက်ညှိုးတည့်တည့်ထိုးပြီး ပြောလာတာကြောင့် စူးရှ ထိုင်ရမလို ထရမလို ဖြစ်သွားသည်။ ကိုယ်က ဘာတွေကြွားလို့လဲ။ ရုတ်တရက်မို့ ကိုယ့်ကိုပြောလိုက်သူဟာ စိတ္တဇဝေဒနာရှင်ဆိုတာကို မေ့ပြီး ရှက်ကိုးရှက်ကန်းဖြစ်သွားပြီးမှ . . .

အခြေအနေကို သတိရမိသွားတော့ . . .

စိတ်ကိုထိန်းပြီး ဟင်းချလိုက်မိ၏။

"ကြွားက သိုက်ဆရာ၊ ငါက မြစိမ်း . . . ဟီဟိ။ သိုက်ဆရာ စုတ်၊ ငါနဲ့ တွေ့ကြသေးတာပေါ့"

"ဟာ"

"မေမေ"

"ကေသီ"

ဒေါ်ကေသီ ကြက်မွေးတံကိုပြေးယူပြီး တရွယ်ရွယ်လုပ်လေ တော့ စူးရှ ထပြေးရမလား။ အရိုက်ခံရတော့မလားနှင့် ကုန်းကုန်းကွကွ ဖြစ်သွားသည်။

"ကေသီ . . . မဟုတ်ဘူး။ မလုပ်ရဘူးလေ"

"အမယ်လေး . . . ကိုဘုန်းကြွယ်လူညာကြီးရဲ့။ ရှင် သိုက် ဆရာကို ကားပေါ်တင်လာလို့ ကျုပ်သွားရတော့မယ် . . . အီး ဟီး ဟီး"

"မဟုတ်ပါဘူး ကေသီရယ် . . . သူက ဘာသိုက်ဆရာမှ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး"

"ဒါဆို ဘာဆေးရာလဲ"

"ဘာဆေးရာမှ မဟုတ်ပါဘူး။ လာ . . . မောင်နဲ့ ထမင်းအတူ စားရအောင်နော်။ လာပါ ကေသီရယ် . . . လာပါ"

ဒေါ်ကေသီကို ဦးစစ်နိုင် အတင်းဆွဲခေါ်သွားမှပဲ စူးရှ ဟင်းခနဲ သက်ပြင်းချနိုင်တော့၏။

သူပါ လိုက်ရှုးချင်စိတ်ပေါက်မတတ် ချက်ချင်းပဲ ချွေးတွေ ပင် ထွက်လာသည်။

ဒါကြောင့် . . .

အကျီအပေါ်ကြယ်သီးကိုဖြုတ်ပြီး ပါးစပ်နှင့် တဟူးဟူးမှုတ်မိသည်အထိ။ ပထမ စိတ်ညစ်သွားပြီး နောက်တော့ ရယ်ချင်ပက်ကျိ။ အရှုးနဲ့နေတဲ့သူဟာ အရှုးနီးပါးပါပဲ။ ကျောက်စက်အတွက် တွေးပြီး စိတ်မကောင်းလည်းဖြစ်မိသည်။

"ကိုစူးရှ"

"ဟင်"

"ဘယ်လိုလဲ စိတ်ညစ်သွားပြီလား"

"မညစ်ပါဘူး"

"မေမေ့စိတ်က ပုံမှန်မဟုတ်သေးတော့ ကိုစူးရှကို အားနာလိုက်တာ။ မေမေက အဲဒီလိုပဲလေ။ ဒီလိုဖြစ်တာက တစ်ခါတလေမှပါ။





တစ်ခါတလေကျတော့လည်း အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် ဖြစ်သွားပြန်ရော"

"အော်"

"ဆေးပုံမှန်တိုက်နေတာဆိုတော့ တဖြည်းဖြည်းတော့ ငြိမ်သွားမှာပါ"

"ကျောက်စက်"

"ရှင်"

ကျောက်စက်မျက်နှာလေးကို ငေးကြည့်ပြီး စူးရှရင်ထဲက အချစ်တို့သည် သနားခြင်းနှင့်ရောထွေးပြီး ရှုန်းကြွလာ၏။ အချစ်နဲ့ ချောင်းဆိုးခြင်းက ထိန်းချုပ်လို့မရဘူးတဲ့။ ဖွင့်ပြောမယ်ကြံလိုက်တိုင်း အကြောင်းတွေက အမျိုးမျိုးပေါ်လာတာ။ နောင်ဆိုရင် ဟင်းရွက်တန့်စွန်းတောင် ရယ်တယ်ဆိုတော့ . . .

ဟင်းရွက်ကန်စွန်းတွေ ရယ်ခွင့်မရအောင် . . .

အခွင့်အရေးရတုန်း ဖွင့်ပြောမှ။ သူ့အဘွားဆုံးလို့ ခံစားရတဲ့ သောက၊ အမေကြောင့် ပူပန်ရတဲ့သောက။ ဒီသောကပေါင်းစုံကို ရှောင်နေရတာနဲ့ပဲ ကျောက်စက်နဲ့သူ နီးလျက်နဲ့ဝေးနေခဲ့ရတာ။

"ကိုယ် ကျောက်စက်ခံစားနေရတဲ့ဝေဒနာနဲ့ ပူပန်သောက တွေကို မျှဝေပြီး ခံစားပါရစေ"

"ဟို . . . ကိုစူးရှ ဘာကိုပြောချင်တာလဲ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အေးအတူ ပူအမျှ ဆိုတဲ့စကားကို ကျောက်စက် နားလည်မှာပါ"

ကမန်းကတန်း မျက်လွှာချသွားခြင်းသည် နားလည်ခြင်းကို မြားပစ်ပြလိုက်တာပဲပေါ့။

"ကျောက်စက်"

"ရှင်"

"မင်း သောကရောက်နေမှန်း ကိုယ်သိပါတယ်။ အဲဒီသောကတွေကို ရှောင်ဖယ်နေရင်လည်း ပြေဖြစ်မှာမဟုတ်တော့ဘူး။ ကိုယ်တစ်ကိုယ်ကောင်းဆန်ပြီး အတ္တကြီးသွားတယ်ဆိုရင်လည်း ခွင့်လွှတ်ပါ။ အဲဒီအတ္တကိုက ကျောက်စက်နဲ့အတူ ဘာမဆို ရင်ဆိုင်ဖြေရှင်းချင်တာ"

"ဟုတ်ကဲ့"

"ကျောက်စက် ခွင့်ပြုမှာလား"

"ကိုရူးရှ"

"ဟင်"

"ကိုရူးရှ ကျောက်စက်ကို ရည်စားစကား ပြောနေတာလား"

"ဟုတ်တယ်လေ. . . ကိုယ် ကျောက်စက်ကို ချစ်တယ်"

ဒီလိုပြောလို့ အံ့ဩလှုပ်ရှားသွားတာမျိုးမရှိဘဲ ကျောက်စက်က တည်တည်ငြိမ်ငြိမ်။ မေမေကဖြင့် သဘောတူနေတာ တွေ့စကား





တည်းကလို့ ထပ်ဖြည့်ပြောလိုက်ချင်သေးရဲ့။ ကိုယ်ကလည်း အသယ်လွန်းဝါသီချင်းထဲကလိုပေါ့။

တကယ်ဆိုရင် ကိုယ်ကလည်း ချစ်မိနေပြီ ××× ဖွင့်ဟလို့အပြောခက်သည် ဆိုတာမျိုးလေ။ နောက်တစ်ခါဆိုတာအတွက် မနက်ဖြန်ကိုတောင် ကြာတယ်ထင်နေပြီဆိုတော့ . . .

"ကျောက်စက်သဘောကရော"

". . . . . . . . . . . . . ."

"ကျောက်စက်"

"ရှင်"

"ကိုယ့်ကို တစ်ခုခုပြန်ပြောဦးလေ"

"ဘာပြောရမှာလဲ"

"ချစ်တယ်လို့ပေါ့"

ကျောက်စက် ရှက်ပြုံးလေးပြုံးလိုက်မိ၏။ ချစ်တယ်နဲ့ မချစ်ဘူး နှစ်ခုထဲကတစ်ခု ရွေးခိုင်းရမယ့်ကိစ္စကို ချစ်တယ်လို့ပဲ ဖြေခိုင်းတာ သူလုလည်းကျတာပေါ့။

"ကျောက်စက် မေးကြည့်ပါဦးမယ်"

"ဟင် . . . ဘယ်သူ့ကိုမေးမှာလဲ"

"နှလုံးသားကိုလေ"

"တော်ပါသေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုရှုးရှုက ဘယ်သူ့ကို မေးမယ်ထင်လို့လဲ"

"မသိဘူးလေ . . . ခင်ဗျားလေးအဖေကို မေးမလို့လားလို့"

"ဖေဖေ့ကို မမေးပါဘူး။ မေမေ့ကိုမေးကြည့်ရင် ပိုကောင်းလိမ့်မယ်ထင်တယ်"

"အဲဒါဆို မေးမနေနဲ့တော့"

"ဘာဖြစ်လို့လဲ"

"ခင်ဗျားလေး ကျူပ် ကားပေါ်ကို စီးလိုက်တဲ့အခါတွေရှိတယ်လေ"

"အဲဒီတော့"

"ကားတင်ပြေးမှာပေါ့"

"ဟင်"

ဒီတစ်ခါတော့ အံ့ဩရိပ်ပြပြီး ပြုံးသွားတဲ့မျက်နှာမှာ ပန်းရောင်ပြေးသွား၏။ ရင်ဘတ်က တစ်ခုတည်းပေမယ့် အိမ်တွင်းရေးနဲ့ အချစ်ရေးက သပ်သပ်စီပဲလေ။ ကျောက်စက်မှာ စဉ်းစားခွင့်မရှိဘူးလေ။

"မလုပ်ရဲဘူး ထင်လို့လား"

"အဲဒါဆို ရှေ့နေကြီး ကားတင်ပြေးမှုနဲ့ တရားစွဲခံရမှာပေါ့ မရှက်ဘူးလား"

"လုပ်တဲ့သူကလည်း လုပ်ရက်ရင် ခံရဲပါတယ်"





"အဟွန်း"

"ကဲ . . . ကြာတယ်ကွာ အဖြေပေး"

"စဉ်းစားဦးမယ်လေ"

"ဘယ်လောက်ကြာမှာလဲ"

"သဓိ"

"ဟင်"

အရေးကောင်း ဒိန်းဒေါင်းပါပဲလား။ ဦးစစ်နိုင်ကို မြင်လိုက်ရတော့ စိတ်အလိုမကျမှုတွေနှင့်၊ စိတ်မကွက်နဲ့ရုရှေ ယောက္ခမရိုးသေ အသက်ရှည်တဲ့။

"ဖေဖေ . . . ဘာပြောမလို့လဲဟင်"

"သမီးမေမေက သမီးနဲ့အတူတူ ထမင်းစားချင်လို့တဲ့၊ မောင်ရှုးရှုကိုပါ ခေါ်ခဲ့လေ။ တစ်ခါတည်း ပျော်ပျော်ပါးပါး အတူတူစားကြတာပေါ့"

"ဟုတ်ကဲ့ ဖေဖေ"

ဦးစစ်နိုင် ပြန်ဝင်သွားလေတော့ . . .

"ကဲ . . . ကိုရှုးရှု"

"ကျွတ်"

"စိတ်မရှည်ဘူးလား"

"ခုမှတော့ ရှည်ရတော့မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"လက်ဖက်ကောင်းစားချင်ရင် ပလောင်တောင်တက် နေ့ရတယ်ရှင့်"

ရှုရှု လေးဖင့်စွာနှင့် ထရပ်လိုက်ရတော့၏။ အလှပေါ် အယဉ်ဆင့် ပင်မြင့်သဖင်ကို ပန်ချင်တော့လည်း စိတ်ရှည်သည်းခံ ချစ်ဖွဲ့တော့သန့်ရမှာပဲလေ။

□□□



## အခန်း (၂၆)

ရင်ခွင်ထဲမှာမှီနေတဲ့ နွေဆင့်ကဲမျက်နှာကို ငုံ့ကြည့်ရင်း ဦးမင်းခန့်မျက်နှာကြီးက ပြုံးနေသည်။ တို့ရုံ ထိရုံ ဖက်ရုံ နမ်းရုံအဆင့်ထက် ကျော်လွန်ခွင့် မရပေမယ့် ရတဲ့အခွင့်အရေးပေါ်မှာပဲ သူ ယစ်မူးနေမိတာ။ နွေဆင့်ကဲအတွက်ဆို ဘာမဆို အဆင်သင့်ဖြစ်စေချင်သည်အထိ။

ခုလည်း . . .

နဖူးနမ်းလိုက် ပါးလေးနမ်းလိုက်နှင့် စိတ်ထဲမှာ မချင့်မရဲဖြစ်လာသည်။

"နွေ"

"ဟင်"

"နွေ့ကို ကိုကြီး လက်ထပ်ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဖြစ်မှာလဲ၊ ဦးခန့်မှာ သားကြီးမယားကြီးနဲ့ပဲဥစ္စာ"

ဦးမင်းခန့်က သူ့ကိုယ်သူ ကိုကြီးလို့ထည့်ပြောပေမယ့် နွေဆင့်ကဲက ဘယ်တော့မှမခေါ်။ သူက ဦးခန့်ပါပဲ။

"ကိုကြီး အိမ်ကပဲဟာကြီးနဲ့ ကွာရှင်းလိုက်မယ်လေ"

"မလုပ်ပါနဲ့ . . . နွေဆင့်ကဲက သူများမိသားစုရဲ့ အသိုက်အမြုံကို ဖြိုခွင်းဖျက်ဆီးတဲ့သူ မဖြစ်ချင်ဘူး"

"ကျွတ်"

"အခုအခြေအနေနဲ့ပဲ ကျေနပ်စမ်းပါ"

"မကျေနပ်ချင်ဘူး နွေ၊ ကိုကြီးက နွေ့ကို အပိုင်လိုချင်တယ်"

"နွေဆင့်ကဲက ဘယ်သူ့ကိုမှ အပိုင်မပေးနိုင်ဘူး"

"အဲဒါတော့ . . . နွေ မတရားတာ"

"ကျွန်မ ပြန်ချင်ပြီ"

"နေပါဦး"

နွေဆင့်ကဲ ဦးမင်းခန့်လက်တွေကို ဖယ်ချလိုက်ပြီး . . .

"အဖေက ဒါမျိုးတွေ ကြိုက်တာမဟုတ်ဘူး"

"မကြိုက်လို့ အခုမပြုပြင်တော့ရော၊ မင်းဘဝက အကောင်းပကတိအတိုင်း ပြန်ဖြစ်လာမှာမို့လို့လား"

"ဒီထက်ပိုပြီး မပျက်စီးအောင်တော့ ထိန်းသိမ်းရမှာပေါ့"





ဦးမင်းခန့်က ကောက်ကျစ်စွာ ပြုံးလိုက်မိ၏။ သူ့ဘက်က လိုက်လျောစွာနှင့် တွေ့တိုင်း ရေလောင်းပေးနေတာ ဒီအဆင့်နဲ့တင် ကျေနပ်ဖို့မဟုတ်။ တန်အောင်တော့ ပြန်ယူရမှာပဲလေ။ နွေပြောသမျှ ဟုတ်ကဲ့လုပ်နေတာသည် မာယာတွေပဲပေါ့။ ငွင်မကျသေးလို့ ရင်မပြီး စောင့်နေရတာ စိတ်ထဲမှာ ယားကျိကျိ။

တစ်နေ့မဟုတ် တစ်နေ့တော့ . . .

သူလိုချင်တာ ရအောင်ယူရမှာပဲ။ တောမကျွမ်းလို့မဟုတ်တဲ့ သမင်ကိုက ဖမ်းမမိသေးတာ။ ရေဆင်းသောက်ရင်တောင် ချောက်မှာ အမိခံရဖို့ ကိုယ့်ရေတွင်းနှုတ်ခမ်းမှာပဲ မာယာနဲ့ထောင်ချောက်ဆင်ရမည်။

"နွေ"

"ဟင်"

"နွေသုံးဖို့ ပိုက်ဆံရှိသေးလား"

"ဘယ်ရှိမှာလဲ"

"ဒါဆို လိုက်ယူလေ"

"ဘယ်ကို လိုက်ယူရမှာလဲ"

"ဒီနေ့ ကိုကြီး အိတ်ထဲမှာ များများစားစားမပါဘူးကွ။ အဲဒါတော့ ရှိတဲ့နေရာကို လိုက်ယူမှရမှာပေါ့"

တွေခနဲဖြစ်သွားပြီးမှ ခေါင်းညိတ်လိုက်သည်။ ကောကယ်တော့



www.burmeseclassic.com

www.burmeseclassic.com



သူမမှာ အသုံးပြုတ်လောက်အောင် ရေက မခန်းပေ။ ဒါပေမဲ့ ရရင်ယူရမှာပဲပေါ့။ တစ်နေ့ နွေဆင့်ကဲဆိုတဲ့မိန်းမ ချမ်းသာလာဖို့အတွက် စုနေတဲ့ငွေတွေက အရင်းအနှီးပဲပေါ့။

"ဒါဆို သွားရအောင်"

သူခေါ်တဲ့နောက်ကို နွေဆင့်ကဲ မလိုက်ရဲစရာအကြောင်းမှ မရှိတာ။ ကိုယ်က မြွေပွေးလိုမိန်းမမျိုးပဲမို့ ကိုယ့်ကိုထိရင် ပေါက်လိုက်ရုံပဲပေါ့။

ဦးစစ်နိုင် . . .

အခုချိန်မှာ ဦးမင်းခန့်နဲ့ နွေဆင့်ကဲကို တွဲပြီးတွေ့များ တွေ့ရင် ဘာပြောမလဲ။ လောလောဆယ်အဖို့မှာ သူက ကိုယ့်ကျေးဇူးရှင် ဖြစ်ခဲ့သေးသည်။ ဖြစ်ဖြစ်ပေါ့။ နွေဆင့်ကဲဆိုတာသူများကို ဆရာတင်ပြီး ထိုင်ကန်တော့နေမယ့်သူမှ မဟုတ်တာ။

"အင့်"

"အမေ့"

ကားပေါ်တက်ဖို့ တံခါးအဖွင့် နောက်ကလူက ကိုယ့်ကို ဝင်တိုက်လေသဖြင့် လှည့်ကြည့်လိုက်ရာ . . .

"ဆော . . . ဆောရီးပါ အစ်မရယ်"

"ကျောက်စက် နေဦးလေ"

"ဟင်"





ဝင်တိုက်တဲ့သူက ကျောက်စက်တဲ့၊ နောက်ကနေ သုတ်သီးသုတ်ပျာ လိုက်လာသူက စူးရှပါ။

"စူးရှ"

သူမ ခေါ်လိုက်တော့မှ စူးရှက လှည့်ကြည့်ကာ . . .

"နွေဆင့်ကဲ"

"နေဦး စူးရှ"

"နေလို့မဖြစ်ဘူးဟ"

"ဘာဖြစ်လို့လဲ"

"ငါ့အသည်းလေး ငါ့ကို အဖြေပေးပြီးလို့ ဝမ်းသာလုံးဆို့နေတာ။ ဒီနေ့ ဘယ်သူ့ကိုမှ ငါ အချိန်ဖဲ့မပေးနိုင်ဘူး . . . သွားပြီ"

ရင်ထဲမှာ ဆူးတစ်ချောင်း စိုက်ဝင်သွားသလိုပါပဲ။ ကိုယ့်ကို ဂရုမစိုက်ခြင်းအတွက် နာကျင်သွားသည်။ သူမ စူးရှကို ချစ်နေမိတာလား။ အချစ်ဆိုတာ ဘာမှန်းမသိခဲ့သည့်မျှ စူးရှနဲ့တွေ့မှ ဂရုစိုက်ခံချင်တာတွေ၊ ယုယခံချင်တာတွေ ရှိစေချင်ခဲ့တာ။

ခုတော့ . . .

"တောက်"

❐❐❐



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

မွေ့ရာထက်မှာ ဘဝတစ်ခုဆုံးရှုံးရခြင်းအတွက် ယူကျုံးမရ မျက်ရည်တွေနဲ့ ငိုရှိုက်နေရမယ့်အစား အံကြိတ်ထားခြင်းနှင့်အတူ မျက်လုံးတွေက မီးခိုးငွေ့များ ထွက်လာသယောင် ရူးရူးရဲရဲပါ။ သူမ တန်ဖိုးထားကာကွယ်ခဲ့တဲ့ အပျိုစင်ဘဝ။

ခုတော့ သွားပြီ။

အသွားမတော် တစ်လှမ်း။ အစားမတော် တစ်လုတ်တဲ့။ ခြေတစ်လှမ်းမှားခဲ့ခြင်းအတွက် ဘဝတစ်ခု ဆုံးရှုံးသွားခြင်းကို ဘာနဲ့ အစားထိုးပြီး အဖတ်ဆည်ရမလဲ။ အစာကိုသာမြင်ပြီး ငါးမျှားချိတ်ကို မမြင်ခဲ့မိလို့ ခံလိုက်ရတာ အသည်းနာလို့မဆုံးတော့။

"နွေ"





"........."

"ကိုကြီးကို စိတ်ဆိုးနေတာလား"

"ရှင့်ကို ကျွန်မ သတ်ပစ်ချင်တယ်"

"ကိုကြီးက နွေ့ကို ချစ်လို့ပါ နွေရယ်၊ နွေကသာ လက်ခံရင် ကိုကြီးက နွေ့ကို လက်ထပ်မှာပါ"

"တိတ်စမ်း"

"နွေ"

"နွေဆင့်ကဲဆိုတာ တစ်ခုဆုံးရှုံးလိုက်လို့ ဘဝကို ရေစုန်မျှော လိုက်မယ့် မိန်းမမျိုးမဟုတ်ဘူး ဦးမင်းခန့်။ ရှင် နောက်ထပ် ကျွန်မနဲ့ ပတ်သက်ဖို့ မကြိုးစားနဲ့တော့။ အခု ကျွန်မအတွက် နစ်နာကြေး"

"အဆင်သင့်ပါပဲ နွေ"

"ဘယ်မှာလဲ"

ဦးမင်းခန့် ငွေတစ်ထပ်ကိုယူပြီး နွေ့လက်ထဲသို့ထည့်လိုက်သည်။ မထူးစိတ်ပိုက်မယ်လို့ထင်ထားတာ။ ခုတော့ နောက်ထပ် ပတ်သက်ဖို့ မကြိုးစားပါနဲ့တဲ့။

"နွေ"

"ရှင့်ပါးစပ်ကိုပိတ် ကျွန်မပြောတာကို နားထောင်"

"နွေ ... ဘာပြောမှာလဲ ပြောလေ"

လက်ညှိုးတစ်ချောင်းက ဦးမင်းခန့်မျက်နှာရှေ့သို့ရောက်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ယူခဲ့တာအတွက် ရှင်တန်အောင် ပြန်ပြီးပေးဆပ်ရမယ်"

"နွေ"

"ကျွန်မနောက်ကို မလိုက်ခဲ့နဲ့"

ပြောပြီး ချာခနဲလှည့်ထွက်လာခဲ့တဲ့နွေ။ နောင်တကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း ပေါက်ပြဲသွားသည့်ဘဝတစ်ခုအတွက် ဝမ်းနည်းရမယ့်အစား ဒေါသတွေကသာ ရင်ဝကို တက်ဆောင့်နေတာ တစ်လုံးပြီးတစ်လုံးပါ။ ဦးစစ်နိုင်ပြောတဲ့စကားတွေကို သတိရမိတယ်။ ဒီလူကြီးကို သူမ ဘာကြောင့် ခဏခဏ သတိရနေမိပါလိမ့်။

"ဒါ မင်းကိုကျုမှ ငါ့သမီးလိုသဘောထားပြီး ရင်းနှီးနေတာ စိတ်ရင်းခံနဲ့ပဲ။ မင်းကို ဘဝပျက်မှာစိုးတာ၊ လမ်းမှားရောက်မှာစိုးတာ"

ဒီစကားတွေကို ဒီလူကြီး တကယ်စိတ်ရင်းခံနဲ့ ပြောခဲ့တာလား။ အို . . . သူလည်း ယောက်ျားပဲလေ။ ယောက်ျားဆို ဘယ်ယောက်ျားမှ မယုံရဘူး။ သူမအလှမှာ ယစ်မူးချင်တဲ့ယောက်ျားတွေ။ ဒီလူကြီးလည်း စေတနာလိုလိုနဲ့ မာယာထောင်ချောက်ဆင်နေတာပဲ ဖြစ်မှာပေါ့။ ကြောင်သူတော်ကြွက်သူခိုးတွေ။ လူအများရှေ့မှာ သူတော်ကောင်းယောင်ဆောင်ပြီး လူလစ်ရင် ခိုးစားမယ့်ဟာတွေ။

ရူးရူး။

သူ့ကျတော့ ကိုယ်က အလိုရှိပြီး သူက အလိုမရှိ။

"နှင် စားသောက်ဆိုင်မှာ သီချင်းမဆိုပါနဲ့လား"





"ဟာ . . . လာပြန်ပြီတစ်ယောက်"

"ငါက နင့်အတွက် အန္တရာယ်များလို့ ပြောတာပါ"

"အန္တရာယ် ဟုတ်လား"

"ဟုတ်တယ်လေ . . . နင့်နဲ့ငါ ပြန်ဆုံစတုန်းကပဲကြည့်"

"ငါက အဲဒီအန္တရာယ်တွေကို မကြောက်ဘူးရူးရှရဲ့။ အန္တရာယ်တွေက ငါ့ကို ကြောက်နေရတာ သိလား"

"ဘယ်လို"

"ငါ့နာမည် နွေဆင့်ကဲလေ"

အဲဒီတုန်းက လက်မထောင်ပြီးပြောခဲ့တဲ့ နွေဆင့်ကဲ။ ခုတော့ ထောင်ခဲ့တဲ့လက်မကို ချိုးချလိုက်ရတော့မယ့်အဖြစ်လေ။

"နှင် သိပ်လေလုံးမထွားနဲ့ နွေဆင့်ကဲ။ တောမကျွမ်းတဲ့ မုဆိုးတွေကိုပဲ နင်လှည့်စားလို့ရမှာပေါ့။ မိန်းမနဲ့ယောက်ျားကို သဘာဝက အင်အားချင်းမမျှအောင် ဖန်တီးထားတာလေ"

ရူးရှုစကားကို သူမ အလေးအနက်မထားခဲ့တာ။ အခု ရူးရှု ပြောတာတွေက မှန်နေပြီ။ မိန်းမနဲ့ယောက်ျား အင်အားချင်းမမျှလို့ပဲ နွေဆင့်ကဲဘဝ ဆုံးရှုံးခဲ့ရပြီ။

"နွေဆင့်ကဲ"

". . . . . . . . . . . . . . . . . . . . . ."

"နွေဆင့်ကဲ"



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သံကြားရာဘက်သို့ လှည့်ကြည့်လိုက်တော့ . . .

"ဦးစစ်နိုင်"

"မင်း အချိန်ရလား"

"ရပါတယ် . . . ဘာဖြစ်လို့လဲ"

"မင်းနဲ့ အေးအေးဆေးဆေး စကားပြောချင်တယ်"

"ပြောပါ"

"တစ်နေရာရာသွားရအောင်"

နွေဆင့်ကဲ ကားပေါ်တက်ပြီးလိုက်ပါလာခဲ့၏။ စားသောက်ဆိုင်ကိုရောက်တော့ နွေဆင့်ကဲကို ဘာမှမမေးဘဲ သူမှာချင်တာတွေကိုပဲ မှာပြီးမှ . . .

"ဦးမှာတာတွေကို နွေဆင့်ကဲ ကြိုက်ရဲ့လားမသိဘူး။ မကြိုက်ရင် ကြိုက်တာမှာလေ"

"ကြိုက်ပါတယ် . . . အဲဒါကိုပဲ အံ့ဩနေတာ"

"ဟင် . . . ဘာကိုလဲ"

"ဦးစစ်နိုင်နဲ့ကျွန်မ အားလုံး အကြိုက်ချင်းတူနေလို့"

"ဟုတ်လား"

"အဲဒါတွေ ထားပါ၊ ဦးစစ်နိုင် ကျွန်မကို ဘာပြောမှာလဲ။ ယူထားမိတဲ့ ငွေနှစ်သိန်းအတွက် အပေးအယူလုပ်ချင်တာလား"

"ဘာ"





"ဦးမင်းခန့်လိုပေါ့"

"နွေဆင့်ကဲ"

စေတနာကိုစော်ကားပြန်ပြီဟု ဒေါသဖြစ်ချင်ပေမယ့် ဖြစ်မရတဲ့ ဒေါသကိုပဲ နားမလည်နိုင်။ တကယ်ဆို ဘာမှ သွေးမတော်သားမစပ်တဲ့ မိန်းကလေးတစ်ယောက်အတွက် သူ စိုးရိမ်ပူပန်ပေးစရာလိုလို့လား။ မလိုဘဲနဲ့ကို စိုးရိမ်နေမိတဲ့စိတ်ကို ကိုယ်တိုင်လည်း နားလည်ရခက်နေသည်လေ။

"မင်း ငါ့စေတနာကို ထပ်စော်ကားပြန်ပြီ"

"စေတနာ . . . ဟုတ်လား"

"မင်းခန့်နဲ့ငါ စီးပွားရေးအရ ပတ်သက်မှုရှိနေပေမယ့် ငါ သူ့လိုလူစားမျိုး မဟုတ်ဘူး နွေဆင့်ကဲ"

"ဩော် . . . ဩော်"

လှောင်လိုက်တာကိုသိပေမယ့် ပြောချင်တာကို ဆုံးအောင်တော့ . . .

"မင်းကိုငါ တကယ်ဖြူဖြူစင်စင်နဲ့ ကူညီခဲ့တာ။ အဲဒါကိုမှ မယုံကြည်ဘူးဆိုရင် ငါ့ပတ်ဝန်းကျင်မှာ ငါ့အကြောင်း စုံစမ်းကြည့်လိုက်"

"ကျွန်မဆီက ဘာမှမမျှော်လင့်ဘဲ ကူညီခဲ့တယ်ဆိုတော့ အံ့ဩစရာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မှန်တာပြောရရင် မင်းလုပ်နေတဲ့အလုပ်ကို ငါ သဘောမကျဘူး။ မင်းခန္ဓာနဲ့ ငြိနေတာကိုလည်း စိုးရိမ်တယ်။ ငါ ကူညီမယ် နွေဆင့်ကဲ။ မင်း ရိုးရိုးသားသားနဲ့ ပိုက်ဆံရမယ့်အလုပ်တစ်ခုကို ပြောင်းလုပ်ပါ"

"ရှင် ဘာလို့ အမှန်ကိုဝန်မခံရတာလဲ ဦးစစ်နိုင်"

ဦးစစ်နိုင် မျက်မှောင်ကြုတ်သွားတော့။

"ငါက ဘာကို ဝန်ခံရမှာလဲ"

"ရှင် ကျွန်မကို စိတ်ဝင်စားနေတယ် မဟုတ်လား"

"စိတ်ဝင်စားတာ မှန်တယ်၊ ဒါပေမဲ့ . . . မရိုးသားတဲ့စိတ်နဲ့ စိတ်ဝင်စားတာမျိုး မဟုတ်ဘူး။ မင်း ရင်ဆိုင်နေရတဲ့ ပတ်ဝန်းကျင်၊ မင်းဘဝနဲ့ ငါ့သမီးအဖြစ်နဲ့ တူနေတဲ့မင်းရဲ့မွေးနေ့။ အဲဒါတွေကို ငါ စိတ်ဝင်စားတာ"

နွေဆင့်ကဲ မဲ့ပစ်လိုက်၏။ သမီးတစ်ယောက်လို သဘောထားပါတယ်လို့ ဘယ်လိုပဲပြောပြော သူမ မယုံနိုင်။ သိုးရေ ဘယ်လောက်ပဲလုံအောင်ခြုံခြုံ ဝံပုလွေက ဝံပုလွေပါ။ ယောကျ်ားဆိုတာ ဝံပုလွေပဲလေ။ အခုပဲ သူမဘဝ နစ်မွန်းခဲ့ရပြီ။ ဒီကိစ္စ ဘယ်သူ့မှမသိပေမယ့် သိနေတဲ့ကိုယ့်ရင်ထဲမှာ ဘယ်လိုလိပ်ပြာလုံပါ့မလဲ။

ကိုယ်ထိန်းသိမ်းခဲ့တဲ့ အရှက်။

ကိုယ်ကာကွယ်ခဲ့တဲ့ အပျိုစင်ဘဝ။





တစ်ချက်ကလေး အယုံလွယ်လိုက်တာနှင့် ဆုံးရှုံးခဲ့ရပြီ။ ဒီလိုမိန်းကလေးကို ဘာမျှော်လင့်ချက်မှမရှိဘဲ ကူညီတယ်ဆိုတော့ မအံ့ဩဘဲ နေပါ့မလား။ ပန်းလိုချင် အပင်ပျိုးရတာပဲလေ။ သူက ပျိုးရုံပျိုးပြီး မပန်ချင်ဘူးဆိုတော့ . . .

"နွေဆင့်ကဲ"

". . . . . . . . . . . . . ."

"မင်း ငါပြောတာကို လက်ခံပါ"

"ဘာကိုလဲ"

"မင်းနဲ့ထိုက်တန်တဲ့ အလုပ်တစ်ခု ငါပေးမယ်"

"ပြောကြည့်ပါဦး"

"ငါ့မိန်းမက စိတ္တဇဝေဒနာသည်ဆိုတော့"

"နောက်ဆုံးတော့ ယောကျ်ားတွေက ဒီပုပ်ထဲက ဒီပဲပါပဲလား ဦးစစ်နိုင်။ ဘာလဲ . . . မျက်နှာကို သနားလူပြုပြီး လက်ကနိုးစားဖို့ကြံတာလား။ ကိုယ့်ဘက်ကိုယ်ယက်ချင်လည်း ပြောင်ပြောင်တင်းတင်းပေါ့။ ဝေ့မနေစမ်းပါနဲ့"

ဒီတစ်ခါတော့ ထိန်းမရအောင် စိတ်ထဲမှာ ဖျင်းခနဲဖြစ်သွားတယ်။ ကိုယ်ဘယ်လိုပဲစေတနာစကားတွေပြောပြော၊ စေတနာကို အရောင်ဆိုးပြီး လူကို အနက်ရောင်မျက်လုံးနဲ့မြင်နေတာ။ သူ့အတ္တဝါကို လှူချုတ်မှ ကျုတ်သတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒီမိန်းကလေးကတော့ မြတ်စွာဘုရား ဆင်းချတ်တောင် ကျွတ်တန်းဝင်မှာ မဟုတ်ပါလား။

"ငါ့စေတနာကို အထပ်ထပ်ဖော်ကားနေတာ မင်း တရား လွန်လာပြီ နွေဆင့်ကဲ။ ငါက သမီးမွေးထားတဲ့အဖေမို့လို့ သမီးချင်း ကိုယ်ချင်းစာစိတ်နဲ့ မင်းဘဝကို တည့်မတ်ပေးဖို့ ကြိုးစားကြည့်တာ။ ဒါကို မင်း မမြင်တတ်ရင် ကြိုက်သလိုလုပ်"

ဦးစစ်နိုင် ထရပ်လိုက်စဉ် ...

"ဦးစစ်နိုင်"

"..............."

"ကျွန်မကို အိမ်ပြန်ပို့ပေးနိုင်မလား"

"ငါခေါ်ခဲ့တာဆိုတော့ ပြန်ပို့ဖို့ ငါ့မှာ တာဝန်ရှိတယ်"

ရှေ့ကနေ ထွက်သွားတဲ့ ဦးစစ်နိုင်၏နောက်သို့ နွေဆင့်ကဲ လိုက်လာခဲ့၏။ မကြောက်တတ်၊ အားမနာတတ်တဲ့ နွေဆင့်ကဲရဲ့ စကားလုံးတွေဟာ တစ်ဖက်လူ၏သိက္ခာကို စော်ကားသလိုဖြစ်တာ မဖြစ်တာ သူ မသိ။ သူမ သိတာသည် ပြောချင်တာပြော လုပ်ချင်တာ လုပ်ပြီး သူမ ငွေပေါပေါသုံးနိုင်ဖို့။ အိမ်ကိုရောက်တော့ ...

"နွေဆင့်ကဲ ပြန်လာပြီ၊ ဟော် ... ဧည့်သည်လည်း ပါလာတာကိုဟင်"

ဧည့်သည်၏မျက်နှာကို သေသေချာချာကြည့်လိုက်မိတော့





ဒေါ်နီမာ ပါးစပ်အဟောင်းသား ဖြစ်သွား၏။ ပြီးမှ ...

"ကိုစစ် ... ကိုစစ် ... မဟုတ်လားဟင်"

"နီမာ ... နင် နီမာနော်"

"ဟုတ်ပါတယ် ... ကျွန်မ နီမာပါ ကိုစစ်ရယ်"

"ဒါဆို ... ကိုဖေဒါရော"

"သူ အလုပ်သွားပါတယ်"

"နွေဆင့်ကဲက"

မေးလို့ လှည့်ကြည့်လိုက်တော့ နွေဆင့်ကဲက မရှိတော့။ သူ့အခန်းထဲကို တန်းဝင်သွားတာမို့ တော်တော်နှင့် ပြန်မထွက်လာဘူး ဆိုတာ ဒေါ်နီမာပဲသိ၏။

"နွေဆင့်ကဲနဲ့ ကိုစစ် ဘယ်လိုတွေ့လာကြတာလဲ"

"စတွေ့တာတော့ စားသောက်ဆိုင်မှာ၊ သူက သီချင်းဆို တယ်လေ"

"ဘုရား ... ဘုရား"

ဒေါ်နီမာ ရင်ဘတ်ဖိပြီး ဘုရားတလိုက်မိ၏။ နွေဆင့်ကဲ ယောကျ်ားတွေနဲ့ ဘယ်လိုပတ်သက်ပြီး ဘယ်လိုငွေရှာတယ်ဆိုတာ သိနေတော့ ဒေါ်နီမာ မျက်လုံးမပြူးဘဲ ရှိပါ့မလား။ အခု ပတ်သက်နေ တာ ကိုစစ်နဲ့။ မဖြစ်သင့်တာတွေ ဖြစ်ကုန်ရင်လို့ တွေးလိုက်မိတော့ ဦးခေါင်းကို မိုးကြိုးပစ်ခံလိုက်ရသည့်နှယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုစစ် … နီမာပြောစရာရှိလို့ ခဏလိုက်ခဲ့"

"ဘာလဲဟာ"

"ပြောရင်သိရမယ် … လာ"

ဦးစစ်နိုင်၊ ဒေါ်နီမာ့ဆွဲခေါ်ရာနောက်သို့ ပါလာခဲ့တော့၏။ ဟိုတုန်းကတည်းက အိမ်ရှင်နဲ့အလုပ်သမားလို သဘောမထားဘဲ မိသားစုလိုနေလာကြသူတွေ။

"ကိုစစ်"

"ဟင်"

"ပြောစမ်းပါ … ကိုစစ်နဲ့နွေဆင့်ကဲ ဘယ်လိုပတ်သက်ခဲ့ကြတာလဲ"

"နွေဆင့်ကဲက နင့်သမီးလား"

"ဆိုပါတော့"

ဆိုပါတော့ဆိုတာ မဟုတ်ဘူးလေ။ နွေဆင့်ကဲပြောခဲ့ဖူးတဲ့ မွေးစားမိဘတွေဆိုတာ ကိုဇေဇါနဲ့ နီမာပေါ့။ ဒါဆို …

"ဆိုပါတော့ဆိုတာ မဟုတ်ဘူး ထင်တယ်"

"ကိုစစ်"

"ဟင်"

"နွေဆင့်ကဲကလေ"

"ဘာဖြစ်လဲ"





"ကိုစစ် … ကိုစစ်ရဲ့သမီး"

"ဘာ"

မယုံနိုင်ခြင်းများစွာနှင့် ခေါင်းတခါခါဖြစ်သွားသည်။ ဘယ်လိုဖြစ်လို့ နွေဆင့်ကဲက သူ့သမီးဖြစ်ရတာလဲ။ သမီးကြီးနဲ့အဖြစ်ချင်းတူ တယ်လို့ထင်ခဲ့တာ ကိုယ့်သမီးဖြစ်နေသတဲ့လား။ လောကကြီးက ဒီလောက်တောင် မာယာများခဲ့ပြီ။

"ဒီအကြောင်းတွေကို နွေဆင့်ကဲ သိလို့တော့မဖြစ်ဘူး ကိုစစ်။ သူက မိဘရင်းတွေကို သတ်ပစ်ချင်လောက်အောင် မုန်းနေတာ"

"ဘယ်လို"

"အဲဒါတော့ ကတိပေးပါ ကိုစစ်ရယ်။ နွေဆင့်ကဲက ကိုစစ် သမီးပါ။ ဒါပေမဲ့ .. သူ လုံးဝမသိပါစေနဲ့၊ သိလို့မဖြစ်လို့ပါ ကိုစစ်ရယ်"

"နင်တို့ … နင်တို့ ရက်စက်လိုက်ကြတာဟာ"

"နီမာတို့ရက်စက်တာ မဟုတ်ဘူး ကိုစစ်"

"ဒါဆို ဘယ်သူရက်စက်ခဲ့တာလဲ၊ ပြောစမ်းပါ"

"တကယ်ရက်စက်ခဲ့တာက ကိုစစ်ရဲ့မေမေ"

"ဘာ"

သေသူကို လက်ညှိုးထိုးပုံချတယ်လို့ပြောရအောင် မေမေ သေခြင်း,မသေခြင်းကို နီမာတို့သိတာ မဟုတ်တော့ …

"အဖြစ်က ဒီလိုပါ ကိုစစ်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အခုလည်းအတူသွား အတူလာ နေရတာပဲလေ"

"အတူတူတော့ အတူတူပေါ့။ အတူမနေရတဲ့အချိန် ရှိတယ်လေ။ အဲဒီအချိန်က အရေးအကြီးဆုံးအချိန်"

"ကိုနော် ဘာတွေပြောမှန်းမသိဘူး ... သွား"

ကျောက်စက် သူ့ကို ဖွဖွထုပြီး ရှက်ရယ်ရယ်လေလျှင် အသည်းယားစွာ ပခုံးလေးကို ဆွဲဖက်ပစ်လိုက်၏။ ကြီးမှဝက်သက်ပေါက်တော့ ခံစားရ ပိုခက်တာ ဘယ်လိုလုပ်မလဲ။ သူတို့က အရွယ်လွန်တာတော့ မဟုတ်သေးပါဘူး။ ပြောရရင် အရွယ်ကောင်းလေး။

"ဒါ ရှက်စရာမဟုတ်ဘူး ကျောက်စက်ရဲ့။ လောကဓမ္မတာပဲဟာ"

"တော်ပါ ... မပြောနဲ့တော့"

"ပြောမှာပဲ"

"ကိုနော်"

သူ့မျက်နှာ ငုံ့ကျလာတော့ ကျောက်စက် သူ့ရင်ဘတ်နှင့်ထိကပ်ပြီး မျက်နှာလေးကို ဝှက်ထားလိုက်သည်။ မချစ်တတ်တုန်းကအချစ်က ခါးသလား ထင်ခဲ့မိတာ။ ချစ်တတ်လာမှ အချစ်က လူကိုမူးယစ်ရီဝေစေတတ်မှန်း သိခဲ့ပါပြီ။ ဖေဖေက မေမေ့ကိုချစ်တာ အနုထိစိန်မှုနှာယူထိုက်တုန်းပါပဲ။

ထို့ကြောင့် ...



## အခန်း (၂၈)

"ကျောက်စက်"

"ဟင်"

"ကိုယ်တို့လက်ထပ်ကြရအောင်ကွာ ... နော်"

လက်ကလေးကို ဆုပ်ကိုင်ပြီး ပြောလေလျှင် ...

"ဘာလို့ ဒီလောက်လောနေရတာလဲ"

"သူများတွေ လူပျိုကြီးခေါ်တာ အခေါ်မခံချင်တော့လို့ပေါ့"

"ဩော် ... လူပျိုကြီးအခေါ်မခံချင်တာနဲ့ပဲ ကျောက်စက်ကို လက်ထပ်ချင်တယ်ပေါ့ ဟုတ်လား"

"မဟုတ်ဘူးလေ ... ကျောက်စက်နဲ့အတူတူနေချင်တာက အဓိက"



www.burmeseclassic.com

www.burmeseclassic.com



သူမတို့သည် ဒီလိုပဲ နားလည်မှုများစွာနှင့် တစ်သက်မခွဲ ချစ်နိုင်လိမ့်မည်လို့ထင်သည်။ သူကလည်း မေမေ့အချစ်ကို အားကျသည်တဲ့။

"ကိုယ် မေမေ့ကို ဖွင့်ပြောလိုက်တော့မယ်နော်"

"ဘယ်လိုဖြစ်နေတာလဲ"

"အတူနေချင်ပါပြီဆိုကွာ"

"ပိုလိုက်တာ"

"မပိုဘူး ကျောက်စက်ရဲ့ တော်ကြာ ကိုယ်တို့သားသမီးရတဲ့ အချိန်မှာ ကိုယ်က မုတ်ဆိတ်ဖြူနေရင် ကြည့်မကောင်းဘူး"

"ကို"

"ဗျာ"

"ပါးစပ်စည်းကမ်းမဲ့တာ ကျောက်စက် မကြိုက်ဘူးနော်"

"ဒါ . . . မလွန်ဆန်နိုင်တဲ့သဘာဝ"

"တော်တော့"

သူ့ပါးစပ်ကို ကျောက်စက် လက်ချောင်းလေးများနှင့် ပိတ်လိုက်တော့ သူက ဆုပ်ကိုင်ပြီးဖယ်ချကာ . . .

"ဒါဆို . . . ပြော"

"ဟင် . . . ဘာပြောရမှာလဲ"

"ကိုယ် မေမေ့ကို ပြောပြီး လာတောင်းပါ့မယ်ဆို"





"ကိုသဘော . . . ကိုသဘော"

"တကယ်"

"အင်း"

"ဝမ်းသာလိုက်တာကွာ"

ချစ်တဲ့သူနဲ့သာဆို မိုးနဲ့လေကိုမြင်ဖို့မပြောနဲ့ ဘေးမှာလာရပ်တဲ့သူကိုတောင် မမြင်။

နွေဆောင့်ကဲ။

ကန်ဘောင်မှာ ဦးမင်းခန့်မဟုတ်တဲ့ အခြားတစ်ယောက်နဲ့ ချိန်းထားလို့လာခဲ့တာ။ ရှုရှုလားလို့ ကြည့်လိုက်တော့ တကယ်ဟုတ်နေတာကြောင့် ရင်ထဲမှာ သဝန်တိုမှု၊ မနာလိုမှုတွေက တဒိုင်းဒိုင်း ဆောင့်ခုန်လာသည်။

အချစ်မရှိဘူးလို့ ထင်ခဲ့တဲ့ ရင်ဘတ်ထဲမှာ . . .

ရှုရှုနဲ့တွေ့မှ အချစ်တွေ ဖြစ်တည်လာခဲ့တာ ဘယ်အရပ်ဒေသကနေ ချဉ်းနင်းဝင်ရောက်လာမှန်းမသိ။ သူနဲ့တွေ့မှ မျှော်လင့်ချက်တွေ၊ ရည်ရွယ်ချက်တွေ ရှိလာခဲ့ပြီး ကိုယ့်ဗီဇကို ဆင်ခြင်တော့မယ်ဆိုမှ မြင်လိုက်ရတဲ့မြင်ကွင်းက ရင်ထဲမှာ မီးဟုန်းဟုန်းထတောက်စေခဲ့ပြီ။

"ရှုရှု"

". . . . . . . . . . . . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . . ရှုံးရှုံ"

"ဟင်"

ပန်းကို ခပ်ကြမ်းကြမ်းဆွဲလှုပ်ပြီး ခပ်ရှုံးရှုံးခေါ်လိုက်မှ နှစ်ယောက်စလုံး လှည့်ကြည့်ပြီး . . .

"နွေဆင့်ကဲ"

ရှုံးရှုံက ထရပ်ပြီး . . .

"နှင်"

"နှင်နဲ့တူပါတယ်လို့ လာကြည့်တာ။ နှင်ပဲကိုး"

"အတော်ပဲ နှင်နဲ့မိတ်ဆက်ပေးရဦးမယ်"

"မိတ်ဆက်ပေးစရာ မလိုပါဘူး။ ပန်းလေးဖက် ရင်ခွင်ထဲသွင်းပြီး ဖက်ထားတယ်ဆိုမှတော့ ငါ သဘောပေါက်ပြီးသား"

"အို"

စကားပြောပုံက တစ်ဖက်လူကို မညှာမတာ။ ခပ်ရင့်ရင့်ပဲမို့ ကျောက်စက်မျက်နှာလေး အဝတ်နီစလို။ တကယ်ဆို ကျောက်စက်ရှေ့မှာ ဒီလိုပြောသင့်သလား။ မိန်းကလေးချင်း ညှာတာရကောင်းမှန်းမသိ။

"သဘောပေါက်ရင်လည်း ပြီးတာပါပဲ"

"ရှုံးရှုံ"

"ပြော"





"နှင် သူ့ကို လက်ထပ်မှာလား"

"ဟာ . . . ချစ်လို့မှ ချစ်သူဘဝကို လက်ခံထားတာ။ ချစ်သူဆိုမှတော့ လက်ထပ်မှာပေါ့"

"လက်မထပ်ရဘူး"

"ဘာ"

"နှင် သူ့ကို လက်မထပ်ရဘူး ရှုံးရှုံ"

"ဟား . . . နှင်က ငါ့ကို ချုပ်ရအောင် ငါ့အမေလား"

"ငါက နှင့်အမေထက်မြင့်တဲ့အဆင့်မှာ နေချင်တာ"

"နွေဆင့်ကဲ"

မျက်တောင်တုတွေ ကော့ပျံနေတဲ့ မျက်ဝန်းကျယ်ကျယ်နဲ့ မဲ့ပြုံးပြုံးနေတဲ့ နှုတ်ခမ်းလွှာက ကျောက်စက်ကို မြူးပြုံခြောက်ပြတာထက် ကြောက်လန့်မှုကို ဖြစ်စေ၏။

ကိုယ်က ရှေ့နေတစ်ယောက်ပဲလေ။ လူလူချင်း မကြောက်ပေမယ့် မမြင်ရတဲ့အတွင်းစိတ်ကြောင့် ချစ်သူနဲ့ ဝေးရမှာကို ကြောက်တာ။

"နှင် ဘာတွေလာပြောနေတာလဲ"

"နှင်က ရှေ့နေတစ်ယောက်ပဲ . . . မအောဘူးလို့ ငါ သိတယ်"

"လူတစ်ယောက်ကို ချစ်ခွင့် မချစ်ခွင့်၊ ငါ့ကိုယ် ငါပိုင်ငါ့မို့ ငါပဲ ဆုံးဖြတ်ပိုင်ခွင့်ရှိတယ်။ နှင် ငါ့ကို အမိန့်ပေးစရာမလိုဘူး"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့ ကိုရယ် . . . ကျောက်စက်တို့ ပြန်ကြရအောင်နော်"

"နေဦး"

စူးရှကိုဆွဲခေါ်ပြီး ထွက်သွားဖို့ပြင်တဲ့ ကျောက်စက်ရှေ့မှာ လက်ကို ဆန့်တန်းပြီး တားလိုက်သဖြင့် ကျောက်စက်ခြေလှမ်းက နောက်ဆုတ်သွားသည်။

ကျောက်စက်ကိုကြည့်တဲ့ နွေဆင့်ကဲအကြည့်တွေအောက်မှာ ကျောက်စက်ကိုယ်လေး ပိန်လှီသေးကျုံ့သွားသလိုပါပဲ။

"နင် ငါ့ကို ဆုံးမ,သလို ပြုံးပြသလိုနဲ့ ဩဝါဒတွေခြွေပြီး လိုက်လျောခဲ့တာ ဘာအဓိပ္ပာယ်နဲ့လဲ စူးရှ"

"အဲဒါ ရှင်းပါတယ် . . . သူငယ်ချင်းမို့လို့ ကောင်းစေချင်ခဲ့တာ"

"အဲဒီစေတနာက ငါ့ကို အဆိပ်သင့်စေခဲ့တာ"

"နင့်အတွက် ဖြေဆေးယေပါတယ်"

"အခု . . . ငါ အမိခံရတာ ဖြေဆေးမရှိတဲ့အဆိပ်"

"အနာသိရင် ဆေးရှိစမြဲပဲ နွေဆင့်ကဲ။ မဖြေတတ်တာ နင့်အကြောင်း တို့ကို မနှောင့်ယှက်ပါနဲ့"

သူက ဒီလောက်အထိ ပြတ်သားသတဲ့လား။ နွေဆင့်ကဲပဲလေ။





နောက်ထပ် ဆယ်နှစ်နောက်ရလည်း မဆန်းပါဘူး။ ကိုယ်မစားရတဲ့ ဟင်းချက် ပက်ခနဲ ထသွန်ပစ်ရဖို့ ဝန်မလေးသလို အခြားလက်ကို ဆားနဲ့ပက်ပြီး နောက်ထပ် မနိုက်ရဲအောင် လုပ်ရဖို့လည်း မကြောက်။

ကိုယ်က ချစ်ပြီဆိုမှတော့ . . .

ကိုယ်ရမှဖြစ်မှာ။

"နင်တို့နှစ်ယောက် ဘယ်တော့မှ လက်မထပ်စေရဘူး"

❐❐❐



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

ကျောက်စက်နဲ့ရှူးရှ။

နှစ်ဖက်မိဘတွေကိုဖွင့်ပြောပြီး လက်ထပ်ဖို့ရေး ဆွေးနွေး တိုင်ပင်ဖို့အတွက် စူးရှတို့သားအမိ ကျောက်စက်တို့အိမ်ကို ရောက် လာခဲ့ကြသည်။

နှစ်ဖက်စလုံးက ဥစ္စာပေါ် ရုပ်ချော ပညာတတ်တွေ။ နှစ်ဖက် မိဘကလည်း လိုလေသေးမရှိ ပြည့်စုံကြွယ်ဝပြီး မျိုးရိုးသိက္ခာ ဘာမှ ပြောစရာမရှိ။

"လာ . . . ထိုင်ကြဗျာ ထိုင်ကြ"

အစကတည်းက ကျောက်စက်ကို ဒေါ်သန့်ဖြူစင်တစ် ယောက် သဘောကျခဲ့တာမို့ မျက်နှာက ပြုံးချိုနေသည်။





"မေမေ"

"ဟင်"

"ဒါ . . . ကို . . . အဲ . . . ကိုစူးရှရဲ့မေမေ ဒေါ်သန့်ဖြူစင်ပါ မေမေ"

ဦးစစ်နိုင် ခေါင်းညိတ်လိုက်ပြီး . . .

"ဟုတ်ကဲ့ . . . တွေ့ရတာ ဝမ်းသာပါတယ် ဒေါ်သန့်ဖြူစင်။ လာရင်းကိစ္စကို သမီးပြောပြထားလို့ သိပြီးပြီဆိုတော့ အထွေအထူး ပြောနေစရာ မလိုတော့ပါဘူး"

"ဒါဆို ကိုစစ်နိုင်ရဲ့ သဘောထားကို ကျွန်မ သိပါရစေရှင်"

"ကျွန်တော့်သဘောထားကိုပြောရရင် နှစ်ယောက်စလုံးက အရွယ်ရောက်နေတဲ့ ပညာတတ်တွေပဲလေ။ သူတို့ရဲ့ရွေးချယ်မှုက မမှားနိုင်ဘူးလို့ ကျွန်တော် ယုံကြည်ပါတယ်။ ဒါကြောင့် သဘောတူ လက်ခံပါတယ်"

"ခုလိုကြားရတာ ဝမ်းသာလိုက်တာရှင်။ ကျွန်မမှာလည်း ဒီသားလေးတစ်ယောက်ပဲရှိတော့ လူရွေးမှားမှာ စိုးရိမ်ခဲ့ရတာ။ အခု သမီးလေး၊ ကျောက်စက်နဲ့ဆိုတော့ စိတ်အေးသွားရပါပြီ"

"ဒါပေမဲ့ . . . တစ်ခုတော့ရှိတယ်ဗျ"

"ဘာများလဲ ကိုစစ်နိုင်"

"သမီးရဲ့မေမေက စိတ္တဇဝေဒနာရှင်ဆိုတော့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ သိပြီးသားပါ၊ ဝင့်ကြွေးရှိလို့ ပေးဆပ်နေရတာကို ကျွန်မတို့က အပြစ်ဖွဲ့ကဲ့ရဲ့နေမယ့်သူတွေ မဟုတ်ပါဘူး"

ဒီကိစ္စ ထည့်မပြောလို့မဖြစ်တာကြောင့် ဦးစစ်နိုင် ထည့်ပြော ရတာပါ။ ဘာဖြစ်လို့လဲဆို အချိုဖြစ်တတ်ကြပါတယ်။ ပွဲဝင်မတော့်တယ် လို့ မင်္ဂလာပွဲကို မလာပါနဲ့တို့ ဘာတို့၊ ကိုယ်က ကိုယ့်ဖနီးကို အဲဒီလို အဖြစ်မခံနိုင်။

"ဒါဆို ကျွန်တော့်ဘက်က ပြောစရာမရှိပါဘူး"

"စေ့စပ်ရက်ကို ကိုစစ်နိုင်ပဲ သတ်မှတ်ပေးပါ။ မိန်းကလေးရှင် ဆိုတော့ အစစအရာရာ ဦးစားပေးရမှာပေါ့"

ဦးစစ်နိုင် ခပ်တွေတွေ စဉ်းစားနေ၏။ ရူရှုနဲ့ကျောက်စက်မှာ တော့ သူတို့လျှောက်သောလမ်းမှာ ပန်းတံတားကို ခင်းထားတာမို့ ဝမ်းသာပီတိဖြစ်နေမှာ မလွဲမသွေ။

"လာမယ့်ဆန်းဒေးဆို ဖြစ်မလား"

"ဖြစ်ပါတယ် ကိုစစ်နိုင် . . . ကိုစစ်နိုင်ရဲ့သဘောပါပဲ၊ ကျွန်မ ကတော့ ဖြစ်နိုင်ရင် ခုတောင် လုပ်လိုက်ချင်တာ"

"အဲဒီလောက်အထိတော့ မလောပါနဲ့ဗျာ၊ သူတို့ဆန္ဒကို မေးကြည့်ပါဦး"

ဦးစစ်နိုင်၏စကားကြောင့် ဒေါ်သန္တာမြိုင် သားတောက်သို့လှည့် ကာ . . .





"သား"

"ဗျာ"

"သားသဘောကရော"

"မေမေတို့သဘောအတိုင်းပါ"

"သမီး"

"ရှင်"

"သမီးကရော ဘာပြောဦးမလဲ"

"ပြောစရာမရှိတော့ပါဘူး အန်တီ"

"ဒါဆို စေ့စပ်ရက်သတ်မှတ်ကြတာပေါ့။ စေ့စပ်တဲ့နေ့ကျမှ မင်္ဂလာရက် ထပ်ပြီးသတ်မှတ်ကြမယ်လေ"

"ကောင်းပါတယ်"

"ကိုစစ်"

"ဟင်"

ကိုစစ်လို့ခေါ်သံကြောင့် ဦးစစ်နိုင်ကြည့်လိုက်တော့ အိမ်တံခါး ဝမှာ ရပ်နေသူသည် ဦးစစ်နိုင် ချက်ချင်းမှတ်မိလိုက်၏။ ဆံပင်ဖြူပြီး ပါးရေနားရေတွေ တွန့်စပြုနေပြီပေမယ့် အရင်းနှီးဆုံးနေခဲ့တဲ့အချိန်က ရုပ်နှင့် ခပ်ဆင်ဆင် တူတယ်ဆိုကတည်းက ကိုယ်နဲ့ပတ်သက်မှုတွဲ ဒီလူပဲပေါ့။

"ကိုစစ်"

www.burmeseclassic.com

www.burmeseclassic.com



"ကိုဗေဒါ"

ဦးစစ်နိုင် ထရပ်ပြီးသားဖြစ်သွားကာ . . .

"လာလေ ကိုဗေဒါ . . . လာ ထိုင်ပါ"

ထိုင်ပါဆိုလို့ ထိုင်လိုက်ပေမယ့် မျက်လုံးက ကျိုးကန်းတောင်း မှောက်။

"ကိုစစ်"

"ဗျာ"

"မမကြီးရော"

ဦးစစ်နိုင် သက်ပြင်းချပြီး စိတ်မကောင်းသောလေသံနှင့် . .

"မေမေ ဆုံးသွားပါပြီ"

"ဩော်"

အဖျားခတ်တုန်ခါသွားခြင်းဟာ စိတ်မကောင်းခြင်းပဲပေါ့။ လာခဲ့တုန်းက ဖေါ်မြန်းစရာရှိနေရင် အဆင်မပြေပါ့မလားလို့။ ခုတော့ ကြောက်နေစရာမလို။ ကွဲကွာသွားတဲ့သူငယ်ချင်းတွေ ပြန်ဆုံကြသလို ပြီးခဲ့တာတွေ ပြန်ပြောပြီး ပျော်ရွှင်ရယ်မောဖို့မဟုတ်။ ဟောင်းခဲ့တဲ့ အတိတ်ကြောင်းက မကောင်းခဲ့သလို အခုလည်း မကောင်းတဲ့ အကြောင်းတွေသာ ပြောဖို့ဖြစ်၏။

သားသမီးနဲ့ မိဘ။

နှစ်ပေါင်းများစွာ ဝေးကွာနေခဲ့ပြီး ပြန်ဆုံကြတဲ့အချိန်မှာ



"ဖေဖေ" "သမီး" ဆိုပြီးပြေးဖက်ရမယ့် ဇာတ်ဝင်ခန်းကို နွေဆင့်ကဲက နားလည်လက်ခံပေးနိုင်မှာမဟုတ်တဲ့အတွက် ကိုစစ်ဘက်က တွေး ကြည့်ရင် စိတ်မကောင်းဖြစ်ရ၏။

မိဘရင်းတွေကို ပြန်တွေ့ရင် သတိမလိုနိုင်မယ်ဆိုတဲ့ နွေဆင့် ကဲရဲ့စကား။ ဒီမိန်းကလေးက အပိုပြောတတ်တာမဟုတ်တော့ ဦးဗေဒါ အမှန်တရားကို သိသွားမှာ စိုးရိမ်သည်။

"မမကြီး ဆုံးသွားတယ်ဆိုတော့ ငါ စိတ်မကောင်းလိုက် တာ"

"သတ္တဝါတစ်ခု ကံတစ်ခုပေါ့ ကိုဗေဒါရယ်"

"ဒါနဲ့ . . . ကိုစစ် ကလေးတစ်ယောက် ထပ်ရတယ်ဆို"

"ဟုတ်တယ် ကိုဗေဒါ . . . သူလေ။ နာမည်က ကျောက်စက် ရေတဲ့"

"ဩော်"

ကျောက်စက်မျက်နှာကိုကြည့်လိုက်တော့ ကျောက်စက်က ခေါင်းညိတ်ပြီး ပြုံးပြလေသည်။

"နာမည်က အေးချမ်းတယ်နော်။ မျက်နှာလေးရော ဘဝပါ အားလုံး သမီးက အေးချမ်းမှာပါ"

"ဟုတ်ကဲ့"

မအေးချမ်းခဲ့တဲ့ ပုပန်သောကတွေ ရှိတော့ရှိခဲ့တာပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုစစ်နိုင်"

"ဗျာ"

"ဟို . . . ညှိုးသည်ရောက်နေတယ်ဆိုတော့လေ၊ ကျွန်မတို့ကို သွားခွင့်ပြုပါဦးနော်"

"သြော် . . . ဟုတ်ကဲ့။ မသန္တာဖြူစင်တို့ကို အားနာစရာတော့ ဖြစ်နေပြီ"

"ရပါတယ်ရှင်၊ ကဲ . . . သွားဦးမယ်နော်"

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့"

ဒေါ်သန္တာဖြူစင်တို့ ထွက်သွားပြီးနောက် . . .

"ကဲ . . . ကိုဗေဒါ၊ သတိရလို့ဆိုပြီး တမင်လာတာတော့ မဟုတ်ဘူး ထင်ပါတယ်။ လာရင်းကိစ္စ ပြောပါဦး"

ဦးဗေဒါ ဘယ်ကနေ ဘယ်လို စပြောရမှန်းမသိ။ သမီးကို သမီးလို့ ခေါ်ခွင့်မရတဲ့ ကိုစစ်ဘက်ကို ပြန်တွေးရင်လည်း ရင်နာစရာ။ နွေဆင့်ကဲဘက်က ကြည့်ရင်လည်း နာလောက် မုန်းတီးလောက်သည် ပဲကိုး။ ဒီအဖြစ်အပျက်ကို ဖန်တီးတဲ့လူက လူ့လောကမှာ မရှိတော့ဘူး ဆိုတော့ ဒီလို ဒီအကြောင်းရှိပါတယ်လို့ ဖြေရှင်းရဖို့ခက်သည်။

ကိုယ်က မပြောခဲ့ပေမယ့် နီမာ စိတ်လိုက်မာန်ပါ ပြောခဲ့သမျှ အကြောင်းတို့သည် အမှန်တရားတွေ။ ဒါကို ဝမ်းနည်းစရာအဖြစ် နလုံးမသွင်းတဲ့ နွေဆင့်ကဲရင်ထဲမှာ ပြည့်သိပ်နေခဲ့တာသည် နာကြည်း





မှုတွေ၊ မုန်းတီးမှုတွေ။ ဆောဆောသမီးကို စွန့်ပစ်ရက်တဲ့မိဘအဖြစ် နီမာက ပြောထားခဲ့လေတော့။

"ကိုစစ် . . . သမီးနဲ့ ထိပ်တိုက်မတွေ့အောင် ရှောင်နေတာ ကောင်းလိမ့်မယ်ထင်တယ်"

"ဘာဖြစ်လို့လဲ ကိုဗေဒါ"

"သူ့စိတ်ကို ငါ သိနေတယ်"

"ကျွန်တော်လည်း သိပါတယ်"

"ဒါဆို"

"နေဦး . . . ကိုဗေဒါ"

ဦးစစ်နိုင် လက်ကာတားဆီးလိုက်သဖြင့် ဦးဗေဒါ စကားမဆက်ဖြစ်တော့။ မိဘဆိုတာ သားသမီးရဲ့ ကောင်းကြောင်း ဆိုးကြောင်းကို ပတ်ဝန်းကျင်နားက လျှို့ထွက်လာကြမှ ကြားကြသိကြတာလေ။ လောလောဆယ်အဖို့မှာ ကိုဗေဒါက နွေဆင့်ကဲရဲ့အဖေ။

ကိုယ်က ပတ်ဝန်းကျင်အနေအထားကနေ နွေဆင့်ကဲ အကြောင်းတွေ သိထားလေတော့ အခု ကိုယ့်သမီးဆိုတာ သိလိုက်ရ ချိန်မှာ ဘယ်လိုနှလုံးသားနဲ့ ဥပေက္ခာပြုထားလိုက်ရမှာလဲ။

"သမီးကြီးနဲ့ကျွန်တော် ထိပ်တိုက်တွေ့ဖို့ မတွေ့ဖို့ဆိုတာ ကျွန်တော် အာမ,မခံနိုင်ဘူး ကိုဗေဒါ။ ကျွန်တော်က သူ့အဖေရင်းပါ။ သူ့ကို ကာကွယ်စောင့်ရှောက်ဖို့ ကျွန်တော့်မှာ တာဝန်ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ပြီဆိုရင် . . . အမှန်တရားကို လုံးဝဖွင့်ပြောလို့မဖြစ်ဘူး ကိုစစ်"

"နောက်တော့ သွေးက စကားပြောလာမှာပါ"

"သူ့ရင်ထဲမှာရှိတာက နာကြည်းချက်နဲ့အမုန်းတွေ"

"တဖြည်းဖြည်းတော့ သူ နားလည်လာအောင် သိမ်းသွင်းရမှာပေါ့ဗျာ"

"ဖေဖေ"

"ဟင်"

"ဖေဖေတို့ ဘာတွေပြောနေကြတာလဲဟင်"

"သိမ်းရဲ့မမအကြောင်းလေ။ သိမ်းမှာ သိမ်းရဲ့မမရှိတယ် သိမ်း"

"ရှင်"

"သိမ်းမမကို သိမ်းဘွားဘွားက သားဦးစနေ မီးလို့မွှေတယ်ဆိုပြီး ဒီက ကိုဗေဒါတို့လက်ထဲကို ထည့်ပြီး စွန့်ပစ်ခိုင်းခဲ့တာတဲ့"

"ဟင်"

ကျောက်စက် ကြားရတာ မမအတွက် စိတ်မကောင်းခြင်းက တစ်ဖက်၊ ဝမ်းသာခြင်းက တစ်ဖက်။ ကျောက်စက်မှာ မမရှိတယ်တဲ့။ လွဲမှားတဲ့အယူအဆတွေကို ကျောက်စက်မယုံ။ မမရှိတယ်ဆိုတော့ ကျောက်စက်က တစ်ကောင်ကြွက် မဟုတ်တော့ဘူးပေါ့။ ကျောက်စက်





ဘ၀ အထီးကျန်မဆန်တော့ဘူးပေါ့။

"ဒါဆို . . . ဒါဆို မမက အခုဘယ်မှာလဲ ဖေဖေ၊ နာမည်က ဘယ်သူလဲဟင်။ သိမ်း မမကို တွေ့ချင်လိုက်တာ"

"သူ့နာမည်က . . . နွေဆင့်ကဲတဲ့"

"နွေဆင့်ကဲ"

"ဟုတ်တယ် သိမ်း၊ အခု ဒီက ကိုဗေဒါတို့နဲ့ပဲ နေတာပါ"

နွေဆင့်ကဲတဲ့။ စူးရှနဲ့ပတ်သက်နေတဲ့ နွေဆင့်ကဲလား။ ဒီနာမည်က တူနိုင်ဖို့ခက်တော့ . . .

"ဟို . . . နွေဆင့်ကဲဆိုတာ အရပ်ငါးပေခွဲလောက်နဲ့ မျက်ဝန်းကျယ်ကျယ်၊ နှုတ်ခမ်းပါးပါး၊ ဆံပင်အညိုရောင်နဲ့ တော်တော်လှတဲ့ အစ်မလားမသိဘူး"

"ဟုတ်တယ် . . . ဟုတ်တယ်၊ သိမ်းက သူ့ကိုသိလို့လား"

လေးတွဲ့စွာ ခေါင်းညိတ်မိခြင်းနှင့်အတူ ရင်ထဲမှာ အမည်နာမ မပေးနိုင်တဲ့ခံစားချက်တွေ။ စရိုက်မတူတဲ့ မိန်းမနှစ်ယောက်ဟာ ညီအစ်မတဲ့လား။

ဒါပေါ့လေ . . . တံငါနားနီးတော့ တံငါ၊ မုဆိုးနားနီးတော့ မုဆိုးတဲ့။

□□□



www.burmeseclassic.com

## အခန်း (၃၀)

ခြံဝက ခေါင်းလောင်းလှုပ်လိုက်တာနှင့် လူတစ်ယောက် ပြေးထွက်လာသည်။ ဒီအိမ်ထဲကိုဝင်လို့ စူရှနဲ့ တွေ့မှတွေ့ပါ့မလား။ တွေ့ရင် ဘယ်ကနေ ဘယ်လို စပြောရမှာလဲ။ ဒီဇာတ်လမ်းမှာ သူမက ဒုသလို မိန်းမ ဖြစ်ချင်ဖြစ်နေလိမ့်မည်။

ဘာပဲဖြစ်ဖြစ် နွေဆင့်ကဲဆိုတာ ကိုယ့်တစ်ဖိုသာကြည့်တတ်တဲ့ မိန်းမ။ ကြောက်တတ်ခြင်းမရှိသလို ကိုယ်လိုချင်တာအတွက် ဘာကိုရှက်နေစရာလိုလဲ။

"ဘယ်သူနဲ့တွေ့ချင်လို့ ခင်ဗျာ့"

"စူရှ"

"ဗြော်"





"သူရှိလား"

ကိုယ့်ဆဲရာကို လူအများက ဆရာ၊ ကိုရှ၊ ဦးစူရှထက်မြက် လို့ တရိုတသေခေါ်ကြတာ။ စူးရှလို့ ခေါ်သံကြားတော့ နားထဲမှာ ရိုင်းသလိုလို။ ခြေဆုံးခေါင်းဆုံး နှစ်ခေါက်ပြန်ကြည့်မိတော့ . . .

"မေးနေတာ မကြားဘူးလား"

"ခင်ဗျာ"

"စူးရှရှိလားလို့ မေးနေတာလေ"

"အဲဒါ . . . အဲဒါသွားမေးလိုက်ဦးမယ် ခင်ဗျာ့"

"မေးရဦးမယ်ဆိုတော့ ရှိတာ သေချာတာလား။ အခြားတစ်ယောက် ခွင့်ပြုချက်ယူရမှာလား"

"အဟဲ . . . ဟိုလေ . . . ကျွန်တော်က ဆရာအိမ်မှာ ရှိ မရှိ တကယ်မသိလို့ပါ။ ဘယ်သူလို့ ပြောပေးရမလဲ ခင်ဗျာ့"

"နွေဆင့်ကဲ"

"ခင်ဗျာ . . . နွေဆင့်ကဲ ဟုတ်လား။ ခင်ဗျားနာမည်က နွေမှာ တောင် စစ်ကဲဖြစ်ရင် နေမှာဆို မင်းမူပြီး ပြာကျမလားပဲ"

"စစ်ကဲ မဟုတ်ဘူး နွေဆင့်ကဲ"

"ဗြော် . . . ဟုတ်လား။ ဆောရီးနော် ကျွန်တော်က နားနည်းနည်းလေးနေလို့ပါ . . . ဟဲ ဟဲ"

"ကဲ . . . မေးမှာဖြင့် မြန်မြန်သွားမေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ခင်ဗျာ့"

ရဲမိုး ထွက်သွားလေလျှင် နွေဆင့်ကဲ အိမ်ကြီးကို စူးစိုက်ကြည့်နေမိ၏။ စူးရှ သူက ဒီလောက်တောင် ချမ်းသာနေတာကို။ ဆုံးဖြတ်ချက်က ပို၍ ခိုင်မာသွားသည်။ ရှင်ဘုရင်နဲ့ညားမိဖုရားတဲ့။ ဝတ်ထားတဲ့အဝတ်က အနက်ရောင်ခွေးခွေးမို့ စိတ်ဓာတ်ကလည်း ထိုနည်းတူ။ ဒီလောက်ချော ဒီလောက်ချမ်းသာတဲ့ရွှေနေတစ်ယောက်ကို သူမ လက်လွှတ်မခံနိုင်။

အချစ်ကို ခဏဘေးဖယ်ထား။

စူးရှပိုင်ဆိုင်ရတဲ့ဘဝက နွေဆင့်ကဲ မက်လောက်စရာ။ ကိုယ့်ရှေ့ရောက်လာတဲ့ ရွှေထုပ်ကို ဘောလုံးလုပ်ပြီး ကန်မထုတ်လိုက်နိုင်။ ကိုယ်သာ ပိုင်ဆိုင်ခွင့်ရစေရမယ်လို့ အတွေးနှင့် နှုတ်ခမ်းတွေက လှုပ်လီလှုပ်လဲ့။ အကိုကြီးသမျှ တည်သီးစားရင်း သွားပွဲတာမျိုး အဖြစ်မခံနိုင်။

"ရဲမိုး"

"ဗျာ"

"ဘယ်မှာလဲ နွေဆင့်ကဲ"

"စောစောက ဒီခြံရှေ့မှာရပ်နေတာပဲ ကြီးမေရဲ့။ ဘယ်ရောက်သွားလဲ မသိဘူး။ အပြင်ထွက်ကြည့်လိုက်မယ်လေ"

"ကြည့်စရာမလိုဘူး ရဲမိုး"





အသံကြားရတော့ ဒေါ်သန္တာမြစင်ပဲထင်ပါရဲ့။ ဒီမိန်းမကြီးက သူမတို့နဲ့ တစ်ရပ်ကွက်တည်းနေကတည်းက လေသံချော မျက်နှာပါ ခပ်ထန်ထန်ပဲလေ။ နွေဆင့်ကဲ ခြံတံခါးဘေးအကွယ်မှာ မှီရပ်နေရာမှ ခြံရှေ့မြင်သာတဲ့အထိ လျှောက်သွားလိုက်ပြီး ...

"နွေဆင့်ကဲက ဒီမှာ"

"ဟင်"

ပထမတော့ အံ့ဩသွားဟန်ရှိပြီး နောက်တော့ မျက်ဝန်းထောင့်တွေ ရဲလာသည်အထိ ခက်ထန်သောအကြည့်နှင့် ...

"ညည်း ခဲ... ဘာလာလုပ်တာလဲ"

"စူးရှနဲ့တွေ့ချင်လို့လာတာ"

"သူ မရှိဘူး"

"ဟုတ်လို့လား"

"ဟုတ်တာ,မဟုတ်တာ အရေးမကြီးဘူး။ ညည်း ငါ့သားနဲ့ ဘယ်လိုပတ်သက်နေသလဲ"

"အဲဒါ သူ့ကို မေးကြည့်လိုက်"

"မေးစရာမလိုဘူး။ နင် ငါ့သားနဲ့ မပတ်သက်ပါနဲ့"

"အဟွန်း"

"နင့်လို စနေမကြီးဟာမနဲ့ပတ်သက်လို့ တို့ နောက်တစ်ခါ ခုကွရောက်မခံနိုင်ဘူး။ သွား ... နင် အခု ငါ့ခြံရှေ့က ထွက်သွား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ . . . ခြံရှေ့နော်၊ ခြံထဲမဟုတ်ဘူး။ ဆွဲထုတ်ရဲရင် ဆွဲထုတ်ကြည့်လေ"

"နွေဆင့်ကဲ . . . ညည်း"

နွေဆင့်ကဲက မျက်နှာကိုမော့ပြီး မထီမဲ့မြင်။ ဒေါ်သန်းမြူစင် ထိုမျက်နှာကိုမြင်ပြီး ကရုဏာတွေ ပွားများနိုင်ပါ့မလား။ အသံကြားသနားစရာမကောင်း။ မျက်နှာမြင် ချစ်ခင်စိတ်ဖြစ်ဖို့ နေနေသာသာ ဖြစ်နိုင်ရင် ထံတွေးနှဲထွေးပစ်ချင်စိတ် ပေါက်၏။

"ဒါဆို စောင့်လေ . . . နင် ဘယ်လောက်စောင့်နိုင်မလဲ"

"အနိတ့်သားကို အနိတီ သေတ္တာထဲထည့်ပြီး သော့ခတ်ထားလို့မရပါဘူး"

"ဘာ"

"မေမေ"

လျှောက်လာနေပြီဖြစ်တဲ့သားကို မလာနဲ့လို့ ပြောလိုက်ချင်ပေမယ့် အနားရောက်လုနေပြီလေ။

"ဘာဖြစ်နေတာလဲ"

"မင်း ဘာတွေရှုပ်ထားတာလဲ သား။ ဒီမှာ မင်းနဲ့တွေ့ချင်လို့တဲ့"

"ဘယ်သူလဲ"

"နွေ ဆင့် ကဲ"





"ဟင်"

တစ်ခွန်းချင်း ပြတ်ပြတ်သားသား ဝင်ပြောလိုက်သူက နွေဆင့်ကဲကိုယ်တိုင်။

"နွေဆင့်ကဲ"

"ဟုတ်တယ်"

"နင် ဘာလာလုပ်တာလဲ"

"နင့်ကို ပြောစရာရှိလို့"

"သား"

"ဗျာ"

"မင်း ဘာလို့ ပြဿနာကို အိမ်အထိ သယ်လာတာလဲ"

"သား ဒီကိစ္စကို သားဘာသာ ရှင်းပါ့မယ်။ မေမေ အိမ်ထဲဝင်တော့နော်"

"အေး . . . မင်းပြဿနာကို မင်းနိုင်အောင်ရှင်း။ မရှင်းနိုင်လို့ကတော့ ငါနဲ့ အတွေ့ပဲ"

"ရာဇသံက ပြင်းလှချေလား"

"တောက်"

"ကဲ . . . သွားပါတော့ မေမေရယ်နော်"

"ဗြိုဟ်မ၊ နင်နိုက်လို့ ငါ့ယောက်ျား သေရတာ"

ပြန်လှည့်သွားကာနီး ပြောဖြစ်အောင် ပြောသွားသေး၏။



www.burmeseclassic.com

www.burmeseclassic.com



နွေဆင့်ကဲကလည်း စုန်းပညာ ကဝေပညာတွေ တကယ်မတတ်လို့သာပေါ့။ တတ်များတတ်ရင် လုံးနေတဲ့ကမ္ဘာကြီးကိုတောင် လက်ခုပ်နှစ်ဖက်နဲ့ ညှပ်ပြီး ပြားပစ်လိုက်ချင်တာ။

"နင်က ငါနဲ့ ဘာကိစ္စတွေ့ချင်တာလဲ နွေဆင့်ကဲ"

"နင်နဲ့ ဆွေးနွေးစရာရှိလို့ပေါ့"

"နင်နဲ့ငါ့ကြားမှာ ဘာမှဆွေးနွေးစရာမရှိဘူး"

"ငါပြောတာကို နင် နားထောင်"

"ဘာလဲ"

"နင် ဟိုတစ်ယောက်နဲ့ လုံးဝလက်မထပ်ရဘူး"

"ဘာ"

ကိုယ့်အိမ်ထောင်ရေးကိစ္စ သူနဲ့ ဘာဆိုင်လို့လဲ။ မဆိုင်တာကို ဘလိုင်းကြီး လာဝိတ်ပင်တော့ ဒေါသက ဖြစ်ချင်ချင်။

"အဲဒါ . . . နင်နဲ့ ဘာဆိုင်လဲ"

"ဆိုင်တယ် ရှုးရှူး။ နင် လက်ထပ်မယ့်မိန်းကလေးက ငါပဲ ဖြစ်စေရမယ်"

"နင် ရူးနေသလား"

"မရူးလို့ အိမ်ဦးတက်ဖို့ ကြိုးစားတာ"

"နင်ဟာ"

"ငါတားတဲ့ကြားက နင် ရှေ့တိုးရဲတိုးကြည့်"





"ဘာလုပ်မှာလဲ"

"နင့်ခြေထောက်ကို ငါကိုယ်တိုင် ရိုက်ချိုးပစ်မယ်"

တကယ် ချိုးနိုင် မချိုးနိုင်ဆိုတာ စောင့်ကြည့်ကြသေးတာပေါ့။ ရှုးရှူက ဥပဒေဘက်တော်သားပဲလေ။ ဒါ . . . မင်းမဲ့တိုင်းပြည်မှ မဟုတ်တာ။ ပစ္စည်းကို ခါးပြတိုက်သလို နှလုံးသားကို ခါးပြတိုက်လို့ကတော့ မီးများလို မီးစာကုန်ဆီခန်းပဲ ဖြစ်မှာပေါ့။

ချစ်ခြင်းတရားဆိုတာ ဘယ်အရာနဲ့မှ ဖြတ်တောက်ဖျက်ဆီးပစ်လို့ မရတဲ့အရာ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"နွေ"

"…………."

"နွေ"

နောက်က ခေါ်သံကိုကြားပေမယ့် နွေဆင့်ကဲ လုံးဝလှည့်မကြည့်။ ဒီအသံကို သူမ သိနေတယ်လေ။ သူ ဘယ်လောက်ပဲ ရေလောင်းလောင်း ဒီအပင်က အားကောင်းမောင်းသန် ဖြစ်မလာမယ့်အတူတူ မပတ်သက်ချင်တော့ပါဘူး။

အချစ်တစ်ခု ရင်ထဲမှာ အမြစ်တွယ်ပြီဆိုကတည်းက ဒီလိုလူမျိုးတွေကို စိတ်ကုန်တာဖြစ်၏။

ဒါပေမဲ့ …





အတွေးမီးလျှံတွေအတော့ တဟုန်းဟုန်းတောက်လောင်နေဆဲပါပဲ။ ဒီမီးတွေသေရင် နွေဆင့်ကဲဘဝလည်း ပြာကျသွားမှာပေါ့။

"နွေ"

နောက်ကနေ ဘယ်လိုခြေလှမ်းနဲ့လိုက်လာတယ်မသိ။ နွေဆင့်ကဲ ခြေလှမ်းတွေကလည်း တလှားလှားမှာ …

"သမီး … သမီး … အမယ်လေး ငါ့သမီးကို တွေ့ပြီ"

"ဟာ"

အတင်းပြေးဖက်တာ ခံလိုက်ရသဖြင့် လူက ယိုင်ခနဲဖြစ်သွားခြင်းနှင့်အတူ ဒေါသက ထောင်းခနဲထွက်သွား၏။

"မေမေရှာလိုက်ရတာ သမီးရယ်။ မေမေ့ကို ထားခဲ့ပြီး သမီးက ဘယ်တွေကို လျှောက်သွားနေတာလဲ။ မေမေ့ကို မထားခဲ့ပါနဲ့ သမီးရယ်။ မေမေ့ကို ခေါ်သွားပါနော်"

"တောက်"

တက်ခေါက်ပြီး မော့ကြည့်နေတဲ့မျက်နှာကို ငုံ့ကြည့်လိုက်တော့ ဟိုတစ်ခါ ခုလိုပဲ သူမကို သမီးဆိုပြီး လိုက်ခေါ်တဲ့အရူးမ။

"ဖယ်စမ်း"

"ဟင့်အင်း"

"အရူးမ"

"ငါ မရူးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဖယ်စမ်းလို့ပြောနေတာ မကြားဘူးလား"

"မေမေ ဖယ်လိုက်ရင် သမီးက ထွက်ပြေးမှာပေါ့"

"နွေ"

"တောက်"

အရူးမက ဖက်ထားတော ဖယ်လို့မရ ခွာလို့မရ။ ဦးမင်းခန့်ကလည်း အနားရောက်လာတော့ ဒေါသက ပိုသထက်ပိုလာသည်။ ဖယ်ခွာလို့မရတဲ့လူကို ခဏထားပြီး ဦးမင်းခန့်ဘက်သို့ ဆတ်ခနဲ မျက်နှာလှည့်လိုက်ကာ . . .

"ရှင်နဲ့ကျွန်မ ပတ်သက်စရာအကြောင်း မရှိတော့ဘူး ဦးမင်းခန့်။ ကျွန်မကို လိုက်ပြီး မနှောင့်ယှက်ပါနဲ့"

"မင်း ဘယ်လိုပြောလိုက်တာလဲ နွေ"

"ရှင် ကျွန်မဘဝကို ဖျက်ဆီးပစ်တဲ့အတွက် ကျေနပ်လိမ့်မယ်တော့ မထင်နဲ့။ အဲဒီအတွက် ကျွန်မ တစ်ခုခုတုံ့ပြန်ဦးမှာ"

"မင်းကို ငါ လက်ထပ်မယ်လေကွာ"

"မလိုဘူး"

"နွေ"

"ဖယ်စမ်း"

ဦးမင်းခန့်က သူမလက်ကို ဆွဲလေလျှင် လွှဲခါပစ်လိုက်၏။

"နင် ငါ့သမီးကို ဘာလုပ်တာလဲ . . . မထိနဲ့"





"ဟင်"

"ရှုတ်ရှုတ်,ရှုတ်ရှုတ်မလုပ်နဲ့နော်။ ပါးကွဲသွားမယ် ဘာမှတ်လဲ"

"ကေသီ"

အရူးမမျက်နှာကို သေသေချာချာကြည့်လိုက်မိတော့ ဦးမင်းခန့် အံ့ဩသွားရသည်။ ကိုစစ်နိုင်ရဲ့မိန်းမ ကေသီ။

"လာ သမီး . . . မေမေတို့ သွားရအောင်"

"ဒီအရူးမက တစ်မျိုး ဖယ်စမ်းပါ"

"အမယ်လေး"

စိတ်မရှည်စွာ ဆောင့်တွန်းလိုက်တော့ ဒေါ်ကေသီ ဖင်ထိုင်လဲကျသွားလေသည်။

"ကေသီ"

"သမီး . . . သမီးလေး"

ဦးမင်းခန့်ခေါ်တာကို ဂရုမစိုက်နိုင်ဘဲ ဒေါ်ကေသီ နွေဆင့်ကဲ နောက်သို့ ပြေးလိုက်ပြန်သည်။

"သမီး"

". . . . . . . . . . . . . . . . ."

"သမီး . . . မေမေ့ကို မထားခဲ့ပါနဲ့၊ မေမေ့ကိုခေါ်ပါ သမီး"

"ဟာ . . . ဒီအရူးမ . . . တောက်"



www.burmeseclassic.com

www.burmeseclassic.com



"သမီး"

စိတ်မရှည်စွာ အရှုးမကို ပါးရိုက်ချလိုက်ဖို့ ရွယ်လိုက်တဲ့ လက်ကို တစ်ဦးတစ်ယောက်က ဖမ်းဆုပ်ထားလေ၏။ ဒေါသက ထိုလူဆီသို့ ကူးစက်သွားပြီး မီးတောက်မတတ် မျက်ဝန်းများနှင့် ကြည့်လိုက်စဉ် . . .

"မလုပ်ပါနဲ့ သမီးရယ်"

"ဦးစစ်နိုင်"

"မလုပ်ပါနဲ့ သမီးရယ်၊ သမီး ကေသီ့ကိုရိုက်ရင် ကံကြီး ထိုက်မှာပေါ့"

"ဘာ"

"မောင်"

"ကေသီ"

ဘာမှမသိ နားမလည်တဲ့ကလေးတစ်ယောက်လို မော့ကြည့် နေတဲ့ မျက်နှာကိုမြင်ရတော့ ဦးစစ်နိုင် ရင်ထဲမှာ ဆို့သွားသည်။

"မောင် . . . သမီးကလေ သမီးက ကေသီ့ကို ရိုက်မလို့လား ဟင်"

"မရိုက်ပါဘူး ကေသီရဲ့၊ သမီးက သူ့အမေကို ရိုက်ပုံမလား ကွာ။ နောက် . . . အိမ်ကနေ ဘယ်မှထွက်မသွားရဘူးနော်။ ထွက်သွား ရင် သမီးက ခုလို ထွက်ပြေးမှာပေါ့"





"ကိုစစ်နိုင်"

"ဟင်"

"နွေဆင့်ကဲနဲ့ ခင်မျိုးက"

ဦးစစ်နိုင် ခေါင်းညိတ်ပြလိုက်တာကို မေးတဲ့ဦးမင်းခန့် နား လည်ပေမယ့် နွေဆင့်ကဲက နားမလည်။

"ဆောရီးဗျာ . . . ကျွန်တော့်ကို ခွင့်ပြုပါဦး"

ပြီးခဲ့တဲ့အတိတ်ကာလအတွက် ငါ့သမီးကိုမြှုဆွယ်တဲ့ကောင် ဆိုပြီး လက်သီးနဲ့ ထိုးလို့မရတော့ သွားပေါ့။ ဖခင်တစ်ယောက်အနေနဲ့ သမီးက ဖအေအရွယ် ယောက်ျားကြီးနဲ့တွဲခဲ့တဲ့အဖြစ်ဟာ မျက်မြင် ကိုယ်တွေ့ဖြစ်ခဲ့တာမို့ ရင်ရော,ကျောရော မီးတွင်းချည်ဆီအထိ နာကျင် ခံစားရသည်။

"သမီး"

"ဒီမှာ ဦးစစ်နိုင်"

"ဟင်"

"ရှင့်ကို ကျွန်မ ပြောထားတယ်လေ။ ကျွန်မကို သမီးလို့ မခေါ်ပါနဲ့လို့။ ရှင် လူလိုပြောတာ နားမလည်ဘူးလား"

"ဟာ . . . သမီး"

ရင်နင့်မှုကြောင့် အသံက ဆောင့်အော်သလိုဖြစ်သွားသည်။ ကိုဗေဒါက ဖွင့်မပြောပါနဲ့လို့ အတန်တန်မှာထားပေမယ့် မိဘကို



www.burmeseclassic.com

www.burmeseclassic.com



မိဘမှန်းမသိလို့ စော်ကားနေတာ။ သိနေတဲ့ မိဘရင်ထဲမှာ ဘယ်လိုနေရမလဲ။ ကြာရင် . . . ကိုယ့်သမီးပဲ ကံကြီးထိုက်မှာ။

မဖြစ်ဘူး . . .

ဘာပဲဖြစ်ဖြစ် ဖွင့်ပြောမှကို ဖြစ်မှာပါ။ ဖွင့်မပြောရင် အားလုံး ဒုက္ခရောက်တော့မယ့်အခြေအနေမို့ . . .

"သမီး"

"မခေါ်နဲ့။ ရှင် ကျွန်မကို သမီးလို့မခေါ်နဲ့"

"သမီးရယ် . . . ဖေဖေနဲ့ဒီကောင်သီက သမီးရဲ့မိဘအရင်းတွေပါ။ ကိုဗေဒါက ဖွင့်မပြောပါနဲ့ဆိုပေမယ့် သမီး ကြာရင် ကံကြီးထိုက်တော့မှာ။ ဖွင့်မပြောလို့မဖြစ်လို့ ဖေဖေ ဖွင့်ပြောတာ။ သမီးက ဖေဖေ့ရဲ့သမီးအရင်းပါ"

"ဘာ"

"သမီးကို ဖေဖေတို့ စွန့်ပစ်ခဲ့ကြတာ မဟုတ်ပါဘူး သမီးရယ်။ သမီးဆုံးသွားတယ်ဆိုလို့ ဖေဖေတို့ အရမ်းခံစားပြီး ရင်ထုမနာ ဖြစ်ခဲ့ရတာပါ။ သမီး လူလောကထဲမှာ ရှိနေသေးတယ်ဆိုတဲ့အကြောင်း သမီးကို ဖေဖေ အိမ်ပြန်ပို့တဲ့နေ့က နီမာ ပြောပြမှသိခဲ့ရတာပါ သမီးရယ်"

"ဘာတွေ လာပြောနေတာလဲ . . . ဘာတွေ လာပြောနေတာလဲ"





"သမီး"

"မဟုတ်ဘူး . . . ကျွန်မ ရှင့်သမီး မဟုတ်ဘူး"

"ဟုတ်ပါတယ် သမီးရယ်၊ သမီးမယုံရင် သမီးရဲ့မွေးစားမိဘတွေကို မေးကြည့်ပါ။ သမီးက ဖေဖေတို့ရဲ့သမီးပါ"

"မယုံဘူး . . . မပြောနဲ့"

ခေါင်းကိုသာ တွင်တွင်ခါရမ်းပြီး နှုတ်ခမ်းကိုဖိကိုက်လိုက် အော်လိုက်လုပ်နေတဲ့ နွေဆင့်ကဲဆိုတာ မငိုတတ်တဲ့မိန်းကလေး။ ဝမ်းနည်းဝမ်းသာမရှိတဲ့ သူမဘဝမှာ မျက်ရည်ဆိုတာလည်းမရှိ။ သူမ မှာရှိတဲ့ အတ္တ၊ မာန၊ အာဃာတတွေ။ လိုချင်တယ်ဆိုရမှ မလိုချင်ဘူးဆိုရင်လည်း မျက်စောင်းတောင် ထိုးမကြည့်တတ်သူ။

အခု . . . သူမ နာကြည်းမုန်းတီးလို့ သူမဘဝမှာ အလိုမရှိခဲ့တဲ့ မိဘတွေတဲ့။ ဒီအရွယ်ထိ ကိုယ့်ဘဝအတွက် ကိုယ့်ဆန္ဒနဲ့ကိုယ် လုပ်ချင်တာလုပ်ခဲ့ပြီး ဘဝတောင်ပျက်ခဲ့ပြီးပြီပဲ။ မိဘဆိုတာ ဘာလုပ်ရမှာလဲ။ နွေးထွေးမှုလည်းမလို အေးမြမှုလည်းမမက်။ ရှေ့ဆက်လုပ်ချင်တာလုပ်ပြီး မိုက်ရိုင်းချင်သလောက် မိုက်ရိုင်းဦးမှာထဲမှာ ဝှဲကွက်စရာ မျက်နှာတွေ ထောက်ထားစရာလူတွေ မလိုချင်။

"ဖေဖေတို့ ရင်ခွင်ထဲကို ပြန်လာခဲ့ပါ သမီးရယ်၊ သမီး ဘာဖြစ်ချင်သလဲ။ ဘာလိုချင်သလဲပြော။ ဖေဖေ သမီးဆန္ဒကို ဖြည့်ဆည်းပေးပါ့မယ်သမီးရယ် . . . နော်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ပါးစပ်ကို ပိတ်ထား"

"သမီး"

"မဟုတ်ဘူး . . . ကျွန်မ ရှင့်သမီးမဟုတ်ဘူး။ နောက်တစ်ခါ သမီးလို့ ခေါ်ရဲခေါ်ကြည့်"

"သမီးရယ် . . . ဖေဖေ"

"မခေါ်နဲ့နော်၊ ဟွန်း . . . ကမြင်းကြောထပြီး မွေးတုန်းက မွေးထားပြီးမှ သားသမီးသေမှန်း ရှင်မှန်းတောင် မသိတဲ့လူတွေ။ ရှင်တို့ ပါးစပ်က ကျွန်မကို သမီးခေါ်ဖို့ မထိုက်တန်ဘူး သိလား"

"နွေဆင့်ကဲ"

ဦးစစ်နိုင် ဇော်ကားသထက် ဇော်ကားလာတဲ့ သမီးကို အော်ပစ်လိုက်၏။ သားသမီးဆိုပြီး မိဘက ခွင့်လွှတ်ပေးမယ့် အပြစ်က ခွင့်လွှတ်မှာ မဟုတ်တာ။

"မိဘကို နင် ဇော်ကားလှချည်လား။ နင့်ကို တို့ စွန့်ပစ်ခဲ့တာ မဟုတ်ဘူး။ မသိလို့ ပစ်ထားသလိုဖြစ်ခဲ့တာ။ ဒါကို နင်က အပြစ်မြင်ပြီး ဇော်ကားချင်တိုင်း ဇော်ကားနေတာ"

"ဇော်ကားတယ် ဟုတ်လား . . . ဟား ဟား ဟား ဟား"

ဟက်ဟက်ပက်ပက် ရယ်လိုက်ခြင်းက ကမ္ဘာကြီးကို တုန်ဟီး သွားစေသလားမသိ။ အဲဒီလိုဖြစ်ရင် အကောင်းသားပေါ့။

နွေဆင့်ကဲဆိုတာ ဖြစ်နိုင်ရင် တစ်လောကလုံးကို





တစ်ယောက်တည်း အုပ်စိုးချင်သူ။

"အဲဒီလိုဇော်ကားတတ်အောင် ဘယ်သူလုပ်ခဲ့တာလဲ။ အဖေလို့ ကျွန်မသိထားတဲ့ ဦးဖေဒါကလွဲရင် ကျွန်မအပေါ် ဘယ်သူမှ မကောင်းကြဘူး။ စနေမ ဂြိုဟ်မလို့ အပြောခံရတာတွေ၊ ကျိန်စာ ဖြီး ကြီးပြင်းခဲ့ရတဲ့ ကျွန်မဘဝ၊ ဒါတွေကို ကျွန်မက မေ့ပစ်ရမှာလား။ မမေ့ဘူး . . . ဘယ်တော့မှ မမေ့ပစ်ဘူး"

"အဲဒါကို သမီး ဝဋ်ကြွေးရှိလို့ ပေးဆပ်လိုက်ရတယ်လို့ သဘောထားပါ သမီးရယ်။ အခု ဖေဖေတို့မိသားစုတွေ အတူတူနေ ကြမယ်လေ။ သမီးရဲ့ညီမလေးကလည်း သမီးကို တွေ့ချင်နေရှာတာ သမီးရဲ့"

"ဘာ ညီမလေးလဲ၊ ကျွန်မက မိမရှိ ဖမရှိတဲ့ တစ်ကောင် ကြွက်။ သူ့ကို ပိုပြီးမုန်းတယ်။ ကျွန်မ ဆင်းရဲဒုက္ခရောက်နေတဲ့အချိန် မှာ သူက ကျွန်မ မခံစားဖူးတဲ့ စည်းစိမ်အပြည့်နဲ့ စံစားနေမှာ။ လုံးဝ မကျေနပ်ဘူး။ သွားကြ . . . ဘယ်သူ့ကိုမှ မမြင်ချင်ဘူး . . . သွား"

"သမီးရယ်"

"မခေါ်နဲ့"

"သမီး"

"မဟုတ်ဘူး"

နွေဆင့်ကဲ နားနှစ်ဖက်ကိုပိတ်၍ အော်လေ၏။ အသည်းမာ



www.burmeseclassic.com

www.burmeseclassic.com



သူက မျက်ရည်မကျပေမယ့် အသည်းနှလုံးမှာ မျက်ရည်စတွေနှင့်။ ဒီအဖြစ်အပျက်တွေ ဖြစ်လာအောင်ပြုခဲ့တဲ့ သေသူကို လိုက်ပြီး အပြစ်တင်ရမလား။ သမီးကို တွေ့နေတာတောင် သမီးမှန်းမသိခဲ့လို့ အပေါင်းအသင်းတွေ သမီးကို လှောင်ပြောင်နေတာတောင် ငုတ်တိုင်ထိုင်ကြည့်နေခဲ့တဲ့အဖေ။

စားသောက်ဆိုင်က အခိုတော် …

ယောက်ျားတွေ တစ်ယောက်ပြီးတစ်ယောက် တွဲနေလို့ အထင်သေးခဲ့တာလည်း ကိုယ်။ လမ်းကြောင်းမှန်ပေါ် တင်ပေးချင်ပေမယ့် ကိုယ်ပါတောင် တစ်မျိုးအထင်ခံလိုက်ရသေးတဲ့အဖြစ်တွေဟာ ဘယ်ရေနဲ့မှ ဆေးကြောပစ်လို့မရတော့။

"ကိုဗေဒါတို့လင်မယား ဒီအိမ်မှာ အလုပ်မလုပ်ချင်တော့လို့ အလုပ်ထွက်သွားပြီလို့ ပြောတဲ့စကားကို လွယ်လွယ်ယုံခဲ့မိတဲ့ ဖေဖေ့အမှားတွေပါ"

"မောင်"

ကေသီက သူ့လက်မောင်းကိုကိုင်လှုပ်ပြီး …

"မောင် … ဘာဖြစ်လို့ ငိုနေတာလဲ။ နင်ငိုတော့ ငါလည်း ငိုချင်တယ် … အီ အီ ဟီး"

"ကေသီ"

"တောက် … တော်တော် ကျက်သရေယုတ်တဲ့မျက်နှာတွေ"





ပြောပြီး ချာခနဲလှည့်ထွက်သွားလေလျှင် …

"သမီး … သမီး"

"ကေသီ"

ဒေါ်ကေသီ ပြေးလိုက်မယ်လုပ်တော့ ဦးစစ်နိုင်က လက်ဆွဲထားလေလျှင် …

"သမီးသွားပြီ ဖယ်ပါ"

"ကေသီ"

"သမီးကို ခေါ်ပေး … သမီးကို ခေါ်ပေးပါ"

"ကေသီ မောင်ပြောတာကို နားထောင်စမ်း"

"မထောင်ဘူး။ သမီးရေ … သမီး"

"ခေါ်ပေးမယ် ကေသီ"

"အီး ဟီး … သမီးရေ"

ဇနီး၏ပခုံးကိုဖက်ထားရင်း သော်ကတွေက နွေဆယ်နွေ အရာရာဟာ အကောင်းအတိုင်း မဖြစ်တော့ပါလား။ ဆရာရသေ့ရဲ့ တမာရွက်ဥပမာလို ငယ်ငယ်ကတည်းက ခါးတဲ့ဘဝမှာ ကျင်လည်ခဲ့ရတဲ့သမီး။ အခု ပိုခါးနေခြင်းအတွက် ဘယ်လိုရေနဲ့ ထည့်ပြုတ်ပြီး အခါးရည်ကို ထုတ်ရမလဲ။

"သမီးကို ခေါ်ပေးပါ"

"ကေသီရယ်"



www.burmeseclassic.com

www.burmeseclassic.com



စိတ္တဇဝေဒနာသည်ဖြစ်နေတာတောင် မိခင်ရဲ့မေတ္တာဓာတ်ကြီးမားတဲ့ သွေးက သမီးကို သမီးမှန်းသိစွာ စကားပြောနေပါရော့လား။

❐❐❐



## အခန်း (၃၂)

"ဒီလောက် ဆုံးမနေတဲ့ကြားက ခွေးထက် တစ်ထောင်တိုးမိုက်တဲ့ သမီးမိုက် . . . ကဲ"

"ဖြန်း"

"ကိုဗေဒါ"

မွေးကင်းစအရွယ်ကတည်းက အခုချိန်ထိ နှီးပြားနဲ့တောင်မရွယ်ရက်ခဲ့သည့် ဦးဗေဒါ။ ဒီတစ်ခါတော့ စိတ်ကို ဘယ်လိုမှ ထိန်းချုပ်မရလို့ ရိုက်ချလိုက်တာ ဖြစ်၏။ ကိုစစ်နိုင်နဲ့ မကျော့ကေသီတို့က နွှေဆင့်ကဲရဲ့မိဘရင်းတွေ ဟုတ်ပါတယ်လို့ ဝန်ခံတောင်းပန်နေတာတောင် မိဘကို အကြိမ်ကြိမ် ဇော်ကားမော်ကားစကားတွေ ပြောနေတဲ့အမိုက်မ။



www.burmeseclassic.com

www.burmeseclassic.com



သားသမီးမို့ မိဘက ခွင့်လွှတ်သည့်တိုင် အပြစ်က ခွင့်လွှတ်မတဲ့လား။ ကံကြီးထိုက်မယ်ပြောလည်း မရ၊ မိဘကို စော်ကားချင်တိုင်း စော်ကားနေတာ။ သူ့ တယုတယ ကျွေးမွေးစောင့်ရှောက်လာခဲ့တာ ဒီလိုမိုက်ရိုင်းဖို့ မဟုတ်။

"ဖယ်စမ်း"

ဦးဗေဒါ သူ့ကိုလာဆွဲတဲ့ နီမာ့လက်ကို ခပ်ကြမ်းကြမ်း ဆွဲဖယ်ပစ်လိုက်၏။

"အဖေ"

အဖေလို့ခေါ်တာက အံကြိတ်သံပါနေပြီး မျက်လုံးက သွေးထွက်လာတော့မလား ထင်ရအောင် ရဲရဲနီလို့ပါ။

"အဖေ သမီးကို ရိုက်တယ်"

"အေး ... ရိုက်တယ်၊ နင့်ကို ဘုရားရိုက်မှာစိုးလို့ ငါ အရင်ရိုက်ပြီး ဆုံးမနေတာ၊ မိဘဆိုတာ ဘုရားနဲ့တစ်ဂိုဏ်းတည်း ဖြစ်တယ်ဆိုတာ နင် မသိဘူးလား"

"သိရအောင် ... သမီးက လူ့နို့စို့ပြီး ကြီးပြင်းခဲ့ရလို့လား။ လူ့နို့မစို့ရလို့ လူ့လိုမသိတာ မဆန်းပါဘူး"

"နွေဆင့်ကဲ"

"ဒီထက်ပူလောင်ဖို့တွေ ရှိသေးလို့ ဆယ်နေကဲလို့သာ ခေါ်လိုက်"





"နင် ... နင်"

ထိုးလိုက်တဲ့လက်ညှိုးက တဆတ်ဆတ်တုန်နေသည်။

"နင့်ကို ငါ ကျွေးမွေးစောင့်ရှောက်ခဲ့တာ ဒီလိုမိုက်ရိုင်းဖို့မဟုတ်ဘူး။ မိဘရင်းကိုတောင် နင် စော်ကားရင် တစ်နေ့ နင် ငါ့ကိုလည်း စော်ကားမှာပဲ"

"အဲဒီလို စော်ကားတတ်အောင် သင်ပေးခဲ့တာ အမေ့မိန်းမ"

"အလိုတော်"

"သွား ... ထွက်သွား၊ နင့်မျက်နှာကို ငါ မမြင်ချင်ဘူး"

"ဘာလဲ ... မျက်ရည်ကျပြီး ခြေသလုံးဖက် တောင်းပန်လိမ့်မယ်လို့ အဖေက ထင်လို့လား"

"နင့်ဆီက ငါ ဘာမှမမျှော်လင့်ဘူး"

"ပြီးတာပဲ"

"နွေဆင့်ကဲ"

ချာခနဲလှည့်ထွက်သွားတဲ့ နွေဆင့်ကဲကို ခေါ်နိုင်မှာ လိုက်ခေါ်ပေမယ့်မရ၊ ဘယ်လိုပဲ မတည့်ခဲ့ကြပေမယ့် နှစ်ပေါင်းကြာရှည်စွာ အတူနေလာခဲ့တဲ့ သံယောဇဉ်ကတော့ ရှိနေတာပဲလေ။

"ဟဲ့ ... နွေဆင့်ကဲ"

"မခေါ်နဲ့"

"ကိုဗေဒါ"



www.burmeseclassic.com

www.burmeseclassic.com



"မိဘကိုစော်ကားတဲ့ အမိုက်မ သွားပါစေ"

"နွေဆင့်ကဲက မိန်းကလေးလေ ကိုဗေဒါရဲ့။ ဒီအတိုင်း လွှတ်ထားလို့ ဖြစ်မလား"

"ဖြစ်ချင်ရာဖြစ် လွှတ်ထားလိုက်"

ဦးဗေဒါ ပါးစပ်ကသာ ပြောနေပေမယ့် လူက တစ်ကိုယ်လုံး နုံးချွေချည့်နဲ့သွား၏။ သူ သွန်သင်ဆုံးမမှု ညံ့လို့ ဒီလိုဖြစ်ခဲ့တာ။ ငါကို ခွင့်လွှတ်ပါတော့ ကိုစစ်ရယ်။ မိန်းကလေးမွေးပြီး ဘယ်လိုဆုံးမ ရမယ်ဆိုတဲ့ အတတ်ပညာတွေ မကျွမ်းခဲ့လို့။

နွေဆင့်ကဲတဲ့။

သားဦးစနေ မီးလိုမွှေတယ်ဆိုတဲ့စကားတွေကို သူ လက်မခံပဲ သံယောဇဉ်အသက်သက်နဲ့။ ဘာမျှော်လင့်ချက်မှမရှိဘဲ ပြုစုစောင့် ရှောက်ခဲ့တာတွေ အလကားဖြစ်သွားပြီ။ ကျေးဇူးတင်ခံချင်တာ မဟုတ် ဘဲ အပြစ်ကင်း မကင်းတဲ့အဖြစ်ဟာ ကိုယ်ညံ့လို့လား သူ့မိစ္ဆ မကောင်းတာလား မသိတော့။

"ကျွန်မ မှားတာပါ ကိုဗေဒါရယ်၊ ကျွန်မ မှားခဲ့တာပါ။ နွေ ဆင့်ကဲအပေါ်မှာ ကျွန်မ မကောင်းခဲ့ဘူး။ မဟုတ်တမ်းဝါးတွေ နားထဲ ရိုက်သွင်းပေးခဲ့မိလို့ ဒီလိုဖြစ်တာပါ"

"သေကာမှ အလောင်းပိုက်ချွေးတာမျိုး လုပ်မနေနဲ့"

"ကိုဗေဒါ"





"သူ့ကိုက ဘာမွေးခဲ့တာလို့ သတ်မှတ်လိုက်"

"ကိုစစ်ကို ကျွန်မတို့ ဘယ်လိုမျက်နှာပြရမလဲရှင့်"

ဦးဗေဒါ မျက်ရည်တွေနှင့် နှပ်တွေကိုပါ ဖြစ်သလိုသုတ်ပြီး

"မျက်နှာမပြရဲတော့လည်း ခေါင်းသာငုံ့ပေးလိုက်တော့ကွာ"

ဒီလိုမပြောလို့ ဘယ်လိုပြောရတော့မလဲ။ စိတ်လိုက်မာန်ပါ ပြောဆိုခဲ့ပြီးပြီဆိုတော့ မပြေးသော်ကန်ရာရှိပဲပေါ့။

□□□



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

ဒီနေ့ စူးရှနဲ့ကျောက်စက်ရေတို့ရဲ့ ဈေးစပ်ပွဲ။

ဒီသတင်းကိုကြားရတာ အ,မင်္ဂလာဖြစ်နေတာသည် နွေဆင့်ကဲအတွက် ကိုယ်မရတာတွေကို အပိုင်စီးခွင့်ရနေတဲ့ ကျောက်စက်ရေကို လုံးဝ မကျေနပ်။

ဒီပွဲ ပျက်ကိုပျက်ရမယ်။ ဒီပွဲကို ဖျက်ဖို့အတွက် လှမ်းနေတဲ့ ခြေလှမ်းတွေက မြေပြင်သာ ပျော့နေရင် ခြေထောက်တွေ ကျွံဝင်သွားမလား မပြောတတ်။

အရှုံးတွေနဲ့ချည်း ရင်ဆိုင်နေရတဲ့ သူ့မဘဝကတော့ သေမထူး နေမထူးပဲလေ။ ဒီပွဲမှာ စူးရှနဲ့ကျောက်စက်ရေ တစ်ယောက်ယောက်ကိုမရှိမှ သူမ ကျေနပ်မှာ။





"ကဲ ... မင်္ဂလာရက်လည်း သတ်မှတ်ပြီးပြီဆိုတော့ သတို့သားလောင်းဘက်က ကလေးတွေကို ဘာများ ချီးမြှင့်ဦးမလဲဗျာ"

"ဒါက ပြောစရာမလိုတော့ပါဘူးရှင်။ ကျွန်မမှာ ဒီသားလေး တစ်ယောက်ပဲ ရှိတာဆိုတော့ ကျွန်မပိုင်ဆိုင်သမျှ ပစ္စည်းအားလုံး သားပဲ ပိုင်ပါတယ်"

"ဒါဆို မိန်းကလေးရှင်ဘက်ကရော"

"ကျွန်တော်တို့က သမီးနှစ်ယောက်ရှိနေတော့ သမီးငယ်ကို ဒေါ်သန္တာမြူစင်ပြောသလို အကုန်ပုံမပေးနိုင်သေးဘူးဗျာ။ လောလောဆယ် စိန်တစ်ဆင်စာလက်ဖွဲ့ပါ့မယ်"

"ဒါဆို ... ဘာများ ပြောစရာရှိကြသေးလဲ"

"မရှိပါဘူး"

"ကျွန်တော့်မှာ ပြောစရာရှိပါတယ်"

"ဟင် ရဲမိုး ... နင်က ဘာပြောမလို့လဲ"

ရဲမိုးက စပ်ဖြီးဖြီးမျက်နှာနှင့် ...

"မင်္ဂလာဆောင်ပြီးရင် ဆရာနဲ့ဆရာကတော် ဘယ်မှာနေမှာလဲ သိချင်လို့ပါ ခင်ဗျာ"

"သြော် ... ဒါကတော့ ဆိုရိုးစကားကိုက သျှောင်နောက်ဆံထုံးပါလေ"

"ဟုတ်ပါတယ် ... ဒေါ်သန္တာမြူစင်တို့က ကြွေကြည့်မှ သား



www.burmeseclassic.com

www.burmeseclassic.com



အမိနှစ်ယောက်တည်းဆိုတော့ ယောက်ျားလေးဘက်မှာ လိုက်နေမှာပေါ့'

ရယ်စရာ, မောစရာတွေ ပြောကြရင်း ရယ်ကြမောကြနှင့် ဒေါ်ကေသီကတော့ ရယ်လည်းမရယ် စကားလည်း မပြောပေ။ ဝေဒနာသည်ဆိုတော့ လူရာမဝင်သလို ဖြစ်နေတာပေါ့။

"ဒီစုံတွဲကတော့ နေနဲ့လ ရွှေနဲ့မြပါပဲ"

"ဟုတ်ပါ့ ... ပညာအရည်အချင်းဆိုလည်း နှစ်ယောက်စလုံးက ရှေ့နေတွေလေ"

"ရုပ်ရည်တွေကလည်း ဆိုစရာမရှိအောင် ချောကြတာကိုး"

"အံ့တိတို့ မြောက်တာနဲ့ ကျွန်တော်တို့နှစ်ယောက် ဦးမာဃကို ခေါင်းနဲ့တက်ခေါင့်မိတော့မယ်"

"မြောက်တာမဟုတ်ဘူးလေ၊ မှန်တာ ပြောတာကို"

"ဟုတ်တယ် ... ဟုတ်တယ်"

"ကဲ ... တော်ကြတော့၊ စေ့စပ်ပွဲ အောင်မြင်စွာပြီးဆုံးကြောင်း ကြေညာပါတယ် ခင်ဗျာ"

"ဒီစေ့စပ်ပွဲကို ကျွန်မ ကန့်ကွက်ပါတယ်"

"ဟင်"

"ဟာ"

ကန့်ကွက်သံကြောင့် အားလုံးအကြည့်က အသံရှင်ဆီသို့





ရောက်သွားကြသည်။ အကြည့်ရူးရူးနှင့်အတူ သူမမျက်နှာက ခက်ထန်တင်းမာခြင်းများနှင့်။

"ဒီစေ့စပ်ပွဲကို ကျွန်မ ကန့်ကွက်တယ်"

"နွေဆင့်ကဲ"

"သမီး"

"နင်တို့က သိပ်ပျော်နေကြတယ်ပေါ့လေ။ ဟုတ်လား ... ရူးရူ"

"မမ"

"နင် ငါ့အနား မလာနဲ့"

ရူးရူက ဒေါ်သနှင့်ထရပ်လိုက်စဉ်မှာပဲ ကျောက်စက်က နွေဆင့်ကဲဆီကို သွားမယ်ပြင်လေလျှင် လူကို လက်ညှိုးတည့်တည့်ထိုးပြီး ဟန့်တားလိုက်သံကြောင့် ကျောက်စက် ရှေ့ဆက်မတိုးရဲဘဲ ဖြစ်သွား၏။

"မမ"

"နင် ငါ့ကိုမခေါ်နဲ့။ ငါ့ညီမအဖြစ်နဲ့ နင့်ကိုငါ လုံးဝမသတ်မှတ်ဘူး။ နင့်ကို ငါ အရမ်းမုန်းတယ်"

ရန်သူလိုဆက်ဆံတာ ခံလိုက်ရသဖြင့် ရင်ဘတ်ထဲမှာ အောင့်သက်သက်ဖြစ်သွားသည်။ ကိုယ်ကတော့ ကိုယ့်မှာ မမရှိတယ်ဆိုပြီး ဝမ်းသာအားရ ဖြစ်နေခဲ့တာ။ တွေ့ချင်လို့လိုက်ရှာတော့လည်း မတွေ့။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက လိုက်မရှာပါနဲ့သမီးရယ်လို့ တားခဲ့တာတောင် မရ။

"နွေဆင့်ကဲ ... နင် အခု ဘာလာလုပ်တာလဲ"

"နင်တို့စေ့စပ်ပွဲကို လာဖျက်တာ"

"ဟာ"

"မင်းက ဘာဆိုင်လို့ လာဖျက်တာတဲ နွေဆင့်ကဲ"

ပြတ်သားသောအသံနှင့် မေးလိုက်သူက ဒေါ်သန္တာဖြူစင်။ ဒီမိန်းကလေးကို သူမ မုန်းခဲ့တာ ခုမှမဟုတ်။ ဒါကို သားသိနေတဲ့အတွက် ပတ်သက်စရာအကြောင်းမရှိပါပဲ။

"ဘယ်လိုပတ်သက်လဲဆိုတာ သိချင်ရင် ရှင့်သားကို မေးကြည့်လိုက်"

ဒေါ်ဖြူစင်သန္တာ သားဘက်သို့ ဆတ်ခနဲလှည့်ပြီး ...

"သား"

"ဘာမှမပတ်သက်ဘူး မေမေ။ နွေဆင့်ကဲ ... နင် ဘာတွေအရူးထနေတာလဲ"

"နင့်ကိုငါ ဘာပြောခဲ့ဖူးလဲ"

"ဟ ... နင်ဖြစ်ချင်တိုင်း ငါက နာခံရမှာလား။ ကျောက်စက်ကို ငါ ချစ်တယ်။ ချစ်လို့လက်ထပ်ကြတာ ဘာဖြစ်လဲ"

"ငါ့အတွက် ဖြစ်တယ်"

ဖြစ်ရင် လဲသေလိုက်လို့ ပြောချင်၏။ ရှေ့နေတစ်ယောက်ရဲ့





သိက္ခာကိုသာ မထိန်းရဘူးဆိုလျှင် ထွက်သွားလို့ ဆွဲထုတ်လိုက်တာကြာပြီ"

"ကျောက်စက်က နင့်ညီမလေးဟာ"

"ငါ လက်မခံဘူး"

"နွေဆင့်ကဲ"

"နင် သူ့ကို လက်ထပ်ရဲ လက်ထပ်ကြည့်"

"ဘာလုပ်မှာလဲ"

"နင်တို့ နှစ်ယောက်ထဲက တစ်ယောက်ကို ငါ သတ်ပစ်မယ်"

"နွေဆင့်ကဲ ... နင် ရူးနေပြီ။ ဒါ ... မင်းမဲ့တိုင်းပြည်မဟုတ်ဘူးဆိုတာ သိရဲ့လား။ တစ်ဖက်သတ်ဖြစ်တဲ့ နင့်ကိုပဲရင် ငါ့နလုံးသား သေသွားမှာပေါ့။ နင် တစ်ကိုယ်ကောင်းဆန်တတ်သလို အချစ်နဲ့ပတ်သက်ပြီး ငါလည်း တစ်ကိုယ်ကောင်းဆန်ခွင့်ရှိတယ်"

"ကို"

"ဟင်"

"ကျောက်စက်တို့စေ့စပ်ပွဲ အထမမြောက်ဘူးလို့ပဲ သဘောထားလိုက်ပါ"

"ဘာ ... ကျောက်စက်"

"ဒီစေ့စပ်ပွဲကို ဖျက်လိုက်ကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ရမလား . . . ဒါ ကလေးကစားစရာ မဟုတ်ဘူး ကျောက်စက်"

"ဘာလို့မဖြစ်ရမှာလဲ၊ ဖြစ်ကိုဖြစ်ရမယ်"

"နွေဆင့်ကဲ . . . မင်း ဘယ်လိုမိန်းကလေးလဲ"

"လိုချင်တာကိုရမှ ကျေနပ်တဲ့မိန်းကလေး"

"တောက်"

နွေဆင့်ကဲအကြည့်က ဦးစစ်နိုင်ဆီသို့ ရောက်သွား၏။ အဖေလို့ ကြွေးကြော်ပြီး သူ့သမီးရဲ့စေ့စပ်ပွဲပျက်မှာကို ကြောက်နေတယ် ထင်ပါရဲ့။ ဒါ . . . တရားသလား။

"ဦးစစ်နိုင်"

"သမီး"

"ကျွန်မက ရှင့်သမီးပါဆို။ ဒီလိုကျတော့ ရေငုံနှုတ်ပိတ်လုပ်နေသလား။ ဘာလဲ . . . ရှင့်သမီးကျတော့ သာစေ၊ ကျွန်မကျတော့ ဘယ်လိုနေနေ, ဘာဖြစ်ဖြစ်ဆိုတဲ့ သဘောလား"

"မဟုတ်ဘူး သမီး"

"ဘာမဟုတ်ဘူးလဲ၊ ရှင်ပြောတော့ ကျွန်မဆန္ဒမှန်သမျှ ဖြည့်ဆည်းပေးပါ့မယ်ဆို၊ အခု ဒီစေ့စပ်ပွဲကို ဖျက်ပေးပါ။ ဒါ . . . ကျွန်မဆန္ဒပဲ"

"အဲဒါတော့ မဖြစ်လို့ပါ သမီးကြီးရယ်၊ သမီး ကျန်တာကိုပဲ





တောင်းဆိုပါ"

"ဒါပဲပေါ့"

အားလုံး နွေဆင့်ကဲကို စိတ်ဝင်စားစွာနှင့် စောင့်ကြည့်နေကြသည်။ သူမ အကျည်းတန်အောင် မဲ့ပစ်လိုက်၏။ မိဘဆိုတာ ကျောသားရင်သား မခွဲခြားဘူးလို့ ပြောကြတာ။ အခုပဲ ခွဲခြားလို့ သူမဆန္ဒကို မလိုက်လျောနိုင်တာပေါ့။ အဲဒါကြောင့် ကျောက်စက်ရေကို မုန်းတာ၊ သူကတော့ ရွှေဖွန်းကိုက် မွေးလာပြီး နွေဆင့်ကဲကျတော့ ကျောက်ခဲကိုက်ခဲ့ရတာ။

တွေးလေ ဒေါသဖြစ်လေ။

ကိုယ် ထမင်းကြမ်းစားနေရတဲ့အချိန်မှာ သူက ဟိုတယ်ပေါ်မှာ စားချင်စားနေမှာပေါ့။ ကိုယ် ခလုတ်တိုက်မိတဲ့ လမ်းလျှောက်တော့ သူက စိန်စီလမ်းပေါ်မှာ၊ ဒီမိဘက မွေးခဲ့တာချင်းအတူတူ သူက ရွှေဘုံပေါ်မှာစံစားပြီး ကိုယ်က ချောက်နှုတ်ခမ်း တက်နင်းမိတဲ့အဖြစ်။

"ရှင် မတရားဘူး။ ကျောသား,ရင်သား မခွဲခြားဘူးဆိုတဲ့ မိဘတွေ။ အခု ကျောက,ကျော ရင်က,ရင်ပဲ မဟုတ်လား။ ခွဲခြားလိုက်စမ်းပါ၊ ခွဲခြားလိုက်စမ်းပါ"

"သမီး"

"ခေါ်မနေနဲ့တော့။ ရှင်ခေါ်ဖို့ မတန်တော့ဘူး"

"ကြည့်စမ်း . . . မိဘကိုတောင် စော်ကားသေးတယ်၊ အခြား



www.burmeseclassic.com

www.burmeseclassic.com



သူဆိုရင် ဘယ်မျှလဲ"

ဒေါ်သန့်ဖြူစင်က ပွင့်လင်းသူပီပီ ဘယ်သူ့မျက်နှာကိုမှ မထောက်။

"တော် ... တော်ပါတော့ မသန့်ဖြူစင်ရယ်"

"ပြောစမ်းပါ ... ပြောစရာကျန်သေးရင် ဆက်ပြော"

"သမီး"

ဦးစီးတော့ ပွဲကြောင် ပွဲစီးတော့ ဦးကကောင်ဆိုသလို သူတစ်ခွန်း ငါတစ်ခွန်းပါပဲ။ ဦးစစ်နိုင် ဘယ်သူ့ကို ဘယ်လိုတားဆီး ပိတ်ပင်ရမှန်းမသိ။

"နင် ဖျက်ခိုင်းတိုင်း ဒီစေ့စပ်ပွဲကို ဖျက်ရအောင် နင်က ဘာလဲ"

"ရှုရှု"

"........."

"နင် ငါ့ကို ကြောရှုံကြီးခဲ့တာ ပြောပြလိုက်လေ"

"နွေဆင့်ကဲ ... နင် မဟုတ်တာတွေ မပြောနဲ့"

"ဟုတ်တာတွေ ပြောနေတာ။ အခု ငါ့မှာ ကိုယ်ဝန်ရှိနေပြီ နင် ဘယ်လိုလုပ်မလဲ"

"မဟုတ်ဘူး"

"ကို"





"နင် နင် ... တော်တော်ယုတ်မာတဲ့မိန်းမပဲ"

"နင်ယုတ်မာတာကို ထည့်ပြောဦးလေ"

"တောက် ... ဟာ"

"ကို"

ရှုရှု ဒေါသကို မထိန်းနိုင်တော့တဲ့ လက်တစ်ဖက်က မြှောက် တက်သွားလေလျှင်၊ ထိုလက်ကို ဖမ်းဆွဲပြီး ရှေ့မှာ ဝင်ရပ်သူက ကျောက်စက်။

"မလုပ်ပါနဲ့ ကိုရယ် ... မလုပ်ပါနဲ့"

"လုပ်လေ ... ရိုက်လိုက်စမ်းပါ"

နွေဆင့်ကဲ မျက်နှာကို မော့ပေးလေသဖြင့် ...

"တောက်"

ရင်ထဲမှာ အမုန်းမီးတွေ တောက်လောက်ခြင်းနှင့်အတူ ရှုရှု ရဲ့ဒေါသခြေလှမ်းတွေက ဘီးတပ်၍ ထွက်သွားသလား မှတ်ရသည်။

"သား"

"ကို"

ဒေါ်သန့်ဖြူစင်မှာ ပဝါလျှောကျကျန်ခဲ့တာကိုပင် ပြန်မကောက်နိုင်။ ဒီမိန်းကလေးနဲ့ ဘဝဆက်ဆက် ဝေးပါရစေ။

❒❒❒



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

ဦးစစ်နိုင်၊ သမီးကြီးအတွက် ရင်ပူဟပ်နေရသည်။ သမီးကြီး စိတ်ထင်ရာလျှောက်လုပ်နေရင် ဒုက္ခ။

ဒါကြောင့် …

သူသွားတတ် လာတတ်တဲ့ နေရာတွေမှာလိုက်ရှာဖို့ ထွက်လာခဲ့ရင်း သမီးကြီးသီချင်းဆိုတဲ့ စားသောက်ဆိုင်ကို ရောက်လာခဲ့သည်တွင် …

"ဘာများအလိုရှိလို့လဲ ခင်ဗျာ့"

"ဪ … ဟို နွေဆင့်ကဲနဲ့ တွေ့ချင်လို့ပါ။ သူ ဒီကိုလာသလား မသိဘူး"

"လာတော့လာတယ်ဗျ။ စောစောလေးကပဲ ဦးမင်းခန့်ဆိုတဲ့





လူ လာခေါ်သွားပါတယ်"

"ဦးမင်းခန့် ဟုတ်လား"

"ဟုတ်ပါတယ်"

"ကျေးဇူးပဲနော်"

ဦးမင်းခန့်နှင့်ထွက်သွားသည်ဆိုတော့ ဘယ်ကိုသွားမလဲ သူ ခန့်မှန်းမိ၏။ မင်းခန့်ဆိုတဲ့ကောင်က စားနေကျကြောင်ပါးဆိုတော့ မိန်းမတွေနဲ့ အပျော်ကြူးနေတဲ့နေရာကို သီးသန့်ဝယ်ထားတာ။ ကိုယ့်သမီး ပါသွားသည်ဆိုတော့ …

ပြန်ထွက်လာတဲ့ ခြေလှမ်းတွေက မြေပြင်ကို ထိရဲလားမသိ။ သမီးကို စမြင်ဖူးခဲ့စဉ်က မင်းခန့်နဲ့အတူ တွေ့ခဲ့ရတဲ့မြင်ကွင်းကို ပြန်မြင်ယောင်မိပြီး ရင်ဘတ်ပေါ် ရောမကျောက်တုံးကြီး အဖိခံထားရသလို။ သမီး ဘယ်အဆင့်ထိ ပျက်စီးနေပြီလဲ။ ဘုရားသိကြားမလို့ သူပြောသလိုပဲ မိန်းမတစ်ယောက်ရဲ့ တန်ဖိုးရှိတဲ့ဘဝကို ထိန်းသိမ်းထားနိုင်ပါစေ။

"အဆုံးစွန်ထိတော့ မတွေးလိုက်ပါနဲ့။ နွေက ကိုယ်ချစ်တဲ့သူကိုတွေ့ရင် လက်ထပ်ချင်သေးတယ်လေ။ အဲဒီတော့ ကိုယ်ချစ်လို့ လက်ထပ်မယ့်ယောကျ်ားအတွက် အသန့်ရှင်းဆုံးဖြစ်အောင်တော့ ထိန်းသိမ်းထားပါတယ်။ စောစောက ဦး မြင်လိုက်မှာပေါ့။ အဲဒီ နွေ အလွန်ဆုံးပေးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒါ . . . သမီးကြီးပြောခဲ့ဖူးတဲ့စကားလေ။ ဒီစကားတွေကို မှတ်မှတ်ရရရှိပြီး ခင်တွယ်ခဲ့တာ သွေးက စကားပြောတာ ထင်ပါရဲ့။ သူ့အပြုအမူတွေကို မနှစ်မြို့စွာ အထင်သေးရင်းပဲ လမ်းမှားရောက်မှာ စိုးခဲ့တာ ကိုယ့်သွေးဖြစ်နေလို့ပဲကိုး။ ပြောခဲ့ဖူးတဲ့ စကားတွေအတိုင်း သမီး တကယ်ပဲ ထိန်းသိမ်းနိုင်ခဲ့ရဲ့လား။

တကယ်လို့များ မထိန်းသိမ်းနိုင်ခဲ့ရင် . . .

ကိုယ့်မျိုးရိုးဂုဏ်သိက္ခာ၊ ကိုယ့်မိသားစုရဲ့အရှက်။ ပြီးတော့ သမီးငယ်လေးရဲ့ ဂုဏ်သိက္ခာတွေအားလုံး ထိခိုက်ပျက်စီးကုန်ရင်ဒုက္ခ။ ဟာ . . . ဘာပဲဖြစ်ဖြစ် မိဘဆိုတာ ကောင်းဆိုးပလုံးဆိုးလို့ သားသမီးဆိုးကို ပစ်ရိုးထုံးစံမှမရှိဘဲ။ ကိုယ့်သမီးက သမီးပဲပေါ့။ စနေဖြစ်ဖြစ် ရာဟုဖြစ်ဖြစ် ပစ်မထားနိုင်ပါဘူး။

"နင် ဖျက်ဆိုင်းတိုင်း။ ဒီစေ့စပ်ပွဲကို ဖျက်ရအောင် နင်က ဘာလဲ"

"ဟုရှ"

". . . . . . . . . . . . ."

"နင် ငါ့ကို ကြောရရုံကြံခဲ့တာ ပြောပြလိုက်လေ"

"နွေဆင့်ကဲ . . . နင် မဟုတ်တာတွေ မပြောနဲ့"

"ဟုတ်တာတွေ ပြောနေတာ။ အခု ငါ့မှာ ကိုယ်ဝန်ရှိနေပြီ နင် ဘယ်လိုလုပ်မလဲ"





ဒါ . . . ဒါရော တကယ်လား။ မဟုတ်ဘူး မဖြစ်နိုင်သေးဘူး။ ဟုရှက သမီးငယ်ကို တကယ်ချစ်တာ။ ပြီးတော့ ဟုရှဆိုတာ သိက္ခာ သမာဓိရှိတဲ့ ရှေ့နေကောင်းတစ်ယောက်။ ကိုယ်ကိုယ်တိုင် စုံစမ်းခဲ့တာ လည်း ဒီကောင်လေး ဒီလိုလူမျိုး မဟုတ်ပေ။

ဦးစစ်နိုင်၊ အတွေးတွေ ကစဉ့်ကလျား ဖြစ်နေတာကို ဖြတ်တောက်ပစ်ပြီး မင်းခန့်ရှိနိုင်မည့်တိုက်ခန်းသို့ တက်လာခဲ့သည်။

"ဟင်"

တံခါးကိုတွန်းကြည့်လိုက်တော့ အဆင်သင့်ပွင့်နေတာနှင့် ဝင်လာခဲ့တော့၏။ မေ့ပြီး မပိတ်ခဲ့တာ ထင်ပါရဲ့။ ဒါကပဲ ကိုယ့်အတွက် အခွင့်အရေးပဲလား။

❐

ဦးမင်းခန့်နှင့်လိုက်လာခဲ့မိသည့် နွေဆင့်ကဲ။

သူမကလည်း ဂျင်ပေါက်ကထုံးပဲလေ။ ဦးမင်းခန့်ကို လက်စား ချေချင်လို့ စွန့်စားပြီး လိုက်လာခဲ့တာ။ ဦးမင်းခန့်က သူမကို အအေး တွေ အတင်းတိုက်သည်။ ဒါကို . . .

"ရှင် ဒီလောက်သောက်စေချင်မှတော့ သောက်ရှာပေါ့။ ဒါပေမဲ့ . . . တစ်ခုတော့ရှိတယ်"

www.burmeseclassic.com



"ဘာလဲ နွေ"

"ရှင့်ကို ကျွန်မ မယုံဘူး"

"နွေကလည်း"

"ဒီအအေးကိုသောက်ပြီးတာနဲ့ ကျွန်မ မှောက်ချင် မှောက်သွားနိုင်တယ်"

"ဟင်"

"အဲဒါနဲ့ ထိုက်တန်တဲ့ငွေကြေးပမာဏအခု ကျွန်မရှေ့မှာချပေးပါ"

ဆိုတာနဲ့ နေကြီး သောက်တဲ့ကိုကောက်ကိုင်ပြီး ထသွားတော့။ နွေဆင့်ကဲပဲလေ။ သူချပေးတဲ့အအေးကို သွန်ပစ်ပြီး သူဖြစ်စေချင်သလို မဟန်နိုင်တော့တဲ့ပုံစံနဲ့ စားပွဲပေါ် မှောက်နေလိုက်သည်။ လက်တစ်ဖက်က ခေါ်းကိုကျစ်ကျစ်ပါအောင် ရင်ဘတ်နှင့်ဖိကပ်ကွယ်ဝှက်ထားလိုက်တာ။

လာခဲ့ပေါ့ ဦးမင်းခန့်။

ဒီနေ့ ရှင်သေနေ့စေ့တဲ့နေ့ပဲ။ ဆုံးရှုံးခဲ့ရတဲ့ ကျွန်မဘဝအတွက် ရှင့်အသက်ကို ပြန်ယူရမယ်။ နွေဆင့်ကဲဘဝက မထူးတော့ဘူး ဆိုတော့ ရှင်ပြီးရင် စူးရှနဲ့ကျောက်စက် တစ်ယောက်ယောက်ပေါ့။ ရှင် ပျင်းနေမှာစိုးလို့ အဖော်ထည့်ပေးလိုက်မယ်။

"ရှုပ် ရှုပ် ရှုပ်"





ဟော ... ချူလာနေပြီ။

"ဟင်"

သမီးအဖြစ်ကို မြင်လိုက်ရတဲ့ ဦးစစ်နိုင်။ ဟိုဒီ လိုက်ကြည့်တော့ မင်းခန့်ကိုမတွေ့ရ။ ဒီကောင် ဘာတွေကြံစည်နေတာလဲ။ ဒါဒါ ... သမီးကြီးကို မဟုတ်မဟပ် ကြံစည်ဖို့ ဂွင်ဆင်ထားတာပဲနေမှာ။ ဒီကောင် ပြန်ရောက်မလာခင် သမီးကြီးကို ပြန်ခေါ်သွားမှ။

အတွေးနှင့် သမီးကိုယ်ကို ပွေ့ထူလိုက်စဉ် ...

"လူယုတ်မာကြီး ... ကဲ"

"ခွပ်"

"အား"

"အဲဒါ ... ယုတ်မာချင်ဦး"

ခေါ်းနဲ့ရင်ဝကိုထိုးစိုက်ပြီး ဆောင့်တွန်းပစ်လိုက်စဉ် ...

"ဝုန်း"

ဝုန်းခနဲ ပြိုကျသွားသံနောက်မှာ ...

"နွေ ... ဘာဖြစ် ... ဟင်"

"ဟာ"

ပြေးထွက်လာတဲ့ ဦးမင်းခန့်ကိုမြင်လိုက်တော့ နွေဆင့်ကဲ မျက်လုံးပြူးသွားသည်။ သူမ ခေါ်းနဲ့ထိုးလိုက်တာ ဦးမင်းခန့် မဟုတ်ဘူးလား။ ဘယ်သူလဲလို့ အကြည့်က ရောက်သွားစဉ် ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုစစ်နိုင်"

"............"

"ကိုစစ်နိုင်"

ဦးမင်းခန့်တစ်ယောက် ဦးစစ်နိုင်ကို ပြေးပွေ့လိုက်စဉ် ...

"သမီး ... နွေဆင့်ကဲ"

"................."

ရုတ်တရက် ခေါ်သံနှင့်အတူ ဝင်လာသူက ဦးဗေဒါ။

"အဖေ သမီးနောက်ကို စုံစမ်းပြီးလိုက်လာခဲ့တာ။ အဖေနဲ့ အိမ်ပြန်လိုက်ခဲ့ပါ သမီးရယ်နော်"

ဦးဗေဒါ ပြောနေပေမယ့် သမီးက ကိုယ့်ကို လုံးဝမကြည့်။ မျက်လုံးပြူးကြီးနှင့် တစ်နေရာကို စိုက်ကြည့်နေပြီး ကိုယ်ပြောတာကို မကြားသည့်အလားမို့ ဘာပါလိမ့်ဟု သူ စူးစိုက်ကြည့်နေတဲ့နေရာကို လိုက်ကြည့်လိုက်စဉ် ...

"ဟာ"

"ကို ... ကိုဗေဒါ"

"ကိုစစ်"

"အား"

"ကိုစစ်"

ဦးဗေဒါ ချက်ချင်းပဲ ဦးစစ်နိုင်အနားသို့ ရောက်သွားပြီး ..





"ကိုစစ်ကို ဘယ်သူလုပ်တာလဲ။ ကိုစစ်ကို ဘယ်သူ တေနဲ့ ထိုးတာလဲ။ ဟော့ကောင် ... မင်း မင်း"

"ဟာ ... ကျွန်တော် မဟုတ်ဘူး။ ကျွန်တော် မဟုတ်ပါဘူး ဗျာ"

"ဒါဆို ... ဘယ်သူလဲ"

"နွေ ... နွေဆင့်ကဲပါ"

"ဟင်"

ဖျတ်ခနဲကြည့်လိုက်တော့ ပြူးကျယ်ဝိုင်းစက်နေတဲ့ မျက်ဝန်း တွေနဲ့ တဆတ်ဆတ်တုန်နေတဲ့ နှုတ်ခမ်းက ဟုတ်ပါတယ်လို့ ဝန်ခံ နေသလို။ မိဘအနေအထားနှင့်ကျတော့ မယုံနိုင်စွာပဲ ...

"သမီး"

"ကို ကိုဗေ ဒါ၊ သမီး သမီးမှာ အပြစ် အပြစ်မရှိဘူး အား"

"ကိုစစ်"

"သမီး"

"..............."

"ဖေ ... ဖေဖေ့ကို ခွင့်လွှတ်ပါ"

ဦးဗေဒါ့လက်ကို ခပ်တင်းတင်းဆုပ်ထားတဲ့ ဦးစစ်နိုင်လက်က တဖြည်းဖြည်း ပြေလျော့ကျသွားလေလျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုစစ် ... ကိုစစ်"

"ကိုစစ်နိုင်"

"ဖြစ်ရလေ ... ကိုစစ်ရယ်"

ဦးဖေဒါ ရင်နင့်စွာနှင့် မျက်ရည်တွေက ကျလာသည်။ သမီးက ဖအေကိုသတ်သတဲ့၊ လူကြားလို့မှ ကောင်းကြသေးရဲ့လား။

"နွေဆင့်ကဲ ... လူသတ်ကောင်မ"

"ဟင့်အင်း"

"ဖအေကို ပြန်သတ်တဲ့အမိုက်မ။ နင် ... ကံကြီးထိုက်လိမ့်မယ်"

နင် ကံကြီးထိုက်လိမ့်မယ်ဆိုတဲ့အသံက နားထဲမှာ ပဲ့တင်ထပ်သွားသည်။ ဘယ်လိုကံထိုက်မှာလဲ။ မြေမျိုမှာလား။ မိုးကြိုးပစ်ခံရမှာလား။ မထူးတော့တဲ့အတူတူ ခံရပါစေ။ နွေဆင့်ကဲ ဘာကိုကြောက်တတ်လို့လဲ၊ မကြောက်ဘူး။ ဒီလောက် မျက်နှာလိုက်တတ်တဲ့ အဖေသေပေါ့။

လိုအင်ဆန္ဒမှန်သမျှ ဖြည့်ဆည်းပေးမယ်ဆိုပြီး နွေဆင့်ကဲ လိုချင်တာကို ရခဲ့လို့လား။ မကြာခင် ရှုရှုနဲ့ကျောက်စက်ရေ လက်ထပ်ကြတော့မှာ။ ဒါ သူမအတွက် ရှုံးနိမ့်ခြင်းပဲ။ အဲဒါ သူတို့မျက်နှာလိုက်တာ မဟုတ်ဘူးလား။ မုန်းတယ် ... အားလုံးကိုမုန်းတယ်။

"နွေဆင့်ကဲ"





ထွက်ပြေးတဲ့ နွေဆင့်ကဲနောက်သို့ ဦးဖေဒါ ထလိုက်သွားလေလျှင် ...

"နွေဆင့်ကဲ"

"မလိုက်နဲ့ ... ရှင် လိုက်မလာနဲ့"

နောက်ကိုလှည့်ကြည့်ရင်း လှေကားကိုပြေးဆင်းတဲ့ နွေဆင့်ကဲ လှေကားထစ်ကို မနင်းမိဘဲ ခြေချော်သွားလေလျှင် ရင်ထဲမှာ ဟာခနဲ ဖြစ်သွားပြီး ...

"အား"

"သမီး"

"............"

"သမီး"

ဒလိမ့်ခေါက်ကွေး ပြုတ်ကျသွားပြီး လှေကားရင်းအရောက်မှာတော့ ခေါင်းမှသွေးတွေ ဖြာခနဲ ထွက်လာခြင်းနှင့်အတူ။

"သမီး"

ဦးစစ်နိုင်ကို သူမ တမင်ရည်ရွယ်ပြီး ဓားနဲ့ထိုးခဲ့တာမဟုတ်ဘူးဆိုတာကို သူမမှ တစ်ပါး အခြားသူ မသိနိုင်။ အခုဖြေရှင်းမယ့်သူလည်း မရှိမို့ အများအမြင်မှာ နွေဆင့်ကဲက ဖအေကိုပြန်သတ်တဲ့သမီးလို့ အမည်တွင်ကျန်ရစ်ခဲ့တော့မည်သာ။

❐❐❐



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

ဆေးကုသမှုခံယူပြီး ရောဂါဝေဒနာတွေ ပျောက်ကင်းနေပြီ ဖြစ်တဲ့ ဒေါ်ကျော့ကေသီ ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်သို့ ငေးမျှော်ကြည့်ရင်း မျက်ရည်တွေက ပါးပြင်ပေါ်သို့ စီးကျလာ၏။ ဝဋ်ကြွေးတွေ ဆပ်လို့ကုန်သွားပြီထင်ပါရဲ့။ သောကတွေ ဒုက္ခတွေနဲ့ ပူပြင်းလောင်မြိုက်ခဲ့သမျှ ...

ခုတော့ ...

အရာအားလုံးက အေးချမ်းသွားခဲ့ပါပြီလေ။ မောင့်ကို လွမ်းဆွတ်တမ်းတခြင်းတို့သည် ရင်ထဲမှာသာ။ အသက်တွေလည်း ကြီးပြီမို့ ပြီးခဲ့တာတွေ ပြီးပါစေတော့။

"မေမေ... မေမေ"





"ဟင်"

"မေမေ"

သူ့မဆီကို ကသောကမျောလာနေတဲ့ စုရှုံ့မဲက တမ်းရှုကို ဝမ်းသာလာဟန်။

"ဘာလဲ သား"

"မေမေ့ကို ဝမ်းသာစရာပြောမလို့ မေမေရဲ့"

"ပြောလေ"

"ဟိုဟာလေ ... အဟဲ"

စုးရှ ပြောရမှာ ရှက်သလိုလိုနဲ့ လည်ပင်းကို ပွတ်နေလျှင် ...

"ပြောလေ သားရဲ့"

"ဟို ... အခု ကျွန်တော်လိုက်နေတဲ့အမှု နိုင်တယ်၊ အဲဒါ"

"ဒါများ အဆန်းလုပ်လို့ သားရယ်။ ရှေ့နေတစ်ယောက်အမှု လိုက်တာ အနိုင်အရှုံးနှစ်ခုပဲ ရှိတာလေ"

"ကို ... တကယ်တမ်း ပြောချင်တာ အဲဒါမဟုတ်ဘူး မေမေ"

ကျောက်စက်ရောက်လာပြီး ပြောလိုက်တော့ စုးရှ ရယ်မိနေသည်။ သူလာတုန်းက အခြားဝမ်းသာစရာတစ်ခု ပြောဖို့ပါ။ အနားရောက်မှ ပြောဖို့ရှက်ပြီး ဝှေ့သွားတာ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကိုပဲ ကျောက်စက်က မျက်စောင်းထိုးလေ၏။ မပြောပါနဲ့ တားတုန်းကတော့ ပြောမယ်တကဲကဲနဲ့။ အခုကျ သူ မပြောရဲတော့ဘူးလေ။

"ဒါဆို . . . သားက ဘာပြောချင်တာလဲ"

"ဟိုဟာ"

"စောစောကတော့ တားမရ ဆီးမရ၊ အခု ဘာဖြစ်တာလဲ ပြောလိုက်လေ"

"ဟိုလေ . . . မေမေ မြေးချီရတော့မယ် မေမေရဲ့"

"ဟယ် . . . တကယ်"

နှစ်ယောက်စလုံး၊ ခေါင်းညိတ်ပြလေတော့ ဒေါ်ကေသီ မျက်နှာမှာ ဝင်းထိန်သွားလေသည်။ ကျောက်စက်ကတော့ ရှက်မျက်နှာလေး ငုံ့ထားလျက် ဒါ . . . မင်္ဂလာသတင်းပဲပေါ့။

"သမီး"

"ရှင်"

"ဘယ်နှစ်လရှိပြီလဲ"

"မေမေကလည်း"

"ကြော် . . . ဒါ ရှက်စရာမဟုတ်ဘူး သမီးရဲ့။ မွေးတာပဲဥစ္စာ"

"သုံးလရှိပါပြီ မေမေ"

"ဟယ်"





"အစက မကျိန်းသေသေးလို့ မပြောသေးတာပါ မေမေ။ အခုတော့ ကျိန်းသေသွားပါပြီ"

"ဒီကိစ္စ မဖြူစင် သိပြီးပြီလား"

"မပြောရသေးဘူး မေမေ၊ မေမေ့ကို အရင်လာပြောတာ"

"ဒါဆို . . . မေမေ သွားပြောလိုက်ဦးမယ်"

လျင်လိုက်တဲ့ခြေတောက်။ ခဏလေးနှင့် အခန်းအပြင်ဘက်ကို ရောက်သွားသည်။ ဒါပေါ့လေ သားအချစ် မြေးအနှစ်တဲ့။ မြေးရတော့မယ်ဆိုတော့ ပျော်သွားမှာပေါ့။

"ကဲ . . . မိန်းမ"

"ဟင်"

ဇူးရှက ကျောက်စက်ခါးလေးကို နောက်ကနေ သိမ်းဖက်ပြီး ပခုံးပေါ်သို့ မေးတင်လိုက်ကာ . . .

"ကျောက်စက်က ဘာလေးမွေးချင်လဲ"

"မိန်းကလေး"

"ဟင်"

"ကိုကရော"

"ကိုယ်က ယောကျ်ားလေးပဲလိုချင်တာ ကျောက်စက်ရဲ့"

"ဘာဖြစ်လို့လဲ"

"သမီးတစ်ကောင် နွားတစ်ထောင်တဲ့။ ကိုယ်တို့က ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်နဲ့ကိုယ်ဆိုတော့ လိုက်ပြီးထိန်းကျောင်းမနေနိုင်ဘူးလေ။ ကိုယ် နွေဆင့်ကဲလို သမီးမျိုး မွေးမိမှာကို အရမ်းကြောက်တယ်"

ကျောက်စက်မျက်နှာလေး ပျက်သွား၏။ လူတိုင်းမှာ ကိုယ်လုပ်တဲ့အလုပ်က ကိုယ့်သမိုင်းကိုရေးတဲ့ ဘောလ်ပင်နဲ့ တစ်ချောင်းပါပဲ။ အခု . . . မမရဲ့သမိုင်းက ကိုယ့်အဖေကိုပြန်သတ်တဲ့ သမီးဆိုး သမီးမိုက်အဖြစ် တွင်ကျန်ရစ်ခဲ့ပြီလေ။

"ကျောက်စက်"

"ကို"

"စိတ်မကောင်း ဖြစ်သွားတာလား"

"အားလိုက်ပါတော့ ကိုရယ်။ ကျောက်စက် ကို့ကို ပြောစရာရှိတယ်"

"ပြောလေ"

"လွန်ခဲ့တဲ့ သုံးလေးလလောက်က ကျောက်စက် ဖေဖေ့ကို အိပ်မက်မက်တယ်"

"ဘယ်လိုမက်တာလဲ"

"ဖေဖေက သူ့မှာနေစရာမရှိလို့ သမီးတို့နဲ့အတူ လာနေပါရစေတဲ့"

"အဲဒီတော့ ကျောက်စက်က ဘာပြန်ပြောလိုက်လဲ"

"နေပါလို့ ပြောလိုက်တာပေါ့။ အဲဒါကြောင့် ကျောက်စက်





ဗိုက်ထဲက ကလေးက ဖေဖေဝင်စားတာပဲ ဖြစ်နိုင်တယ် ကို။ ယောကျ်ားဝင်စားလို့ ယောကျ်ားလေးပဲ လူပြန်ဖြစ်ရင် သက်ဆိုးမရှည်ဘူးတဲ့ ကိုရဲ့။ အဲဒါကြောင့် ကျောက်စက်က သမီးလေး မွေးချင်တာ"

မိကပ်ထားတဲ့ပါးပြင်ကို ခွာလိုက်ပြီး ကျောက်စက်မျက်နှာလေး ငေးကြည့်မိ၏။ ဒီအယူအစွဲတွေကို သူ အယုံအကြည်မရှိပေမယ့် ကျောက်စက် စိတ်ချမ်းသာပါစေ။ သိပ္ပံပညာတွေ တိုးတက်ထွန်းကားလာသလို ဝိဇ္ဇာပိုင်းဆိုင်ရာကိုလည်း ပယ်ဖျောက်ပစ်လို့မှ မရပဲလေ။

ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ . . . အရာရာတိုင်း ကျောက်စက် စိတ်တိုင်းကျဖြစ်စေချင်သူမို့ . . .

"ဘာလေးပဲမွေးမွေးပါ ကျောက်စက်ရယ် . . . ကိုယ့်သားသမီးပဲဥစ္စာ ချစ်ရမှာပေါ့ မဟုတ်ဘူးလား"

"ကို"

"ဟင်"

"ကလေးရရင် ကျောက်စက်အပေါ် အချစ်မပျော့ရဘူးနော်"

"ကြည့် . . . ကိုယ့်သားသမီးနဲ့ပြိုင်ပြီး အချစ်လုမလို့လား"

"မဟုတ်ဘူးလေ၊ ခုလို မလုတော့ရင် စိတ်ပျက်သွားမှာစိုးလို့ ပြောတာ"

ခုမှ သဘောပေါက်သွားပြီး စူးရှက ရယ်လေသည်။

"စိတ်မပျက်ပါဘူး ကျောက်စက်ရယ်။ ကိုယ်က ကျောက်စက်



www.burmeseclassic.com

ဖေဖေရဲ့မိန်းမအပေါ် ချစ်တတ်ပုံကို အားကျလို့ အတုခိုးနေတာဗျ။ စိတ်ချ အိုမင်းရွတ်တွသွားသည်အထိ ချစ်မှာ''

ပြောပြီး ပါးပြင်လေးကို ဖျတ်ခနဲ ငုံနမ်းလေသည်။ ချစ်တတ်ကြတာချင်း အတူတူ မူဟန်တွေတော့ ကွဲပြားကြသည်ပေါ့လေ။

ပေးဆပ်သူ

အနစ်နာခံသူ

အတ္တကြီးသူ။

ထိုသူ သူတွေကြားမှာ နွေဆင့်ကဲဆိုတဲ့ မိန်းမကတော့ မီးကို သာမြင်ပြီး ရေကို မမြင်တတ်သူမို့ မချစ်တတ်လို့ အချစ်ငတ်ရင်း သေဆုံးခဲ့ရသူ။

**ချစ်သူတိုင်း ပေါင်းစည်းခွင့်ကြုံနိုင်ကြပါစေ ...**

**မိုးစက်ပွင့်**



၂၀၁၅ နိုဝင်ဘာလတွင်
ထွက်နိုင်ပါပြီ

# မမသဒ္ဒါမောင်

ကြယ်တွေကြွေတဲ့ည

# ကြယ်စင်မှူးဝေ

မာယာအသဲ၏

# မယ်ခိုင်

အမှုန်းမှုဆိုး

# မိုးစက်ပွင့်

နွေဆင့်ကဲ

# အလင်းသစ်

ဆူးနဲ့ဆစ်တဲ့နှင်းဆီ

# လှိုင်းကြာဖြူ (လားရှိုး)

ကြေကွဲနေ့ရက် အဆုံးသတ်